

Vol. 9, November 2012
The YATI MAGAZINE
စာပေအနုပညာမဂ္ဂဇင်း
MISSHA
LOVE YOUR SKIN LOVE YOUR SOUL
Now Available at: Junction Square, Missha Comestic Shop, Rm-G.025.
Head Office : Mya Yeik Nyo Royal Hotel, Club House.
Asian Fame Media Group



Asean Fame Media Group

# THE YA CONTENT

NOVEMBER 2012




7 အယ်ဒီတာ့နှုတ်ခွန်းဆက်

ကဗျာ

8 မောင်ဒီ၊ မင်းချမ်းမွန်၊ အောင်နှင်းသစ်၊ ခရမ်းပြာထက်လူ၊ မောင်ဗီလာ၊ A မိုး၊ စည်သူငြိမ်း၊ သီအို

ကာတွန်း

16 ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ ဟတ်ကော့

20 ပမရဂတီအပေးအငြေ

ရတီအထူးကဏ္ဍ

23 **Hottest Latest**
မြတ်သူကျော်
သီတာစိုး

26 ကြည်နူးချမ်းမြေ့ တန်ဆောင်တိုင်အလှ
ပြည့်စုံကို သဇ္ဈာနွယ်ဝင်း
သီတာစိုး

31 **Get Gorgeous Style**

35 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ဆောင်းယွန်းစံ

39 **Missha Cover**
မောင်၊ ပက်ထရစ်ရှာ
ယုယအိမ်

46 **What's Classic**
လက်ရုံး၊ စုမီ
ယုယအိမ်

54 **What's Hot**
ခင်စုပ
သီတာစိုး

58 အရုပ်မျက်နှာ ပန်းမျက်နှာ
မေဆုမောင်
ဖြိုးစုမိုမို


Asian Fame Media Group



# THE YATI CONTENT

NOVEMBER 2012


**64 Audience of Celebrities' Choice**
အောင်လ၊ ထက်ဝေလင်း
သီတာစိုး

**71 Body Art**
ဇင်ပိုင်ထွန်း၊ စုမြတ်စန္ဒီလင်း
ယုယအိမ်

**75 Mod Mom**
မေကဏှာ၊ ဂဠီမေ
ဖြိုးစုပိုပို

**80 Your Style Your Way**
ဘုတ်းသိုက်၊ မာရီနာ
သီတာစိုး

**84 Athin Cho Swe's profile as told by herself**
သီတာစိုး

**92 Music Plus Yati**
ဗိုင်းစုခိုင်သိန်း
ယုယအိမ်

**97 Yati Wedding**
နှိုင်းနှင်းဝေ
ယုယအိမ်

**101 Wedding Planner**
မြတ်သူအောင်၊ နန်းမြတ်ဖြိုးသင်း၊ ဘုန်းရှိန်ထက်၊ မေ
ဖြိုးစုပိုပို

**110 Designer's Idea**
ဒေါ်သီတာဝင်း (DOZO)
ဖြိုးစုပိုပို

**118 Beyond The Women**
Ma Mitchell (The Rich Gems)
ဖြိုးစုပိုပို

**125 Yati Music Corner**
ဖြိုးသီရိခေတ်
မိုးသောက်ကြယ်

**129** Sky ဖရဲ့ မပြောဖြစ်ခဲ့တဲ့စကား
သီတာစိုး

**133** ကျန်းမာနုပျိုခြင်း ပြတင်းတံခါးကို ဖွင့်လှစ်မယ့် **Pine Pollen**
မြင့်သူဇာထွန်း



Asian Fame Media Group
MEDIA GROUP



# THE YATI CONTENT

NOVEMBER 2012


138 ဒေသသင်္ကေတ
အင်းသား
လှမြင့်ဆွေ

ရတီနိုင်ငံတကာ

146 Korea Celebrity Gallery
ခင်မြင့်စံ

152 တွပ်ခရင်ပရိုသတ်တွေ ရင်ခုန်ရဦးမယ့် Jack Reacher
ရဲသစ်

176 International Celebrity News
ဖိုးသိဏ်း

181 Work It Out
တင်လတ်သန္တာဖိုလ်

ရတီအသောအထွေ

185 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော

149 အံ့ဖပ်ကတ်ဖြစ်နေသည့် မြန်မာအာတီကယ်လ်များ
ဂျက်ကွမ်းခြံကုန်း

ရတီဆောင်းပါး

154 လျှပ်စစ်သံလိုက်စက်ကွင်းများ၏ အန္တရာယ်များ
ဒေါက်တာအောင်ဆန်းဝင်း

167 ကလေးသူငယ်ဓာတ်မတည့် အရေပြားရောင်ခြင်း
ဒေါက်တာမြင့်ဦး

171 International Men's Day
နင်း



Asia Media Group
MEDIA GROUP



# THE YATI CONTENT

NOVEMBER 2012


189 မြန်မာ့ယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်းပါ
သောင်းဝင်း(ယဉ်ကျေးမှု)

192 ကေသာနွယ် ကေသွယ်အလှအတွက်သဘာဝဆေးစွမ်းကောင်းများ
ရွှေနေခြည်

238 သမီးလေးသိစရာ တရားဦးဒေသနာ
ဒေါက်တာတင်မြင့်ထွေး

240 မန္တလေးအတွေး၊ မန္တလေးအရေး
တစ်ခုတည်းသောကမ္ဘာ တစ်ခုတည်းသောနှလုံးသား
ကိုထွန်း (လမ်း-၈၀)

244 ဘာ့ကြောင့်အိပ်ဖို့လိုသလဲ၊ ဘယ်လောက်အိပ်ရမလဲ
ကျော်ဦး

246 ယုန်ထောင်ကြောင်မိ (သို့မဟုတ်)
ပယင်းထောင်ချောက်ထဲမှ အင်းဆက်ပိုးများ
သိန်းဖိုး (M.Engg.Geol.)

157 သူတို့ပြောတဲ့ 'R'
မင်းကိုနိုင်၊ မသီတာ(စမ်းချောင်း)၊ မြမြကျော်သိန်း
ဖြိုးစုပိုပို

164 ရတီဗေဒင်
ဒေါက်တာမြတ်သစ် (မန္တလေး)

ရတီဝေဖန်ရေး

169 ဒါရိုက်တာသားကြီး၏ "အချစ်ညမှအချစ်နေ့"နှင့်
ဒါရိုက်တာလှုမင်း၏ "သခင့်ရဲ့ကျေးကျွန်"
မောင်အိပ်မဲ့

174 ရတီစာအုပ်စင်

ဖူးနုသစ်လွင်ကဗျာဥယျာဉ်
194 ဒေါလေး၊ ကုဋေ(မိုးကုတ်)၊ ညိုမင်းဇာညိမ်(သိမ်ဖြူ)၊ အောင်မျိုးသက်၊
သော်ကမင်းဒေါင်(ညောင်လေးပင်)၊ လင်းဝေမှူး(မြင်းခြံ)၊
ဒေင်နန္ဒာ(သပိတ်ကျင်း)၊ လင်းသော်တော်

ရတီဝတ္ထုတို

198 ကိုယ်ပျောက်လူ
ညိုရင့်

204 လုဆဲညနေပုံပြင်
မြို့ယာ

210 ကမ္ဘာနာ
ညီငယ်လေး

216 အမြင့်မားဆုံးတံတိုင်း
သရဝဏ်

222 မယ်ဒလင်မောင်နီး
မွန်းရူး

226 မော်ရှူးအေးသောင်
ဖြိုးထိန်

230 မညီမျှသော နီယာမနှင့် သူတို့လေးတွေ
လေးသူစံ

234 ငြိမ်ငြိမ်သက်သက် မုန်တိုင်း
သင်းသင်းသာ


ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ ဘေတ်တုန်းမိုး၊ ချစ်သူ၊ လှကြီးမင်း၊ လင်းငြိမ်၊ ငှအိပ်ထက်မြက်၊ မိုးထက်မိုး၊ မဗျူး၊ ရန်နိုင်ဦး၊ မင်းသူရိန်၊ ပန်းချာန်


Asian Fame Media Group
af MEDIA GROUP

### နိုင်ငံတော်၏ ရင်ဆိုင်နေရသည့် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ··· နိုင်ငံတော်၏အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ··· နိုင်ငံတော်၏အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ··· နိုင်ငံတော်၏အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

MEDIA GROUP
Asian Fame Media Group

ငွေသော်တာ | ဟိန်းလတ်

The YATI MAGAZINE
စာပေအနုပညာမဂ္ဂဇင်း

Vol. 9, No.104, November, 2012

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **ယုယအိမ်၊ ဖြိုးစုမိုရီ** |
| အယ်ဒီတာ(R & D) | **မြင့်သူဇာထွန်း** |
| ကဗျာအယ်ဒီတာ | **လွှမ်းရဲ** |
| သတင်းထောက် | **သီတာစိုး၊ မိုးသောက်ကြယ်** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းရှာန်** (စီမံအိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | **ထွန်းထွန်းလင်း**(ကြိုကြားပြင်ဆရာမှူး)၊ **ရွှေစင်ဦး၊ လင်းထွန့်** |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| တပြင် | **ပပဝင်း** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု မန်နေဂျာ)၊ **သမြေစင်စင်ချို**(ဒု မန်နေဂျာ)၊ **နန်းအိအိခိုင်**(လ/ထ မန်နေဂျာ) |
| Marketing Executive | **ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင်၊ စွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင်** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒုမန်နေဂျာ)၊ **မိုးမိုးကျော်** (လ/ထ မန်နေဂျာ)၊ **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်** |
| ရုပ်ဓာတ်ပုံပညာရှင်များ | **ဝဏ္ဏခွန်နီ၊ အေးဇော်မိုး**(ဆက်ပွဲ)၊ **ကိုနိုင်** (ပေါ်ပြူလာ) |

| | |
|---|---|
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)** |
| ဥပဒေအကြံပေး | **ဦးအီနစ်** (တရားရုံးချုပ်ရှေ့နေ) |
| မျက်နှာဖုံးပုံနှိပ် | **ငွေကုံကျော် (မြ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြ-၀၅၉၉၂)** |
| ဖလင် | **Eagle** |
| အတွင်းဂရာဖစ် | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **ဝင်းပပ** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၁၆၈၊ ၃၈၅၄၉၉၊ ၃၇၂၈၃၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄×၆၅လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၁၀၅၀၀၀၃၇၀။** |
| Email | mandalayoffice@popularmyanmar.com |
| ကြော်ငြာကိုယ်စားလှယ် | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)**(အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂) |


Asian Fame Media Group

နှိုင်းချင့်ချိန်ဆ၊ရေသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင်၊ ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်

‘မြိုင်မြိုင်ဆိုင်ဆိုင် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် ’ဆိုတဲ့သီချင်းလေးက ဟိုးအရင် ရေဒီယိုမှာ ခဏခဏလာနေကျမို့ ကျွန်မတို့ခေတ်ကာလလူများကတော့ ဒီသီချင်းလေးကို ကောင်းကောင်းသိကြပါတယ်။ ဒီလဒီအချိန်အခါရောက်ပြီဆိုရင်လည်း လူတွေပါးစပ်ဖျားမှာ ဒီသီချင်းက မြိုင်လို့ဆိုင်လို့ပေါ့။ အခုခေတ်လူငယ်တွေအတွက်လည်း ကာလနဲ့လျော်ညီစွာ ပွဲတော်သီချင်း တစ်ပုဒ်တော့ ရှိလိမ့်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သီတင်းကျွတ်ညလေးတစ်ည ပြန်လည်ကာ အမှတ်ရမိပါတယ်’ဆိုတဲ့ သီချင်းလေးကို ကျွန်မ ကောင်းကောင်းကြားဖူးနေလို့ပါပဲ။ မေခလာအပြင် ယုဇနလည်း ဆိုသေးတယ်ထင်ပါရဲ့၊ သီတင်းကျွတ်သီချင်းတောင် ရှိမှတော့ တန်ဆောင်တိုင်သီချင်းလည်း ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်မအတွေးပေါ့လေ၊ ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေးမှုလေးတွေကို ခေတ်နဲ့အညီဆန်းသစ်ခြင်းဖြင့် လက်ဆင့်ကမ်းလာတာဟာ ကောင်းသောအမှုအကျင့်တစ်ခုပါ။ ကျွန်မတို့ နေ့စဉ်နဲ့အမျှ လုပ်ရှားကျင်လည်ရင်း နေ့များစွာ အချိန်များစွာကို ဖြတ်ကျော်လာခဲ့ကြတယ်။ လတွေ နှစ်တွေ ပြောင်းသွားတာများ မြန်ဆန်လွန်းလို့ “ဟင် ဟိုတစ်လောကပဲ ငါ့မွေးနေ့လေ၊ အခုပြန်ရောက်ပြန်ပြီလား”လို့ အံ့ကြောင်ကြောင်တွေးမိတဲ့အဖြစ်၊ တော်တော်များများလည်း ကျွန်မလို ကြုံဖူးကြမယ်ထင်ပါတယ်။ ကျွန်မတို့တွေ ဘဝထဲက နေ့ရက်များစွာကို ဖြတ်ကျော်နေရင်းနဲ့ပဲ ကိုယ်က သူ့ကို၊ သူက ကိုယ့်ကို အပြစ်မြင်မိတဲ့ နေ့ရက်များစွာလည်း ရင်ဆိုင်ကြရပါတယ်။ ဒီလိုနေ့ရက်တွေဆို ညှိနှိုင်းရင်ဖွင့်ခြင်းတွေ မလုပ်ဖြစ်ပေမယ့် ငြိမ်ကျ စိတ်ပျက်သွားတတ်တာလည်း ကျွန်မအကျင့်ပါ။ နောက်ပိုင်းမှာတော့ ပါဝင်ပတ်သက်ရတဲ့လုပ်ငန်းကဏ္ဍတွေ များလာလေလေ၊ ဆက်ဆံပတ်သက်ရတဲ့ လူမှုဝန်းကျင်တွေ များလာလေလေ အကောင်းဆုံးနေနည်း တစ်ခုကို ကျွန်မတွေ့လာခဲ့ပါတယ်။ အဲ့ဒါကတော့ ကောင်းတဲ့နေ့ရက်တွေ ငါ အများကြီး ကျော်ဖြတ်ဖူးတာပဲ။ ဒီရက်တွေဟာ ငါ့ကို ပျော်ရွှင်မှုတွေ ဖြစ်စေခဲ့တယ်။ ဟော မကောင်းတဲ့နေ့ရက်တွေလည်း ငါ မကြုံတွေ့ချင်ဘဲ ကြုံတွေ့ခဲ့ရတာပဲ၊ ဒီရက်တွေကတော့ ငါ့ကို အတွေ့အကြုံတွေ အများကြီးသင်ပေးလိုက်တာပဲလို့ ခံယူတတ်လာပါပြီ။ ကောင်းအောင်လုပ်နေရင်းနဲ့ပဲ ဆိုးသွားခဲ့တဲ့ အဆိုးဆုံးနေ့ရက်တွေဟာလည်း မမျှော်လင့်တဲ့ ရှုထောင့်က ရောက်ရောက်လာတတ် သေးတာပဲ၊ ဒီလိုအချိန်မှာလည်း ပြုံးပြုံးလေးနဲ့ သင်ခန်းစာပေါ့လေလို့ ရေရွတ်တတ်ခဲ့ပါပြီ။ ဒါပေမဲ့ ကျင်လည်ရာဝန်းကျင်အသီးသီးမှာ ကျွန်မတို့ ကျင်လည်ရတဲ့ စာပေဝန်းကျင်ကတော့ အပြစ်အကင်းဆုံးနဲ့ သာယာမှုအများဆုံး လောဘ ဒေါသ အနည်းဆုံးဖြစ်လိမ့်မယ်လို့ ကိုယ့်ဘက်ကိုယ် ယက်တွေး မိတာမို့ ကျွန်မကတော့ အချိန်ကာလတွေကို ရတီနဲ့အတူ ဖြတ်ကျော်ရင်း ကျွန်မရဲ့ အချိန်တော်တော်များများဟာ စိတ်ချမ်းမြေ့နေရတတ်ပါတယ်။ ထို့အတူ ရတီရဲ့ စာဖတ်ပရိသတ်တွေကိုလည်း ဒီအတိုင်း ချမ်းမြေ့စေချင်ပါတယ်ရှင်။ ဆရာကြီးတွေစကား အငှားသုံးရမယ်ဆိုရင်ဖြင့် ‘ ငါ့စာဖတ်၍ မမြတ်တိုင်စေ မရှုံးစေသား’ ဆိုသလို ရတီဖတ်ပြီးလို့ စာဖတ်ပရိသတ်အတွက် မမြတ်ခဲ့ရင်တောင် အရှုံးတော့ မပေါ်စေချင်ပါဘူး။ ပရိသတ်အတွက် ရတီကပေးတဲ့ အသိတစ်ခုခုများ အမြတ်ထွက်သွားခဲ့မယ်ဆိုရင်တော့ အပျော်ဆုံးက ရတီပဲ ဖြစ်ပါလိမ့်မယ်လို့ပြောရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက်ပါတယ်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ

# သိပ္ပံနည်းနှင့် ဝိဇ္ဇာနည်း

ယခုအခါ
အာရပ်နိုင်ငံတွေမှာ
ပြဿနာရင်းမြစ်ကို
စစ်ခင်းလို့ ဖြေရှင်းနေကြသည်။
ငါတို့၏ နိုင်ငံမှာတော့
ပြဿနာရင်းမြစ်ကို
တွေ့ဆုံဆွေးနွေးခြင်းဖြင့်
ဖြေရှင်းလို့ နေကြသည်။
ဒါက
သိပ္ပံပညာနည်းနှင့်
ဝိဇ္ဇာပညာနည်းတို့၏
ကွာခြားမှုသာ။
သိပ္ပံပညာမှာ
အတတ်ပညာဖြစ်၍
ဝိဇ္ဇာပညာမှာ
အသိဉာဏ်သာ ဖြစ်လေသည်။

မောင်ဒီ




Asian Fame Media Group
MEDIA GROUP

# မေမေရေ ကျောက်ခဲတွေ မကျက်သေးဘူးလား

လူတစ်ယောက် လက်ဖျစ်တစ်ချက်တီးရင် တစ်စက္ကန့်
လက်ဖျစ်သုံးချက်တီးလိုက်တိုင်း ပေါဘီကောင်းကင်ပြာအောက်
ကလေးငယ်တစ်ယောက် သစ်ရွက်လိုကြွေပြီး
မြေကြီးထဲ လွင့်စဉ်ပျောက်ကွယ်သွားရတယ်
မိုးခေါင်တဲ့ တစ်နေရာလိုလို အာဖရိကတစ်နေရာလိုလို
အမေတစ်ယောက် အိပ်ရာကနိုးအလာ
ဆာလောင်နေတဲ့ ရင်သွေးတွေနဲ့အတူ ကွင်းပြင်ထဲ
ကျောက်ခဲကောက်ဖို့ ထွက်သွားကြ
ဒါ…အမေတို့မနက်စာပဲ…ပြောတော့
ကလေးတွေအပျော်နဲ့ တပေါးပေါးအပြေးအလွှား
အိမ်ပြန်ရောက်တော့ မိသားစုမီးဖိုနားဝိုင်းဖွဲ့ထိုင်
ဒယ်အိုးထဲ ရေနဲ့ရောပြုတ်တာကို ငေးရှာပေါ့
ကြာလိုက်တာ…ကြာလိုက်တာ…ကြာလိုက်တာ…
မေမေရေ သားတို့သမီးတို့ ဆာလိုက်တာ၊ တစ်ယောက်တစ်ပေါက်
ကျောက်ခဲတွေ မကျက်သေးဘူးလား
ခဏလေး…ခဏလေး
မကြာတော့ပါဘူး ကလေးတို့ရယ်၊ ခဏလေး…
အတော့နိုင်းထားသမျှ နာရီတွေသာ တချက်ချက်
စိတ်ပျက်လက်ပျက် အစာအိမ်လေးတွေမှာ ဆာမောမောနဲ့ မျက်တောင်စင်း
သူတို့မနက်စာက မကျက်တကျက်အိပ်စက်ခြင်းပါပဲ
အမဲလိုက်သွားတဲ့ သူတို့ဖေဖေကံကောင်းပါစေ
ဒီညနေ၊ ရှင် အမဲတစ်ကောင်တလေ ရလာရင်တော့
သူတို့ညစာ ဆီဆားအသံတွေ ပွဲထွက်လာဦးရောမယ်
မေမေရေ ကျောက်ခဲတွေ မကျက်သေးဘူးလား
မေမေရေ…ကျောက်ခဲတွေ…။

မင်းချမ်းမွန်




Yati POEM
November 2012

Asian Fame Media Group

# ဆက်တိုက်နားဆင်ရမှာ ဖြစ်ပါတယ်

အဝေး ထိုမှ အဝေး၊ လမ်းအဝေး၊ အဝေးသို့
အဝေးပြေး၊ အဝေးကလာတဲ့ အသံကို နားထောင်ရင်း
ရုပ်ရှင်ထဲက ဇာတ်လိုက်လုပ်သလို
ပန်းကို ကွန့်ကာ လက်နှစ်ဖက်ကို အသာလှုပ်ယမ်းပြ
ပြ လိုက်သလို ငါ လုပ်လိုက်မိသလား။
စကားသံများ ပြန့်ကား လျှံထွက်နေသော
စားပွဲမှာထိုင်ရင်း
သူများတိုက်တဲ့ လက်ဖက်ရည်ကို၊ မျက်နှာပြောင်ပြောင်နဲ့
သောက်မျိုနေမိ။ လေတိုက်နေတဲ့ အိတ်ကပ်နဲ့
ငါက စင်သော ငါ့မိတ်ဆွေတွေကို
ငါက ရိုးသားသော စကားတွေကို ပြောနေမိ
"လေအေးအေးလေး တစ်ချက်လောက်တိုက်ရင် ကောင်းမှာပဲ"
"ဟွန်းကို အဆက်မပြတ် ကျယ်ကျယ်တီးနေတော့
ပတ်ဝန်းကျင်မှာ အသံညစ်ညမ်းမှုဖြစ်တော့တာပေါ့ဗျာ"
"ဇာတ်ကားတွေကတော့ အရုပ်ပျက်နေသလိုပါပဲ"
'ဇ' ဗိုးပဲလန်းတော့ 'ဇ' ကိုပဲ ကြွေရတာပေါ့"။
အီရတ်၊ နင်းဆီ၊ ပူတင်
ရှေ့ကတစ်ယောက်နောက်မှာ နောက်တစ်ယောက်
နောက်တစ်ယောက်ရဲ့နောက်ဝယ် နောက်ထပ်တစ်ယောက်
နောက်ထပ်တစ်ယောက်ရဲ့နောက်မှာ နောက်တစ်ယောက်ယောက်
စံစားမှုကို ချက်ပြုတ်၍ သင့်ကိုကျွေးမွေးပါရစေ
စံစားချက်ဟင်းလျာ အရေးအသားကို သင်စားသုံးပါလေ။
ယခု နှစ်ဆယ့်သုံးလိုင်းမြောက် အရောက်မှာ
ယခု အရေးအသားကို ကျွန်တော် ရပ်မပစ်ချင်သေးပါ
"ပိုက်ဆံသည် လူနှလုံးသားကို နာကျင်စေသည်"
ဟူသော လိုင်းတစ်လိုင်းကို ထည့်သွင်းချင်ပါသေးသည်
"ပြောရင်း၊ ပြောရင်း ဒေါသတွေသာ အထွက်တိုးနဲ့"
ဟူသော လိုင်းတစ်လိုင်းကို ထည့်သွင်းထားချင်သေးသည်။
အဝေး၊ ဝေးကြပြီ၊ ဝေးရျပြီပေါ့ဗျာ
ဝေနေသော ဝမ်းနည်းမှုဖြင့် လွမ်းပါသည်
"ဒီစကား ခင်ဗျား ယုံရဲ့လား"
ဟူသော လိုင်းတစ်လိုင်းဖြင့်လည်း
ယခုအရေးအသားကို အဆုံးသတ်မပစ်ချင်သေးပါ
ပစ်၍လည်း မသတ်လိုပါ
လိုင်းသည် သတ်၍သေသော အရာမဟုတ်ဟု ထင်သည်
လိုင်းသည် မဆုံး
လိုင်းများမှတစ်ဆင့် အကြောင်းကြားလိုက်ပါသည်
"မင်းကို ငါ မမေ့သေးပါ" ဆိုတဲ့အကြောင်း
"ဆုံဖို့အခွင့်ရယ် ကံခေလွန်းတယ်" ဆိုတဲ့အကြောင်း
"မင်းကိုငါ ချစ်တုန်းပဲ" ဆိုတဲ့အကြောင်း
"ငါ့ကို ပစ်ထားလို့ မတေသေးဘူးလား အချစ်ရယ်" ဆိုတဲ့အကြောင်း ...။
လိုင်းများ အဆုံးမရှိ
လိုင်းများ အဆုံးထိ
လိုင်းများ စကြဝဠာ
လိုင်းများ အနန္တ
လိုင်းများ လိုင်းများ လိုင်းများ လိုင်းများ
လှိုင်းများ လှိုင်းများ လှိုင်းများ လှိုင်းများ




လိုင်းလှိုင်းများ လိုင်းလှိုင်းများ လိုင်းလှိုင်းများ လိုင်းလှိုင်းများ။
ဒါဟာဖြင့်
ဖူးသစ်စရင်ခုန်သံရဲ့မကြေညာတဲ့ ထုတ်လွှင့်ချက်စသဖြင့် ငင်း
ဒါဟာဖြင့်
လူမွဲတစ်ယောက်ရဲ့ကြေကွဲမှုအစုစု စသဖြင့် ငင်း
ဒါဟာဖြင့်
အမျိုးမျိုးသော အများများ ဆက်စပ်ကြည့်စရာ စသဖြင့် ငင်း
လိုင်းများစွဲတည် တို့ကရှုပြည် စသဖြင့် ငင်း
စသဖြင့်ပေါ့ဗျာ။
အဝေး၊ အဝေးမှ အဝေး၊ အဝေးဆီ
အတော်ဝေးဝေးသို့၊ အလှမ်းကွာဝေး ငှက်ကလေးဆီ ...
ဖုန်းလေးတစ်ချက်လောက် ဆက်ပါရစေလား ခင်ဗျာ
အသံလေးတစ်ချက်လောက် ပေးပို့ချင်လို့ပါ ခင်ဗျာ။

ဒေါင်နှင်းသစ်

Asian Fame Media Group

# ဂျင်းဘောင်းဘီအတွက် တေး

စာတစ်စောင်ထဲမှာတော့
ကားကို သစ်ပင်က စားပစ်လိုက်ပြီတဲ့
အရေးအသားဟာ အရေးအကြောင်းမဟုတ်သလို
မထူးဆန်းသလို တုန့်ခါနေပုံလည်း မရ
စကားလုံးတွေဟာ ကျောက်စာထဲ
နှစ်များစွာ ကျင်လည်ကျက်စားနေခဲ့ဖူးသလို - တည်ငြိမ်လို့
အဲဒီနေ့က
အဝါရောင် ဝါဝင်းကြီးထဲ
ဂျင်းဘောင်းဘီတစ်ထည်အတွက်
ကမ္ဘာကြီးရဲ့လက်ဆောင်ကဗျာကို ကမ္ဘာကြီးအတွက်
ကျွန်တော် - ရွတ် - ဆိုနေစဉ်ပေါ့
လေယာဉ်ပျံတစ်စီးပျက်ကျသွားတာကို ခင်ဗျားတို့ သိလိုက်ပါသလား
ဒါကို - ဂျာမန်တောရပ်ဝိုင်းကလေးက လူတွေတောင် တွေ့မြင်သွားနိုင်တယ်။ ။

ရေမ်းပြာထက်လူ




Asian Fame Media Group
MEDIA GROUP

# လူအို

စတော့ ကျိုးကြေနေတဲ့မီး
မြေနီလမ်းကလေးကတောင် သူ့ထက်ပိုပြီး ရဲရဲနီလို့
နေ့နေ့ပုပုမှာ လွင့်မျောနေတဲ့ဖုန်မှုန့်တွေလို သူ့ငယ်ဘဝအစိတ်အပိုင်းတွေ ကျလာတယ် ...။
အဲဒီတုန်းက အရှိန်နဲ့ ရှက်နှစ်ပင်လိမ်ပြီး ကောင်မလေးပေါင်ပေါ်ခေါင်းအုံးအိပ်ခဲ့တယ်
မလှမ်းမကမ်းမှာ ငုဝါပင်ကြီးက တစ်ပင်လုံးဝါဝါထိန်လို့
လေပြည်လေညင်းကလေးကလည်း ကန်ပတ်ပတ်လည်ဖြတ်သန်းတိုက်ခတ်လို့
မီးရထားသံလမ်းပေါ် "ဆက်ရက်" တွေ ရုန်းရွရုန်းရွ
သူ့အတွေးထဲကို ကုန်ရထားကြီးက ဖုန်အလိမ်းလိမ်းနဲ့ တအိအိမောင်းပြီး ဝင်လာတယ်
ငုဝါပန်းတွေနဲ့ လေပြည်လေညင်းကလေးကို ကုန်ရထားကြီးက ကာကွယ်သွားတယ်
သူ့ဆံပင်နက်နက်တွေထဲ ဖြူနနလက်ချောင်းကလေးတွေ ပြေးလွှားဆော့ကစားနေ
ပင့်သက်ပူနွေးနွေးက သူ့မျက်နှာပေါ် ယိုစီးဖိတ်ကျနေ
ကုန်ရထားကြီးလွန်သွားတော့ ငုဝါပန်းတွေနဲ့ လေပြည်လေညင်းကလေးပြန်ရောက်လာတယ်
သန္တရသထဲမှာ အဘိုးအိုရဲ့ မျက်နှာဟာ ဖြူဖယောင်းသန်းလာတယ်
စတော့လည်း သူဟာ
ကျိုးကြေနေတဲ့ မီး
မြေနီလမ်းကလေးကတောင် သူ့ထက်ပိုပြီး ရဲရဲနီလို့ပေါ့ ...။

မောင်ဗီလာ




Yati POEM
November 2012

# ဘုရားသခင် လက်လွှတ်စပယ် ပျိုးကြဲသော မျိုးစေ့များ

ရဲပတောင်းထနေတဲ့ နေရောင်အောက် ခွေးလေခွေးလွင့်တွေတောင် လမ်းမသလားဘူး
ဟိုးမှာ ... ရှာတိတ်တွေ သုံးလေးယောက် လမ်းမပေါ်မှာ
စတိုင်လ်က ဟောလီဝုဒ်စစ်ကားတွေထဲက မိုင်းရှာစစ်သားတွေလို
ခေါင်းပေါ်မှာ ဦးထုပ်၊ ကျောမှာ ပီနံအိတ်၊ လက်ထဲမှာ သံချွန်တပ်တုတ်
Equipment အစုံ၊ ဝတ်စုံပြည့်လေ့ကျင့်နေတာ မဟုတ်ဘူး၊ ရှာဖွေနေတာ အမှန်အကန်
ရှာဖွေနေတာဆိုလို့ သူတို့ရှာဖွေနေတာ မိုင်းမဟုတ်ဘူး၊ ကမ္ဘာပေါ်က နယ်ပယ်သစ်မဟုတ်ဘူး
ပွဲပေါက်တိုးမယ့် ကြီးပွားရေးလမ်းစများလား၊ ရှာဖွေနေတာ ပညာတစ်ခုခုလား
နိုင်ငံတကာလူမှုဆက်ဆံရေးလား ... မဟုတ်ဘူးတဲ့၊ ဘာသာကြီး လေးခုရဲ့အနှစ်လား
ကျော်ကြားခြင်းလား ...လား ...လား ... မဟုတ်ဘူး
သူတို့ကို စောင့်နေတာ ဗိုက်ဟောင်းလောင်းများပါတဲ့
သူတို့ရှာဖွေနေတာ မီးဖိုချောင်မှာ မီးမွှင့်ဖို့ မီးခတ်ကျောက်ပါ
သူတို့ရှာဖွေနေတာ နောင်ရေးစိတ်အေးဖို့ မဟုတ်ဘူး တစ်နေ့စာ အတွက်တဲ့
ရောင့်ရဲတာ မဟုတ်ဘူး ဒီလောက်ပဲရလို့ ဒီလောက်ပဲ ယူရတာ
နေ့ဖို့ညစာအတွက် ဘဝကိုပါ နေလှန်းထားတယ် ... အဲဒီဘဝမှာ ရေဓာတ်၊ အအေးဓာတ် မရှိဘူး
သူတို့ဟာ စွန့်ပစ်ပစ္စည်းများစုပုံရာ၊ အပြင်းစား အဆိပ်သင့်လေထု၊ ယင်ကောင်မည်းမည်းများ
စိုထိုင်း၊ ပုပ်ပွ၊ ခါးသီး ရှင်မည့်လာကြသလို ရှင်သန်ခြင်းဟာ နာရီများမှ ၁၀၈ ဒီဂရီ
ဖားကန့်၊ မိုးကုတ်၊ ရတနာ၊ စွန့်စားခြင်း၊ ကံတရား
မသေရာခြင်းကို ကံမစမ်းတော့လား၊ ခရီးစရိတ်ကပဲ မျိုးရိုးစဉ်ဆက် ဝမ်းစာလား
မိန်းမလာ ဆန်ဆန်၊ သူတို့တွေ လူတန်းစားတစ်ရပ်လို ရပ်တည် ... သူတို့တွေ
ထိုင်းမှိုင်းတဲ့ ခံစားမှုများနဲ့ ရယ်တဲ့အခါ ... မရယ်သလို ရယ်ကြ
ပထမ၊ ဒုတိယ၊ တတိယ အခွယ်သုံးမျိုး ခေါက်ဖြစ်စဉ် တိမ်းချော်
သူတို့ဆိုညည်းတဲ့ ကာလပေါ်သီချင်းဟာ သူတို့ဘဝလို အဝိုင်းပိုင်း အပြတ်ပြတ်
သစ်ရိပ်အောက်က အိပ်နေတဲ့ခွေး အိပ်ချင်မှုးတူး ထဘောင်တိုင်း မနာလိုဖြစ်ကြ
မဟာဓမ္မဘာရှင်များ၊ အနုပညာ သတင်းသမားများ မမြင်အောင် နတ်မိစ္ဆာတို့ဖုံးကွယ်ထားသလား
လူသားနဲ့ လူလောကကြီးဟာ စနစ်ပျက်နေတော့
လူသားနဲ့ လူသားဟာ မမှတ်မိကြတော့
ကိုယ်လက်အင်္ဂါတွေစုံပြီး ကျန်တာတွေ ဘာမှမစုံဘူးတဲ့ ... သူတို့
သူတို့တွေက အမှောင်ကို မစောင့်ဘူး အမှောင်က သူတို့ဆီ တိုး...တိုးပြီး ဝင်လာတယ်။

A ဖိုး




Yati POEM
November 2012

Asian Fame Media Group

# လူငယ်တွေဆိုတာ အမြဲစိမ်းနေတတ်တဲ့ အနာဂတ်

ခုတ်သိမ်းခံထားရတဲ့
မြက်ကျိုးမြက်ကြေတွေရဲ့ မြေမှာပဲ
သီဝီတစ်ဝက် မြတစ်ဝက်။
အမာကို ခွဲထွက်လာတဲ့
အရွက်တွေက ပျော့ပျောင်းစေမယ့်
ချွန်ထက်တယ်
ကမ္ဘာမြေကို အစိမ်းမပျက်စေရ။

စည်သူငြိမ်း




Yati POEM
November 2012



Yati POEM
November 2012

# နှင်း

နှင်းရေ
နှင်းတွေ ကျနေပါပြီ
မြင်ရတဲ့ နှင်းတွေရော
မမြင်ရတဲ့ နှင်းတွေရော
သောကကို မီးထိုးဖို့
တလက်လက် ကြွေကျနေရဲ့

လေစီးထဲ ရွက်လွှင့်နေတဲ့ နှင်းတွေ
မြောက်ပြန်လေနဲ့အတူ သွေးပြန်ကြောထဲ
တဖွဲ့တနွဲ့ ကို ဝင်လာကြတယ်
နလုံးသားဟာ နှင်းနဲ့လေးလံ
တဖွဲဖွဲအလွမ်းတာ မှုန်ရီလို့
မျှော်လင့်ခြင်း တောအုပ်ကလေး
နှင်းနဲ့သာ စိမ်းစိုပါစေ နှင်းရေ
ဆုတောင်းခန်းဟာ သံသရာပါပဲ။

နှင်းရနံ့ကို ရနေပေမယ့်
နှင်းနဲ့ဝိုပြီး ပေးခဲ့သူ
နှင်းကိုချစ်စိတ်နဲ့
အိပ်မက်ကိုတောင် နှင်းအရောင်ခြယ်ခဲ့သူ
ခေတ်ကို ဘဝထဲထည့်ရင်း
ဒဏ်ရာဒဏ်ချက်တွေ နှင်းသိပ်ပြီး ကုသခဲ့သူ

လမ်းရှိလည်း လမ်းမပေါက်နိုင်ခဲ့ဘူး
ကမ်းရှိလည်း ကမ်းမတက်နိုင်ခဲ့ဘူး
လပြည့်လည်း လရောင်မလှံ့နိုင်ခဲ့ဘူး
လကွယ်လည်း ညရောင်မခြုံနိုင်ခဲ့ပါဘူး


ကမ္ဘာဦးကတည်းက ရှိခဲ့တဲ့နှင်းတွေ
ကမ္ဘာပျက်တဲ့အထိ ရှိနေဦးမယ်
လက်တစ်ကမ်းအကွာမှာ ရှိနေပြီး
လက်လှမ်းလို့မှ မမီနိုင်တဲ့ နှင်းတွေလေ
ကိုယ်ကတော့ ကမ္ဘာပျက်ခဲ့ပါပြီနှင်း။ ။

သီအို

Asian Fame Media Group
MEDIA GROUP




Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group
MEDIA GROUP


ဒါက ကမ္ဘာကျော် ဂန္ထဝင်ဝတ္ထုစာအုပ်တွေကို ပြန်ရိုက်ထားတဲ့ ဟောလီဝုဒ်ရဲ့ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားတွေပေါ့ ...
7 Academy Awards WINNER
Best Picture Golden Globe
တစ်ဘဝလုံး ရင်းနှီးမြှုပ်နှံပြီးမှ ရတဲ့ ဇာတ်လမ်းတွေကို နှစ်နှစ်ချီ အချိန်ယူပြီး ရိုက်ကူးထားကြတာလေ...
ဒါက အလျှပ်ပြက်ချင်းဝတ္ထုတွေကို ပြန်ရိုက်ထားတဲ့ မြန်မာဗွီဒီယိုဇာတ်ကားတွေပေါ့...
ရှိပြီးသား ဇာတ်လမ်းတွေကို ပုံတူကူးချပြီး တစ်လတစ်ခါ ပိုက်ဆံရဖို့ ရေးတဲ့ ဇာတ်လမ်းတွေကို ၃ ရက် အချိန်ယူပြီး ရိုက်ကူးထားကြတာလေ...
2012.

# မမရတီ

**အချစ်ရေး၊ ကျန်းမာရေး၊**
**လူမှုရေး၊ အနုပညာရေး**
*Questions & Answers*



မမရတီ. . . ရတီဆိုတဲ့ မြန်မာဆန်တဲ့နာမည်လေးနဲ့တင် ရတီမဂ္ဂဇင်းက ဆွဲဆောင်မှု ရှိနေပါပြီဗျာ။ ရတီကို လစဉ် ဝယ်ယူအားပေးဖြစ်ပါတယ်။ ပရိသတ်နဲ့ အနုပညာရှင်တွေ ပေါင်းကူးပေး တံတားခင်းပေးနေတဲ့ Audience of Cele-brities' Choice ကဏ္ဍလေးကတော့ ရင်ခုန်စေတယ်ဗျာ။ ပရိသတ် တစ်ယောက်အနေနဲ့ ရတီအတွက် အကြံဉာဏ်လေး တစ်ခုကို ပေးချင်တယ်။ ဆရာတော်တွေရဲ့ တရားဆောင်းပါးတွေလည်း ထည့်ပေးမယ်ဆို ပိုပြီးကောင်းမလားလို့ပါ။ ဆရာတော် ရဝေနွယ်လို ဆရာတော်တွေဆို ပိုပြီးတင့်တယ်သွားမယ်လို့ ထင်ပါတယ်။ အဘက်ဘက်က အကျိုးရှိမယ်ထင်လို့ ပြောကြည့်တာပါနော်။

*ထာဝရ အားပေးနေမယ့်*
*ထက်လင်း*

**အကြံဉာဏ်ပေးတဲ့အတွက် မောင်ထက်လင်းကို ကျေးဇူးတင်ပါတယ်။ ရတီမဂ္ဂဇင်းအနေနဲ့ ပေးလာတဲ့ အကြံဉာဏ် မှန်သမျှ အလေးအနက်ထားပြီး စဉ်းစားပေးပါတယ်။ အကောင်အထည် ပေါ်ခဲ့မယ် ဆိုရင်တော့ မောင်ထက်လင်း အကြံဉာဏ်လို့ မမရတီ မှတ်တမ်းတင်လိုက်ပါ့မယ်နော်။**

မမရတီ. . သမီးက ဖွေးဖွေးရဲ့ ပရိသတ်ပါ။ တလေးပုံစံနဲ့ အရမ်းချစ်စရာ ကောင်းတဲ့ မဖွေးဖွေးကို လူကိုလည်း ကြိုက်တယ်၊ သရုပ်ဆောင်မှုကိုလည်း ကြိုက်တယ်။ သူသရုပ်ဆောင်တာက အိုဗာ မဖြစ်ဘူးနော်။ အပြင်ကလူတွေ အတိုင်း သရုပ်ဆောင်သွားတာ။ မဖွေးဖွေး မကြာခင်ကာလ တစ်ခုမှာ အကယ်ဒမီ ရပါစေလို့လည်း ဆုတောင်းပါတယ်ရှင်။ မမရတီ ကို အပူကပ်တာတော့ မဟုတ်ပါဘူး။ သမီးကနယ်ကမို့ မဖွေးဖွေးဆီကို စာရေးချင်လို့ လိပ်စာလေး ပေးနိုင်မလားဟင်။ သမီးရတီကို လတိုင်းဖတ်ပြီး မမရတီဖြေတာကို စောင့်နေမယ်နော်။

*ခင်သူဇာဖွေး(မုံရွာ)*

**ဖွေးဖွေးရဲ့လိပ်စာက အမှတ် ၆ စီ၊ အင်ယားရိပ်သာလမ်း၊ ၁၀ ရပ်ကွက် ကမ္ဘာအေး ဘုရားလမ်း၊ လမ်းမကြီး မရမ်းကုန်းမြို့နယ် ဖြစ်ပါတယ်။ ဖွေးဖွေး အကယ်ဒမီရပါစေကြောင်း ရတီကလည်း ဆုတောင်းပေးပါတယ်ကွယ်။**

မမရတီ. . ကျွန်မက မိခင်တစ်ဦးပါ။ သားသမီးတွေက အရွယ်ရောက်နေကြပြီဆိုတော့ ကျွန်မလည်း သူတို့ကို သူငယ်ချင်းပေါင်းပေါင်းဖြစ်တယ်။ သားဆီကနေ ကျွန်မ ဗီဒီယိုဖိုင်တစ်ခု ကြည့်လိုက်ရတယ်။ သီချင်းတစ်ပုဒ်ပါ။ အဆိုတော်က သားတို့ခေတ် အဆိုတော်လေးပေါ့။ သူ့နာမည်ကို ကျွန်မ ကြားဖူးပါတယ်။ ထိပ်တန်းစာရင်းမှာတော့ မပါပါဘူး။ အခု ဒီအဆိုတော်လေးက သူ့သီချင်းထဲမှာ ဆဲတဲ့ စကားလုံးမျိုးလည်း သုံးထားတယ်။ သရုပ်ဆောင်တာလည်း တကယ့် ဟောလိဝုဒ် အတိုင်းပါလား မမရတီ။ ကျွန်မပဲ တုံးတာလား။ ခေတ်ပဲ နောက်ကျနေတာလား။ နုတ်ခမ်းချင်း အနမ်းပေးတဲ့ ယဉ်ကျေးမှုကို မြန်မာနိုင်ငံမှာ ဒီလို ပွင့်ပွင့်လင်းလင်း သရုပ်ဆောင်လို့ ရနေပြီလားဟင်။

Asian Fame Media Group

အမှန်အတိုင်း ပြောရရင် ကျွန်မ စိတ်ညစ်သွားတယ် မမရတီ။ သတ်တာ ဖြတ်တာတွေလည်း ပါ၊ အိပ်ရာပေါ် သရုပ်ပြမှုတွေလည်း ပါ၊ ဒါ အနုပညာလား မမရတီရယ်။ ဒီလိုအချိန်မျိုးတွေမှာ ဆင်ဆာဆိုတာ မရှိတော့ဘူးလားဟင်။

*ဒေါ်ခင်စန်းတင့်*

**အစ်မကြီး စိတ်ညစ်သွားတယ်ဆိုတဲ့ ခံစားမှုကို မမရတီလည်း နားလည်ပါတယ်။ သားသမီးမွေးထားတဲ့ မိခင်တစ်ဦးအနေနဲ့ ခေတ်လူငယ်တွေ ရှေ့ရေးကို စိတ်ပူနိုင်တယ်။ အနုပညာ ချစ်သူတစ်ယောက် အနေနဲ့လည်း အနာဂတ် အနုပညာလမ်းကြောင်းအတွက် စိတ်လေသွားနိုင်တယ်။ တကယ်တော့ ဒီအဆိုတော်လေးက အောင်မြင်မှုနဲ့ ကျော်ကြားမှုကို တလွဲနားလည်လို့ ဒီလိုလုပ်တာ ဖြစ်နိုင်ပါတယ် အစ်မကြီးရေ။ တကယ်တော့ ဒီနေ့ခေတ် လူငယ်တွေဟာ ရွှေဟသ်ာဆရာတော် ဘုရားကြီး မိန့်ကြားခဲ့တဲ့ဩဝါဒတွေထဲက 'ခေတ်မီရမယ် ခေတ်မဆန်စေနဲ့၊ ရဲရင့်ရမယ် မရဲတင်းစေနဲ့' ဆိုတဲ့ စကားလေးနှစ်ခွန်းကိုပဲ နားလည်လက်ခံခဲ့မယ် ဆိုရင် ဒီလိုတွေ လုပ်ဖြစ်မယ် မထင်ပါဘူး။ အစ်မကြီး စိတ်အေးအောင်တော့ ပြောလိုက်ပါဦးမယ်။ ဒီလို သီချင်းတွေက ဆင်ဆာအဆင့်ဆင့်နဲ့ ဖြတ်သန်းခွင့် ရလာခဲ့တာတွေ မဟုတ်ပါဘူး။ အွန်လိုင်းက တစ်ဆင့်ပြန့်တာမို့ နည်းနည်း ဖြေသာမယ်လို့ ထင်ပါတယ်ရှင်။**

မမရတီ. . . ကျွန်မက စာပေကို အလွန်မြတ်နိုးပါတယ်။ စာစုံဖတ်တဲ့သူပါ။ မဂ္ဂဇင်း ဂျာနယ် ဝတ္ထုတို ရှည် ၊ အကုန်ဖတ်ပါတယ်။ မဂ္ဂဇင်းတွေ ဂျာနယ်တွေဆိုလည်း ခေတ်အခြေအနေအရ ကြော်ငြာတွေ များတယ် ဆိုပေမယ့် ဒီကြော်ငြာတွေကိုပဲ စိတ်ရှည်လက်ရှည်လှန်ပြီး ပါသမျှစာလေးတွေကို ကြိုးစားပမ်းစားဖတ်ပြီး အားပေးတဲ့သူပါ။ အခု ကျွန်မ ပြောချင်တာက တန်ဖိုးရှိတဲ့ စာပေလေးတွေကို ရသမျှစာမျက်နှာလေးမှာ မနည်း ရှာဖွေ ဖတ်နေရတဲ့ကြားထဲ ဘာမဟုတ်တဲ့ [illegible]အဖျင်းတွေ တစ်ယောက်နဲ့တစ်ယောက် ဝေဖန်ပုတ်ခတ်စာတွေ ကျွန်မတော့ မကြိုက်ပါဘူး



မမရတီရယ်၊ စာမျက်နှာတွေ နှမြောပါတယ်။ နောက် ကျွန်မက အွန်လိုင်းလည်း သုံးဖြစ်တယ်။ အချိန်တို အတွင်းမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာ ပေါင်းစုံ သိချင်လို့ပါ။ ဒါပေမဲ့ အွန်လိုင်းမှာလည်း အညွှန်မရှိ အဖတ်မရစာတွေ အရမ်းများတာပဲနော်။ ကျွန်မကတော့ ဒီလိုလူတွေ ဘာကြောင့်များ တန်ဖိုးမရှိတာတွေ လုပ်နေရလဲဆိုတာ သဘောကို မပေါက်နိုင်ဘူး။ ရတီ စာမျက်နှာ ထက်ကနေ ဆောင်းပါးလေးနဲ့ ဖြစ်ဖြစ် တားဆီးပေးပါလား မမရတီ။

*မခင်သီတာဦး*



**အားပါးပါး မခင်သီတာဦးက မမရတီကို တကယ့်ကို အားကိုးပစ်လိုက် တော့တာပါပဲလား။ မခင်သီတာဦး ပြောမယ်ဆိုလည်း ပြောစရာပါပဲလေ။ တကယ်တော့ စာတစ်လုံး စာတစ်ပိုဒ် စာတစ်ပုဒ် ရေးတော့မယ် ဆိုကတည်းက ရေးတဲ့ သူမှာ တာဝန် ရှိပါတယ်။ မမရတီ သိသလောက်တော့ စာရေးတဲ့သူဟာ အဂတိ လေးပါးကင်းရသတဲ့။ ဆန္ဒာဂတိ- ချစ်ခင်မှုကြောင့်လည်း မရေးသင့်တာကို ရေးတာမျိုး မလုပ်ရဘူး။ ဒေါသာဂတိ- မုန်းတီးမှု ကြောင့်လည်း မရေးသင့်တာကို ရေးတာမျိုး မလုပ်ရဘူးတဲ့။ မောဟာဂတိ- မတတ်မှု၊ မသိမှု၊ မကျွမ်းကျင်မှု၊ မလိမ္မာမှု၊ မိုက်မဲ တွေဝေမှု တွေကြောင့်လည်း မရေးသင့်တာကို ရေးတာမျိုး မလုပ်ရဘူး၊ ဘယာဂတိ- ကြောက်ရွံ့ ထိတ်လန့်လို့လည်း မရေးသင့်တာကို ရေးတာမျိုး မလုပ်ရဘူး ဆိုပဲ၊ အဂတိ ကင်းတဲ့စာမျိုးတွေ စာပေလောကမှာ များများတွေ့ရမယ်ဆို မမ ရတီတို့ စာပေလောကကြီးလည်း ပျော်စရာကြီး ဖြစ်၊ ဖတ်လို့ကောင်းတဲ့ စာပေတွေလည်း အများကြီး ဖြစ်နေမယ်လို့ ယုံပါတယ်။**

မမရတီ ရင်တုန်ပန်းတုန် ကိစ္စတွေလည်း အနုပညာသမားတွေ ကြားထဲမှာ ကြားနေရပါလားဟင်။ မင်းသမီးတစ်ယောက် သူ့အိမ်ဖော်ကို သတ်လို့ဆို၊ အနုပညာသမားဖြစ်ပြီး လူသတ်ရဲလောက်အောင် စိတ်ဓာတ်တွေခက်ထန် လှချည်လား။ ဘာဖြစ်လို့များ အဲ့လိုလုပ်ရတာပါလိမ့် မမရတီရယ်။ ကျွန်မတို့ နယ်သူနယ်သားတွေက သရုပ်ဆောင် မင်းသားမင်းသမီးတွေ မပြောနဲ့ ဇာတ်ပို့ဇာတ်ရံတွေကို စိတ်ရောကိုယ်ပါ ချစ်ခင်အားပေးတတ်ကြတာပါ။ အခုတော့ မကြားရဲစရာပါလားနော်။ အဲ့ဒီသတင်း ဟုတ်လားဟင်။

*မနီလာထွန်း(မိုးညို)*

**သတင်းထူး သတင်းဆန်းတွေကတော့ နေ့တိုင်းကြားနေရတာပဲ မနီလာထွန်းရေ။ မနီလာထွန်းပြောတဲ့ သတင်းကတော့ တစ်ဝက်မှန် တစ် ဝက်မှားလို့ပဲ ပြောရမှာပဲ။ သရုပ်ဆောင်ဖို့ အရွေးခံထားရတဲ့ မိန်းကလေးဆိုတော့ မင်းသမီးလို့တော့ တပ်အပ်နှာမည်တပ်လို့တော့ မရသေးဘူးပေါ့နော်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ မမရတီကတော့ ဘယ်လိုလူစားမျိုးဆီကမှ ဒီလို ခက်ထန်ကြမ်းကြုတ်တဲ့ သတင်းတွေ ထွက်မလာစေချင်ပါဘူး။ တကယ်တော့ လူတစ်ယောက်နဲ့**

Asian Frame Media Group
MEDIA GROUP

**တစ်ယောက်ကြားမှာ ရက်စက်ကြမ်းကြုတ်တဲ့ အဆိုးတရားတွေ ဖြစ်စေတာက အဆိုးမြင်တဲ့စိတ်ရယ်၊ သံသယဖြစ်တဲ့ စိတ်ရယ်၊ မနာလိုတဲ့စိတ်ရယ် ဒီသုံးစိတ်ကြောင့်ပဲလို့ မမရတီတော့ ထင်တယ်။ လူအချင်းချင်းကြား ဒီစိတ်လေးတွေ ကင်းအောင် နေနိုင်ကြရင် ကောင်းမယ်နော် မနီလာရေ။**

မမရတီ. . ကျွန်တော်က ကွန်ပျူတာသင်တန်း ဖွင့်ထားတဲ့ ဆရာတစ်ယောက်ပါ။ ကျွန်တော့်သင်တန်းကို မိန်းကလေး ယောက်ျားလေး ငယ်ငယ်ပိုင်းတွေ တော်တော်များများ လာတက်ကြပါတယ်။ လူလတ်ပိုင်းတွေလည်း ပါသင့်သလောက် ပါတာပေါ့။ ထူးခြားတာက ပညာသင်တဲ့နေရာမှာ မိန်းကလေးတွေက သင်ယူလိုစိတ် ပိုများကြတယ်ဗျာ။ ကျွန်တော့် လက်တွေ့ ပြောတာပါ။ ယောက်ျားလေးတွေက မိဘတိုက်တွန်းလို့ လာတက်တာ များနေတယ်။ ကွန်ပျူတာ ဆိုတာကလည်း သိတဲ့အတိုင်း သင်ခါစဆို လက်ကွက်တွေမှား ဇက်ကြောတက် လက်ကမသွက် ဒါမျိုး ဖြစ်တတ်ကြတာလေ။ ဒါတွေကို ယောက်ျားလေး အများစုက စိတ်မရှည်ကြဘူး။ သင်တန်းဆင်းပြီဆိုရင်တော့ ထုံးစံအတိုင်း အောင်လက်မှတ် ပေးလိုက်ပေမယ့် သူတို့ တတ်မသွားတာ ကျွန်တော်သိနေတော့ စိတ်မချမ်းသာဘူးဗျာ။ မမရတီတို့ မဂ္ဂဇင်းထဲမှာ လုပ်ငန်းရှင် အမျိုးသမီး တစ်ယောက်က မိန်းကလေးတွေ ယောက်ျားလေးတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့အကြောင်း ပြောထားတဲ့စာ တစ်ပိုဒ်ဖတ်မိလို့ ကျွန်တော် ဒီစာထရေးမိတာပါ။ တကယ်တော့ ယှဉ်ရုံမဟုတ်ဘူး။ ကျော်တောင် သွားသေးတာမို့



ကျွန်တော်တို့ ယောက်ျားလေးတွေ ကြိုးစားဖို့တော့ လိုနေပြီဗျာ။

*ထင်အောင်ကျော်(ပဲခူး)*

**မမရတီကလည်း မိန်းမထဲက မိန်းမတစ်ဦးဆိုတော့ ဒီလိုစာလေးများ လာရင် သိပ်ထောက်ခံချင်တာပဲ ကိုထင်အောင်ကျော်ရေ၊ ကိုထင်အောင် ကျော်ပြောလို့ ရယ်စရာ ပြောရဦးမယ်၊ ရယ်စရာဆိုပေမယ့် အမှန်တရားပါနော်။ ဩစတြေးလျမှာ သုတေသနလုပ်တာ မိုးခေါင်ရေရှား ရာသီဥတု ဖောက်ပြန်မှုတွေမြင့်တက်လာလေ လူလတ်ပိုင်းယောက်ျားတွေ သတ်သေမှု ပိုမြင့်လာလေဆိုပဲ။ ဒီတော့ ရာသီဥတုဖောက် ပြန်မှုဟာ မိမိတို့အလုပ်အကိုင် မိမိတို့စိတ်ခံစားမှုနဲ့ တိုက်ရိုက် အချိုးကျပြီး ယောက်ျားတွေဟာ ဒီလို stress တွေ မခံစား နိုင်တော့လို့ သတ်သေကြတယ်လို့ သူတို့က စစ်တမ်းကောက်မိ ကြသတဲ့။ ဒီအချိန်မှာ အံ့ဩစရာ ကောင်းတာက မိန်းမတွေကတော့ ဒီစစ်တမ်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ ဘာထူးခြားမှုမှ မရှိဘူးတဲ့လေ။ ဒါဟာ ဆန်းကြယ်တယ်လို့ သုံးသပ်ကြသတဲ့။ မမရတီကတော့ ဒီသတင်း ဖတ်ပြီး ဆန်းကြယ်တယ်လို့ မမြင်ပါဘူး။ မမရတီတို့လို မိန်းမသားတွေဟာ အခက်အခဲကိုကျော်လွှား ရင်ဆိုင်နိုင်တဲ့ ကြံ့ကြံ့ခံရဲတဲ့ နေရာမှာ ယောက်ျားလေးတွေထက် ပိုသာတယ်လို့ မြင်မိတယ်။ ဟုတ်ဘူးလား ကိုထင်အောင်ကျော်။ ငါတော့ စာလေးရေးမိတာ မှားပြီလို့မထင်ပါနဲ့၊ နောက် ဒါမျိုး များများလေး ရေးဖို့ ဖိတ်ခေါ်ပါတယ်။ မမရတီတို့ အပြန်အလှန်ဆွေးနွေး ကြရအောင်လေ။**

မမရတီ . . ကျွန်တော်က တီဗီချန်နယ် တစ်ခုမှာ မီဒီယာဝန်ထမ်း




သိပ်ဖြစ်ချင်တာပဲဗျာ။ အတိအကျပြောရရင် သတင်းကြေညာသူ၊ အစီအစဉ်တင်ဆက်သူ ဒါမျိုးဖြစ်ချင်တာပါ။ ဒီနေရာမှာ ကံမပါရင်လည်း နောက်ကွယ်ကနေ ပရိုဂရမ်လုပ်ပေးနေရလည်း လုပ်ချင်တာပါပဲ။ ဒါကြောင့်လည်း လေ့လာဆည်းပူးသင့်တာမှန်သမျှ ကျွန်တော်လုပ်ပါတယ်။ ဒါပေမဲ့ ဒီလို အစိမ်းသက်သက် လေ့လာနေတာထက်စာရင် သင်တန်းလေးဘာလေး တက်ရင် ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်။ စုံစမ်းကြည့်တော့ သင်တန်းကြေးတွေကလည်း များလိုက်တာဗျာ။ လူပြောများတဲ့ မီဒီယာသင်တန်းတစ်ခုဆို သိန်းဆယ်ဂဏန်းတောင် ကျော်တယ်နော်။ ဟုတ်မှ ဟုတ်ရဲ့လားတောင် ထင်မိတယ်။ ကျွန်တော်က မတတ်နိုင်တော့ ဒီတစ်သက် ကျွန်တော့်အိပ်မက်တွေ အကောင်အထည် ပေါ်ပါတော့မလားဟင်။

*မင်းမြတ်ထူးထူးဇော်*

**နာမည်က ရှည်လွန်းလို့ ထူးထူးလို့ပဲ ခေါ်လိုက်တော့မယ်။ ထူးထူးရေ ဆန္ဒတစ်ခုကို ဖြစ်ချင်ရင် ဖြစ်ပါ့မလားဆိုတဲ့စိတ်ကို ဖျောက်လေ။ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ကိုမွေးမှပေါ့။ အိမ်မှာနေရင်း တီဗီက သတင်းကြေညာသူတွေကြည့်ပြီး ကိုယ်က သူတို့လို သတင်းစာဖတ် မှန်ရှေ့ထိုင်ပြီး အကြိမ်ကြိမ် လေ့ကျင့်ကြည့်ဖို့ စိတ်မကူးမိဘူးလား။ ကိုယ့်အိမ်သားတစ်ယောက်ယောက်ကို နာမည်ကြီးအနုပညာရှင် တစ်ယောက်လို သဘောထားပြီးတော့ ကိုယ်က သူ့ကို မေးခွန်းများစွာ စတိုင်ကျကျ မေးပြီးလေ့ကျင့်ဖို့ရော အစီအစဉ်မရှိဘူးလား။ နောက်ပြီး အွန်လိုင်းကနေတစ်ဆင့်ဖြစ်ဖြစ် ထွက်ပြီးသားစာအုပ်တွေထဲကပဲဖြစ်ဖြစ် မီဒီယာနဲ့ပတ်သက်တဲ့ လေ့လာမှုတွေရော လုပ်ဖြစ်လား။ အရေးအကြီးဆုံးအချက်က ကိုယ့်မှာ ဗဟုသုတတွေ ပြည့်ဝနေဖို့ စာဖတ်နာဖို့လည်း လိုပါတယ်။ ပြောချင်တာကတော့ ကိုယ့်ရဲ့မျှော်လင့်ချက်အိုးထဲလိုအပ်ချက်တွေကို ကိုယ်တိုင်မဖြည့်ဆည်းပေးဘဲနဲ့ ဒီအိုးက ဘယ်တော့မှ ပြည့်လာမှာ မဟုတ်ဘူးဆိုတာပါပဲ။ နောက်ထပ် အားပေးချင်တာက သင်တန်းတွေ ဘယ်လောက်တက်တက် ကိုယ်တိုင် ဝါသနာမပါ ကိုယ်တိုင် ကြိုးစားမှု အားထုတ်မှုမရှိဘဲ ဘယ်လိုမှ မဖြစ်ထွန်းပါဘူး ဆိုတာပါပဲ။**



Asian Fame Media Group




# Hottest Latest

Model : Myat Thu Kyaw
Dress : iDOL
Watch : TISSOT
Photo : Pyi Chan
Arranged By Thida Soe

Asian Fame Media Group
AFM MEDIA GROUP




Asian Fame Media Group



Asian Fame Media Group



# ကြည်နူးချမ်းမြ
# တန်ဆောင်တိုင်အလှ

ကျွန်မတို့ မြန်မာလူမျိုးတွေဟာ ဆယ့်နှစ်လရာသီကို အမှီပြုပြီး ကြည်နူးနှစ်သက်စွာ နေတတ်ကြသူတွေ ဖြစ်ပါတယ်။ လစဉ်လတိုင်းမှာရှိတဲ့ မရိုးနိုင်တဲ့ ယဉ်ကျေးမှုပွဲတော်တွေမှာ ပါဝင်ဆင်နွှဲရင်း ကိုယ်စိတ်နှလုံးသုံးပါးစလုံးကို လန်းဆန်းမှု ယူတတ်ကြပါတယ်။

မြန်မာတွေရဲ့ ဆယ့်နှစ်လရာသီပွဲတော်တွေဟာ အပျော်သက်သက်ကျင်းပခြင်းမဟုတ်ဘဲ လေးနက်ခိုင်မာသော ရည်ရွယ်ချက်ကိုယ်စီ ရှိတတ်ပြပါ။

ယခုလို တန်ဆောင်တိုင် ကာလမှာ ဆီမီးရောင်ရဲ့ ထိန်ထိန်ညီးလို့ ဘုရား ကျောင်းကန်၊ စေတီပုထိုး သာမက မိမိတို့ အိမ်ဝင်းခြံဝင်းတွေမှာ တောင် မီးရောင်လင်းလက် ဖြိုးဖြိုးဖြက်လို့ ယဉ်ကျေးမှု ပွဲတော် ဆင်ယင်နွှဲတတ်ပုံကို ရတီစာမျက်နှာထက် တင်ဆက်ပြသဖို့ စိတ်ကူးမိတဲ့အခါ. . .

**သီတာစိုး**

Asian Fame Media Group



မော်ဒယ်
ပြည့်စုံကို၊ သဥ္ဇာနွယ်ဝင်း
နေရာ
Happy World
ဓာတ်ပုံ
ကိုနိုင်(ပေါ်ပြူလာ)
ဆံမီးခွက်အလှ
ဘော်နီ(ရတီ)
စီစဉ်သူ
သီတာစိုး

Fame Media Group



ကြည်နူးချမ်းမြ


# တန်ဆောင်တိုင်အလှ

မော်ဒယ်
ပြည့်စုံကို၊ သဉ္ဇာနွယ်ဝင်း
ဝတ်စုံ
Dolly Bird
နေရာ
Happy World
ဓါတ်ပုံ
ကိုနိုင်(ပေါ်ပြူလာ)
စီစဉ်သူ
သီတာစိုး


HAPP

# ကြည်နူးချမ်းမြ
# တန်ဆောင်တိုင်အလှ

မော်ဒယ်
ပြည့်စုံကို၊ သဉ္ဇာနွယ်ဝင်း
ဝတ်စုံ
Dolly Bird
နေရာ
Happy World
ဓာတ်ပုံ
ကိုနိုင်(ပေါ်ပြူလာ)
စီစဉ်သူ
သီတာစိုး



Asian Fame Media Group
MEDIA GROUP

# Gorgeous style

model
Se Phyoe
Thinzar Nwe Win
dress sponsor by
DU2®
100% COTTON



Asian Fame Media Group
MEDIA GROUP




Asian Fame Media Group




# Gorgeous style

# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်



မော်ဒယ် - ဆောင်းယွန်းစံ

ဝတ်စုံ - Girlish fashion

Asian Fame Media Group



# ထိန်းသိမ်းဆန်းသစ်
# မြန်မာ့အလှစစ်

မော်ဒယ် - ဆောင်းယွန်းစံ

ဝတ်စုံ - Girlish Fashion

Asian Fame Media Group

## ထိန်းသိမ်းဆန်းသစ်

# မြန်မာ့အလှစစ်



မော်ဒယ် - ဆောင်းယွန်းစံ

ဝတ်စုံ - Girlish Fashion

Asian Fame Media Group
MEDIA GROUP




## မောင်နဲ့ ပက်ထရစ်ရှာတို့ရဲ့

# တန်ဆောင်တိုင်ခံစားမှု

မော်ဒယ် - မောင်၊ ပက်ထရစ်ရှာ မိတ်ကပ် - ညို (ပုဏ္ဏမိသဲသဲ)/ မိတ်ကပ် စီးရီး - MISSHA COSMETICS (KOREA)
ဝတ်စုံ - မကြီး၊ မလေး (KOOL - Fashion)/ဓာတ်ပုံ - ပီတာ/ စီစဉ်သူ - ယုယအိမ်

ဝါလကင်းလွတ်လို့ ပွင့်လင်းရာသီကို ရောက်လာပြီဆိုတာနဲ့ မြန်မာပြည်မှာ ရိုးရာပွဲတော်တွေက အစီအရီပေါ်လာတော့တာပါပဲ။ သွားစရာလမ်းတွေလည်း များလာတာနဲ့အမျှ မတူညီတဲ့အလှတရားတွေပေါ်က မိမိရဲ့ကိုယ်ပိုင်အလှတရားတွေကို ဆွဲဆောင်မှုအရှိဆုံးဖြစ်အောင် ဖော်ထုတ်ကြ၊ ပြင်ဆင်ကြတာက လူ့သဘာဝပဲလေ။ အလှပြင်ပစ္စည်းတွေထဲမှာ မြန်မာပြည်ရဲ့ ရေမြေသဘာဝ ရာသီဥတုအသားအရေနဲ့ ကိုက်ညီတဲ့ MISSHA Cosmetics တွေကို အသုံးပြုလိမ်းခြယ်ရိုက်ကူးထားတဲ့ မောင်နဲ့ပက်ထရစ်ရှာတို့ရဲ့ အလှမြင်ကွင်းပုံရိပ်များနဲ့အတူ ရတီစာဖတ်ပရိသတ်ကြီး သိချင်နေမယ့် သူတို့ရဲ့အကြောင်းလေးတွေကိုပါ တင်ဆက်ပေးလိုက်ပါတယ်။




**မောင့်အနေနဲ့ တန်ဆောင်တိုင်ဆိုတဲ့ ရိုးရာပွဲတော်အပေါ် ခံစားမိပုံလေး . . .**

တန်ဆောင်တိုင်က ငယ်ငယ်တုန်းကတော့ အရမ်းပျော်တာပေါ့။ ကလေးပီပီ ကျောင်းပိတ်ရက်ကို မျှော်ကြတယ်၊ သီတင်းကျွတ်တန်ဆောင်တိုင်ဆိုရင်လည်း မီးပန်းတွေ လွှတ်ကြ လူကြီးမိဘတွေ ကန်တော့ကြ ပျော်စရာကြီးပေါ့။ အခုတော့ အရွယ်လည်း ကြီးလာ တာဝန်တွေလည်း ပိုလာလို့လား မသိဘူး။ ပျော်စရာဆိုတာ စိတ်ထဲမှာ လေးသလို ခံစားရတယ်။

**လက်ရှိအနုပညာနဲ့ ပတ်သက်လို့ . . .**

ကျွန်တော် အခု မိုးဟေကိုနဲ့ ဒါရိုက်တာ ပြည်ဟိန်းသီဟရိုက်ကူးတဲ့ ကျောင်းပုံပြင်ဆိုတဲ့ ကားတစ်ကား ရိုက်ကူးပြီးစီးသွားပါပြီ။ နောက် ဇာတ်ကားလက်ကျန်လေးတွေ ဖြတ်မယ်၊ နောက် အေးမြတ်သူနဲ့ ဇာတ်ကားရိုက်မယ်။ အဲ့ဒီမှာ ထူးခြားတာက ဒီဇာတ်ထဲက ကာရိုက်တာတစ်ခုကို ကြိုက်လို့ မနန္ဒာလှိုင်က သူလည်း ရိုက်ပေးမယ်လို့ ပြောပါတယ်။

**ရိုက်ခဲ့ပြီးသမျှ ဇာတ်ကားတွေအပေါ် . . .**

ကျွန်တော် ကျောင်းမပြီးခင် ရိုက်ထားတာ ၁၅ ကားလောက် ရှိတယ်။ ပြန်ကြည့်ရင် လိုအပ်နေသလိုပဲ၊ မကြိုက်ဘူး။ အခုနောက်ပိုင်း ရိုက်ခဲ့တဲ့ကားတွေကျတော့ အကြိုက်ဆုံးမဟုတ်တောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတော့ အများကြီးရတယ်၊ လိုအပ်ချက်လေးတွေ တွေ့ပေမယ့် ကိုယ်လုပ်နိုင်ခဲ့တာလေးတွေ့တော့ ပျော်ရပါတယ်။

**မောင့်အနေနဲ့ အနုပညာနဲ့ပတ်သက်တဲ့ ရည်ရွယ်ချက် . . .**

ကျွန်တော့်မှာ ရွေးချယ်စရာအသက်မွေးဝမ်းကျောင်းတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အနုပညာကိုပဲ အသက်မွေးဝမ်းကျောင်းအဖြစ် ရွေးလိုက်တယ်၊ ကျွန်တော့်တစ်ဘဝလုံးစာအတွက်ကို ရွေးလိုက်တာ။

**အနုပညာအပြင် တခြားဝါသနာကို မေးကြည့်တော့ . . .**

အဓိက ဝါသနာကတော့ အနုပညာပေါ့။ နောက် အချိန်ရခဲ့မယ်ဆိုရင် ကျွန်တော်တတ်ထားတဲ့ ဆေးပညာနဲ့ပြည်သူတွေကို ကုသပေးချင်တယ်။ ဒါလည်း ကျွန်တော့်ရဲ့ အဓိကဝါသနာထဲက တစ်ခုပါ။

**ရတီ မျက်နှာဖုံးရိုက်ကူးရတဲ့အပေါ် . . .**

ရတီဆိုတာကလည်း ပေါက်နေတဲ့ မဂ္ဂဇင်းတစ်အုပ်ပဲလေ၊ ဒီလိုမဂ္ဂဇင်းမှာ မျက်နှာဖုံးပါဝင်ရိုက်ကူးခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကဏ္ဍစုံအောင် တင်ဆက်ပေးနေတဲ့အတွက် စာဖတ်သူတွေအတွက် အရမ်းအကျိုးရှိတဲ့ မဂ္ဂဇင်းပါ။

**ညီမလေး အနုပညာလောကကို ရောက်ရှိလာခဲ့ပုံလေးကို ပြောပြပေးပါဦး။**

သမီး ၂၀၁၁၊ ၁၀ လပိုင်းမှာ Fashion Image မဂ္ဂဇင်းမျက်နှာဖုံးကနေ စတင်ပြီး အနုပညာခြေလှမ်းလေး စခဲ့တာပါ။ လှုပ်ရှားမှုအနေနဲ့ ကြော်ငြာ၊ MTV တွေနဲ့ Photo Model တွေ လုပ်ဖြစ်နေပါတယ်။

**ညီမလေးလက်ရှိ အနုပညာအပြင် တခြားဝါသနာ . . . .**

သမီးသရုပ်ဆောင်အနုပညာအပြင် သီချင်းဆိုတာ ဝါသနာပါပါတယ်။ ဒီဇိုင်နာလည်း ဝါသနာပါတယ်။

**တန်ဆောင်တိုင်နဲ့ ပတ်သက်တဲ့အမှတ်တရလေးတွေနဲ့ ပတ်သက်ပြီး . . .**

အမှတ်တရရယ်လို့တော့ ထွေထွေထူးထူး မရှိပါဘူး။ သူငယ်ချင်းတွေနဲ့ ဆော့ကြတာလေးတွေပဲ သတိရတယ်၊ ခုချိန်မှာတော့ မိဘနဲ့ဆရာသမားတွေကို ကန်တော့ဖြစ်လိမ့်မယ်၊ သူငယ်ချင်းတွေနဲ့တော့ မုန့်ထွက်စားဖြစ်ဖို့လည်း ရှိတယ်၊

**အခုလို 'ရတီ' မဂ္ဂဇင်းမျက်နှာဖုံးမှာ ရိုက်ကူးတဲ့အပေါ် ခံစားမှုကိုမေးကြည့်တော့ . . .**

ပျော်ပါတယ်။ သမီး ယုံကြည်စွာကြိုးစားခဲ့တဲ့ အနုပညာအပေါ်မှာ မှတ်တိုင်လေးတစ်ခုပေါ့။ အနုပညာနဲ့အတူ အခုလိုပျော်ရွှင်စွာ ရိုက်ရတာကိုတော့ ကြည်နူးမက်မောစရာပါ။ သမီးကိုသိနေတဲ့ ပရိသတ်တွေရော၊ သမီးကိုမသိသေးတဲ့ သူတွေအတွက်ပါ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်လို့။ သမီးကိုလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။

**ယုယအိမ်**

Asian Fame Media Group

# အဆိုတော် ခေတ်ထူးနှင့် ဒေဝီတို့၏ 'ဇွတ်ပဲ' တေးစီးရီးမိတ်ဆက်




အဆိုတော်ခေတ်ထူးနှင့် အစ်မဖြစ်သူ ဒေဝီတို့၏ 'ဇွတ်ပဲ' တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၇ ရက် မွန်းလွဲ ၁ နာရီက Central Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။ 'ဇွတ်ပဲ' တေးစီးရီး အယ်လ်ဘမ်တွင် ခေတ်ထူးက ၇ ပုဒ်နှင့် ဒေဝီက ၅ ပုဒ်စီ သီဆိုထားကြပြီး မိခင်၏ ငယ်စဉ်က လုပ်ခွင့်မရခဲ့သော ဝါသနာကို ရည်ရွယ်ကျေးဇူးဆပ်သည့် အနေဖြင့် ယခုအခွေကို စီစဉ်ဖြစ်တာဖြစ်ကြောင်း ခေတ်ထူးနှင့်ဒေဝီ အနုပညာ မောင်နှမက ပြောကြားခဲ့သည်။ အဆိုပါ 'ဇွတ်ပဲ' အခွေကို ဘိုဘို မြူးဇစ်က အောက်တိုဘာလ ၁၄ ရက်နေ့တွင် တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

# အိပ်မက်ဆုံရာ အဆိုတော် R ကာ၏ 'ချစ်သောမမ' စီးရီးသစ်မိတ်ဆက်


အိပ်မက်ဆုံရာက စတင်ပြီး ပရိသတ်သိရှိခဲ့တဲ့ R ကာရဲ့ တစ်ကိုယ်တော် တေးစီးရီးသစ် 'ချစ်သော မမ'ကို စာနယ်ဇင်းများထံ အပ်နှံခြင်း အခမ်းအနားကို အောက်တိုဘာလ ၄ ရက် နံနက် ၁၀ နာရီက စင်ထရယ် ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် နိုင်ဇော်က စီးရီးနှင့်ပတ်သက်ပြီး ရှင်းလင်း ပြောကြားကာ Audio ပိုင်းကို တာဝန်ယူပေးသည့် ခိုင်မြသာက အမှတ်တရစကား၊ မုဒိတာစကားများ ပြောကြားပြီး အဆိုတော် စည်သူလွင်ကလည်း မုဒိတာစကား ပြောကြားခဲ့ သည်။ အဆိုပါ တေးစီးရီးတွင် ချစ်သော မမ သီချင်းကို နိုင်ဇော်ကိုယ်တိုင် တီးခတ်ပေးထားကြောင်းလည်း သိရသည်။





# လိပ်ပြာ၏ 'မိုးကုပ်စက်ဝိုင်း' တေးစီးရီးသစ် စာနယ်ဇင်း အပ်နှံပွဲ

တေးရေးတေးဆိုတစ်ဦးဖြစ်သလို အင်္ဂလိပ်စာဆရာမ တစ်ဦးလည်း ဖြစ်သည့် လိပ်ပြာ၏ 'မိုးကုပ်စက်ဝိုင်း' MTV တေးစီးရီးသစ်စာနယ်ဇင်း မိတ်ဆက်အပ်နှံခြင်း အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက် နံနက် ၉ နာရီက Central ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါနေ့ ညနေပိုင်းတွင် ကရဝိက်ဥယျာဉ်ကမ္ဘာ Shanti စားသောက်ဆိုင်တွင် MHL တီးဝိုင်းနှင့်အတူ တေးသံရှင်လိပ်ပြာနှင့် သူငယ်ချင်းများက သီဆိုဖျော်ဖြေခြင်း၊ ညစာစားပွဲနှင့် တည်ခင်းဧည့်ခံခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ မိုးကုပ်စက်ဝိုင်း အခွေကို MHL ဝိုင်းက တီးခတ်ပေးထားကာ ဒါရိုက်တာဘုန်းမြင့် (ငွေတောင်တန်း) က ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။




# MODA ဖက်ရှင်မဂ္ဂဇင်းက ပြုလုပ်ခဲ့တဲ့ တော်သလင်းလပြည့်နေ့ ပျော်ပွဲရွှင်ပွဲ

ဖက်ရှင်ကဏ္ဍများကို စုံလင်စွာဖော်ပြလျက်ရှိသည့် MODA ဖက်ရှင်မဂ္ဂဇင်း၏ တော်သလင်းလပြည့်နေ့ ပျော်ပွဲရွှင်ပွဲကို စက်တင်ဘာလ ၃၀ ရက် ညနေ ၃ နာရီမှ ၆ နာရီအထိ Junction Square တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပွဲသည် အောက်တိုဘာလထုတ်မဂ္ဂဇင်းမျက်နှာဖုံးရှင် ဖြူဖြူကျော်သိန်း၏ MODA စာဖတ်ပရိသတ်ကြီးအတွက် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲကို အဆိုတော် စန္ဒီမြင့်လွင်နှင့် အိပ်မက်ဆုံရာ အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ၊ Dancer အဖွဲ့များ၏ မြူးကြွလှုပသော အကများ၊ မော်ဒယ်ရှိုးများ၊ ဂိမ်းပွဲများဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။



# WHAT'S CLASSIC

**MODEL :** LATT YONE & SU MIE/ **MAKE-UP :** HTET (POP SOUL)
**BACKGROUND MATERIAL :** NATURAL CLAY / **PHOTO :** KO NAING (POPULAR)
ARRANGED BY YU YA EAIN

# WHAT'S CLASSIC

**MODEL :** LATT YONE & SU MIE/ **MAKE-UP :** HTET (POP SOUL)
**BACKGROUND MATERIAL :** NATURAL CLAY / **PHOTO :** KO NAING (POPULAR)



Asian Fame Media Group



# WHAT'S CLASSIC

**MODEL :** LATT YONE & SU MIE/ **MAKE-UP :** HTET (POP SOUL)
**BACKGROUND MATERIAL :** NATURAL CLAY /
**BOILER SUIT :** KO MOE KYAW+MA WIN WIN KHING (LANMADAW IRON MARKET)
**PHOTO :** KO NAING (POPULAR)

MEDIA GROUP



Asian Fame Media Group



# WHAT'S CLASSIC

**MODEL :** LATT YONE & SU MIE/ **MAKE-UP :** HTET (POP SOUL)
**BACKGROUND MATERIAL :** NATURAL CLAY/ **PHOTO :** KO NAING (POPULAR)

Asian Fame Media Group
MEDIA GROUP



# WHAT'S HOT

MODEL : POE EI PHYU ZIN/MAKE-UP : HTET HTET (09-43089724)/DRESS : bossini
PHOTO : KO NAING (POPULAR)

Asian Fame Media Group

# WHAT'S HOT

MODEL : POE EI PHYU ZIN/MAKE-UP : HTET HTET (09-43089724)/DRESS : bossini
PHOTO : KO NAING (POPULAR)



Asian Fame Media Group


WHAT'S HOT
MODEL : POE EI PHYU ZIN/MAKE-UP : HTET HTET (09-43089724)/DRESS : bossini
PHOTO : KO NAING (POPULAR)
Asian Fame Media Group

# အရုပ်မျက်နှာ ပန်းမျက်နှာ



Model
May Sue Maung
Make up
December Hnin
Photo
Aye Zaw Moe (Set Hmu)
Arranged by
Phyoe Su Po Po

Asian Fame Media Group
MEDIA GROUP



Model
May Sue Maung
Make up
December Hnin
Photo
Aye Zaw Moe (Set Hmu)
Arranged by
Phyoe Su Po Po

# အရုပ်မျက်နှာ

AF MEDIA GROUP
Asian Fame Media Group



# အရုပ်မျက်နှာ

Model
May Sue Maung
Make up
December Hnin
Photo
Aye Zaw Moe (Set Hmu)
Arranged by
Phyoe Su Po Po

Asian Fame Media Group
af MEDIA GROUP



af MEDIA GROUP
Asian Fame Media Group



# ပန်းပျက်ဒရာ

Model
May Sue Maung
Make up
December Hnin
Photo
Aye Zaw Moe (Set Hmu)
Arranged by
Phyoe Su Po Po

Asian Fame Media Group
af MEDIA GROUP



# ရုပ်ရှင်မဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရုပ်ရှင်မဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

**အခွင့်အရေး**

၂၀၁၃ ဖေဖော်ဝါရီလထုတ် ရုပ်ရှင်မဂ္ဂဇင်းအတွက် သရုပ်ဆောင် သင်ဇာဝင့်ကျော် နဲ့အတူ ရုပ်ဝတ်မျက်နှာဖုံးမှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရုပ်ရှင်မဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်၊

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ခါးတိုက်ပြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရုပ်ရှင်မဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရုပ်ရှင်မဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်


ချစ်ပရိသတ်ကြီးရေ…ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၂ ဒီဇင်ဘာလ ၁၀ ရက် (တနင်္လာနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရုပ်ရှင် စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။**

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - -

အမည် - - - - - - - - - - - - - - - - - - - -
မွေးသက္ကရာဇ် - - - - - - - - - - - - - - - - - - - -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - - - - - - - - - - - - - - - - - - - -
ပညာအရည်အချင်း - - - - - - - - - - - - - - - - - - - -
အလုပ်အကိုင် - - - - - - - - - - - - - - - - - - - -
အနုပညာလုပ်ရှားမှု - - - - - - - - - - - - - - - - - - - -
အိမ်ထောင်ရှိ/မရှိ - - - - - - - - - - - - - - - - - - - -
အရပ်အမြင့် - - - - - - - - - - - - - - - - - - - -
နေရပ်လိပ်စာ - - - - - - - - - - - - - - - - - - - -
ဖုန်းနံပါတ် - - - - - - - - - - - - - - - - - - - -



Asian Fame Media Group
MEDIA GROUP




Asian Fame Media Group
af MEDIA GROUP

ရတီပရိသတ်ကြီးရေ• • •လူတိုင်းအတွက် အခွင့်အရေးဆိုတာ ရှိပါတယ်။ အခွင့်အရေးတစ်ခုကို ရယူပိုင်ဆိုင်ဖို့ကတော့ ကိုယ်တိုင်ကြိုးစားအားထုတ်မှုရှာပါနော်။ ဒီလမှာ Audience of Celebrities' Choice ကဏ္ဍအတွက် အခွင့်အရေးကို ပိုင်နိုင်စွာဆုပ်ကိုင်သွားခဲ့သူကတော့ မြင်းခြံမြို့မှာ နေထိုင်နေတဲ့ ထက်ဝေလင်း ဖြစ်ပါတယ်။ အဆိုတော် အောင်လက သူနဲ့ရုပ်ချင်းဆင်တဲ့ ထက်ဝေလင်းကို ရွေးချယ်ခဲ့သလို အဆိုတော်အောင်လရဲ့ ပရိသတ်အစစ်အမှန်ဖြစ်တဲ့ ထက်ဝေလင်း ကလည်း ဓာတ်ပုံရိုက်ကူးဖို့အတွက် စာမေးပွဲပြီးပြီးချင်းမှာပဲ ရန်ကုန်ကို အရောက် လာခဲ့သူပါ။ ဒီဇင်ဘာလမှာ ဖော်ပြပေးမယ့် သရုပ်ဆောင်မိုးမြည့်သင်ရဲ့ ပရိသတ်က ဘယ်သူဖြစ်မလဲဆိုတာကတော့• • •

# *audience of celebrities' choice*

**model :** aung La & htet wai linn
**make-up :** paing paing
**dress :** i DOL (man's fashion)
**location :** the 50 street (cafe, restaurant, bar)
**photo :** ko naing (popular)
arranged by thida soe




*audience of*
*celebrities' choice*

**model :** aung La & htet wai linn
**make-up :** paing paing
**dress :** i DOL (man's fashion)
**location :** the 50 street (cafe, restaurant, bar)
**photo :** ko naing (popular)

Asian Fame Media Group



Asian Fame Media Group




## audience of
## celebrities' choice

**model :** aung La & htet wai linn
**make-up :** paing paing
**dress :** i DOL (man's fashion)
**location :** the 50 street (cafe, restaurant, bar)
**photo :** ko naing (popular)

Asian Fame Media Group
MEDIA GROUP

### အနုပညာရှင်အမေး ပရိသတ်အဖြေ

**Q** ညီလေးက အစ်ကိုပရိသတ်ဆိုတော့ အစ်ကို့ရဲ့ ဘယ်သီချင်းကနေစပြီး အားပေးခဲ့တာလဲ။

**A** မမေသူနဲ့ အစ်ကိုဆိုထားတဲ့ 'ဒီအတိုင်းလေးပဲ ချစ်နေမယ်' သီချင်းကနေစပြီး အားပေးခဲ့တာပါ။ အစ်ကို့ရဲ့ 'အချိန်လွန်ငှက်' နဲ့ 'တောင်းပန်ပါတယ်' သီချင်းတွေကိုလည်း အရမ်းကြိုက်ခဲ့ပါတယ်။

**Q** ညီလေးက အစ်ကိုနဲ့ တူတယ်ဆိုတော့ အခု ညီလေးရဲ့ စတိုင်လ်က အရင်ကတည်းက ပုံစံလား၊ ဒါမှမဟုတ် အစ်ကို့ရဲ့ပုံစံ လုပ်ထားတာလား။

**Q** အစ်ကို့ပုံစံကို ဖမ်းထားတာပါ။ ကျွန်တော်ကိုရင်ဝတ်ပြီး ထွက်လာတဲ့အချိန်မှာ အစ်ကို့သီချင်းနဲ့ အစ်ကို့ပုံစံက ပရိသတ်ထဲမှာ နာမည်ကြီးနေပြီလေ၊ ခေါင်းတုံးနဲ့ ကျွန်တော့်ပုံစံကို သူငယ်ချင်းတွေက အစ်ကိုနဲ့ တူတယ်ဆိုပြီး ပြောကြတယ်။ အဲဒါနဲ့ နောက်ပိုင်းမှာ အစ်ကို့ရဲ့ပုံစံကို လုံးဝယူလိုက်တာပေါ့နော် (ရယ်လျက်)။ အစ်ကို့ရဲ့ ပုံစံယူလိုက်တဲ့အချိန်မှာ ကျွန်တော်က ကျောင်းတက်နေပြီး၊ ကျောင်းပွဲမှာတောင် အစ်ကို့ရဲ့ 'တောင်းပန်ပါတယ်' သီချင်းဆိုလိုက်သေးတယ်။ အဲဒီတုန်းက ပန်းကုံးတွေတောင် အများကြီးရလိုက်တယ် (ရယ်မောလျက်)။


**Q** ညီလေးက သီချင်းဆိုတာ ဝါသနာပါသေးလား။ ညီလေးရဲ့ ဘဝအတွက် ရည်မှန်းချက်ကတော့ . . . .

**A** ဟုတ် . . . ပါပါတယ် အစ်ကို။ ဘဝမှာတော့ ပိုက်ဆံရှိတဲ့ လူတစ်ယောက်ဖြစ်အောင် လုပ်မယ်။ ကြိုးစားမယ်ပေါ့နော်။ ပြီးတော့ ဦးကျော်သူတို့လို ပရဟိတတွေ လုပ်ချင်ပါတယ်။ ဖြစ်ချင်ရဲ့သားနဲ့ မဖြစ်မှာတာကတော့ ဘောလုံးသမားပါ။


**Q** ညီလေးအနေနဲ့ အစ်ကို့ကို ဘယ်လိုမြင်လဲ။ အစ်ကို ဘာတွေပြင်ဆင်သင့်လဲ။ ဘာတွေလိုအပ်လဲဆိုတာ ပရိသတ်တစ်ယောက်အနေနဲ့ ဝေဖန်ကြည့်ပါဦး။

**A** အစ်ကို ဘာလုပ်လုပ် ကျွန်တော်က ကြိုက်တယ်။ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် အစ်ကို တစ်ယောက်လို ခံစားပြီးထည့်ထားတာပါ။ အစ်ကို့ဆီမှာ မြင်စရာ ဘာအပြစ်အနာအဆာမှတော့ မမြင်ပါဘူး။ အစ်ကို သီချင်းတွေ ပိုပြီး ကောင်းအောင်ရေးပေးပါ။ ပြီးတော့ အစ်ကို့ သီချင်းတွေ အမြဲထွက်ပေးပါနော်၊

**Q** အခုလို ဓာတ်ပုံရိုက်ရတာကို အိမ်က အားပေးလား။ ပြီးတော့ ညီလေးမှာ မွေးချင်း




MEDIA GROUP
Asian Fame Media Group



ဘယ်နှယောက်ရှိလဲ။

**A** ဟုတ်ကဲ့. . . အိမ်က အားပေးပါတယ်။ အစ်ကို့ကိုလည်း ကျွန်တော်တို့တစ်အိမ်လုံးက ကြိုက်တယ်။ ကျွန်တော့်မှာ မောင်နှမ ၃ ယောက် ရှိတယ်၊ ကျွန်တော်က အငယ်ဆုံးပါ။ အစ်မတွေက တစ်ယောက်တစ်မြို့စီ ရောက်နေကြတယ်။ ကျွန်တော်က အိမ်အလုပ်ဝိုင်းကူ လုပ်ပေးရတာပေါ့နော်။ ကိုအောင်လနဲ့တွဲရိုက်ဖို့ ရတီတိုက်ကို Form ပို့ပေးတာက အမေကိုယ်တိုင် ပို့ပေးတာပါ။ အခုလို အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်ပြီး စကား ပြောရတာက ကျွန်တော့်အတွက် ပထမဆုံးပါ။ မန္တလေးမှာလုပ်တဲ့ ကိုအောင်လ Show ပွဲကိုတော့ တကူးတကသွားကြည့်ခဲ့သေးတယ်။

**ပရိသတ်အမေး အနုပညာရှင်အဖြေ**

**Q** အစ်ကို ညီလေးကို ရွေးဖြစ်ခဲ့တာက . . .

**A** အစ်ကိုက ညီလေးကို Facebook မှာ တွေ့ဖူးတယ်။ အစ်ကို့ကို ဓာတ်ပုံတွေလာပြတော့ ညီလေးပုံကိုကြည့်ပြီး 'ငါ ဒီကောင်လေးကို တွေ့ဖူးတယ်' ဆိုပြီး တွေးမိတယ်၊ အစ်ကိုနဲ့လည်း ရုပ်ကနည်းနည်းတူတော့ ဆင်တူလေး ရိုက်ရင် အဆင်ပြေမယ်ဆိုပြီး ရွေးဖြစ်တာပါ။

**Q** အစ်ကိုက အနုပညာလောကထဲဝင်တာ ၁၀ နှစ်နီးပါးရှိပြီဆိုတော့ မအောင်မြင်ခင်က ကြုံခဲ့ရတဲ့အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းခဲ့လဲ။

**A** အခက်အခဲတွေကို ဖြတ်ကျော်နိုင်တာက တော့ အဓိကက 'ပတ်ဝန်းကျင်' ကြောင့်ပါ။ ပတ်ဝန်းကျင်ရဲ့ နှိမ့်ချတဲ့အသံတွေ၊ ပြီးတော့ အမျိုးတွေရဲ့ စကားသံတွေပေ့ါ။ အမျိုးတွေက အားမပေးဘူးလေ။ အစ်ကို့ကို နှိမ့်ချခဲ့တာတွေက အင်အားတစ်ခု ဖြစ်လာတာပေါ့နော်။ 'ငါရအောင် လုပ်ပြမယ်၊ ငါလုပ်ချင်တဲ့ အလုပ်ကို ငါဖြစ်ချင်တဲ့ အတိုင်း ဖြစ်အောင်လုပ်မယ်' ဆိုတဲ့စိတ်ဓာတ်ဖြစ်လာခဲ့တယ်။ သူငယ်ချင်းတွေရဲ့ အားပေးမှုလည်း ပါတာပေါ့နော်။


**Q** အစ်ကိုက ကိုလူမင်းနဲ့တွဲပြီး ဇာတ်ကားရိုက်နေတယ်ဆိုတော့ သရုပ်ဆောင်ပညာကို ဘယ်လို လေ့လာဖြစ်ပါသလဲ။ နောက်ပိုင်းမှာ အဆိုတော်နဲ့ သရုပ်ဆောင်တွဲလုပ်ဖို့ရော အစီအစဉ်ရှိလား။

**A** အစ်ကိုက နောက်ပိုင်းမှာ ကားဆက်ရိုက်ဖို့ မသေချာဘူး။ တကယ်လို့ ရိုက်ဖြစ်ရင်လည်း ဆက်ရိုက်ဖြစ်မယ်၊ မရိုက်ဖြစ်ရင်လည်း လုံးဝ မရိုက်ဖြစ်လောက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ရဲ့စိတ်ပေါ်မှာ မူတည်တာပေါ့နော်။ အခုရိုက်ထားတဲ့ ကားလေးကို ဇာတ်ညွှန်းလာပြတဲ့အချိန်မှာ အစ်ကို့အတွက် နေရာလေးလည်းရတယ်။ ပြီးတော့ အစ်ကို့အတွက် အမှတ်တရလေး တစ်ခု ကျန်ခဲ့အောင် ရိုက်ဖြစ်ခဲ့တာပါ။ အစ်ကိုက ရုပ်ရှင်ကြည့်တာကို အရမ်းဝါသနာပါတယ်။ အိမ်မှာ ရုပ်ရှင်ခွေတွေ စုထားတာ အများကြီးပဲ။ အဆိုတော်ပြီးရင် နောက်ထပ်ဖြစ်ချင်တာက ဒါရိုက်တာပေ့ါညီလေးရာ။ အစ်ကို့ရဲ့ ပထမအခွေမှာ အစ်ကိုကိုယ်တိုင် ဒါရိုက်တာလုပ်ထားတာတွေ ရှိတယ်။ အခု ဒုတိယအခွေမှာလည်း ကိုယ်တိုင်ရိုက်ထားတာတွေပါတယ်။ Big Bag ခွေမှာလည်း ၂ ပုဒ်ရိုက်ထားတယ်၊ Idiots ခွေမှာလည်း ၁ ပုဒ်ရိုက်မယ်ပေါ့နော်။

**Q** City FM နဲ့ Shwe FM တို့မှာ အစ်ကိုက ဆုတွေရခဲ့တယ်လေ။ အဲဒီဆုတွေရခဲ့တဲ့ အစ်ကို့ရဲ့ ပျော်ရွှင်မှုနဲ့ အဲဒီဆုတွေက အစ်ကို့ကို အားဖြစ်စေလားဆိုတာလည်း သိချင်ပါတယ်။

**A** ဆုရရင်တော့ ဘယ်သူမဆို ပျော်တာပေါ့နော်၊ ဒါပေမဲ့ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစ်ကို့ရဲ့ ပထမတစ်ကိုယ်တော်အခွေထွက်ပြီး သွားပြီဆိုရင် ဒုတိယအခွေကို ဒီထက်ပိုပြီးကောင်းအောင် လုပ်မယ်ဆိုတဲ့စိတ်က ရှိပြီးသားပါ။ ဆုရတာကတော့ အမှတ်တရတစ်ခုဖြစ်တာပေ့ါနော်၊ အစ်ကို့အတွက် တွန်းအားကတော့ သူငယ်ချင်းတွေနဲ့ ပရိသတ်တွေပါ။ သီချင်းကို တကယ်အားပေးတဲ့ ပရိသတ်တွေပေ့ါနော်။ ပရိသတ်တွေအတွက် အစ်ကို့ရဲ့ နောက်တစ်ခွေက ဆုထက်စာရင် ပိုအရေးကြီးပါတယ်။

Asian Fame Media Group



ထက် ကိုယ်ပိုင် မိသားစုဘဝလေး တစ်ခုကို ဖန်တီးချင်တာ ပေါ့နော်။ ရှေ့မှာ အစ်ကို့ရဲ့အဖေနဲ့အမေက အစ်ကိုလိုချင်တဲ့ မိသားစုပုံစံ မဖြစ်ခဲ့ဘူး။ အဲဒီလို မဖြစ်ခဲ့တာကို အစ်ကို့သားသမီး အလှည့်ကျရင် အားလုံးပြင်ဆင်ပြီး တည်ဆောက်ချင်တယ် ပေါ့နော်။ အစ်ကိုကဘဝကို အေးအေး ချမ်းချမ်းလေးပဲ ဖြတ်သန်းချင်တယ်။ အစ်ကို မိန်းမယူလိုက်ရင် အစ်ကို့ရဲ့ ပရိသတ် အစစ်အမှန်တွေ ကျန်ခဲ့လိမ့်မယ်လေ (ရယ်လျက်)။

**Audience of Celebrities' Choice အတွက် Celebrity အောင်လရဲ့ အတွေ့အကြုံ**

ကျွန်တော်နဲ့ ပရိသတ်တွေ့ပြီးရိုက်တာက ဒါပထမဆုံးပဲ။ ပရိသတ်နဲ့ဓာတ်ပုံအတူတူတွဲရိုက် ရတဲ့အတွက် ပျော်လည်းပျော်တယ်။ ဝမ်းလည်း သာပါတယ်။ မြင်းခြံကနေ ရန်ကုန်အထိလာရိုက်ပေးတဲ့ ညီလေးကိုလည်း ကျေးဇူးတင်ပါတယ်။ မရွေးဖြစ်တဲ့ ပရိသတ်တွေကိုလည်း နားလည်ပေး ပါလို့။ တစ်ယောက်တည်း ရွေးရတဲ့ အတွက်ကြောင့်ပါလို့ ပြောချင်ပါတယ်။ ကျွန်တော်နဲ့ ဒီညီလေးက ကံစပ်တဲ့သဘောပေါ့နော်။ ပရိသတ် နဲ့တွဲရိုက်ရတဲ့ ခံစားချက်ကတော့ အလုပ်သဘောအရ ရိုက်ရတာမဟုတ်တဲ့ အတွက် နည်းနည်းပိုပြီး အဆင်ပြေတာပေါ့။

**Audience ထက်ဝေလင်းရဲ့ အတွေ့အကြုံ**

ဒီကဏ္ဍကို ကိုအောင်ရဲလင်းကဏ္ဍကတည်းက စပြီးသတိထားမိတာပါ။ အခုလို ကိုအောင်လနဲ့ တွဲရိုက်ရတဲ့အတွက် အရမ်းပျော်ရွှင်မိပါတယ်။ တစ်ဘဝလုံး စာအတွက် အမှတ်တရတစ်ခုရခဲ့တာပေါ့နော်။ ဒီကဏ္ဍလေးက ပရိသတ်တစ်ယောက် အနေနဲ့ဆို အရမ်းကောင်းပါတယ်။ ဒီလိုကဏ္ဍမျိုးက ဘယ်မဂ္ဂဇင်းမှာမှ မရှိဘူးလေ။ ကိုယ်အရမ်းကြိုက်တဲ့ အနုပညာရှင်နဲ့ ရင်းရင်းနှီးနှီးတွေ့ရတယ်။ စကားတွေလည်း ပြောခွင့်ရတယ်။ ဒီကဏ္ဍလေးကို Form တင်ကြမယ့် သူငယ်ချင်းတွေကို ပြောချင်တာကတော့ Form ကို တင်ဖြစ်အောင်တင်ပါလို့ ပြောချင်တယ်။ ကျွန်တော်ရတဲ့ ပျော်ရွှင်မှုမျိုးက ပြောပြလို့တောင် မရဘူးပေါ့နော်။ အရွေးခံရရင်လည်း တစ်ဘဝလုံးစာအတွက် အမှတ်တရဖြစ်ကျန်ခဲ့ကြမှာပါလို့ ပြောချင်ပါတယ်။

သီတာစိုး

အစ်ကို့ရဲ့ ဒုတိယအခွေ လုပ်နေတယ်။ ဒုတိယအခွေမှာ ၁၅ ပုဒ်ပါမယ်။ အခု ၉ ပုဒ်၊ ၁၀ ပုဒ်လောက်ပြီးသွားပြီ။ ဒုတိယအခွေရဲ့ VCD ကို ပိုက်ဆံအကုန်အကျခံပြီး သေချာရိုက်ထားတယ်။ အစ်ကို့ရဲ့ ပရိုဂျူဆာ Ah Boy ကလည်း ဒုတိယအခွေကို သေချာရိုက်ပေးမယ်တဲ့ (ရယ်လျက်)။

**Q** အစ်ကို့ရဲ့ဆံပင်ပုံစံ၊ နားကပ်ဝတ်တဲ့ပုံစံနဲ့ အဝတ်အစားဆိုရင် အနက်ချည်းပဲဝတ်တတ်တဲ့ပုံစံတွေက ထူးခြားနေတယ်လေ၊ အဲဒါက အစ်ကို့ ပုံစံဆိုပြီး တွင်ထားတာလား။ ပြီးတော့ အစ်ကို့ရဲ့ အချစ်ရေး အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး စိတ်ကူးအိပ်မက်တွေကို ပြောပြပါဦး။

**A** အစ်ကို့ဘာသာ သတ်သတ်ထွင်ထားတဲ့ ဒီဇိုင်းမဟုတ်ပါဘူး။ ဆံပင်ကို ဘေးခွဲထား ထားတာကလည်း နဖူးပြောင်လို့လေ (ရယ်လျက်)။ အဲဒါက အစ်ကို့ဒီဇိုင်းဖြစ်သွားတာ။ အမည်းရောင်က အဆိုတော်မဖြစ်ခင် ငယ်ငယ်ကတည်းက အမည်းရောင်ကို ကြိုက်ခဲ့တာ၊ တချို့အမျိုးတွေက ဘာသာရေးအယူရှိတယ်လေ၊ အမည်းဝတ်ရင် ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ပြောတယ်လေ။ ဘယ်သူ ဘာပြောပြော အစ်ကိုက ဝတ်တာပဲ။ နား ပေါက်ကကျတော့ ဒီမှာ ဘယ်သူမှမဖောက်ခင် အစ်ကိုက အရင်ဖောက်တယ်ပေါ့နော်။ ကိုယ့်ဘာသာဖောက်ပြီးဝတ်ဖို့ နားကပ်မရှိတော့ ကြယ်သီးကို နှစ်ဖက်ကပ်ပြီး အရင်ဝတ်ထားရတာ။ အဲဒီတုန်းက အဲဒီလို နားကပ်မျိုးမရှိ သေးဘူး၊ အစကတော့ လူကြည့်ခံ ချင်လို့ လုပ်ခဲ့တာလေ၊ တချို့ဆို မုန်လား ဆိုပြီး ကြည့်ကြတော့ ပျော်တာ ပေါ့နော်။ တဖြည်းဖြည်းနဲ့ မပျော်တော့ဘူး။ အစ်ကို့ကို လူထူးလူဆန်းတစ်ယောက်လို ကြည့်နေ ကြတာလေ (ရယ်လျက်)။ စကား ပြောရင် မျက်နှာကို မကြည့်တော့ဘူး။ နားကိုပဲကြည့်ကြတော့တယ်။ အစ်ကို့ရဲ့ 'အိမ်ထောင်ရေး' ဆိုတာ

Asian Fame Media Group





ပြောင်းလဲလာတဲ့ခေတ်နဲ့အတူ
Body Art ဆိုတဲ့ အရာဟာလည်း
လူငယ်တွေကြားမှာ အလှဆင်စရာတစ်ခုဖြစ်လို့နေပါပြီ၊
မိမိသွားလိုရာ ပွဲလမ်းနဲ့ ကိုက်ညီတဲ့ ဒီဇိုင်းတစ်ခုကို
စိတ်ကြိုက်ပြောင်းလဲ ရေးဆွဲအလှဆင်နိုင်တယ် ဆိုတာကို
Body Art ပညာရှင် မနေခြည်နဲ့ မော်ဒယ်ဇင်ပိုင်ထွန်း၊
ဆုမြတ်စန္ဒီလင်းတို့နှင့်အတူ ရေးဆွဲခြယ်မှုန်း
ဖန်တီးကြပုံလေးတွေကို
ရတီစာဖတ်ပရိသတ်ကြီး အတွက်
တင်ဆက်ပေးလိုက်ပါတယ်။


# BODY ART FASHION

Model - Zin Paing Htun , Su Myat Sandi Linn
Body Art - Nay Chi (Sweet Angel)
Photo - April Studio A
Design - Thar Thar (Sweet Angel)

Asian Media Group

လူငယ်ကြိုက်
အလန်းစားအမိုက်စား

# Body Art Fashion



မော်ဒယ်ဆုမြတ်စန္ဒီလင်းနဲ့
လိုက်ဖက်လှပတဲ့ ဒီဇိုင်းပုံဖော်ရေးဆွဲမှု





MEDIA GROUP
Asian fame Media Group









မော်ဒယ်ဖင်ပိုင်ထွန်းအတွက်
လိုက်ဖက်တဲ့ ဒီဇိုင်းကိုလည်း
ခုလိုရွေးချယ်ရေးဆွဲပေးခဲ့ပါတယ်။

အရွယ်မရွေး ကျား/မ မရွေး
အလှဆင်နိုင်ဖို့ ရည်ရွယ်လျက်။

ယုယအိမ်

**Body Painting** - နေခြည် ( *Sweet Angel* Nail Art & Beauty Training School)




Model
May Kabyar & Ginga May
Make up
Nge Nge (Aung Aung - Taunggyi)
Designer
Mudra (Much & More)
Photo
Ko Naing (Popular)
arranged by phyoe su po po

Model
May Kabyar & Ginga May
Make up
Nge Nge (Aung Aung - Taunggyi)
Designer
Mudra (Much & More)
Photo
Ko Naing (Popular)




Model
May Kabyar & Ginga May
Make up
Nge Nge (Aung Aung - Taunggyi)
Designer
Mudra (Much & More)
Photo
Ko Naing (Popular)
MOD MOM


MOD MOM
Model
May Kabyar & Ginga May
Make up
Nge Nge (Aung Aung - Taunggyi)
Designer
Mudra (Much & More)
Photo
Ko Naing (Popular)

Model
May Kabyar & Ginga May
Make up
Nge Nge (Aung Aung - Taunggyi)
Degigner
Mudra (Much & More)
Photo
Ko Naing (Popular)





# Your Style & Your Way

Model - Phone Thike
Marina
Make-up - Seint Seint (KSW)
Photo - Ko Naing (Popular)
Arranged by Thida Soe

Asian Fame Media Group



# Your Style & Your Way

Model - Phone Thike
Marina
Make-up - Seint Seint (KSW)
Photo - Ko Naing (Popular)




Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
MEDIA GROUP



# ATHIN CHO SWE's PROFILE

AS TOLD BY HERSELF

**Make-Up :** Thi Thi (Nyi Nyi Mg Sanchaung)

**Photo :** Ko Naing (Popular)

arranged by thida soe

## Confidence

စီးပွားရေးနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊ အနုပညာနယ်ပယ်မှာပဲဖြစ်ဖြစ် အလုပ်တစ်ခုလုပ်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ အကောင်းဆုံးလုပ်တာကို အေးသင်ကြိုက်တယ်။ အေးသင်ကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ အကောင်းဆုံး မဖြစ်ဖြစ်အောင် ကြိုးစားပြီး လုပ်တာပေါ့နော်။ ယုံကြည်မှုမရှိတဲ့လူငယ်တွေက ဘယ်လိုလူမျိုးတွေများလဲဆိုတော့ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် အခုအချိန် အေးသင့်ကို စာကျက်ခိုင်းမယ်ဆိုရင် ယုံကြည်မှုရှိမှာ မဟုတ်ဘူး။ စာနဲ့က အရမ်းဝေးသွားပြီ။ ကိုယ်ဝါသနာပါတဲ့ ပညာလည်း မဟုတ်ဘူးလေ။ အဲဒါကြောင့် စာဘက်ကိုတော့ အေးသင်အပြည့်အဝယုံကြည်မှု မရှိနိုင်ဘူး။ အနုပညာနဲ့ ပတ်သက်ရင်တော့ ယုံကြည်မှုအပြည့်ရှိတဲ့အတွက် လုပ်နိုင်တယ်ပေါ့နော်။ လူငယ်တွေအနေနဲ့ ကိုယ် ဝါသနာပါရာကို ယုံကြည်မှုအပြည့်နဲ့ လုပ်သင့်တယ်လို့ အေးသင်ထင်ပါတယ်။



## Time

အေးသင်မွန်းကျပ်ပြီး စိတ်ပင်ပန်းနေတဲ့ အချိန်တွေဆို 'အချိန်' ကို ဘယ်လို လုပ်ရမှန်း မသိဘူးဖြစ်တတ်တယ်။ အမေနဲ့ အေးသင်က တစ်ခါတလေမှာ စကားသိပ် မပြောဖြစ်ဘူး။ အဲဒီတော့ တစ်ဖက်မှာ အေးသင်က အလုပ်လက်ခံလိုက်တယ်ဆိုရင် အမေကလည်း တစ်ဖက်မှာ ပွဲလက်ခံလိုက်တယ်။ အဲဒီလို တိုက်ဆိုင်မှုတွေဖြစ်လာရင် 'အချိန်' ကို ဘယ်လိုလုပ်ရမှန်း မသိဘူး။ အေးသင်ကတော့ ကိုယ့်ဘာသာ သတ်မှတ်ထားတဲ့ အချိန်တစ်ခု ရှိတာပေါ့နော်။ ဥပမာ - ကားရိုက်မယ်ဆိုရင် ကားပဲရိုက်မယ်။ တခြား သီချင်းဆိုတာတွေ လက်မခံနဲ့။ သီချင်းဆိုဖို့ လက်ခံထားရင် ကားရိုက်ဖို့အတွက် လက်မခံနဲ့ပေါ့နော်။ နှစ်ခုလုပ်ရင် အရမ်းစိတ်ရှုပ်ရတယ်။ 'အချိန်' က လူတိုင်း လူတိုင်းအတွက် အရေးကြီးပါတယ်။ အေးသင် အသက် ၂၀ ထဲရောက်လာတဲ့ အချိန်မှာ ဘယ်လိုစဉ်းစားမိလဲဆိုတော့ ငယ်ငယ်တုန်းကနဲ့ မတူဘဲ အသက်တွေ ပိုကြီးလာမှာပဲလို့ စဉ်းစားမိတယ်။ ကုန်သွားတဲ့အချိန်တွေကို တန်ဖိုးရှိရှိနဲ့ ကုန်ဆုံးခဲ့တာဖြစ်ချင်တယ်၊ လူကြီးစိတ်ဝင်လာ တော့ အဲဒီအသိစိတ်လေးကလည်း ဝင်လာတယ်။ လူငယ်တွေကို ပြောချင်တာက တော့ အချိန်တွေကို အလဟဿမဖြစ်စေပါနဲ့လို့။ ခေတ်က အရမ်းတိုးတက်ပြီး ပြောင်းလဲနေတဲ့ အတွက် ခေတ်နဲ့အညီ လုပ်နိုင်မှရတာ၊ ကိုယ်ဖြစ်ချင်တာကို တစိုက်မတ်မတ်နဲ့ ကြိုးစားပြီး လုပ်စေချင်ပါတယ်။ အခု ခေတ်မှာ ၁၆၊ ၁၇ ကို ငယ်တယ်လို့ မသတ်မှတ်ဘဲ လူကြီးစိတ်လေးထားပြီး ပြင်ဆင်ထားမှ ၂၀ ကျော် ၃၀ လောက်မှာ အဆင်ပြေပြေနဲ့ နေနိုင်မှာလေ။

## Parents

မိဘနဲ့ ညှိယူရတာတွေတော့ရှိတယ်။ အေးသင် အမေဖြစ်ချင်တာကိုလည်း အေးသင်လုပ်ပေးတယ်။ အေးသင်ဖြစ်ချင်တာ ကိုလည်း တောင်းဆိုတယ်။ ဒါပေမဲ့ တစ်ခါတလေမှာတော့ စကားပြောရတာတွေ ရှိတယ်။ မိဘနဲ့ သားသမီးကြားမှာ ဖြစ်တတ်တဲ့ အလေ့အထလေး တွေပေါ့နော်။ အေးသင်က ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ချင်တယ်။ မှားတာ မှန်တာကို ဝေဖန်ပေးပေါ့။ ကိုယ်တိုင် ဦးဆောင်ချင်တဲ့ စိတ်လေးရှိတယ်။ ဒါပေမဲ့ အမေက မရဘူး။ "မိဘစကားကို နားထောင်" ဆိုပြီး အမေကပြောတယ်။ အဲဒီလို အချိန်ဆို ညှိရတာပေါ့။ အေးသင် ငယ်ငယ်တုန်းက တစ်ခွတ် ဆိုးလုပ်တတ်တဲ့ အကျင့်ရှိတယ်။ အသက် ၂၀ ရောက်လာတော့ မိဘကို ကောင်းတဲ့ဘက်က တွေးပေးတတ်တဲ့ အတွေးလေး ရှိလာတယ်။ အေးသင်က အမှားလေးတွေ ရှိထားတော့ "အမေ ပြောတာ မှန်ပါလား" ဆိုတဲ့ အသိဝင်လာတာပေါ့နော်။

## Love

၁၅၀၀ ကတော့ ပူလောင်တယ်။ ၅၂၈ ကတော့ အေးမြတာပေါ့နော်။ ၁၅၀၀ နဲ့ချစ်တဲ့ အချစ်က တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲချစ်ချစ် အကြောင်းအမျိုးမျိုးကြောင့် ကွဲတာတွေ ရှိတယ်။ အဲဒီအချိန်မှာ နောက်ဆုံးဘေးမှာ ရှိတာက ကိုယ့်ရဲ့မိသားစုပဲလေ။ စိတ်ညစ်ရင်လည်း ဝိုင်းပြီးဖျောင်းဖျပေးမယ်။ ဘယ်လိုအချိန်မျိုးမှာပဲ ဖြစ်ဖြစ် ဘေးမှာရှိမှာက မိသားစုပဲလေ။ လူငယ်တွေကတော့ ၁၅၀၀ လို အချစ်ကို တိုးကွယ် တတ်ကြတယ်၊ အေးသင်လည်း ချစ်ပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်း နဲ့ သိလာတာက ဘာပဲဖြစ်လာ ဖြစ်လာ ကိုယ့်ဘေးမှာ မိသားစုပဲ ရှိမှာပါ။ ၅၂၈ က အရမ်းအေးမြပါတယ်။

### Hatred

ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ပြော တတ်တဲ့ သူတွေကို မုန်းတယ်။ အဲလိုလူမျိုးတွေကို အရမ်းမုန်းတယ်။ မလုပ်သင့်ဘူးလို့ ထင်တယ်။ လူလူချင်း

Asian Media Group



# ATHIN CHO SWE's PROFILE

AS TOLD BY HERSELF

**Make-Up :** Thi Thi (Nyi Nyi Mg Sanchaung)
**Photo :** Ko Naing (Popular)

Asian Media Group





# ATHIN CHO SWE's PROFILE

AS TOLD BY HERSELF

**Make-Up :** Thi Thi (Nyi Nyi Mg Sanchaung)
**Photo :** Ko Naing (Popular)
arranged by thida soe

ကိုယ်ချင်းစာသင့်တာပေါ့နော်။ အေသင်လည်း လူတစ်ယောက်ကို စကားနဲ့ပဲ ဖြစ်ဖြစ်၊ ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် ကွယ်ရာမှာ ရှုတ်ချတဲ့ အကြောင်းကို ဘယ်လိုမှမပြောဘူး။

## Life

အေသင်လျှောက်ခဲ့ရတဲ့ အနုပညာလမ်းက အရမ်းပင်ပန်းခဲ့ပါတယ်။ ဒါကတော့ အနုပညာရှင်တိုင်း ခံစားခဲ့ရမှာပါပဲ။ ဘဝမှာ စိတ်ချမ်းချမ်းသာသာနဲ့ နေချင်ပါတယ်။ ဘဝကတော့ အခုချိန် အထိ အရမ်းကြီးကြမ်းခဲ့တာမျိုး မရှိပါဘူး။

## Friendship

သူငယ်ချင်းကတော့ အေသင့်ဘဝမှာ ရာခိုင်နှုန်းအများကြီး မပါပါဘူး။ အနုပညာလောကထဲကို ရောက်လာတော့ အေသင့်အသက်က ငယ်သေးတဲ့အတွက် အနုပညာလောကထဲက လူတွေနဲ့ မပေါင်းဖြစ်ဘူး။ အပြင်က သူငယ်ချင်းတွေကျတော့လည်း ကျောင်းတက်နေတော့ သိပ်မတွေ့ဖြစ်ဘူး။ အေသင်က တစ်ယောက်တည်းနေတာများတယ်။

## Books

စာက ဖတ်တော့ဖတ်ချင်တယ်။ အေသင်က အားရင် သီချင်းနားထောင်တယ်။ စာအုပ်ဖတ်တဲ့ဆီကို မရောက်တော့ဘူး။ စာဖတ်တာကလည်း ဘာပဲဖြစ်ဖြစ် ဗဟုသုတတစ်ခုအနေနဲ့ ဖတ်သင့်တယ်လို့ ထင်ပါတယ်။ နောက်ပိုင်းတော့ စာတွေဖတ်နိုင်အောင် အေသင်ကြိုးစားမှာပါ။

## Motto

ကြိုးစားသူတိုင်းရဲ့ လက်ထဲမှာ အောင်မြင်မှုဆိုတာ ရှိပါတယ်။

## Collections

အေသင်က အရမ်းတန်ဖိုးကြီးတဲ့ ပစ္စည်းမှ ဖြစ်မယ်ဆိုပြီး စိတ်မှာအစွဲထားတာတော့ မရှိဘူး။ ကိုယ်နဲ့ အဆင်ပြေမယ့်ဟာဆို ဘာပဲဖြစ်ဖြစ် ဝယ်ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်လုပ်တဲ့ **Hand Made** လေးတွေတော့ ကြိုက်ပါတယ်။ ရေမွှေးနဲ့ ဖိနပ်ကတော့ အများဆုံးစုဆောင်းဖြစ်တာပေါ့နော်။

## On Art

အနုပညာက ကြိုးစားရင် ကြိုးစားသလောက် မဖြစ်တဲ့အထဲမှာ ပါပါတယ်။ အဓိကက 'စန်း' ပေါ့နော်၊ ပရိသတ်ရဲ့ အားပေးမှုက အများကြီး လိုပါတယ်။ ပရိသတ်တွေ လက်ခံအားပေးမှုနဲ့ အေသင်တို့က ရှင်သန်နေရတာလေ။ ဘယ်တော့ ဘယ်လိုဖြစ်သွားမယ် ဆိုတာက အေသင်တို့မှာ အတိုင်း အတာ မရှိဘူး။ 'စန်း' ရှိသလောက် ပေါ့အစ်မရယ်။ အေသင်ရဲ့ ခံယူချက်ကတော့ ပရိသတ်တွေ အားပေးနေသရွေ့ အနုပညာ အလုပ်တွေကို ဆက်လုပ်သွားမယ်လို့ ခံယူထားပါတယ်။

## Other Hobbies

အနုပညာအပြင် ဘာမှတော့ မလုပ်ဖြစ်ဘူး။ ဒီအနုပညာအလုပ်နဲ့တင် လုံးလည်ချာလည်လိုက်နေတာ။ စီးပွားရေးတော့ လုပ်ချင်ပါတယ်။ သိပ်ပြီးတော့ အချိန်မပေးနိုင်သေးဘူး။

## Food Of Taste

အေသင် အမြဲတမ်းလိုလို စားဖြစ်တာကတော့ 'ထမင်းသုပ်' ပါပဲ။ အိမ်က အမေသုပ်ပေးတဲ့ ထမင်းသုပ်ကို ကြိုက်ပါတယ်။ အပြင်စာလည်း စားတာ နည်းပါတယ်။ ဗိုက်ဆာရင်လည်း အိမ်ပဲ အရောက်ပြန်လာပြီး စားတယ်။ အပြင်မှာဆိုရင်တော့ မုန့်ဟင်းခါးပဲ စားဖြစ်တာများပါတယ်။

**သီတာစိုး**

Asian Family Media Group




ထူးခြားဆန်းပြားလှတဲ့ ဒီဇိုင်းမျိုးစုံနဲ့

# The Rich Gems Fashion Show

The Rich Gems ရဲ့ဖက်ရှင်ရှိုးပွဲကို စက်တင်ဘာလ ၁၀ ရက် ညနေ ၆ နာရီခွဲက The Strand Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

MUSIC+

# မက်လောက်စရာ မျက်လှည့်ပြီးတော့... အဲဒါဘွား

ယုယအိမ်

'ရတီ' စာဖတ်ပရိသတ်ကြီးရဲ့ ရင်ထဲမှာ ရောက်ပြီးသား ချစ်စရာ အနုပညာရှင်တစ်ဦးရဲ့ အကြောင်း၊ မျက်လုံးချင်းဆုံတိုင်း ဖော်ရွေတဲ့ အပြုံးလေးနဲ့ နှလုံးသားထဲက ရှင်သန်မှုကိုပါ မြင်တွေ့နေရသူလေးပါ။

အရွယ်တော်ဝင်ကတည်းက သရုပ်ဆောင်မင်းသမီးအဖြစ် အနုပညာခြေလှမ်းတွေစခဲ့ပြီး အခုဆိုရင်လည်း အောင်မြင်တဲ့ အဆိုရှင်တစ်ဦးအနေနဲ့ပါ ရပ်တည်နိုင်ခဲ့ပါပြီ။

သူကလေးကတော့ အနုပညာရင်ခွင်ညှာမှာ ခိုဝင်နေသူလေး 'ဝိုင်းစုခိုင်သိန်း' ရဲ့ စိတ်ဖြတ်သန်းမှုလေးကို 'ရတီ'စာဖတ်ပရိသတ်ကြီးနှင့်တကွ မျှဝေခံစားကြရအောင်။

»

'ရတီ' စာဖတ်ပရိသတ်ကြီးအတွက် ဂီတအကြောင်းလေးတွေ မေးမြန်းဖို့ 'ဝိုင်းစု'အိမ်ကို ရောက်တော့ မိတ်ကပ်ပြင်ပြီး ရိုက်ကူးရန် အဆင်သင့်ပါပဲ၊ ရိုက်ကူးပြီးရင် တစ်ခါတည်း နားလို့ရအောင် အင်တာဗျူးကို အရင် မေးခဲ့ပါတယ်။

**သရုပ်ဆောင်အဖြစ် အောင်မြင်နေရင်းက သီချင်းစဆိုဖြစ်ခဲ့ပုံလေးနဲ့ ပတ်သက်ပြီး. . .**

သီချင်းဆိုတာကို ဝိုင်းစုငယ်ငယ်တည်းက ဝါသနာပါတာပါ။ အဖေကတည်းက ဆိုဖို့အစီအစဉ်လည်း ရှိတယ်။ သရုပ်ဆောင်က အရင်လုပ်ဖြစ်သွားတာ၊ သရုပ်ဆောင်လုပ်ပြီး တစ်နှစ်လောက်မှာ သီချင်း စဆိုဖြစ်ခဲ့တာ၊ စဆိုဖြစ်ခဲ့တဲ့သီချင်းက 'ကောင်မလေး တစ်ယောက်အကြောင်း' ပါ၊ စဆိုဖြစ်တဲ့ အချိန်တုန်းကတော့ ကိုယ်ပိုင်သီချင်း မရှိသေးတော့ မရှင်ဖုန်းသီချင်းနဲ့ မတင်ဇာမော်သီချင်းတွေကို ဆိုဖြစ်ခဲ့တာပေါ့။





**ပိုင်းစုသီချင်းစဆိုဖြစ်ခဲ့တဲ့ပွဲက-**

ရန်ကုန် အင်တာနေရှင်နယ် ဟိုတယ်မှာ ကိုဘိုစန်းစီစဉ်တဲ့ပွဲက စဆိုဖြစ်ခဲ့တာပါ။

**ပထမဆုံးစီးရီးစီစဉ်ဖြစ်ခဲ့တာကတော့-**

၂၀၀၆-၂၀၀၇ လောက်မှာ စဆိုပြီးတီးခဲ့တယ်။ ၂ နှစ်ခွဲလောက်ကြာခဲ့တယ်။ ၂၀၀၉ မှာ စီးရီးထွက်တယ်။ မက်လောက်စရာပေါ့။

**ပိုင်းစုအကြိုက်ဆုံး ဂီတပုံစံလေးကို မေးတဲ့အခါ-**

ပိုင်းစုက Pop တွေဆိုတာများတယ်။ Pop နဲ့လည်း ပိုင်းစုက ပိုလိုက်တယ်။ ဂီတနဲ့ ပတ်သက်တာ အားလုံးကိုလည်း ကြိုက်ပါတယ်။ သတ်မှတ်ချက်မထားပါဘူး။

**မျက်လှည့် စီးရီးမှာ ပိုင်းစုအတွက် ရေးပေးခဲ့ကြတဲ့ တေးရေးဆရာတွေ-**

တေးရေးတွေကတော့ ကိုရွှေချော် ချော်၊ ဇဝါ၊ စိုင်းစိုင်း၊ မိုးမိုး၊ အားတီ၊ စံပီး၊ အောင်လ၊ ညီမင်းနိုင်တို့ ရေးပေးကြပါတယ်။

**'မျက်လှည့်' စီးရီးကို တီးပေးခဲ့တဲ့ Band, Studio နဲ့ ဖြန့်ချိရေးကတော့-**

တီးပေးခဲ့တာက Lazy Club ၊ ကိုမိုးမိုးနဲ့ ကိုကြီးကျော်တို့က တီးပေးခဲ့ကြပြီး၊ Studio ကတော့ Pro နဲ့ Dream ပါ၊ ဖြန့်ချိပေးတာကတော့ Excellence က ဖြန့်ချိပေးခဲ့ပါတယ်။

**'မျက်လှည့်' ဗီစီဒီကို ပါဝင် ရိုက်ကူး ပေးခဲ့တဲ့ ဒါရိုက်တာတွေက-**

ပိုင်းစုကို မေတ္တာနဲ့ ရိုက်ကူးပေးခဲ့



MEDIA GROUP
Asian Fame Media Group

ကြတဲ့ ဒါရိုက်တာတွေက ကိုဇော်ဇော်၊ ကိုနိုင်ကြီး၊ စိုင်းစိုင်းနဲ့ မခင်စန္ဒာမြင့်တို့က ပါဝင်ရိုက်ကူးပေးခဲ့ကြပါတယ်။

**'မျက်လှည့်' VCD ကို စောင့်စားနေတဲ့ ပရိသတ်ကြီးအတွက်-**

အားပေးတဲ့ ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်ကြီးအတွက် မျက်လှည့် VCD ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့မှာ ဖြန့်ချိလိုက်ပါပြီ။

**နောက်ထပ်အသစ်ထွက်ရှိဖို့ စီစဉ်နေတဲ့ စီးရီးနဲ့ ပတ်သက်ပြီး-**

ဝိုင်းစု နောက်ထပ်စီးရီးတစ်ခုကိုလည်း စီစဉ်နေပါပြီ၊ 'အာဘွား'လို့ ပေးထားတယ်။ လက်ရှိ တေးရေးတွေအနေနဲ့က ကိုရွှေဂျော်ဂျော်၊ ကိုဇဝါ၊ ကိုစံပီး၊ ကိုဆောင်းဦးလှိုင်၊ ဆိုတေး၊ ကိုမိုးမိုးတို့ပါတယ်။ နောက်ထပ်ဘာတွေထပ်ဖြည့်ဖြစ်ဦးမလဲမသိဘူး။ သီချင်းပေါ် မူတည်ပါတယ်။ Band အနေနဲ့လည်း Lazy Club နဲ့ကိုမိုးမိုးပါပဲ။

**ဝိုင်းစု ဆိုခဲ့တဲ့ သီချင်းတွေထဲက ပရိသတ်ရင်ထဲကို အရောက်ခဲ့ဆုံး သီချင်းကို မေးကြည့်တဲ့အခါ-**

ဝိုင်းစု ဆိုခဲ့တဲ့ သီချင်းတွေထဲကမှ 'ဝိုင်းစုခိုင်သိန်း' ရယ်လို့ ဖြစ်လာစေခဲ့တာက 'အပြစ်မမြင်' ဆိုတဲ့ သီချင်းပါ။ ဘယ်သွားသွား၊ ဘယ်အချိန်ပဲ ဆိုဆို ဒီသီချင်းက ပရိသတ်ရင်ထဲမှာ အမြဲရှိနေတော့ အတူတူ ဆိုဖြစ်ခဲ့တာတွေလည်း အများကြီးပဲ ရှိခဲ့တယ်။

**ဝိုင်းစုကိုယ်တိုင် ဆိုခဲ့တဲ့ သီချင်းကို ကိုယ်တိုင် သရုပ်ဆောင်တဲ့အခါ mood အရမ်းပါနေခဲ့တာ ဝိုင်းစု ကိုယ်တိုင် သရုပ်ဆောင် ဖြစ်နေလို့လားဆိုတဲ့ မေးခွန်းလေးကိုတော့-**

ဝိုင်းစုဆိုတဲ့ သီချင်းမို့ရယ်လို့တော့ မဟုတ်ပါဘူး။ သီချင်းပဲဖြစ်ဖြစ်၊ ဇာတ်ကားပဲဖြစ်ဖြစ်၊ ဘယ်အလုပ်မဆို၊ ဘယ်သူ့အလုပ်မဆို အားလုံးကို ဝိုင်းစု စိတ်ပါလက်ပါနဲ့ ကောင်းအောင်ကြိုးစားပြီး လုပ်ခဲ့တာပါ၊ ဘာကိုမှ ပေါ့ပေါ့ မလုပ်ပါဘူး၊ လေးလေးနက်နက် လေးလေးစားစားပဲ လုပ်ပါတယ်။

**အခု ဆိုကရေးတီး ပြိုင်ပွဲမှာ ဝိုင်းစုရဲ့ သီချင်းကို ပြိုင်ပွဲဝင်သီချင်းအဖြစ် သတ်မှတ်ခံရခြင်းအပေါ် ဝိုင်းစုရင်ထဲက ပီတိစကားလေးနားထောင်ကြည့်မိတော့-**

ဝိုင်းစုရဲ့သီချင်းကို အခုလို ရွေးချယ်သတ်မှတ်ခံရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ဟိုတစ်လောက အသိတွေက ပြောကြတယ်။ ဝိုင်းစုသီချင်းကို ဝါသနာရှင်အဆင့်က မဟုတ်ဘဲ ပညာရှင် အဆင့်က ပြိုင်ကြတာလို့ ပြောပြတယ်၊ တကယ်တော့ 'စနိုးပိုက်' သီချင်းက ပေါ့ပေါ့ပါးပါးလေးဆိုရတာ၊ ဒီသီချင်းကို ပညာရှင်အဆင့်က ရွေးချယ်ပြီး ပြိုင်ကြတယ်ဆိုတာ သိရတော့ အရမ်းပဲ အံ့ဩဝမ်းသာရပါတယ်။

**လက်ရှိလုပ်ဖြစ်နေတဲ့ ဂီတအလုပ်တွေက-**

ဝိုင်းစုအခု 'မျက်လှည့်' VCD ထွက်ပြီးပြီ၊ တခြားအတွဲခွေတွေလည်းရှိတယ်။ ပရိသတ်ကြီးအတွက်လည်း နောက်တစ်ခွေ စီစဉ်နေပါတယ်။ 'အာဘွား' လို့ နာမည်ပေးထားတယ် ဇာတ်ကား တွေလည်း ရိုက်ကူးနေပါတယ်။

**ဝိုင်းစုရဲ့ ပြည်ပဖြေဖျော်ပွဲနဲ့ ပတ်သက်ပြီး-**





ရေခြားမြေခြားမှာ ရောက်နေကြတဲ့ ကိုယ့် မြန်မာနိုင်ငံဖွား မောင်နှမတွေကို ဖြေဖျော်ခွင့်ရတာ အရမ်းဝမ်းသာဖို့ ကောင်းပါတယ်။ ပျော်လည်း ပျော်တယ်၊ အရမ်းလည်း အားပေးကြတယ်။ ရေမြေခြားနေတယ်ဆိုပေမယ့် ဝိုင်းစုတို့ သီချင်းတွေ အကုန်ရကြတယ်၊ အတူတူ ဆိုကြတာ ရင်ထဲမှာ ဖော်မပြတတ်အောင်ကို ဝမ်းသာစရာ ကောင်းတယ်၊ အခုဝိုင်းစု ဖြေဖျော်ခဲ့ပြီးတဲ့ နိုင်ငံ တွေက စင်ကာပူ၊ မလေးရှားဘန်ကောက်၊ ဩစတြေးလျ၊ ဒူဘိုင်းတို့မှာတော့ ဖြေဖျော်ပြီးပြီ နောက် ကိုR ဇာနည်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲနဲ့အတူ စင်ကာပူသွားဖို့ရှိတယ်။

**ဝိုင်းစုကိုယ်တိုင်ဖန်တီးချင်သော ဂီတပုံစံသစ်များရှိလားလို့ မေးကြည့်တော့-**

စီးရီးတစ်ခုလုံးကို ပြောင်းလဲ ပစ်လိုက်ဖို့ ဆိုတာတော့ မလွယ်ဘူး။ တစ်ပုဒ်စ နှစ်ပုဒ်စတော့ လုပ်ကြည့်တယ်၊ ပရိသတ်တွေကြိုက်ပြီးသားကို ပြောင်းလိုက်ရင် အဆင်ပြေဖို့မလွယ်ဘူး၊ စမ်းပြီး ထည့်တာမျိုးတော့ လုပ်ကြည့်တယ်။ မျက်လှည့် အခွေထဲမှာပါတဲ့ 'ရုပ်ဆိုးမ' တို့လိုမျိုးပေါ့၊ ဝိုင်းစု ဆိုနေကျ ပုံစံမျိုး မဟုတ်ဘဲ ထည့်ထားတာ။

**သရုပ်ဆောင်၊ ဂီတအပြင် တခြားဝါသနာနဲ့ ပတ်သက်ပြီး-**

ဝိုင်းစုက အနုပညာကိုပဲ ဝါသနာပါတာ၊ စီးပွားရေးကတော့ တစ်ချိန်မှာ လုပ်တော့လုပ်ရမှာပေါ့လေ၊ ဒီအချိန်မှာ ဝိုင်းစု စိတ်နှစ်ပြီး လုပ်ချင်တာကတော့ သရုပ်ဆောင်နဲ့ ဂီတပဲ။

**ပရိသတ်ကြီးအတွက် ဝိုင်းစုရင်ထဲက သီဆချင်နေခဲ့တာ-**

ဝိုင်းစုရင်ထဲကစကားတွေ ပြောပြရရင် ဝိုင်းစု ကြိုးစားဖော်ထုတ်နေတဲ့ သရုပ်ဆောင်နဲ့ ဂီတနှစ်ဖက်စလုံးကို အားပေးနေကြတဲ့ ပရိသတ်ကြီးကိုလည်း အရမ်းပဲ ကျေးဇူးတင်ပါတယ်။ နေ့သစ်တိုင်း ကြိုးစားမှုအပြည့်နဲ့ ပရိသတ်ကြီးကို ပေးဆပ်သွားမှာပါ၊ ရှေ့ဆက်ပြီးတော့လည်း ဝိုင်းစုကို အားပေးကြပါလို့ ပြောချင်ပါတယ်။

ချစ်သော 'ရတီ' စာဖတ်ပရိသတ်ကြီးလည်း ဝိုင်းစု ရင်ထဲ အလည်တစ်ခေါက်ရောက်ခဲ့သလို ခံစားဖတ်ရှုရပါစေ. . . .

**ယုယဖိမ်**

**မော်ဒယ်**
ဝိုင်းစုခိုင်သိန်း
**မိတ်ကပ်**
နန်းနွယ်အောင်
(ညီညီမောင်-စမ်းချောင်း)
**ဓာတ်ပုံ**
ကိုလင်း (Studio K)

Asian Fame Media Group



# yati Wedding Special

- မော်ဒယ်
  နိုင်နှင်းဝေ
- မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ
  ကိုဘိုက်
- ဓာတ်ပုံ
  ကိုနိုင်(ပေါ်မြူလာ)
- စီစဉ်သူ
  ယုယအိမ်

Asian Fame Media Group
af MEDIA GROUP




Asian Media Group
MEDIA GROUP



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



yati

Wedding

Special

- Model
  Myat Thu Aung
  Nan Myat Phyo Thinn
- Dress
  VIVIENNE WANG
  The Wedding Planner
- Photo
  Pyi Chan

Asian Fame Media Group
af MEDIA GROUP

# yati Wedding Special

- Model
  Myat Thu Aung
  Nan Myat Phyo Thinn
- Dress
  VIVIENNE WANG
  The Wedding Planner
- Photo
  Pyi Chan



af MEDIA GROUP
Asian Fame Media Group

## SAMSUNG Galaxy Note II ၏ စာနယ်ဇင်းမိတ်ဆက်ပွဲ

ကမ္ဘာကျော် Samsung ကုမ္ပဏီ၏ နောက်ဆုံးပေါ် Galaxy Note II ကို စာနယ်ဇင်းများထံ မိတ်ဆက်ခြင်း အခမ်းအနားတစ်ရပ်ကို အောက်တိုဘာလ ၁၃ ရက် မွန်းလွဲ ၂ နာရီက ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနား တက်ရောက်လာကြသူများကို Samsung အမှတ်တံဆိပ် ထီးများလက်ဆောင်ပေးအပ်ခဲ့ပြီး Channel မန်နေဂျာ ဦးဇော်ကိုကိုထွန်းက Galaxy Note II အကြောင်း ရှင်းလင်းခဲ့သည်။ Samsung Galaxy Note II သည် 5.5" HD Super Display ရှိပြီး ထူးခြားချက်မှာ Air View, Easy Clips, Idea Sketch တို့ဖြစ်သည်။ 1.6 GHz Quiz Core Processor 16 GB, 32 GB, 64 GB memory + 2 GB (RAM) ရှိပြီး Micro 8D (up to 64 GB) အထိ ပါဝင်သည်။ 8 mp (flash) ကင်မရာဖြစ်သည့်အပြင် အင်တာနက် ချိတ်ဆက်နိုင်ခြင်း၊ Wifi သုံးနိုင်ခြင်း၊ Bluetooth သုံးနိုင်ခြင်းတို့အပြင် Media Player စုံလင်စွာ သုံးနိုင်မည်ဖြစ်သည်။



## ဒီဇိုင်နာ မမဍ္ဍူ၏ မြန်မာသတို့သမီးဝတ်စုံ ပြက္ခဒိန်ထုတ်ဝေခြင်း



နှစ်စဉ်နှစ်တိုင်း ဆန်းသစ်သော စိတ်ကူးများဖြင့် ဝတ်စုံများဖန်တီးလျက်ရှိသူ ဒီဇိုင်နာမမဍ္ဍူက ယခုနှစ်အတွက် မြန်မာသတို့သမီးဝတ်စုံပြက္ခဒိန်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ ပြက္ခဒိန်ထုတ်ဝေခြင်း အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီက Happy စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစဉ်တစိုက် အားပေးခဲ့ကြသော Customer များကို အရည်အသွေး ကောင်းမွန်လှပသော ဝတ်စုံများချုပ်လုပ်၍ ဓာတ်ပုံ မှတ်တမ်းပြုလုပ်ကာ အမှတ်တရ လက်ဆောင်ပေးလိုသော ဆန္ဒဖြင့် ပြက္ခဒိန် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ဒီဇိုင်နာမမဍ္ဍူ၏ သတို့သမီးဝတ်စုံ လက်ရာ ဒီဇိုင်းများကို တစ်နှစ်တစ်ကြိမ် ပြက္ခဒိန်တွင် တွေ့မြင်ရမည်ဖြစ်ပြီး မင်္ဂလာမောင်နှံများအတွက် သတို့သား သတို့သမီး ဝတ်စုံများကိုလည်း စိတ်တိုင်းကျ ဝန်ဆောင်မှုပေးမည် ဖြစ်ကြောင်း သိရသည်။

## ကုန်ပစ္စည်းသစ်မိတ်ဆက်



**Mistine BB**

### ချိုမြိန်လှပ ပန်းရောင်နှုတ်ခမ်းအလှ

Mistine BB Natural Pink Magic Lip

သဘာဝအတိုင်းပန်းရောင်သမ်းနေသော နှုတ်ခမ်းလေးကိုပိုင်ဆိုင်စေပါသည်။

- ဆန်းသစ်လှပသော Baby Pink အရောင်လေး။
- နှုတ်ခမ်းသားကို ကျန်းမာပြီး နူးညံ့စေခြင်း။
- ပန်းရောင်သမ်းပြီး နစ်လို့ဖွယ်နှုတ်ခမ်းအလှကို ပိုင်ဆိုင်စေခြင်း။

### အခြားသော Lotion များထက် ၂ ဆ ပိုမိုဖြူဖွေးစေသော

Mistine White Spa Glutathione UV White Lotion (100ml,200ml,400ml)

အသားအရေကိုကြည်လင်ဝင်းပလာစေသော Gluta Complex ပါဝင်ပြီး ရေမိုးလွှမ်းရောင်ခြည်ကြောင့် အသားအရေမပျက်စီးအောင် Triple Filter ဖြင့် ကာကွယ်ပေးပါသည်။ အသားအရေကို ညီညာညက်ညောမှုရှိစေသည့် Arbutin လည်းပါဝင်သည်။

Glutathione သည် Free Radical ဖြစ်ပေါ်ခြင်းကိုတန့်တားပေးပြီး melanin (ရောင်ချယ်ဆဲလ်) များ၏ ထုတ်လုပ်မှုကို နှောင့်နှေးစေသော အမိုင်နိုအက်စစ် (၃)မျိုး (Cysteine,Glycine,Glutamic Acid) ပါဝင်သည်။ ယင်းအက်စစ်များသည် အနုရာယ်ကင်းစွာဖြင့် အသားအရေကို သဘာဝကျကျ မြန်မြန်ဆန်ဆန် ဖြူဖွေးဝင်းပလာစေပါသည်။






### နူးညက်စွာ လှပသွားစေမယ့်

Mistine BB Radiance Cream (15g)

Mistine PROFESSIONAL BB

ပိုမိုကြည်လင်ဝင်းပစေတယ်။
ဖုံးဖိကာကွယ်ပေးထားနိုင်တယ်။
အသားအရောင်ညီညာမှုရှိစေတယ်။
အဆီပြန်ခြင်းကို ထိန်းချုပ်ပေးတယ်။

### မှုန်နေအောင် လှပသွားစေမယ့်

Mistine BB Radiance Loose Powder

Mistine PROFESSIONAL BB

- ပေါင်ဒါမှုန့်ရဲ့အသားကနူးညံ့ပျော့ပါးတယ်။
- ကောင်းစွာ ဖုံးဖိကာကွယ်ပေးနိုင်တယ်။
- မျက်နှာလေးကို ဖူးဖူးလေးနဲ့လှနေစေပါတယ်။

BB Cream လိမ်းပြီး BB Powder လေးနဲ့ပုတ်ပေးပါ။






အမြို့မြို့အနယ်နယ်ရှိ Super Market များ၊ စတိုးဆိုင်များ၊ Mistine Direct Showroom နှင့် Mistine Member ဝင်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။



# Wedding Special

**Model** : Phone Shain Htet, May
**Photo** : Wynn Htut (09 50 555 66/431 555 66)
**Dress** : Taw Win Htun (Photo Studio)
**Location:** Royal Mingalardon (Golf and Country Club)
**Make up:** Char Char (Khin San Win)





# Wedding Special

**Model** : Phone Shain Htet, May
**Photo** : Wynn Htut (09 50 555 66/431 555 66)
**Dress** : Taw Win Htun (Photo Studio)
**Location:** Royal Mingalardon (Golf and Country Club)
**Make up:** Char Char (Khin San Win)

Asian Media Group
MEDIA GROUP



# Wedding Special

**Model** : Phone Shain Htet, May
**Photo** : Wynn Htut (09 50 555 66/431 555 66)
**Dress** : Taw Win Htun (Photo Studio)
**Location:** Royal Mingalardon (Golf and Country Club)
**Make up:** Char Char (Khin San Win)

Asian Fame Media Group
AFG MEDIA GROUP



**အရင်ဆုံး ဒီဇိုင်နာအဖြစ် ဖြစ်လာရစေတဲ့ အန်တီရဲ့ ဘဝအစကို သိပါရစေ။**

အန်တီက ငယ်ငယ်ကတည်းကတော့ အနုပညာနဲ့ ပတ်သက်တာတွေကို ဝါသနာပါတယ်။ ဆံပင်၊ မိတ်ကပ်ကိုလည်း သင်လိုက်သေးတယ်။ ဆိုင်လည်းဖွင့်တယ်၊ United ဆိုပြီး ဆိုင်ဖွင့်ခဲ့တယ်။ အန်တီက အလှပြင်ဆိုင်ကို ၁၉၈၄ လောက်က ဖွင့်ခဲ့တာ။ အဲဒီဆိုင်ကလည်း အောင်မြင်ခဲ့ပါတယ်။ အဲဒီလို လုပ်ရင်းနဲ့ ဂျပန်မှာ အန်တီ ပညာသွားသင်ရဖို့ အခွင့်အရေးလေး ပေါ်ခဲ့တယ်၊ သွားသင်တော့ ဒီ Fashion Design နဲ့ ပတ်သက်တာကို သင်ခဲ့ရတယ်၊ သင်တော့လည်း စနစ်တကျနဲ့ကို သင်ရတော့ အရမ်းကျေနပ်ပြီး ဒီပညာကို စိတ်ပါလက်ပါ သင်ယူခဲ့တယ်။ အဲဒီလို သင်နေရကတည်းက အန်တီက စဉ်းစားခဲ့တာ၊ ငါမြန်မာပြည်ကို ပြန်ရောက်ရင်တော့ ဒီပညာကို ပြန်ပြီး သင်ပေးရမယ်လို့ပေါ့။ ဘာလို့လဲဆိုတော့ ဒီပညာ ရဲ့ တန်ဖိုးကို အန်တီက သိနေပြီလေ။ ဒါကြောင့် အန်တီက ပြန်ရောက်တာနဲ့ DOZO ကို စပြီး တည်ထောင်ခဲ့တာပါ။

# Designer's idea

## ဒေါ်သီတာဝင်း DOZO

ဖြိုးစုပိုပို



Asian Fame Media Group
gf MEDIA GROUP





**အခုအချိန်ထိ ဒီဇိုင်နာ တစ်ယောက် အဖြစ် ရပ်တည်နိုင်ဖို့အတွက် အန်တီဘယ်လို ကြိုးစား အားထုတ်ခဲ့ရပါသလဲ။**

အလုပ်တစ်ခုကို လုပ်မယ်ဆိုရင်တော့ တကယ်ကိုစိတ်ရောကိုယ်ရောနှစ်ပြီး စိတ်ပါ လက်ပါလုပ်မှပဲ အောင်မြင်မှာပါ။ စွန့်လွှတ်သင့် တာတွေလည်း စွန့်လွှတ်ရတာပဲ။ ကိုယ့်ကိစ္စတွေကို နောက်ချန်ပြီး အလုပ်ကိုပဲ ရှေ့တန်းတင်ပြီးလုပ်ခဲ့ ရတာပေါ့။ ကြိုးစားရတာတော့ အန်တီက ဘယ် ဒီဇိုင်းပဲလာလာ လုပ်နိုင်အောင် ပြည့်ဝနေအောင် လည်း အမြဲတမ်းကြိုးစားရတယ်။ အသစ်အဆန်း ဘယ်လိုပဲထွက်ထွက် ကိုယ်က ဖန်တီးနိုင်အောင် လေ့လာခဲ့တယ်။ အချိန်တွေ အများကြီးပေးခဲ့ရ တယ်။ အတွေ့အကြုံတွေလည်း အများကြီးရှိသွား ပြီ။ နေ့နေ့ညည အန်တီကအားထုတ်ခဲ့တာ ဆိုတော့ အခုချိန်မှာတော့ ကိုယ့်အတွက် အခက် အခဲဆိုတာ မရှိသလောက် ဖြစ်သွားပါတယ်။

**ကိုယ့်အိပ်မက်တွေကို အကောင်အထည် ဖော်တဲ့အခါ ဘယ်လိုပံ့ပိုးမှုတွေရှိဖို့ လိုအပ်ပါ သလဲ။**

ပံ့ပိုးမှုကလည်း အရေးကြီးပါတယ်။ ဒါပေမဲ့ အန်တီက ကိုယ့်ဟာကိုယ်ပဲ ကြိုးစားရပ်တည်ပြီး စက်တစ်လုံးကနေ နှစ်လုံး၊ နှစ်လုံးကနေ သုံးလုံး ဖြစ်အောင် ကြိုးစားခဲ့ရတာ။ ကိုယ်တိုင်ပဲ အရာရာ ကို ဦးဆောင်ခဲ့ရတာပါ၊ ကိုယ်ကလည်း ကိုယ်တက်ချင်တော့ ခြိုးခြံချွေတာရတယ်။ စည်းစနစ်နဲ့ သုံးခဲ့ရတယ်။ ကိုယ်ရှာလို့ရ တာကိုပဲ ခွဲစိတ်ပြီး ဒါကတော့ သားသမီး ပညာရေးအတွက်၊ ဒါကတော့ လုပ်ငန်း တိုးချဲ့ဖို့အတွက်ဆိုပြီး သုံးခဲ့ရတာပေါ့။ အထောက်အပံ့သာ ရှိခဲ့ရင်တော့ အရမ်း ကောင်းမှာပေါ့။ အောင်မြင်မှုကလည်း အထောက်အပံ့ပေါ်မူတည်ပြီး ပိုပြီးမြန်ဆန် သွားမှာပါ။ ဒါပေမဲ့ အဲဒီလို ပံ့ပိုးမှုကိုပဲ မျှော် လင့်နေလို့လည်း မရဘူးလေ။ ကိုယ်တိုင် ကလည်း ကြိုးစားအားထုတ်ရဦးမှာပါ။ အန်တီဆိုရင် ၁၉၉၀ မှာ ပညာသင် ထောက်ပံ့ကြေးရတယ်။ မဖွံ့ဖြိုး သေးတဲ့ နိုင်ငံတွေကို ဂျပန် အစိုးရကပေးတဲ့ အစီအစဉ်ပေါ့။ အဲဒီပညာသင်ဆုကို အန်တီ ရ ခဲ့တယ်။ Koran Fashion Design College မှာပေါ့။ တစ်နှစ်တက်ခဲ့ရတယ်။ ၁၉၉၁ မှာ မြန်မာပြည် ပြန်ရောက်တော့ DOZO ကို စလုပ်တာပဲ။ စလုပ် တုန်းကတော့ စက်ကလေး တစ်လုံး၊ ခေါ်စက်ကလေး တစ်လုံးနဲ့ စခဲ့ရတာပါ။

Asian Fame Media Group

အန်တီက သင်တန်းကျောင်းလည်း ဖွင့်တယ်။ တစ်ဖက်က ချုပ်ထည်လေးတွေချုပ်ပြီး ဆိုင်တွေပေါ် တင်တယ်။ DOZO Brand နဲ့ ထုတ်ခဲ့တာပါ။ အန်တီ အဲ့ဒီအချိန်လုပ်တုန်းက စောသေးတော့ အန်တီတို့နိုင်ငံကို ဝင်တဲ့ပိတ်တွေက အရည် အသွေး မကောင်းသေးဘူး။ ပြီးတော့ ကိုယ့်ရဲ့ ဒီဇိုင်းကို ပုံတူပွားတာတွေ ဖြစ်လာတော့ စိတ်ရှုပ်ပြီး အန်တီက ချုပ်ထည်တွေကို ရပ်လိုက်တယ်။ အပ်ထည်တွေကိုပဲ လက်ခံတော့တယ်။ ဒါပေမဲ့ အခု အန်တီ့သမီး သက်နှင်းအေးက Brand ကို စိတ်ဝင်စားနေတယ်။ အမှန်တော့ ကမ္ဘာကို ထိုးဖောက်ဖို့ဆိုရင် Brand နဲ့မှ ဖြစ်မှာလေ။ ဒါကြောင့် အခုတော့ ပြန်လုပ်မလားလို့ စဉ်းစားနေကြပါတယ်။ အဲဒါကြောင့် ပြောတာပါ။ ကိုယ့်ရဲ့ ကြိုးစားမှုနဲ့လည်း အများကြီး ဆိုင်တယ် ဆိုတာပေါ့။

**ဒါဆို အန်တီက ဒီပညာကို စပြီး လေ့လာသင်ယူရကတည်းက တကယ်ကို နည်းစနစ်ကျကျနဲ့ လေ့လာခဲ့ရတာပေါ့နော်။**

ဒါပေါ့။ ကိုယ်ကမြန်မာပြည်မှာ အင်္ကျီတွေချုပ်ဖို့သွားရင် Pattern တွေ ဆွဲပြီးချုပ်တာကို မမြင်ဖူးဘူး။ သွားအပ်ရင် ဒီလိုပဲ ပိတ်စပေါ် မှာ တန်းပြီး ညှပ်ကြတာပဲလေ။ ဟိုမှာကျတော့ တိတိကျကျ နည်းစနစ်တကျလုပ်တာတွေ့ရတာလေ။ အန်တီက အရမ်းသဘောကျတယ်၊ စင်တီမီတာနည်းဆိုတာလည်း အဲဒီတုန်းက မြန်မာပြည်မှာ မရှိခဲ့ဘူး၊ သေချာအနုစိတ်ပြီး တိကျတဲ့နည်းကို သင်ခွင့်ရခဲ့တာပေါ့။

**ဝတ်စုံတွေချုပ်ကြတဲ့အခါ လက်မနည်းစနစ်နဲ့ စင်တီမီတာနည်းစနစ်ဆိုပြီး ချုပ်ကြတာတွေရှိတော့ ဘယ်နည်းစနစ်က ပိုပြီးကောင်းမွန်ပါသလဲ။**

တချို့ အမေရိကားက ဒီဇိုင်နာတွေကလည်း လက်မနည်းတွေသုံးကြတာပါပဲ။ ပုံလည်းကျပြီး Cutting တွေလည်း ကောင်းတာပါပဲ၊ အဓိကကတော့ စင်တီမီတာတွေရယ်၊ လက်မတွေရယ် မဟုတ်ပါဘူး။ ကိုယ့်ရဲ့ နည်းစနစ်ပေါ်ပဲ မူတည်တာပါ။ တိုင်းတာပုံတွေ တွက်ချက်ပုံတွေ၊ အယူအဆတွေကပဲ စကားပြောသွားတာပါ။ အန်တီကတော့ စင်တီမီတာနည်းကိုပဲ သင်ခဲ့ရတာပါ။ စင်တီမီတာဆိုတဲ့အတိုင်း တကယ်ကို အနုစိတ်တယ်။ အဲ့ဒီနည်းကိုလည်း အန်တီက ကြိုက်တယ်၊ လက်မနဲ့တော့ အန်တီကသင်လည်း မသင်ဖူးဘူး၊ ချုပ်လည်းမချုပ်ဖူးပါဘူး။ စပြီး သင်ခဲ့ရကတည်းက စင်တီမီတာနည်းနဲ့ပဲ သင်ခဲ့ရတာလေ။ ဒါပေမဲ့ လက်မနည်းစနစ်ကလည်း ကောင်းတာပါပဲ။ သူ့နည်းနဲ့သူတော့ ကောင်းတာပါပဲ၊

**ကမ္ဘာမှာ ဒီ Designer တွေက ဘယ်နည်းစနစ်တွေကို အဓိက သုံးနေကြတာပါလဲ။**

ဂျပန်တို့၊ ဩစတြေးလျတို့ကတော့ စင်တီမီတာနည်းပဲ သုံးတယ်။ စင်တီမီတာနည်းက ဂျပန်ကစခဲ့တာလေ။ ဒါကြောင့် စင်တီမီတာနည်းက အာရှနိုင်ငံတချို့ပဲသုံးတယ်။ ဥရောပတို့ အမေရိကန်တို့ ဘာတို့က လက်မနည်းပဲသုံးကြတာပါ။ ဘန်ကောက်မှာတောင် အများအားဖြင့် လက်မနည်းပဲ သုံးတာပါ။ မလေးရှားတို့ ဘန်ကောက်တို့မှာက ဂျပန်မှာပညာလာသင်ပြီး ကိုယ့်နိုင်ငံရောက်မှ ပြန်သင်ကြတဲ့ သူတွေကတော့ အန်တီ့လိုပဲ စင်တီမီတာနည်းသုံးကြတယ်၊

**အခုခေတ်မှာ နည်းနည်းပါးပါးချုပ်တတ်တာနဲ့ ဒီဇိုင်နာဆိုပြီး နာမည်တပ်လိုက်တာပဲလေ၊ တကယ့် ဒီဇိုင်နာမျိုးက ဘယ်လိုအတတ်ပညာမျိုးတွေ တတ်ထားရမလဲ။**

ချက်ချင်းသင်ပြီး ချက်ချင်း ဒီဇိုင်နာတော့ မဖြစ်သေးဘူး။ အတွေ့အကြုံဆိုတာက လိုသေးတယ်။ ပညာကလည်း လိုသေးတယ်လေ။ လူတစ်ယောက်လာပြီဆိုတာနဲ့ သူနဲ့ကတော့ ဘာနဲ့လိုက်မယ်၊ ဘာနဲ့မလိုက်ဘူးဆိုတာတွေ သိရမယ်။ အဲဒါတွေက ပညာအရသင်ကြားထား ရပြီး အတွေ့အကြုံပေါ် မူတည်ပြီး သိသွားမှာလေ။ အခြေခံတတ်လို့ကတော့ ချုပ်လို့တော့ရတယ်။ ဒါပေမဲ့ တွေးခေါ် စဉ်းစားမှုဆိုတာ အရမ်းလိုတယ်။ ဖန်တီးနိုင်စွမ်းလည်း လိုတယ်။ မွေးရာပါ ပါရမီရှိတယ်ဆိုတာ ရှားတယ်လေ။ အားလုံးက လေ့လာသင်ကြားပြီးမှ တတ်ရတာလေ။ အန်တီ့အနေနဲ့ ပြောရရင်တော့ ဘာမှမတတ်သေးတဲ့ သူက သင်တို့ သင်ရမယ်။ သင်ပြီးရင်လည်း ဆက်ပြီး လေ့လာရမယ်။ သူများတွေ ဘာတွေလုပ်နေလဲ ဘယ်လိုနည်းစနစ်တွေ သုံးနေကြလဲဆိုတာတွေ လေ့လာရမယ်၊ ကိုယ်ဘာတွေ ဖန်တီးနိုင်လဲဆိုတဲ့ Idea လည်းလိုတယ်၊ နည်းစနစ် လည်းလိုတယ်၊ နည်းစနစ်ဆိုတာက ဒီဇိုင်းပိုင်းတင်မကဘူး။ တခြားလုပ်ငန်းပိုင်းတွေမှာလည်းလို တာပဲ။ အဓိကကတော့ အတွေ့အကြုံပါပဲ အဲဒါတွေ အားလုံးရှိရင်တော့ ဒီဇိုင်နာဖြစ်ဖို့ နီးစပ်ပါ ပြီ။

**ပြီးတော့ အခုခေတ်မှာ ဒီဇိုင်နာလုပ်ရတာ က ဝင်ငွေလည်းကောင်းတယ်၊ Image လည်း ကောင်းတယ်ဆိုပြီး ဒီအလုပ်ကို ရွေးချယ်လုပ်ကိုင်လာကြတာတွေလည်း တွေ့နေရတော့**



Asian Fame Media Group

**အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အန်တီတယ်လို ဆွေးနွေး ချင်ပါသလဲ။**

တချို့ကလည်း ကိုယ်ဘာဝါသနာပါလဲ မသိဘူး။ ဒါပေမဲ့ ဒီအလုပ်ကို လုပ်ရင်းနဲ့မှ ဝါသနာပါသွားပြီး ကြိုက်သွားတာရှိတယ်။ တချို့ကျတော့လည်း ဝါသနာပါတယ်ထင်ပြီး ဒီအလုပ်ကို လုပ်ကြည့်ရင်းမှ ဝါသနာလုံးဝမပါလို့ ဆက်မလုပ်ချင်တော့တာတွေလည်း ရှိတယ်။ ဒီကိစ္စက အတပ်တော့ ပြောလို့မရဘူး၊ ဒီအလုပ်က မိန်းကလေးတစ်ယောက်အနေနဲ့ တည်တည်ငြိမ်ငြိမ်လည်း လုပ်လို့ရတယ်။ အလုပ်လည်း ဖြစ်တယ်။ ဝင်ငွေလည်းကောင်းတယ်ဆိုပြီး လုပ်ကြတာတွေလည်း ရှိတယ်။ ဒီအလုပ်က ဝါသနာပါတာနဲ့လည်း မပြီးသေးဘူး၊ ကံနဲ့စန်းနဲ့လည်း ဆိုင်သေးတယ်။ တချို့ဆိုရင် အန်တီမြင်ဖူးတယ်။ လက်ရာကောင်းတယ်၊ တော်တယ်။ ဒါပေမဲ့ Customer မရဘူး။ တချို့ကျတော့လည်း ဒီလောက်တော် တာမဟုတ်ဘူး။ Customer တွေ တအားရတယ်။ ဒါကြောင့် ဒီအလုပ်က ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ဆိုင်တာပါ။ ဒီဇိုင်နာတိုင်း ဝင်ငွေကောင်းတာတော့ မဟုတ်ပါဘူး။ ဒီအလုပ်က ကိုယ်နဲ့ အကျိုးပေးတယ်၊ မပေးဘူးဆိုတာရှိသေးတယ်။

**အောင်မြင်ကျော်ကြားတဲ့ ဒီဇိုင်နာ တစ်ယောက်ဖြစ်ဖို့ဆိုရင် ဘယ်လိုပေးဆောင်မှုမျိုး**




**တွေ ရှိရမလဲ။**

အလုပ်လေးစားမှု ရှိကိုရှိရမယ်။ ခုနက အန်တီပြောခဲ့သလိုပေါ့။ ကိုယ်ကျိုးလည်းစွန့်ရတာပဲ။ အလုပ်ပေါ်မှာ နှစ်နှစ်ကာကာနဲ့ စေတနာထားရမယ်။ အဓိကက စေတနာပါပဲ။ ဘယ်တော့မှဖြစ်သလို ပြီးစလွယ်မလုပ်ရဘူး၊ တစ်ခါတလေ Customer ကတော့ မသိဘူး၊ ဒါပေမဲ့ ကိုယ်လုပ်တဲ့အမှားတစ်ခုကို ကိုယ်ကတော့ သိနေတယ်၊ အဲဒါမျိုးဆိုရင် မကောင်းဘူးလေ။ ဒီဇိုင်နာကောင်းဖြစ်ဖို့ဆိုရင် Customer ဘယ်လိုလူမျိုးပဲလာလာ သူ့ကိုစိတ်ချမ်းသာသွားအောင် ဝန်ဆောင်မှုပေးရမယ်။ ကိုယ့်ဆီကို အလုပ်အပ်ဖို့လာတဲ့သူကို ကိုယ်က တလေးတစားနဲ့ ဝန်ဆောင်မှုပေးရမယ်။ မာနတွေမထားရဘူး။ ဒီဇိုင်းတွေမထပ်ဖို့ကလည်း လိုတယ်။ ဒီဇိုင်နာဆီမှာ လာအပ်တယ်ဆိုတာ ဒီဇိုင်းကောင်းကောင်း ရချင်လို့လေ။ သူနဲ့ဆို ဘယ်လိုလိုက်မလဲ၊ ဘယ်လိုဆိုပိုလှမလဲဆိုတာ သေချာလေ့လာပြီး ချုပ်ပေးရမယ်၊ ကိုယ်ချုပ်ပေးလိုက်တဲ့ ဝတ်စုံကို Customer ကကြိုက်သွားပြီး ဝတ်ပြီဆိုရင်တောင် မပြီးသေးဘူး၊ ကိုယ့်အတွက် အကျိုးရှိမှာတွေ ရှိသေးတယ်။ သူကဝတ်ထားလို့ သူနဲ့ လှနေရင် တခြားသူတွေက ကြည့်ပြီး ကြိုက်ရင် ဘယ်မှာချုပ်လဲမေးမယ်၊ ဒါဆို ကိုယ့်ဆီနောက်ထပ် Customer တွေ ထပ်ရဖို့အခွင့်အရေးပဲလေ။ ဒါကြောင့် အရမ်းအရေးကြီးတယ်။ ပေးဆပ်မှုဆိုတာတော့ ကိုယ်ကျိုးလေးစွန့်ပေါ့။ Customer ကိုပဲ လုံးဝ စိတ်စေတနာထား၊ ဒါဆိုရင်တော့ အောင်မြင်တယ်ဆိုတာထက် နာမည်ကောင်းရတဲ့ ဒီဇိုင်နာဖြစ်မှာပါ၊

**ဒီအလုပ်ကို ဝါသနာပါလို့လုပ်ရင်း အောင်မြင်မှုရနေသူနဲ့ ဝါသနာမပါဘဲနဲ့ လုပ်ပေးမယ့် အောင်မြင်မှုရနေတဲ့ သူနှစ်ဦးရဲ့ ကွာခြားချက်ကတာတွေလို့ အန်တီယူဆပါသလဲ။**

အဲဒါကတော့ ရေရှည်နဲ့ဆိုင်တာပေါ့၊ ဝါသနာမပါဘဲ အောင်မြင်တဲ့သူကတော့ တခဏတော့ ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ရေရှည်ကျတော့ ဝါသနာပါမှုဖြစ်မှာ၊ ဝါသနာအပြင် စေတနာပါထည့်ထားမှ ရေရှည်အောင်မြင်မှုရမှာ၊ ဝါသနာမပါဘဲ အောင်မြင်ရုံပဲ လုပ်နေရင်တော့ ကြာ ရင် အဲ့ဒီအောင်မြင်မှုက ကျသွားမှာပဲ။ အန်တီပြောချင်တာကတော့ ဝါသနာမပါဘဲ လုပ်မိရင်း အောင်မြင်တယ်ဆိုရင်တောင် ဒီအလုပ်ကို ဝါသနာပါလာအောင် ကြိုးစားကြည့်စေချင်တယ်။ တချို့တွေရှိတယ်၊ သွားနေတာက လမ်းခုလတ်ရောက်နေပြီပေါ့။ ဆက်မလုပ်ဘဲ ရပ်လိုက်ရင်လည်း ဘာလုပ်ရမှန်းမသိဘူး၊ ဒါကြောင့် ဆက်လုပ်နေရတယ်။ ဝါသနာမပါတော့ လုပ်ရတာလည်း မပျော်မရွှင်ဖြစ်နေရတယ်။ အဲဒီလိုမျိုးတွေရှိတယ်။

**နောက်ပြီးတော့ ဒီဇိုင်နာတစ်ယောက်ရဲ့ ဒီဇိုင်းကို တခြား ဒီဇိုင်နာ တစ်ယောက်က ကူးယူပြီး ဖန်တီးတဲ့ကိစ္စတွေကလည်း တော်တော်များလာတယ်နော်။ အဲ့ဒါနဲ့ ပတ်သက်ပြီး အန်တီ့အမြင်ကိုပြောပြပေးပါဦး။**

တကယ်တော့ အဲဒါမျိုးတွေက လုံးဝမဖြစ်သင့်ဘူး။ ကိုယ့်ကိုယ်ကိုယ် ဘာအနေနဲ့ခံယူထားတယ်ဆိုတာကလည်း ရှိတယ်။ နိုင်ငံခြားက တကယ့်ကမ္ဘာ့ဒီဇိုင်နာတွေတောင်မှ စာအုပ်တွေမှာကြည့်လိုက်ရင် တူနေတာတွေ တွေ့ရတယ်။ အတွေးတွေကလည်း တစ်ခါတလေ တူတတ်ကြတယ်။ အန်တီစဉ်းစားမိတာတွေရှိတယ်။ လူ့ခန္ဓာကိုယ်က ဒါပဲရှိတာလေ။ လူပုံတစ်ခုမှာပဲ အခြေခံပြီးစဉ်းစားရတော့ သွားတူတာများလားပေါ့နော်။ တွန့်တာ၊ ထပ်တာ၊ ခွဲတာ၊ စသဖြင့်ပေါ့လေ။ လုပ်စရာ၊ ထွင်စရာကဒါတွေကိုပဲ စဉ်းစားပြီး လုပ်ရတာတွေပဲလေ။ တစ်လောက တောင် အန်တီ့ တပည့်နှစ်ယောက်က သူတို့ဆွဲ ထားတဲ့ Sketch လေးတွေ လာပြကြတယ်။ သတ်သတ်ဆီလာ ပြကြတာပါ။ ဒါပေမဲ့ သူတို့ နှစ်ယောက်စဉ်းစားတာက သွားတူနေတော့ ဒီဇိုင်းကတူနေတယ်။ အကြမ်းအားဖြင့် တူနေတာပေါ့။ အန်တီတောင် အံ့သြသွားတယ်။ အဲဒီလို ပေါ့လေ။ Idea တူသွားတာ မျိုးတွေလည်း ရှိတတ်တယ်။ ဒါမျိုးကျတော့လည်း ကူးယူတာမျိုး၊ ကူးချတာမျိုး မဟုတ်တော့ဘူးပေါ့၊ နောက်ပြီး ဘာရှိသေးလဲဆိုတော့ Customer ကလာကတည်းက ဒီလိုပုံစံအတိုင်း ချုပ်ပေးပါဆိုတဲ့ တောင်းဆိုမှုနဲ့ လာခဲ့ရင်လည်း မတတ်နိုင်ဘဲ ချုပ်ပေးလိုက်ရတာတွေရှိတယ်၊

**သူများနဲ့ မတူတဲ့ အမြင်တွေ ဖန်တီးမှုမျိုးတွေ ရှိဖို့ ဘယ်လိုလေ့ကျင့်မှုမျိုးတွေ ရှိသင့်ပါသလဲ။**

အဲဒါကတော့ ပုံကြမ်းတွေကို လက်ကအမြဲတမ်း ဆွဲကြည့်၊ ခြစ်ကြည့်နေရမယ်၊ ကိုယ့်ဦးနှောက်ကို အမြဲတွေးနေရမယ်။ စာအုပ်တွေ အင်တာနက်တွေ FTV တွေ အမြဲမပြတ် လေ့လာနေရမယ်။ သူများတွေ ဘာတွေဖန်တီးနေလဲ၊ ဘာဒီဇိုင်းတွေ ခေတ်စားနေလဲဆိုတာ သိနေရမယ်။ ဒီဇိုင်းကို အမြဲစဉ်းစားနေရမယ်။ ပြီးရင် လက်တွေ့ ဖန်တီးတာမျိုးကလည်း လုပ်ကြည့်ရမယ်။ တစ်ခါ



Asian Fame Media Group

တလေမှာ ကိုယ်စဉ်းစားတာက ဖန်တီးကြည့်တဲ့အခါ မဖြစ်နိုင်တာမျိုးတွေ ရှိတတ်တယ်လေ၊ ဒါဆိုရင် ဘာတွေကို ပြန်ပြင်ရမလဲ။ ဘာတွေ ထပ်ထည့်ရမလဲ၊ ထပ်စဉ်းစားရမယ်။ အမှားတွေကလည်း ပညာရ စေတာပဲလေ။ ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတာတွေကိုလည်း မှတ်သားထားရမယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတာတွေကလည်း ဒီဇိုင်းတွေ ဖြစ်လာနိုင်တယ်လေ။ ပြောချင်တာကတော့ ဘယ်အရာကိုမဆို အမြဲလေ့လာနေရမယ်။ ဖန်တီးမှုမှာလည်း အမြဲဆန်းသစ်နေရမယ်၊ သူများနဲ့တူတာမျိုးကို မလိုချင်တဲ့ စိတ်ဆန္ဒရှိရမယ်။

**အတတ်ပညာရှင်တစ်ယောက်ဖြစ်တဲ့ ဒီဇိုင်နာတစ်ယောက်မှာ လိုက်နာရမယ့်စည်းကမ်းတွေ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေက ဘာတွေများပါလဲ။**

သူများဒီဇိုင်းကို ကူးတာမျိုးတော့ မလုပ်ရမယ့်ဟာပေါ့။ ပြီးတော့ ကူးတာလည်း ကူးပေါ့။ ကူးပြီးရင်တော့ သူများဒီဇိုင်းကို ကိုယ့်ဒီဇိုင်းလို မအော်နေသင့်ဘူး။ နောက်ပြီးသူများကို ပုတ်ခတ်ပြီး ပြောတာမျိုးလည်း မလုပ်ရဘူး။ ကိုယ့် ဟာကို တိုးတက်အောင်ပဲ လုပ်နေရမယ်။ အကောင်းမြင်ပေးရမယ်၊ သူများဖန်တီးထားတာ ကို မုဒိတာပွားပေးရမယ်။ ကိုယ့်ထက်တော်တဲ့ သူတွေဆီကလည်း လေ့လာသင့်ရင် လေ့လာရ မယ်။ ကိုယ့်ထက်ငယ်တဲ့သူတွေကိုလည်း လက်တွဲ ခေါ် သင့်တယ်။ ပြီးတော့ အရေးကြီးဆုံးက ကတိတည်ဖို့ပဲ။ ဒီဇိုင်နာတစ်ယောက်က ကတိ ပေးပြီးရင် တည်ရမယ်၊ Customer တစ်ယောက် ကို ဒီနေ့ရမယ်လို့ ပြောပြီးရင် ကိုယ်ဘာပဲ ဖြစ်နေဖြစ်နေ ရအောင်ကိုကိုယ်က ဖန်တီးပေးရမယ်၊ ကိုယ်က ရမှာပါပြောပြီး မပေးနိုင်ရင် သူလည်း စိတ်ဆင်းရဲသွားမယ်။ ကိုယ်လည်း ပျော်မှာ မဟုတ်တော့ဘူး၊ ဘာလို့လဲဆိုတော့ Customer က အရမ်းမျှော်လင့်နေတာလေ။ ဒါကြောင့် ကတိ တည်ရမယ်။

**အန်တီရဲ့ DOZO Technical Design School က မြန်မာပြည်မှာဆိုရင် ထိပ်ဆုံးမှာရှိနေတာဆိုတော့ အန်တီက ဘယ်လိုသင်ကြားမှုတွေ ဘယ်လိုသင်ရိုးညွှန်းတမ်းတွေနဲ့ သင်ပေးနေပါသလဲ။**

ဝါသနာတော့ပါတယ်၊ ဒါပေမဲ့ ဘာမှမတတ်သေးတဲ့သူတွေကို အန်တီ့ဆီကို အခြေခံလောက်တတ်ပြီးတာနဲ့ ဆိုင်ဖွင့်နိုင်အောင်ကို သင်ပေးတယ်၊ နားလည်အောင်၊ ဖန်တီးနိုင်အောင် အန်တီက အရမ်းသင်ပေးပါတယ်၊ အဲဒီလို သင်တော့လည်း တချို့ကလိုက်နိုင်ပါတယ်။ လူမှာလည်း အမျိုးမျိုးဆိုတော့ တချို့ကျတော့လည်း မလိုက်နိုင်ကြဘူး။ မလိုက်နိုင်တဲ့သူကိုလည်း အန်တီက စိတ်ရှည်ရှည်ထားပြီးသင်ပေးပါတယ်။ ကိုယ်က တတ်စေချင်တဲ့စေတနာနဲ့ဆိုတော့



တစ်ခါတလေကျတော့လည်း သိပ်ကို တွန်းတွန်း တိုက်တိုက်ကြီး လုပ်ဖြစ်တာမျိုးတောင် ရှိတယ်။ သင်ဖို့ဆိုတာ ပိုက်ဆံကုန်တယ်။ အချိန်ကုန်တယ်။ ဒါတွေနဲ့တန်အောင် အန်တီက သူတို့ကို ရသွား စေချင်တယ်၊ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေး ရတယ်။ တချို့ကကျတော့လည်း နည်းနည်းလေး ခက်တာနဲ့ မလုပ်ချင်ကြတော့ဘူး။ လက်လျှော့ ချင်ကြတယ်၊ ဒီလိုလူတွေအတွက်လည်း အန်တီ က ပြောပြပေးရတယ်၊ ဒီအတတ်ပညာက တတ် သွားရုံနဲ့ ကိုယ့်ရဲ့မိသားစုတစ်ခုလုံး စားဝတ်နေ ရေးကိုဖြည့်ဆည်းပေးနိုင်တယ်။ မိန်းကလေး တစ်ယောက်အနေနဲ့ အပြင်ကို နေပူစပ်ခါး မသွား ရဘဲ တည်တည်ငြိမ်ငြိမ်နဲ့ လုပ်လို့ရတယ်၊ ကိုယ့် သားသမီးရှိခဲ့ရင်လည်း သားသမီးကို ရင်ခွင် မကွာထိန်းသိမ်းရင်း လုပ်သွားလို့ရတယ်၊ ဒီ အလုပ်ရဲ့ အားသာချက်လေးတွေပေါ့လေ၊ ဒါတွေ ပြောပြပြီး အန်တီက ဆွဲခေါ်ရတယ်။ ရက်မျက်ရှိ တဲ့သူတွေဆိုရင်လည်း အန်တီက အစားထိုးပြီး ပြန်သင်ပေးရတယ်။ ကိုယ့်ဘက်ကတော့ တာဝန် ကျေအောင် လုပ်ပေးပါတယ်၊ သူတို့မှားနေရင် လည်း မမှန်မချင်းသင်တာပဲ၊ သင်တန်း Course တွေကတော့ အခြေခံဆိုရင် Skirt နဲ့ Blouse ပေါ့၊ တကယ်ကို ဒီအလုပ်ကို ပညာသည်တစ် ယောက်အနေနဲ့ လုပ်မယ့်သူဆိုရင်တော့ သင်တန်း ဆက်တက်ရမယ်။ Advance မှာကျတော့ Dress တွေ Coat တွေပါမယ်။ ဒီဇိုင်နာတစ် ယောက်အနေနဲ့ ဆိုင်ဖွင့်မယ်ဆိုရင် Customer က အမျိုးစုံလာကြမှာလေ။ ဒါကြောင့် ကိုယ်က ချုပ် တတ်ထားရမယ်။ Fashion Illustration လည်းရှိတယ်။ Drapping ဆိုတာလည်း ရှိတယ်၊ သူကလည်း လက်ဝင်ပြီး သေချာစနစ်တကျ တတ် ထားရမယ့် Course တစ်ခုပဲ ပြီးတော့ Hand made ပိုင်းပေါ့။ စက်ပစ္စည်းမပါဘဲ လက်နဲ့ပဲ ဖန်တီးရတဲ့ဟာလေးတွေပေါ့။ ကလေး ဝတ်စုံ Course လည်းရှိပါတယ်။ အန်တီရော၊ သမီး သက်နှင်းအေးရော နှစ်ယောက်လုံးက Course တွေကို တာဝန်ခွဲ ပြီးသင်ပေးပါတယ်။

**အန်တီက သင်တန်းလည်းဖွင့်ထားတယ်။ ပြီးတော့ ဒီဇိုင်နာတွေရဲ့ ဖန်တီးမှုတွေနဲ့ ပတ်သက် ပြီးတော့ရော ဘယ်လိုမြင်မိထားတာရှိပါသလဲ။**

တော်ကြပါတယ်။ ကြိုးစားလည်း ကြိုးစား ကြတယ်။ Designer's Design မှာ အန်တီ ဒိုင် လုပ်ခဲ့သမျှပွဲတွေမှာဆိုလည်း တော်ကြတယ်၊ သူတို့ကိုပိုတော်စေတာကလည်း ဒီပြိုင်ပွဲတွေ ကြောင့်လို့ အန်တီတော့မြင်တယ်။ ပြိုင်ပွဲဆိုတော့ ကိုယ့်ခေါင်းထဲမှာ ရှိသမျှ Idea တွေကို ထုတ်ကြရ တော့တာပေါ့။ ဒီတိုင်းဆိုရင်တော့ စဉ်းစားမိကြ မှာ မဟုတ်ဘူး။ ပြိုင်ပွဲဆိုတော့ ဆုရချင်တော့ ကြိုး စားရတယ်၊ လေ့လည်းလေ့လာရတယ်၊ လက်ရာ တွေလည်း တက်လာကြတယ်။

**အန်တီ့အနေနဲ့ဆိုရင် ဒီဇိုင်နာတစ်ခုထွင်တဲ့ အခါ ဘာတွေကိုအခြေခံပြီး စဉ်းစားလေ့ရှိပါသလဲ။**

အန်တီကတော့ ကိုယ်ရွေးချယ်ပေးရမယ့် လူ ကိုပဲ အရင်ကြည့်တာပါ။ သူကသေးသေး သွယ် သွယ်လား၊ တုတ်တုတ်နိုင်နိုင်လားပေါ့။ သူ့မှာ ဘယ်လို အားသာချက်၊ အားနည်းချက်တွေရှိ နေလဲ အဲဒါတွေကို ကြည့်ရတာပေါ့။ အဲဒီပေါ်မှာ မူတည်ပြီးမှ ဒီဇိုင်းဆွဲတာ။ ဆွဲတဲ့အခါလည်း အန်တီက တစ်ပုံပဲ မဟုတ်ဘူး၊ အများကြီးဆွဲကြည့် တာ။ နောက်ပြီး အန်တီအားသာတာက Pattern တွေကို ဖန်တီးရတာကိုကြိုက်တယ်၊ အရမ်းရှုပ်တဲ့ ဒီဇိုင်းမျိုးမဟုတ်ဘဲ ခပ်ရှင်းရှင်းလေးနဲ့ ထူးခြား ချက်ရှိနေတဲ့ ပုံလေးတွေကိုပဲ ကြိုက်တယ်။ နောက်ပြီး အန်တီက ကိုယ်တိုင်ဝတ်ချင်တဲ့ ပုံလေးကိုလည်း အများဆုံး ဖန်တီးပေးဖြစ်တယ်။ အန်တီက ငယ်ငယ်ကတည်းက ယဉ်တဲ့ဒီဇိုင်းလေး တွေကိုကြိုက်တယ်။ ဘယ်တော့ကြည့်ကြည့် မရိုး သွားတဲ့ပုံလေးတွေကို ကြိုက်တယ်။

**အန်တီထွင်ခဲ့ဖူးတဲ့ ဒီဇိုင်းတွေထဲမှာ အန်တီ အားရကျေနပ်မှုအရှိဆုံး ဒီဇိုင်းဆိုရင် ဘယ်လို ဒီဇိုင်းမျိုးတွေပါလဲ။**

အန်တီ့အနေနဲ့ ပြောရရင်တော့ ကိုယ်လုပ် ခဲ့သမျှမှာ ဒီဇိုင်းတွေကို ကြိုက်တော့ကြိုက် တယ်။ ဒါပေမဲ့ အားရတယ်တော့မရှိဘူး။ ဘာလို့ လဲဆိုရင် ထပ်ဖြည့်ချင်တာမျိုး ဘယ်လိုလုပ်ချင် သေးတယ်ဆိုတာမျိုးနဲ့ မကျေမနပ်ဖြစ်နေတတ် တာ။ အခုနောက်ပိုင်း ချုပ်တာတွေထဲမှာ မဂ္ဂဇင်း

အတွက်ချုပ်ပေးထားတဲ့ အွန်ဆိုင်းဝတ်တဲ့ဟာတွေကိုလည်း ကြိုက်ပါတယ်။ ဝတ်မုံရွှေရည်အတွက် နက်ပြာရောင် မင်္ဂလာဝတ်စုံလေးကိုလည်း ကြိုက်ပါတယ်။ အန်တီကတော့ ဖန်တီးပြီးတိုင်း ကိုယ့်ဒီဇိုင်းကို ပြီးပြည့်စုံနေတယ်လို့ မခံစားရဘူး။ လောဘကြီးတာလားတော့ မပြောတတ်တော့ပါဘူး။

**အန်တီက ဒီဇိုင်းထွင်လိုက်ရင်လည်း အမြဲဆန်းသစ်နေတတ်တာတွေရတယ်။ အဲဒီ ဒီဇိုင်းတွေဖြစ်ဖို့ အန်တီဘယ်လိုလေ့လာမှုတွေကို လုပ်လေ့ရှိပါသလဲ။ ဘာတွေကို လေ့လာဖြစ်ပါသလဲ။**

အဲဒါကတော့ အန်တီက အမြဲလေ့လာရတယ်။ အခုဘာတွေ ခေတ်စားနေလဲ။ နိုင်ငံခြားမှာဆိုရင်လည်း သူတို့ဆီမှာ ဘယ်လိုဖန်တီးမှုမျိုးတွေ ဘယ်လိုတွေ ဆန်းသစ်ထားလဲ၊ လေ့လာတာပေါ့။ ကိုယ့်ရဲ့ စိတ်ကူးတွေကိုလည်း အန်တီက အမြဲ Sketch ချဆွဲကြည့်နေတာ။ ပြီးရင်လည်း စမ်းသပ်ပြီး လက်တွေ့ဖန်တီးဖြစ်တယ်။ ဘာတွေလိုနေလဲ၊ ဘာတွေပိုနေလဲဆိုတာ ကိုယ့်ဒီဇိုင်းကို အဝေးကကြည့်လိုက် အနီးကကြည့်လိုက်နဲ့ ကြည့်ပြီး ဖန်တီးတယ်။ ကိုယ့်မျက်စိထဲမှာ ဝင်သွားတော့မှ အန်တီကရပ်လိုက်တာ။ ကိုယ့်မျက်စိထဲမဝင်သေးသရွေ့ အန်တီက ထပ်ပြင် ထပ်ဖြည့်လုပ်တယ်။ ပင်တော့ပင်ပန်းတာပေါ့။ ဆန်းသစ်မှုရှိအောင်တော့ လေ့လာရတာပါ။ ဒီဇိုင်းကောင်းဖို့ကတော့၊ အန်တီက ဒီဇိုင်းထွင်ရင် လုံ့လစိုက်ပြီးထွင် တယ်။ ပြီးတော့ ဒီဇိုင်းပညာတွေက တိုးတက်နေတော့ ၂၀၀၂ ခုနှစ်မှာ အန်တီတက်ခဲ့တဲ့ Kōran မှာပဲ CAD လို့ခေါ်တဲ့ Computer Software နဲ့ Pattern ထုတ်တဲ့ ပညာရယ်၊ အဆင့်မြင့် Expert Pattern ရယ် ထပ်ပြီး လေ့လာခဲ့သေးတယ်၊

**အတွေးတွေများပြီး စိတ်ကူးယဉ်တတ်သူတွေက ဒီဇိုင်းဖြစ်ဖို့ပိုပြီးနီးစပ်တယ်လို့ ပြောကြတယ်။ အဲဒါ ဟုတ်ပါသလား။**

တစ်ဝက်လောက်တော့ မှန်မယ်ထင်တယ်။ တချို့ကျတော့လည်း ဖိုးခနဲ ဆတ်ခနဲနဲ့ ဘာမှစဉ်းစားမနေဘဲ ဖန်တီးလိုက်ကြတာတွေရှိတယ်။ တချို့ကျတော့ တကယ်ကို နက်နက်နဲနဲတွေ တွေးပြီးမှ လုပ်တာတွေရှိတယ်။ မရည်ရွယ်ဘူး လုပ်လိုက်တာ ဒီဇိုင်းတစ်ခုထွက်လာတယ်။ တွေးပြီးလုပ်တဲ့ လူကျတော့ ပိုပြီးစေ့စေ့စပ်စပ်တွေး ဖြစ်ပေမယ့် ဒီဇိုင်းထွက်တော့ မမြန်ဘူးပေါ့။

**အန်တို့ရဲ့ ပညာအမွေကိုတော့ သမီးအကြီး သက်နှင်းဝေ (DOZO) ကရသွားပြီနော်။ သမီးအငယ်ကိုရော ဒီလိုအလုပ်တွေလုပ်ဖို့ အန်တီတိုက်တွန်းဖြစ်ပါသလား။**

အန်တို့မှာ သမီး ၂ ယောက်ရှိတာ။ သမီးကြီးကတော့ အခု ဒီလောကထဲမှာ ထဲထဲဝင်ဝင်နဲ့ လုပ်နေပြီ။ အငယ်လေးကတော့ အခု ဂျပန်မှာ Beauty နဲ့ဆိုင်တဲ့ ဆံပင်၊ မိတ်ကပ်၊ တက္ကသိုလ်တက်နေပါတယ်။ အမေ့သွေးတော့ပါတယ်ပေါ့။ အမေငယ်ငယ်ကစတော့ ဒီ ဆံပင်၊ မိတ်ကပ်နဲ့ စခဲ့တာလေ။ ကိုယ်တောင်မထင်ထားဘူး။ သမီး ၂ ယောက်မှာ တစ်ယောက်ဆီက ကိုယ့်ရဲ့ပညာအမွေကို ယူကြမယ်လို့လေ။ အငယ်လေးက အိမ်မှာဆိုလည်း သူ့အစ်မဆံပင်တွေကို အရင်ကတည်းက စမ်းသပ်ပြီး လျှောက်လုပ်နေတာ။ ဆိုင်မှာ ခေါင်းတွေဘာတွေလျှော်တာမျိုး။ မျက်နှာပေါင်းတင်တာမျိုး လုပ်ခဲ့ပြီးရင် အိမ်ရောက်ရင် ပြန်ပြီးလုပ်ပေးတော့တာပဲ။ လက်စလက်နတော့ ငယ်ငယ်ကတည်းကရှိနေတာပါ။ အန်တီကတော့ သူ့အဖျင်းပြေပဲ လုပ်နေတယ်ထင်တာပါ။ သူ GCE O Level ဖြေပြီးတော့ သမီးဘာလုပ်ချင်လဲ သမီးလုပ်ချင်တာ အမေဖြည့်ဆည်းပေးမယ် ပြောတော့ ပထမတော့ သူက ဟားဗတ်မှာ ကျောင်းသွားတက်ချင်တယ် တဲ့။ အန်တီကလည်း ထားဖို့လုပ်ပါတယ်။ ဒါပေမဲ့ ကျောင်းပြီးမှ အလုပ်အဆင်မပြေဘဲ ပြန်လာတယ်လို့ ဘာတို့တွေကြားရတော့ အမေရိကားအထိ ကျောင်းသွားတက်ပြီးမှ အလုပ်အဆင်မပြေခဲ့ရင် ဆိုပြီးစဉ်းစားမိတာပေါ့။ ဂျပန်မှာပဲ တက်ပါလားပေါ့။ အရင်ဆုံး ဂျပန်မှာ ဂျပန်စာကိုပဲ အရင်တက်ပြီးမှ တက်ခိုင်းလိုက်တာ မဟုတ်ဘူး။ ဟိုရောက်တော့ သူက ဂျပန်စာတက်ရင်း အချိန်ပိုင်းအလုပ်ကို Hair Salon မှာ သွားလျှောက်ပြီး ကံကောင်းပြီး အလုပ်ရသွားတယ်။ အဲဒီမှာလုပ်ရင်း သူဝါသနာပါတယ်ဆိုပြီး ဆံပင်၊ မိတ်ကပ်၊ တက္ကသိုလ်ကိုတက်ဖို့ သူ့ဘာသာသူပဲရွေးလိုက်တာ။ အန်တီကတော့ သမီးတွေကို ဘာလုပ်ပါလို့ မတိုက်တွန်းဘူး။ သူတို့ရွေးချယ်မှုနဲ့ သူတို့ပဲ။ သက်နှင်းဝေအားတုန်းကလည်း ၁၀ တန်းအောင်တော့ အန်တီက သင်တန်းတွေ လျှောက်တက်ခိုင်းတာ IDCS တို့ ဘာတို့ အစုံပဲ သူလျှောက်တက်တယ်။ နောက်တော့ သူ့ဟာသူပဲ အန်တို့အလုပ်ကို သူစိတ်ဝင်စားပြီး ဝိုင်းကူပေးတယ်။ သင်တန်းတွေ ဘာတွေလည်း ဝိုင်းပြေပေး




Asian Fame Media Group





တယ်။ စိတ်တကယ်ပါသွားပြီးမှ ဂျပန်မှာပဲ ဒီဇိုင်းကျောင်းသွားတက်ဖို့ ပြောတော့ အန်တီ က ပံ့ပိုးခဲ့တာ။

**မိခင်တစ်ယောက်အနေနဲ့ရော သမီးတွေ အပေါ်မှာ အန်တီဘယ်လောက်အထိ မျှော်မှန်းထားပါသလဲ။**

အန်တီကတော့ သူတို့ကို မျှော်မှန်းတာတော့ မဟုတ်ပါဘူး။ သူတို့ဖြစ်ချင်တာတွေကိုပဲ နောက်ကနေ မိဘအနေနဲ့ ပံ့ပိုးသင့်တာပံ့ပိုးမယ်ပေါ့။ သူတို့လိုအပ်ချက်တွေကိုပဲ ဖြည့်ဆည်းပေးချင်တယ်။ ဘာမှတော့ မညွှန်လည်းမညွှန်ကြားချင်ဘူး။ ဒါပေမဲ့ ကိုယ့်သမီးတွေကလည်း ကိုယ်က ဘာမှ ညွှန်ကြားစရာမလိုဘဲ သူတို့အသိစိတ်နဲ့ သူတို့ ပန်းတိုင်တွေက ရှိပြီးသားဖြစ်နေတာလေ။ သူတို့အစီအစဉ်နဲ့ သူတို့ပဲ။ အငယ်လေး ဆိုလည်း ငယ်ငယ်တည်းက စာကျက်ပါလို့ မပြောရဘူး။ စာကျက်လို့ပြောရင်လည်း စိတ်ကောက်ရော။ သူ့ကိုမပြောနဲ့ သူ့အသိစိတ်နဲ့ သူကျက်မယ်။ အဲဒီလိုပေါ့။ နှစ်ယောက်စလုံးက ကြိုးစားမှုလည်း ရှိတယ်။ ဖွဲ့တွေလည်း ကောင်းကြတော့ တစ်နေ့မှာအောင်မြင်မယ်လို့ အန်တီက ယုံကြည်ထားတယ်။ ဖြစ်ချင်တာတွေကို မဖြစ်ဖြစ်အောင် လုပ်ကြတာချင်းတူကြတယ်။ အငယ်လေးဆို Basket Ball လည်း ဆော့တယ်။ စန္ဒရားဆိုလည်း တီးချင်တာပဲ။ Dance Group နဲ့ လည်း ကလိုက်တာပဲ။ လုပ်ချင်တာကိုရအောင်ကို လုပ်တာ။ ငယ်ငယ်ကတည်းက သူတက်မယ့်ကျောင်းကို သူ့ဟာသူပဲရွေးတာ၊ ဒါကြောင့် စိတ်ချပါတယ်၊ အန်တီ့ဘက်က မပြတ်ပြောရတာကတော့ ဘုရား တရား မမေ့ဖို့ဘဲ ဆုံးမရတာပေါ့။ ဘုရား စာအမြဲ ရွတ်ဖို့ပဲ ပြောနေရတယ်။

**Fashion Designer တစ်ယောက်ဖြစ်ဖို့ အတွက်ဆိုရင် နောက်ခံငွေကြေးအင်အားလို တယ်လို့ ပြောကြတယ်။ ဒါဆိုငွေကြေးမပြည့်စုံ တဲ့ သူတစ်ယောက်က ဒီဇိုင်နာမဖြစ်နိုင်တော့ ဘူးပေါ့နော်။ အဲဒီလို လူမျိုးတွေအတွက်ရော ဘယ်လိုအခွင့်အလမ်းမျိုးတွေရှိပါသလဲ။**

ငွေကြေးမပြည့်စုံဘူးဆိုပေမယ့် လက်မလျှော့ဘဲ ပိုပြီးကြိုးစားသင့်တယ်။ ဘာလိုလဲဆိုတော့ ပညာသင် ထောက်ပံ့ကြေးအစီအစဉ်တွေက လည်း အခုခေတ်မှာ အများကြီးပဲလေ။ တကယ်တော့ ဖြစ်ချင်တာရှိရင် ကြိုးစားရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ ကြိုးစားတဲ့သူအတွက်က တစ်ချိန်ချိန်တော့ အခွင့်အရေးက ရောက်လာပါတယ်၊ အန်တီတောင်မှ ဒီလုပ်ငန်းကိုစချိန်တုန်းက ဓား စက်တစ်လုံး စက်တစ်လုံးနဲ့ပဲ စခဲ့တာလေ။ ဖွဲ့နဲ့ ဝီရိယပဲ လိုတယ်။ ပြီးတော့လေ့လာမှုတွေ လုပ်ပေါ့။ အန်တီတို့ DOZO မှာလည်း အစီအစဉ် လေးတစ်ခုလုပ်ဖို့ ရှိပါတယ်။ တကယ်ပညာကို လိုချင်တယ်။ တကယ်လည်း ဝါသနာပါတယ်ဆိုရင် ပညာသင်ပေးဖို့ပေါ့၊ ဒါပေမဲ့ အန်တီတို့ဆီ မှာ ဘယ်နှနှစ်တော့ ပြန်လုပ်ပါဆိုတဲ့ စာချုပ်တော့ ရှိမှာပါ။ ပြီးတော့ ရိုးသားရမယ်။ ရိုးသားမှုက အရေးကြီးပါတယ်။ ရိုးသား၊ ကြိုးစားတဲ့သူ အတွက်က အလုပ်မရှားဘူးလေ။

**ရတီ ပရိသတ်ကို ရော အန်တီပြောချင်တဲ့ Fashion Tips လေးရှိရင် စကားလက်ဆောင်လေးပြောပေးပါဦး။**

Fashion ကတော့ ကြီးကြီးငယ်ငယ်မရွေး သူ့အရွယ်နဲ့သူတော့ ရှိကြတာပေါ့။ အဓိကက တော့ ကိုယ်နဲ့ လိုက်ဖက်မယ့် ကိုယ့်ရဲ့ Style လေးရှိဖို့တော့လိုပါတယ်။ ပေါ်သမျှဝတ်မှ Fashion မဟုတ်ပါဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင် Style လေးကိုပဲ ဖန်တီးပြီး ကိုယ့်ဟာကိုယ် တီထွင်သင့်တယ်။ အန်တီတို့ မြန်မာလူမျိုးတွေက ဖန်တီးနိုင်တဲ့ စွမ်းအားက တအားကောင်းပါတယ်။ ဒါကြောင့် ကိုယ့်အသက်အရွယ်နဲ့လိုက်တဲ့ ဒီဇိုင်းလေးကို ကိုယ်တိုင်ဖန်တီးပြီး ကိုယ်ပိုင် Style လေးဖြစ်အောင်နေဖို့ပဲ ပြောချင်ပါတယ်။

ဖြိုးစုပိုပို





Asian Fame Media Group



သားသမီးဝတ်ငါးပါး ဆိုတာမှာ
"မွေခံထိုက်စေ" ဆိုတဲ့ ဝတ္တရားပါနေပါတယ်။
မိဘရဲ့လုပ်ငန်း အမွေ ဘာသာအမွေစတာတွေကို
ရှိသေစွာနဲ့ စောင့်ထိန်းရမှာက
သားသမီးတွေရဲ့တာဝန်ပါပဲ။
အဲဒီလို သားသမီးဝတ္တရားကို ကျေအောင်
ကြိုးစားနေရင်း မိဘရဲ့လုပ်ငန်းကို
တစ်စထက်တစ်စ ပိုမိုတိုးတက်အောင်မြင်အောင်
ဖန်တီးနေတဲ့ အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးနဲ့ ဒီလမှာ ရတီ
ပရိသတ်ကို မိတ်ဆက်ပေးလိုက်ပါတယ်။ သူမကတော့
လက်ရှိမှာ The Rich Gems,
Inspire Fashion နဲ့ Inya Day Spa တို့ကို
ပိုင်ဆိုင်နေတဲ့ မမိချယ်(လ်) ပဲဖြစ်ပါတယ်။

# Beyound The Women

## The Rich Gems

# Ma Mittchell

arranged by **phyoe su po po**

Asian Fame Media Group
MEDIA GROUP

**The Rich Gems ရဲ့ ပိုင်ရှင်အဖြစ် ဖြစ်ခဲ့ရပုံလေး ပြောပြပါ။**

The Rich Gems ဆိုတာက ကျွန်မမိဘတွေရဲ့ လုပ်ငန်းပေါ့။ အဓိကကတော့ အမေပေါ့။ အမေက အရမ်းတော်တဲ့ အမျိုးသမီးလုပ်ငန်းရှင်ဆိုရင် မမှားဘူး။ အဲဒါတွေကိုကြည့်ပြီး ကိုယ်က ကြီးပြင်းခဲ့ရတာပေါ့။ ဒီလုပ်ငန်းအကြောင်းကိုလည်း အထိုက်အလျောက်နားလည်ခဲ့တယ်။ အဲဒီတော့ ဒီအလုပ်ကို ဝါသနာပါမှန်းမသိ ပါခဲ့တာပေါ့၊ တခြားဟာတွေကို လုပ်ကြည့်ဖို့လည်း အတွေးတွေရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့လည်း နောက်ဆုံးကျတော့ ဒီရတနာအလုပ်ကိုပဲ ပြန်ပြီးလုပ်ဖြစ်ခဲ့တာပါပဲ။ အခုလည်း Spa ရော၊ Fashion ရောလုပ်နေတာပါပဲ။ ဒီရတနာလုပ်ငန်းကတော့ မိဘအမွေအနှစ်ဆိုတော့ မလုပ်မဖြစ်လုပ်တာပါ။ The Rich Gems ကို ဆက်ပြီးတည်မြဲဖို့ဆိုရင် ကျွန်မက ထိန်းသိမ်းရမှာပေါ့။ ဒါက ကျွန်မတာဝန်လို့ ယူဆတယ်။ ဒါကြောင့် လုပ်ဖြစ်ခဲ့တာပါ၊

**အစ်မရဲ့ မိသားစုအကြောင်းလေးလည်း ပြောပြပါဦး။**

ကျွန်မတို့မှာ မောင်နှမနှစ်ယောက်ပဲ ရှိတာပါ၊ မောင်လေးတစ်ယောက် ရှိတယ်။ မောင်လေးကတော့ အခုမှ ကျောင်းပြီးလာတော့ သူ ဘယ်လိုလုပ်ငန်းမျိုးကို ရွေးမလဲ။ ဘာလုပ်ချင်လဲဆိုတာ မသိသေးဘူး။ ယောကျ်ားလေးလည်းဖြစ်တော့ သူက လုပ်ချင်တာတွေက များနေတယ်။ သူ့ရဲ့ စိတ်ဝင်စားမှုက တော်တော်များတယ်။ အခုလောလောဆယ်မှာတော့ အမေ့ရဲ့လုပ်ငန်းတွေမှာ ဝင်ကူပေးနေတယ်။ ကျွန်မရဲ့ ကိုယ်ပိုင်မိသားစုဆိုရင်တော့ ကျွန်မက ၂၀၁၀ တုန်းက လက်ထပ်ခဲ့တယ်။ သားသမီးတော့ မယူသေးဘူး။ အချိန်တစ်ခု လိုသေးလို့ပါ။ သား၊ သမီးဆိုတာက ကိုယ်က အကုန်ပြင်ဆင်ပြီး အဆင်သင့်ဖြစ်မှယူရင် ပိုကောင်းတယ်လေ။ ဒါကြောင့်ပါ၊ အခုချိန်မှာတော့ လင်မယားနှစ်ယောက်ပဲ လွတ်လပ်နေသေးတယ်ပေါ့။

**အစ်မရဲ့ ငယ်အိပ်မက်ကရော ဘာပါလဲ။**

ဟိုး . . . ခပ်ငယ်ငယ်တုန်းကတော့ Embassadar ဖြစ်ချင်ခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျွန်မက ခရီးသွားရတာကို အရမ်းကြိုက်တယ်။ ဟိုသွား၊ ဒီသွားပြောဆိုညှိနှိုင်းရတာကို အရမ်းစိတ်ဝင်စားတယ်။ ဒါပေမဲ့ Embassadar ဖြစ်အောင်ကလည်း မလွယ်မှန်းကို ကြီးလာတော့ သိလာတယ်။ အဲဒီတော့ ဘာဖြစ်ချင်ပြန်လဲဆိုတော့ Marketing တို့၊ Advertising တို့ စိတ်ဝင်စားတယ်။ ကျွန်မက အဲဒီလို Challenging ရှိတဲ့ နယ်ပယ်တွေကို ဝါသနာပါတယ်။ အခု The Rich Gems မှာလည်း ကျွန်မက Marketing ပိုင်းကို အဓိက လုပ်ပေးနေတာပါ၊

**The Rich Gems ကို ဘယ်အချိန်ကစပြီး**



**တည်ထောင်ခဲ့တာပါလဲ။**

The Rich Gems ရဲ့ သက်တမ်းကတော့ တော်တော်ကြာနေပါပြီ။ စပြီးတည်ထောင်ခဲ့တာကတော့ ၁၉၉၆ ခုနှစ်ကတည်းကပဲ။ ဒီလုပ်ငန်းက တကယ်တော့ မလွယ်ဘူး။ အပြင်ကကြည့်ရင်သာ လွယ်သလိုထင်ရတာ။ ကျွန်မအမေက တော်တော်လေး တော်တယ်။ ဒီလိုအောင်မြင်အောင် ဒီလိုနေရာရောက်ဖို့ အမေက တော်တော်လေးရုန်းကန်ခဲ့ရတာ။ Inya Day Spa ကတော့ ၂ နှစ်ကျော်ပြီ။ Inspire Fashion ကတော့ အခုနောက်ဆုံးမှ လုပ်ခဲ့တာဆိုတော့ တစ်နှစ်ကျော်ပဲ ရှိသေးတယ်။

**မိဘရဲ့လုပ်ငန်းအမွေအနှစ်ကို ဆက်လုပ်ရတဲ့အခါ အစ်မရဲ့ Feeling လေးလည်း ပြောပြပေးပါဦး။**

အမေလုပ်ခဲ့တဲ့ အလုပ်ကို ဆက်လုပ်ရတာက တစ်ခါတလေမှာလည်း တော်တော်လေးခက်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မအမေက လုပ်ငန်းလုပ်တဲ့ အရည်အချင်းက တော်တယ်လေ။ အဲဒီတော့ အမေ့လိုဖြစ်ဖို့ ကြိုးစားရတာက ကျွန်မအတွက် မလွယ်ဘူး။ လုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်ရတာခက်သလို အောင်မြင်ပြီးတဲ့ လုပ်ငန်းတစ်ခုကို ဆက်ပြီးအောင်မြင်အောင် ထိန်းရတာကလည်း ခက်ပါတယ်။ အဲဒီလို ထိန်းရတာက ပိုပြီးခက်တယ်။ လူတိုင်းက ကြည့်နေတာပေါ့။ သူ့ရဲ့ လုပ်ဆောင်မှုက သူ့အမေလို ဖြစ်ပါ့မလားဆိုပြီးတော့ပေါ့လေ။

**မိဘတွေလုပ်ခဲ့တဲ့ The Rich Gems နဲ့ အစ်မရဲ့လက်ထက်မှာ လုပ်နေတဲ့ The Rich Gems ရဲ့ ကွာခြားမှုကရော ဘာတွေများပါလဲ။**

ကျွန်မအမြင်မှာတော့ တခြားထက် Jewellery Design တွေပါပဲ။ ဒီဇိုင်းတွေက အခုချိန်မှာ ပိုပြီး Modenize ဖြစ်လာတယ်။ Customer တွေရဲ့ အကြိုက်ကလည်း ပြောင်းသွားတာကိုး။ တကယ်တော့ မြန်မာတွေက ဒီဇိုင်းကြီးကြီးတွေကို ကြိုက်ကြတယ်။ ပြီးတော့ ပစ္စည်းကို အစုံဝတ်တာပေါ့။ နားကပ်ရော၊ ဆွဲကြိုးရော၊ လက်ကောက်ရော စုံစုံလင်လင်ဝတ်ကြတဲ့ ခေတ်ပေါ့။ အခုတော့ Hollywood စတိုင်လိုက်လာတယ်။ အဓိက ဘာကိုပြချင်တာလဲ။ နားကပ်ဆိုရင် နားကပ်ကိုပဲ ကြီးကြီးဝတ်ပြီး တခြားမဝတ်တော့ဘူး။ ဆွဲကြိုးအလှကို ပြချင်တာဆိုရင်လည်း နားကပ်က သေးသေးပဲဝတ်တယ်။ ဘာမှမဝတ်တော့ဘဲ ရင်ထိုးလှလှလေးပဲ ဆင်တာမျိုးတွေလည်း ရှိလာတယ်။ ဝတ်ဆင်တဲ့ပုံစံတွေ ပြောင်းကုန်တာပေါ့။ အဲဒီတော့ ကျွန်မတို့ကလည်း Customer အကြိုက်နဲ့ကိုက်အောင် ဒီဇိုင်းလေးတွေ ပြောင်းလာရတာပေါ့၊ တခြားလုပ်ငန်းစဉ်ပိုင်းတို့၊ စီမံအုပ်ချုပ်မှုပိုင်းတို့မှာတော့ သိပ်ပြီးကွာဟသွားတာမျိုး မရှိပါဘူး။



Asian Fame Media Group
MEDIA GROUP



**မိဘတွေလက်ထက်ကတည်းက အားပေးထားတဲ့ ဖောက်သည်တွေကရော ကိုယ်တာဝန်ယူတဲ့အခါမှာ ကျေကျေနပ်နပ်နဲ့ ဆက်လက်အားပေးကြလား။**

အားပေးကြပါတယ်။ ကျွန်မတို့ The Rich Gems က တစ်ခုကောင်းတာ ရှိတယ်။ အဲဒါက ဘာလဲဆိုရင် ကိုယ့်ဆီက ဖောက်သည်က မိတ်ဆွေတွေလို ဖြစ်သွားတတ်တယ်။ ကိုယ့်ကို ချစ်ခင်ရင်းနှီးကြတယ်။ အခုချိန်မှာ ဒီလို လက်ဝတ်ရတနာဆိုင်တွေက ကျွန်မတို့တစ်ဆိုင်ပဲ မဟုတ်တော့ဘူးလေ။ ဆိုင်တွေက အများကြီးပဲ ရှိနေပြီလေ။ ဒါပေမဲ့ Cusomer တွေက ကျွန်မတို့ကို ယုံကြည်ပြီး ချစ်ခင်မှုနဲ့ The Rich Gems ကိုပဲ ဆက်ပြီးအားပေးနေကြတယ်။ အဲဒီအတွက်လည်း ကျွန်မတို့က ကျေးဇူးအများကြီးတင်ပါတယ်။

**The Rich Gems ဆိုပြီး ဆယ်စုနှစ်တွေကျော်အောင် အောင်မြင်နေရတဲ့ လျှို့ဝှက်ချက်ကရော ဘာကြောင့်ပါလဲ။**

ကိုယ့် ဖောက်သည်တွေက ကိုယ့်ကို ချစ်ပြီး အားပေးမှုကြောင့်ပါပဲ။ ကျွန်မတို့ကလည်း ကိုယ့်ပစ္စည်းရဲ့ အရည်အသွေးကို ကောင်းအောင် ထိန်းထားပါတယ်။ ကျွန်မတို့က ပိုက်ဆံပဲမြင်ပြီး မကောင်းတာကို ထိုးရောင်းလိုက်တာမျိုး ဘယ်တော့မှ မလုပ်ဘူး။ ဒီပစ္စည်းရဲ့ အားနည်းချက်ကို တစ်ခါတလေမှာ ဖောက်သည်ကတော့ မသိဘူး။ ဒါပေမဲ့ ကိုယ်တိုင်ကတော့ သိနေတယ်လေ၊ ဖောက်သည်ကို ယုံကြည်ရလောက်တဲ့ အရည်အသွေးပြည့် ပစ္စည်းပဲပေးချင်တယ်။ အဓိကကတော့ ကိုယ့်ကို ယုံကြည်မှုအပျက်မခံနိုင်ဘူး။ Trust Value ကို အလေးထားတယ်။ ပြီးတော့ ကျွန်မတို့ဆီက ပစ္စည်းတွေရဲ့ ဒီဇိုင်းပေါ့။ The Rich Gems က ဒီဇိုင်းတွေက ခေတ်နဲ့အညီ လုပ်ထားပေးတယ်။ ဒီက ဒီဇိုင်းကိုဝတ်သွားရင် ဖောက်သည်က စိတ်ကျေနပ်စေရမယ်။ နိုင်ငံခြားသွားရင်လည်း ဒီဇိုင်းက အောက်သွားတာမျိုး မဖြစ်စေဘူး။ အဲဒါတွေကြောင့်ပါ။ တခြားလျှို့ဝှက်ချက်တော့ မရှိပါဘူး။

**လူအများရဲ့ လက်ဝတ်ရတနာတွေအပေါ်ထားတဲ့ သဘောထားကိုလည်း လေ့လာမိသလောက် ပြောပြပေးပါလား။**

အဓိကကတော့ အများစုက လှချင်ကြတာပါပဲ။ တကယ်တမ်းပြောရရင် ရင်းနှီးမြှုပ်နှံချင်လို့ ငွေစုချင်လို့ဆိုရင်လည်း ရွှေလည်းဝယ်ရင် ရတာပဲလေ။ ပိုတောင်လွယ်သေးတယ်ပေါ့နော်။ လက်ဝတ်ရတနာကကျတော့ ဝတ်ချင်လို့ကို ဝယ်ကြတာများတယ်လေ။ ပြီးတော့ စိန်ကျတော့လည်း တန်ဖိုးက ကျသွားတာမျိုးမရှိဘူးလေ။ တန်ဖိုးက တက်လာတာပဲလေ။ ဒီတော့ ရင်းနှီးမြှုပ်နှံချင်ကြတဲ့သူတွေက စိန်ထည်ကို ပိုဝယ်ကြတာပေါ့။ တချို့ကျတော့လည်း ဖက်ရှင်ဖြစ်တာကို ကြိုက်တယ်ပြောရမယ်။ အဝတ်အစားပေါ်မူတည်ပြီး လက်ဝတ်ရတနာကို ဝတ်ချင်ကြ တာလေ။ လှလှလေးဖြစ်ချင်ကြတာကိုး။ သဘောထားကတော့ အမျိုးစုံပဲပေါ့။ ငွေစုချင်လို့၊ ရင်းနှီးမြှုပ်နှံချင်လို့ လှချင်လို့ အစုံပေါ့။ တချို့ကကျတော့လည်း Gems တွေကို ဝါသနာအရစုတာမျိုးလည်း ရှိသေးတယ်၊

**The Rich Gems ရဲ့ လက်ဝတ်ရတနာဒီဇိုင်းတွေက ဘယ်လိုအရာတွေကို အဓိကဦးတည်ပြီး ထုတ်လုပ်ထားပါသလဲ။**

ဒီအလုပ်က ဖက်ရှင်ဘောပါပဲ။ လက်ရှိ trend နဲ့ လိုက်နိုင်အောင် တော်တော်လေး လုပ်နိုင်ရတယ်။ ကိုယ့်ပစ္စည်းက အရမ်းကြီး ဖက်ရှင်ကျနေရင်လည်း မဖြစ်ပြန်ဘူး။ ကိုယ့်ဒီဇိုင်းက Classic ဖြစ်နိုင်လား။ တစ်နှစ်၊ နှစ်နှစ်အတွင်းနဲ့ ဒီဇိုင်းက အောက်သွားမလားကြည့်ရမှာပေါ့။ ဘာလို့လဲဆိုတော့ ရတနာပစ္စည်းဆိုတာမျိုးက အဝတ်အစားလိုမျိုး ခဏ ခဏဝယ်ကြတာမျိုးတွေ မဟုတ်ဘူးလေ။ တစ်ခါဝယ်ပြီးရင် တစ်သက်လုံး သိမ်းထားကြ၊ ဝတ်ကြတာမျိုးလေ။ ဒီတော့ ဘယ်တော့မှ မရိုးသွားနိုင်တဲ့ ဒီဇိုင်းမျိုးကမှ အဆင်ပြေမှာလေ။ ဒါကြောင့် The Rich Gems ကတော့ ဒီဇိုင်းဆိုရင် Classic ဖြစ်တဲ့ ဒီဇိုင်းမျိုးကိုပဲ အဓိကထားတယ်။ ဖက်ရှင်ဖြစ်ရမယ်။ ဒါပေမဲ့ အရမ်းကြီး ဖက်ရှင်ဆန်လို့လည်း မရဘူးပေါ့။ တော်ကြာ အခုခေတ်စားပြီး ခဏနေ ဒီဇိုင်းအောက် သွားပြီဆိုရင် ဝယ်ရသူအတွက်

> အမေလုပ်ခဲ့တဲ့အလုပ်ကို ဆက်လုပ်ရတာက တစ်ခါတလေမှာလည်း တော်တော်လေးခက်ပါတယ်။ ဘာလို့လဲဆိုတော့ကျွန်မအမေက လုပ်ငန်းလုပ်တဲ့အရည်အချင်းက တော်တယ်လေ။ အဲဒီတော့ အမေ့လိုဖြစ်ဖို့ ကြိုးစားရတာက ကျွန်မအတွက် မလွယ်ဘူး။ လုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်ရတာ ခက်သလို အောင်မြင်ပြီးတဲ့ လုပ်ငန်းတစ်ခုကို ဆက်ပြီး အောင်မြင်အောင် ထိန်းရတာကလည်း ခက်ပါတယ်။

မကန်ဘူးပေါ့။

**ကမ္ဘာက လက်ဝတ်ရတနာ ဒီဇိုင်းတွေနဲ့ ဒီက ဖန်တီးလေ့ရှိကြတဲ့ ဒီဇိုင်းတွေမှာ ဘယ်လိုကွာခြားချက်တွေ ရှိပါသလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်မတို့နိုင်ငံမှာက လက်ဝတ်ရတနာနဲ့ပတ်သက်ပြီး နည်းပညာပိုင်းက အားနည်းနေတယ်။ ဒီရတနာပစ္စည်းတွေကို မလုပ်ခင်မှာ အရင် Sketh ဆိုတဲ့ ပုံကြမ်းဆွဲရတာကိုး။ တစ်ခါတလေကျတော့ ပုံထဲကအတိုင်း တကယ်ဖန်တီးရတဲ့ ပန်းထိမ်ဆရာက မလုပ်နိုင်ဘူး။ မလုပ်နိုင်တာက နည်းပညာအကူအညီ နည်းနေတာကိုး။ တကယ်တော့ မြန်မာရဲ့ ပန်းထိမ်လက်ရာနဲ့ မြန်မာရဲ့ အနုပညာလက်ရာက အရမ်းလှပါတယ်။ ကမ္ဘာမှာကျတော့ နည်းပညာပိုင်း တအားကောင်းကြတယ်။ နည်းပညာအကူအညီက လိုသလိုရနေတော့ ဒီဇိုင်းတွေက ကောင်းနေတော့တာပေါ့။ ပုံထဲကအတိုင်း သူက ဖန်တီးနိုင်နေတယ်။ ဒီမှာကတော့ စောစောကပြောသလိုပဲ၊ ပုံထဲကဟာနဲ့ တကယ်ထွက်လာတဲ့ ဒီဇိုင်းနဲ့က မတိုက်ဘူး။ ပြောရရင်တော့ Creative Thinking ကောင်း တယ်၊ ဒါပေမဲ့ ကိုယ်တွေးထားသလို ဖန်တီးဖို့ ကျတော့ နည်းပညာတွေ ပစ္စည်းကိရိယာတွေက လိုတယ်လေ၊ ပြီးတော့ ဖတွေ့အကြံပိုင်းလည်း လိုတယ်၊ ကျွန်မတို့ဆီမှာ မြန်မာပန်းထိမ်ဆရာတွေရော ထိုင်းက ပန်းထိမ်ဆရာတွေရောရှိတယ်။ ထိုင်းက ပန်းထိမ်ဆရာတွေက နည်းပညာ ပိုင်းပဲဖြစ်ဖြစ် ဗဟုသုတပိုင်းပဲဖြစ်ဖြစ် သင်ပေးလိုက်ရင် မြန်မာ ပန်းထိမ်ဆရာတွေက သူတို့ ထက်ပိုကောင်းအောင် ဖန်တီးနိုင်ကြတယ်။

**ကိုယ့်ရဲ့ ဖောက်သည်တွေက ကိုယ့်ဆိုင်က ပစ္စည်းအပေါ် Complain တက်လာခဲ့ရင် ဘယ်လို ဖြေရှင်းပေးပါသလဲ။**

အဲဒီလို Complaint မျိုးတော့ တစ်ခါမှ မကြုံဖူးသေးပါဘူး။ တစ်ခါတလေမှာတော့ မတော်တဆနဲ့ ထိမိသွားလို့ ပွန်းပဲ့သွားတာမျိုးတော့ ပြန်ပြင်ပေးပါတယ်။ ကိုယ့်ရဲ့ဝယ်သူကို စိတ်တိုင်းကျအောင် အမြဲဝန်ဆောင်မှုပေးပါတယ်၊ ဒီဇိုင်းပိုင်းနဲ့ ပတ်သက်ပြီးပဲဖြစ်ဖြစ်ပေါ့၊ အားလုံးက အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါတယ်၊ အဲဒီလို လုပ်ပေးရတာတွေအတွက်လည်း Extra Charges ဆိုပြီး ယူတာမျိုး မလုပ်ပါဘူး။

**ကိုယ့်ဆိုင်က ဝယ်ယူအားပေးသွားတဲ့ ပစ္စည်းအပေါ်လဲလှယ်လိုတဲ့အခါ ဒါမှမဟုတ် ပြန်လည်ရောင်းချလိုတဲ့အခါ တာဝန်ယူမှုက ဘယ်လိုပါလဲ။**

ကျွန်မတို့ဆိုင်ရဲ့ စည်းကမ်းတွေ၊ မူဝါဒတွေ အတိုင်း လုပ်ပေးပါတယ်။ ကျွန်မတို့က ညှိနှိုင်းပြီး လုပ်ပေးတာပါ။ ညှိနှိုင်းတာမှာလည်း ကိုယ့်ရဲ့ Customer နစ်နာတာမျိုးမရှိအောင် ညှိနှိုင်းပေးတာပါ။ ပြန်လဲချင်တယ်ဆိုရင်လည်း သူလိုချင်တာနဲ့ အကိုက်ညီဆုံးဖြစ်အောင် ဖန်တီးပေးတယ်။ ရောင်းချင်တယ်ဆိုရင်လည်း ကျွန်မတို့က ပြန်ဝယ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဆိုင်က ပစ္စည်းပဲပေါ့နော်။

**အစ်မအနေနဲ့ရော နိုင်ငံတကာက Jewellery Designer တွေထဲမှာ ဘယ်သူ့လက်ရာတွေကို သဘောကျပါသလဲ။**

အများကြီးပါပဲ။ ကမ္ဘာ့တိုင်းက လုပ်တာတွေက သူ့ဒီဇိုင်းနဲ့သူ လှနေကြတာတွေလေ။ ကျွန်မကတော့ အားလုံးကို ကြိုက်တယ်၊ သူတို့ ဒီဇိုင်းတွေကိုလည်း ပြန်လေ့လာတယ်၊ ပြီးရင် Inspiration လုပ်ပြီး ကျွန်မတို့ပစ္စည်းမှာ ပိုတာလိုတာလေးတွေ ဖန်တီးရတယ်။ များသောအားဖြင့် ဥရောပက ပစ္စည်းဆိုရင် small pieces လေးတွေ ဝတ်ကြတာများတယ်၊ အာရှမှာဆိုရင် အိန္ဒိယ၊ ဗီယက်နမ်နဲ့ ကျွန်မတို့မြန်မာတွေက ရတနာတော်တော် ဝတ်ကြတယ်။ ဝတ်ရင်လည်း ခပ်ကြီးကြီးကို ရွေးဝတ်ကြတာလေ။ အိန္ဒိယဆိုရင် ရတနာထက် ရွှေထည်တွေ ဝတ်တာပေါ့။ ဒါပေမဲ့ သူတို့ရဲ့ ရွှေပန်းထိမ်လက်ရာတွေကလည်း တော်တော်ကောင်းတယ်။ အကြိုက်တွေ မတူကြဘူး။


**အစ်မက Inspire ဆိုတဲ့ Fashion ဆိုင်ရော Inya Day Spa ရော ဖွင့်ထားတယ်ဆိုတော့ အဲဒီဆိုင်တွေကိုရော ဘာကြောင့် ဖွင့်ဖြစ်ခဲ့တာပါလဲ။**

တကယ်တော့ ကျွန်မရဲ့စိတ်ဝင်စားမှုက Fashion ပေါ့။ အကျီတွေ၊ ဂါဝန်တွေကို အရမ်းသဘောကျတယ်၊ အဲဒါနဲ့ Inspire ဆိုင်ကို ဖွင့်ခဲ့တာပေါ့။ ဒီမှာ ဆိုင်တွေအများကြီး ရှိပါတယ်၊ ဒါပေမဲ့ Chiponနဲ့ ချုပ်တာတော့ မရှိသေးဘူး။ ဒါကြောင့် စမ်းပြီးလုပ်ကြည့်မယ်ပေါ့။ ပြီးတော့ ကိုယ့်ရဲ့ လက်ဝတ်ရတနာတွေက လှပြီး အဝတ်အစားက မလှရင်လည်း မဖြစ်ဘူးလို့ ကျွန်မက မြင်တယ်။ အဝတ်အစားလှပြီး ရတနာမလှရင်လည်း တစ်ခု လိုနေမှာပဲလေ။ ဒါကြောင့် တွဲလုပ်ဖြစ်တာပေါ့။ Spa ကလည်း ကျွန်မအကြိုက်ပဲ ဆိုပါတော့။ ကျွန်မက အနှိပ်အရမ်းကြိုက်တယ်။ ဒီမှာ Spa လေးတွေ အများကြီးရှိပါတယ်။ ကျွန်မက စာလေးဖတ်ပြီး အနှိပ်ခံရတာမျိုးကို သဘောကျတယ်၊ ဒါနဲ့ Day Spa လေးဖွင့်မယ်ဆိုပြီး ဖွင့်ခဲ့တာပေါ့။ အလှအပရော အဝတ်အစားရော လက်ဝတ်ရတနာရော တစ်ခါတည်းအားလုံးပြည့်စုံအောင် လုပ်ဖြစ်တာပါ။

**အစ်မကိုယ်တိုင်ကရော ဘယ်လို ဖက်ရှင်ဒီဇိုင်းမျိုးတွေကို စိတ်ဝင်စားလေ့ရှိပါသလဲ။**

ကျွန်မက အရမ်း Crazy ဖြစ်တဲ့ ဒီဇိုင်းမျိုးတော့ မရှိပါဘူး။ နေရာ၊ ဒေသနဲ့ လိုက်ပြီးတော့ပဲ ဝတ်ပါတယ်။ ဥပမာ - ဟိုတယ်လိုနေရာမျိုး သွားမှာဆိုရင်တော့ လေးစားတဲ့သဘောမျိုး





ဖြစ်စေတဲ့ Smart ကျကျဝတ်စုံမျိုးကို ဝတ်တယ်။ Gala Dinner ဆိုရင်လည်း Evening Dress လိုမျိုး ဝတ်တယ်။ Day Opening ဆိုရင်တော့ Causual လိုမျိုးဝတ်တယ်။ နေရာရွေးပြီးပဲ ဝတ်ပါတယ်။

**ဖက်ရှင်နဲ့ ဝတ်သက်ပြီးတော့ ဝါသနာပါတယ်ဆိုတော့ ဖက်ရှင်ဒီဇိုင်နာရော လုပ်ဖို့ အစီအစဉ်မရှိဘူးလား။**

Fashion ကတော့ အရမ်းဝါသနာပါတယ်။ ဒါတလည်း မိန်းကလေးတိုင်း Fashion ကို ကြိုက်ကြတယ်လို့ ကျွန်မတော့ ထင်တာပဲ။ Designer လုပ်ဖို့ကတော့ မဖြစ်သေးပါဘူး။ ဝါသနာပါတယ်။ ကြိုက်တယ်ဆိုပေမယ့် အဲဒီလို လုပ်ဖို့ ကျွန်မမှာ အချိန်ကမရှိဘူး ဖြစ်နေတယ်။ လုပ်တော့ လုပ်ကြည့်ချင်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး။

**လူငယ်တစ်ယောက်ဖြစ်တဲ့ အစ်မအတွက် အခုလို စီးပွားရေးတစ်ခုကို ဦးဆောင်လုပ်ရတဲ့ အခါ ဘယ်လိုအားသာချက်၊ အားနည်းချက်တွေကို ကြုံရပါသလဲ။**

လူငယ်ဆိုတော့ အတွေ့အကြုံပိုင်းမှာတော့ အရမ်းအားနည်းတာတော့ ရှိတယ်။ အဲဒါမျိုးကျတော့ အတွေ့အကြုံရှိတဲ့လူကြီးတွေရဲ့ အကြံဉာဏ်ကို ယူရတာပေါ့။ ကိစ္စတစ်ခုက ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးက လူကြီးတွေရဲ့ အတွေ့အကြုံအရ ဆွေးနွေးကြည့်ရတာပေါ့။ ကျွန်မတို့ကကျတော့ လုပ်ချင်တာပဲ ရှိတာလေ။ အဲဒီလိုလုပ်လိုက်ရင် ဘာဖြစ်မယ်ဆိုတာကို မတွေးဆတတ်သေးဘူး ပေါ့။ Idea အသစ်တွေနဲ့ ခေတ်နဲ့ညီတဲ့အမြင်တွေ ကျတော့ ကျွန်မတို့က လူကြီးတွေထက်သာမယ် ထင်တယ်။ ကျွန်မကတော့ ကိစ္စတိုင်းကို အမေနဲ့ တိုင်ပင်တယ်။ အမေက လမ်းညွှန်ပေး ဆွေးနွေး ပေးတယ်။ လူငယ်မို့လို့ ပိုအောင်မြင်တယ်တို့၊ လူကြီးမို့လို့ ပိုအောင်မြင်တယ်တို့တော့ မရှိပါဘူး။ နှစ်ဖက်လုံးက အရေးကြီးတယ်။

**အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်က ခင်ပွန်းနဲ့ နောက်တစ်လှမ်းချိန်ပြီး နေရမယ်။ ဒါမှ မဟုတ် ဘေးချင်းယှဉ်ပြီးတော့ပဲ နေရမယ်ဆိုတဲ့ အယူအဆအပေါ် အစ်မဘယ်လို ဆွေးနွေးချင်ပါ သလဲ။**

ကျွန်မရဲ့အမြင်အရဆိုရင်တော့ ဒီအယူအဆ ကို လက်မခံပါဘူး။ အခုခေတ်က very open Minded ဆိုတဲ့ အရမ်းကို ပွင့်လင်းတဲ့ခေတ်လေ။ ယောကျ်ားတွေလည်း အလုပ်လုပ်ရသလို မိန်းမ တွေလည်း အလုပ်လုပ်ရတဲ့ခေတ်ပေါ့။ ယောကျ်ား နဲ့မိန်းမမှာ ဘယ်သူမဆို တော်လို့ရတယ်လေ။ ယောကျ်ားမှ ပိုတော်ရမယ်ဆိုတာတော့ မဟုတ် သေးပါဘူး။ ပြီးတော့ ယောကျ်ားနဲ့မိန်းမက အလုပ် လုပ်ကြတဲ့အချိန်မှာ အလုပ်လုပ်ကြတာပဲ။ ဒါပေမဲ့ အိမ်ပြန်ရောက်တဲ့အချိန်မှာတော့ ဘယ်သူ ပိုတော်တယ်၊ ဘယ်သူပိုညံ့တယ် မရှိရတော့ဘူး။ မစဉ်းစားသင့်တော့ဘူးပေါ့။ အဓိကက နှစ်ယောက်လုံးက အပြန်အလှန်လေးစားမှု ရှိဖို့ပါ ပဲ။ ဒါမှ နားလည်မှုရမှာပေါ့။ နားလည်မှုမရှိတဲ့ လူနှစ်ယောက်က တစ်သက်လုံး အတူတူနေဖို့ မဖြစ်နိုင်ပါဘူး။

**အမျိုးသမီးတစ်ယောက်က တော်တယ်၊ ထက်မြက်တယ်၊ ဖက်ရှင်ကျတယ်။ ဒါ့အပြင် အိမ်ထောင်ရှင်မကောင်းလည်း ပီသရမယ်ဆိုရင် တာဝန်တွေအရမ်းပိသွားမယ် မထင်ဘူးလား။**

အားလုံးတော်တဲ့ လူတစ်ယောက်ဖြစ်ဖို့က မလွယ်ပါဘူး။ တချို့အမျိုးသမီးတွေက လုပ်ငန်း လုပ်တာမှာ တော်ကြတယ်။ ဒါပေမဲ့ အိမ်မှုကိစ္စ လုပ်တာကျတော့ မတော်ကြဘူး။ တချို့ကကျ တော့ အိမ်မှုကိစ္စတွေမှာတော့ တော်တယ်။ ဒါပေမဲ့ လုပ်ငန်းမလုပ်တတ်ကြပြန်ဘူး။ ကျွန်မ အမြင်မှာတော့ အိမ်ထောင်ရှင်မကောင်းတစ် ယောက်ဖြစ်ဖို့ဆိုရင် အိမ်မှုကိစ္စတွေ နိုင်နင်းမှ မဟုတ်ပါဘူး။ ကိုယ့်ခင်ပွန်းကိုယ့်မိသားစုကို စောင့်ရှောက်နိုင်ရင် ဒါအိမ်ထောင်ရှင်မကောင်း ပါပဲ။ ကျွန်မကတော့ လုပ်ငန်းလုပ်တာကို ပိုပြီး အားသာတယ်။ အိမ်ကအလုပ်တွေတော့ မလုပ် ဖြစ်ဘူး။ ဒါပေမဲ့ ကိုယ့်မိသားစုကိုတော့ စောင့် ရှောက်နိုင်ပါတယ်။ အပြန်အလှန်နားလည်မှုတွေ

Asian Fame Media Group



အားလုံးဆော်တဲ့
လူတစ်ယောက်ဖြစ်ဖို့က
မလွယ်ပါဘူး။
တချို့အမျိုးသမီးတွေက
လုပ်ငန်းလုပ်တာမှာ
တော်ကြတယ်။ဒါပေမဲ့အိမ်မှုကိစ္စ
လုပ်တာကျတော့မတော်ကြဘူး။
တချို့ကကျတော့
အိမ်မှုကိစ္စတွေမှာတော့
တော်တယ်။ဒါပေမဲ့လုပ်ငန်း
မလုပ်တတ်ကြပြန်ဘူး။

လည်း ရှိတယ်။

**လုပ်ငန်းအောင်မြင်မှုဆိုတာက ဝန်ထမ်းတွေနဲ့လည်း ဆက်စပ်နေတယ်လို့ ပြောတဲ့အပေါ်မှာရော အစ်မဘယ်လိုဆွေးနွေးချင်ပါသလဲ။**

အရမ်းကို အရေးကြီးပါတယ်။ လုပ်ငန်းရဲ့အောင်မြင်မှုက ဝန်ထမ်းတွေနဲ့ ဆက်စပ်တယ်၊ ကိုယ့်ရဲ့ Idea က ဘယ်လောက်ကောင်းကောင်း ကိုယ့်ဝန်ထမ်းက နောက်က မလိုက်နိုင်ရင် လုပ်ငန်းတွင်မှာ မဟုတ်တော့ဘူး။ ကိုယ့်ရဲ့ဝန်ထမ်းက အရမ်း Smart ကျရင် ကိုယ်ကပြောလိုက်တာနဲ့ သူက တန်းသိပြီး မြန်မြန်အကောင်အထည်ပေါ်တာပေါ့။ တော်တဲ့ဝန်ထမ်း ကြိုးစားတဲ့ဝန်ထမ်းက လုပ်ငန်းအောင်မြင်ဖို့အတွက် အရေးကြီးတယ်။ ကျွန်မဆိုရင် အရမ်းကံကောင်းတယ်။ ကျွန်မတို့ဆီမှာ အရမ်းတော်တဲ့ ဝန်ထမ်းတွေ ရထားတယ်၊ ဘက်စုံတော်တဲ့ ဝန်ထမ်းတွေ မဟုတ်ပေမယ့် သူ့နေရာနဲ့သူ အရမ်းတော်ကြတယ်။ သူတို့တွေက Teamwork ကောင်းကောင်းနဲ့ ပူးပေါင်းပြီးလုပ်ကြတော့ The Rich Gems က အောင်မြင်သွားတာပါ။

**အစ်မရဲ့ဝန်ထမ်းတွေအပေါ်မှာရော ဘယ်လို Leadership Style နဲ့ စီမံအုပ်ချုပ်ပါသလဲ။**

ကျွန်မကတော့ သူငယ်ချင်းလိုပဲ ဆွေးနွေးတိုင်ပင်ပြီး လုပ်ပါတယ်။ စည်းကမ်းနဲ့ သွေဖည်သွားရင်တော့ ဆူရတာပေါ့။ ဒါပေမဲ့ မိသားစုပုံစံနဲ့ပဲ လုပ်ကိုင်ကြပါတယ်။ သူ့ကိစ္စ ကိုယ့်ကိစ္စအားလုံးကို ဝိုင်းဝန်းပြီးပဲ လုပ်ကြတာပါ။ သူတို့အခက်အခဲတွေရှိခဲ့ရင်လည်း ကျွန်မတို့က နိုင်သလောက် ဖြေရှင်းပေးပါတယ်၊ ကိုယ့်ဝန်ထမ်းတွေကလည်း ကိုယ့်အပေါ် နားလည်ပေးကြတယ်၊ အလုပ်မရှိတဲ့အခါ စောစောပြန်ကြပေမယ့် အလုပ်အရမ်းများနေရင်လည်း အလုပ်ကို အချိန်ပိုစေတနာပါပါ အားတက်သရောနဲ့ကို လုပ်ပေးကြတယ်။

**အခုနောက်ပိုင်း မြန်မာပြည်မှာ အလုပ်သမားအခွင့်အရေးတို့၊ အလုပ်သမားရပိုင်ခွင့်တို့ဆိုတာတွေကို အရမ်းပြောလာကြပြီနော်။ အဲဒီအပေါ်မှာ အစ်မရဲ့ သုံးသပ်ချက်လေးကို ပြောပြပေးပါဦး။**

ဒါက အရမ်းကောင်းတဲ့ ပြောင်းလဲမှုပါပဲ။ လူတိုင်းမှာ ရပိုင်ခွင့်ဆိုတာက ရှိကိုရှိရမယ်။ နိုင်ငံတစ်ခုတိုးတက်ဖို့က ဒီလိုအခွင့်အရေးပေါ်မှာ အများကြီး မူတည်တယ်။ ဒါပေမဲ့ လုပ်သင့်တာနဲ့ မလုပ်သင့်တာတော့ ရှိတာပေါ့လေ။ Labour Right တို့၊ Labour Act တို့ဆိုတာက ဖွံ့ဖြိုးတဲ့နိုင်ငံတိုင်းမှာ အရေးပါနေတာတွေပါ။ ကျွန်မတို့နိုင်ငံမှာ အခုမှ ပြောလာနိုင်တာက အရမ်းနောက်ကျနေပါပြီ။

**အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ဥပဒေရေးရာအရမဟုတ်တဲ့ တခြားဘယ်လိုစောင့်စည်းမှုတွေရှိရဦးမှာလဲ အစ်မ၊**

အရေးကြီးတာတော့ လူသားချင်းစာနာမှုပါပဲ၊ စိတ်ပိုင်းဆိုင်ရာ ဒုက္ခရောက်စေတာလည်း မကောင်းတာမျိုးပဲပေါ့။ အချင်းချင်းမေတ္တာလေးနဲ့ စေတနာလေးနဲ့ ဆက်ဆံရမှာပေါ့။ အလုပ်သမားတလည်း အလုပ်ရှင်အပေါ် ပြန်ပြီးသစ္စာစောင့်ရမယ်ပေါ့။ ပြီးတော့ စည်းကမ်းပိုင်းဆိုင်ရာလေးတွေပေါ့၊ အဓိကကတော့ အချိန်လေးစားမှုပေါ့။ မဖြစ်မနေဆိုခဲ့ရင်တော့ ကျွန်မတို့ကလည်း ခွင့်ပြုပေးပါတယ်။ စည်းကမ်းပိုင်းလိုက်နာရင်လည်း အလုပ်ရှင်ဘက်က ဆုပေးတာမျိုးလုပ်ပေးရမှာပေါ့၊ ကိုယ့်ရဲ့အလုပ်သမားက လုပ်ငန်းခွင်မှာ ပျော်ရွှင်ဖို့အတွက်က အလုပ်ရှင်မှာ တာဝန်ရှိတယ်။ ပြီးတော့ သူတို့လိုအပ်တဲ့အချိန် အခက်အခဲတွေ ကြုံနေရတဲ့အချိန်မှာလည်း အလုပ်ရှင်က တတ်နိုင်သလောက် ဖေးမသင့်တယ်။ ဒါက လူ့တာဝန်ဆိုရင် မမှားဘူး။

**ရှေ့ဆက်သွားမယ့် အစ်မတို့ရဲ့လုပ်ငန်းအနာဂတ်ကိုလည်း ပြောပြပေးပါဦး။**

ဒီနှစ်အတွက်မှာတော့ ဆိုင်ခွဲအသစ်တစ်ခုဖွင့်မယ်။ Junction Square မှာ The Rich Gems Show Room ဖွင့်မယ်။ ဒီ ၂၀၁၂ ထဲမှာ ဖွင့်ဖြစ်မှာပါ။

**လက်ဝတ်ရတနာဆင်မြန်းမှုနဲ့ ပတ်သက်ပြီး ရတီအမျိုးသမီးပရိသတ်ကို ဘယ်လို Message လေး ပေးချင်ပါသလဲ။**

ပေးချင်တဲ့ Message ကတော့ လက်ဝတ်ရတနာက ဝတ်သင့်တဲ့နေရာရှိသလို မဝတ်သင့်တဲ့နေရာလည်းရှိတယ်။ ပြီးတော့ ရတနာပစ္စည်းကများတိုင်း ကောင်းတာမဟုတ်ပါဘူး။ ကိုယ်က ဘာကိုပြချင်တာလဲ စဉ်းစားပေါ့။ ကိုယ်ပြချင်တဲ့ပစ္စည်းတစ်ခုကိုပဲ ကြီးကြီးလှလှလေးဝတ်ပါ။ အဲဒီလိုဆိုရင်လည်း လှပါတယ်လို့ ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group

**ညီမလေးက သရုပ်ဆောင်နဲ့ဂီတ ဘယ်အပိုင်းကို အရင်ဝါသနာပါခဲ့တာလဲ။**

ဂီတလို့ ဖြေရမှာပေါ့၊ ဝါသနာပါတယ်ဆိုတာထက် ကြိုက်တာပေါ့နော်။ အရင်ဆုံးစပြီး စိတ်ထဲရောက်ခဲ့တာက ရုပ်ရှင်မဟုတ်ပါဘူး။ သီချင်းတွေကနားထဲ အရင်ဆုံးရောက်ခဲ့တာပေါ့၊ အဲဒီ လိုမျိုး သီချင်းတွေကို အရင်ကြိုက်ခဲ့တာပေါ့။

**ရှေ့ဆက်ပြီး ဂီတနဲ့ သရုပ်ဆောင် ဘယ်အပိုင်းကို ဦးစားပေးဖြစ်မလဲ၊**

တတ်နိုင်သလောက်တော့ မျှပြီးလုပ်သွားချင်တယ်။ ရှေ့မှာက စီနီယာတွေလည်း ရှိတယ်လေ၊ ဘယ်အပိုင်းကို ပရိသတ်က ပိုအားပေးမလဲ၊ အကယ်၍ နှစ်ခုစလုံးကို အားပေးတယ်ဆိုလို့ ရှိရင်တော့ နှစ်ဖက်စလုံးကို ဟန်ချက်ညီညီ ကြိုးစားပြီး လုပ်သွားချင်တယ်။

**ညီမလေးရဲ့ မိဘတွေကရော ဘယ်လိုပံ့ပိုးကြသလဲ။**

မိဘတွေက အရမ်းအားပေးကြပါတယ်၊ ကိုယ်ရောစိတ်ပါ အားပေးကြတယ်။ သူတို့ကိုယ်တိုင်လည်း လုပ်ပေးတယ်။ အိမ်ကနေလည်း အားပေးတယ်၊ အဖေဆိုရင် တတ်နိုင်သမျှ လူအားရော၊ ငွေအားရော လုပ်ပေးပါတယ်။ ဒီအခွေလေးဆိုရင်လည်း ကိုယ်ပိုင်ငွေထုတ်၊ မိဘတွေ ကိုယ်တိုင်စိုက်ထုတ်ပြီး လုပ်ဖြစ်ခဲ့တာပေါ့နော်၊ ကိုယ်တိုင် ပရိုဂျူဆာပေါ့ (ရယ်လျက်)။

**ညီမလေး ဘယ်လိုဂီတနဲ့ ဘယ်လိုသီချင်းမျိုးတွေကို ကြိုက်ခဲ့သလဲ။**

ပထမဆုံး ကြိုက်ခဲ့တာဆိုရင် မတင်ဇာမော်ပေါ့နော်။ သူ့

# feb:29
# လေးနှစ်တစ်ကြိမ်
# Anniversary
## ဖြိုးသီရိခေတ်

RRANGED BY MOE THAUK KYAL

MUSIC CORNER



MAKE UP- M KYAW KYAW
PHOTO - PYAY HAN (COLOR MAX)

Asian Fame Media Group

သီချင်းတွေ နားထဲ အရင်ရောက်တယ်။ နောက်ပြီး မဒီ၊ မဆုန်သင်း ပါရဲ၊ မဖြူ (ဖြူဖြူကျော်သိန်း)။ မသီ့ အဲဒီလိုမျိုးပေါ့၊ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့် လိုက်တော့ ကိုယ်ကြိုက်တဲ့ ဂီတအမျိုးအစားတွေက (Rock) တွေ ဖြစ်နေတယ်၊ ဒီလိုသီချင်းတွေ နား ထဲကို အရင်ရောက်ခဲ့တာပေါ့နော်။

**ညီမလေးရဲ့ သီချင်းခွေအတွက် ရေးစပ်ပေးကြတဲ့ တေးရေးဆရာတွေက ....**

တေးရေးဆရာတွေကတော့ မင်းချစ်သူ၊ မြင့်မိုးအောင်၊ ကေအောင်၊ ရွှေဂျော်ဂျော်၊ ဇဝါ၊ R နိုင် နဲ့ ဇော်ဦးဇော်တို့ပါ။

**ညီမလေးရဲ့ သီချင်းတွေအတွက် တေးရေးတွေနဲ့ရော ညှိခဲ့ရတာရှိလား။**

အဲဒီလိုမျိုးတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ညီမက အရှေ့မှာ အတွဲခွေလေး ထွက်ဖူးတာလည်း ရှိတယ်လေ။ ဦးမြင့်မိုးအောင်ရေးပေးတဲ့ 'စကားလေးတစ်ခွန်း' ဆိုတဲ့သီချင်းကလည်း ပရိသတ်တွေက အထိုက်အလျောက်သိတယ်လေ၊ အဲဒီသီချင်းကို တေးရေးတွေ နမူနာကြားဖူးကြတော့ ညီမအသံက အသံပါဝါကြီးပေမယ့် အသံချိုတယ်။ အဲဒီလိုမျိုးဆိုတော့ Pop ဆိုတာပေါ့နော်။ ကိုယ်က သူတို့ကို ဟိုဟာရေးပေးပါ၊ ဒီဟာရေးပေးပါဆိုပြီး တွေတွေထူးထူး လိုက်ပြောစရာမလိုဘူးပေါ့နော်။ ကိုယ်နဲ့လိုက်မယ့် Music ကို ကြည့်ပြီးတော့ သူတို့က ရေးပေးတာပေါ့။ တေးရေး ဆရာကြီးတွေဖြစ်တဲ့အတွက် သူတို့အတွေ့အကြုံနဲ့သူတို့ အချိန်မီ ရေးပေးတဲ့ သဘောပေါ့။

**အခုထွက်မယ့် ညီမလေးရဲ့ စီးရီးကိုရော ကိုယ်တိုင် အားရကျေနပ်မှုရှိရဲ့လား၊ ပြီးတော့ ဘယ်လောက်ထိ မျှော်လင့်ထားလဲ။**

ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအခွေလုပ်ခဲ့တဲ့အချိန်က တစ်နှစ်ခွဲကြာတယ်၊ အကောင်းဆုံးလည်း လုပ်တယ်၊ Band ဆိုရင်လည်း ကိုယ်ကြိုက်တဲ့ Band၊ တေးရေးဆိုရင်လည်း ငယ်ငယ်တည်းက နာမည်ကြီးတဲ့ တေးရေးတွေနဲ့၊ တိုက်ဆိုင်တဲ့တေးရေးနဲ့လည်း ရေးတယ်၊ ပြီးတော့ Vocal Guide စသဖြင့် အကုန်လုံးက စိတ်ကြိုက်လုပ်ခဲ့တဲ့အတွက် ကြိုက်တယ်၊ အားရကျေနပ်မှုရှိပါတယ်။ ဘယ်လောက်ထိမျှော်လင့်ထားလဲဆိုတော့ ကိုယ်က အကောင်းဆုံးပြုလုပ်ထားတဲ့အတွက် ပရိသတ်က အားပေးစေချင်ပါတယ်။ ဘယ်လိုလဲဆိုတော့ စကားပုံလေးတစ်ခုရှိတယ်။ အနောက်တိုင်းစကားပုံလေးပေါ့။ အဲဒါက 'လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ၊ လာချင်တာလာပါစေ'။ အဲဒီစကားလေးကို ညီမ အရမ်းသဘောကျတယ်၊ ညီမ လုပ်သင့်လုပ်ထိုက်တာကို အကောင်းဆုံးလုပ်ပြီးပြီဆိုတော့ လာချင်တာလာပါစေပေါ့၊ မြန်မာလိုပြောရရင် ကိုယ့်ရဲ့ကံ တရားနဲ့ စန်းနဲ့ ပရိသတ်အားပေးမှုပေါ့။

**အခုထွက်တဲ့အခွေက CD လား၊ CD ဆိုရင်ကော VCD က ဘယ်တော့လောက် ထွက်မှာလဲ။**

CD ပါ အစ်မ၊ AUDIO ပေါ့၊ VCD က ဘန်ကောက်၊ ပတ္တရား၊ ချင်းမိုင် အဲဒီမှာ CD မထွက်ခင်ကတည်းက အလှကဒ်တွေ၊ သီချင်းအဆိုကဒ်တွေရိုက်ထားတယ်။ ဒီရောက်ရင် မင်းသား၊ မင်းသမီးတွေနဲ့ပေါင်းပြီးတော့ Story လေး ရိုက်မယ်ပေါ့နော်၊ ဒီ VCD လေးကို ဒီဇင်ဘာလောက်ထွက်ချင်ပါတယ်။ ဒီနှစ်မကုန်ခင်လောက် ထွက်မယ်လို့မှန်းထားပါတယ်။

**ကိုယ်ပိုင်သီချင်းမရှိခဲ့စဉ်က ညီမလေး ဘယ်သူ့သီချင်းတွေကို Crazy ဖြစ်ခဲ့ဖူးလဲ၊ ဆိုခဲ့ဖူးလဲ။**

ခုနကပြောသလိုပေါ့၊ မတင်ဇာမော်ရဲ့ သီချင်းတွေကြိုက်တယ်၊ သူဆိုရင်ဆိုတဲ့နေရာရော၊





vocal ပိုင်းရော အရမ်းပိုင်တယ်။ သူ့သီချင်းတွေက ခက်လည်းခက်တယ်။ သီချင်းသွားဆိုရင်တော့ မဆုန်သင်းပါရဲ့ သီချင်းတွေဆိုတယ်။ မဒီသီချင်းသွားဆိုတယ်။ တစ်ခါတလေ မဖြူ(ဖြူဖြူကျော်သိန်း) သီချင်းတွေလည်းဆိုတယ်။ ကိုယ်က Rock ကို အားသန်တာပေါ့။

**ညီမလေးဆိုမယ့် သီချင်းအမျိုးအစားက။**

pop နွယ်တဲ့ သီချင်းမျိုးတွေပေါ့၊ ဒီထဲမှာ (pop)ပါမယ်။ pop rock ပါမယ်။ slow rock ပါမယ်။ pop ရက်ပ်ဂေး ပါမယ်။ ဒီလိုမျိုးသီချင်းတွေပေါ့။

**ညီမလေး စိတ်ကူးနဲ့အနုပညာကို ပရိသတ်ကို ဘယ်လိုပေးဆပ်ချင်လဲ။ ပြီးတော့ ပရိသတ်အတွက် လက်ဆောင်စကားလေး. . .**


ဒီလိုဟာကို ဘယ်လိုစိတ်ကူးလေးရှိလဲဆိုတော့ သီချင်းတွေကြိုက်တယ်ပေါ့၊ ကိုယ်က အဆွေးဓာတ်ခံလည်းရှိတယ်ဆိုတော့ ဒီအခွေမှာလည်း အဆွေးသီချင်းလေးတွေ များတာပေါ့နော်။ ပြီးတော့ ကိုယ်လုပ်ချင်တာတစ်ခုကို ပရိသတ်ကို ဝေမျှတယ်၊ ချပြတယ်ဆိုတဲ့သဘောပေါ့၊ ပရိသတ်နဲ့ကိုယ်နဲ့ ရင်ဘတ်ချင်း တူနေမယ် ဆိုရင်တော့ ကောင်းတာပေါ့။ ပြီးတော့ အခွေထဲမှာဆိုရင်



(FEB : 29 ) ဆိုတဲ့သီချင်းလေးရှိတယ်။ ဦးရွှေကျော်ကျော်ရေးပေးထားတာ၊ ကိုယ်ကလည်း ရှာရှာကြံကြံစဉ်းစားထားတာပေါ့။ (FEB : 29) မှာ အဖြေပေးပြီး ကြိုက်ခဲ့တဲ့ ရည်းစားတွေရှိလို့ ရှိရင် သူတို့မှာ တစ်နှစ်တိုင်းတစ်နှစ်တိုင်း Anniversary လုပ်လို့မရဘူး၊ လေးနှစ်မှတစ်ကြိမ် လုပ်ခွင့်ရတာပေါ့၊ အဲ့ဒါလေးကို စဉ်းစားထားတာပေါ့။ အဲဒီသီချင်းကို ဦးရွှေ(ရွှေကျော်ကျော်)ကို အပ်လိုက်တာ၊ ကိုယ်ပိုင်သံစဉ်လေးလည်း ဖြစ်တယ်၊ စိတ်ကူးလေးတွေ၊ ဆန်းသစ်တဲ့ အရာလေးတွေ၊ အဆွေးသီချင်းလေးတွေ ဘာပဲဖြစ်ဖြစ်၊ ပရိသတ်ကို မျှဝေချင်၊ share လုပ်ချင်တယ်။ သရုပ်ဆောင်

အနေနဲ့ ချပြပြီးပြီဆိုတော့ ပရိသတ်ကို အဆိုတော်တစ်ယောက်အနေနဲ့ ဝေငှချင်တယ်။ ဒါကြောင့်မို့ ကိုယ်ကြိုက်တဲ့ (Band)၊ ကိုယ်ကြိုက်တဲ့ တေးရေးတွေနဲ့ အများကြီးကြီး စားပြီးလုပ်ခဲ့ ရတာပေါ့။ ဒီကြားထဲမှာလည်း ဂီတာသင်တန်းတွေ တက်တယ်၊ Note တွေ key တွေကိုသိအောင် နောက်ပြီး အဆိုသင်တန်းတွေလည်း တက်ထား တယ်ဆိုတော့ ဒီလိုမျိုး မော်ဒယ် သရုပ်ဆောင် အနေနဲ့ ပေါ်ပင်သဘော လုပ်တာမျိုးမဟုတ်ဘဲနဲ့ ကိုယ်တိုင်တကယ် ဝါသနာပါပြီးတော့ ကိုယ်ကိုယ်တိုင် ရှုးသွပ်ပြီး လုပ်ထားတဲ့ဟာလေးတွေကို ချပြဖို့ အတွက် ထဲထဲဝင်ဝင် ဂီတကိုချည်းကပ်ပြီး လုပ်တဲ့အခွေဖြစ်တဲ့အတွက် ပရိသတ်ကို အသိပေးချင်တယ်၊ သိစေချင်တယ်ပေါ့နော်၊ အရင်တုန်းက သရုပ်ဆောင်မှာလည်း အားပေးခဲ့သလို၊ အဆိုတော် ဖြိုးသီရိခေတ်အနေနဲ့ရော အားပေးကြပါ။ ဒီအခွေလေးကိုလည်း သရုပ်ဆောင်ဖြိုးသီရိခေတ် သီချင်းဆိုတာမျိုးမဟုတ်ဘဲ အဆိုတော် ဖြိုးသီရိခေတ် ပွဲထွက်လာတဲ့ first Album အနေနဲ့ အားပေးပါ ဝေဖန်ပါ၊ စောင့်ကြည့်ပေးပါလို့ ပြောချင်ပါတယ်။


မိုးသောက်ကြယ်



# Music Corner

## SKY ဗ ရဲ့ မပြောဖြစ်ခဲ့တဲ့စကား

သီတာစိုး



**Sky ဖဆိုတဲ့ နာမည်လေးရဲ့ အဓိပ္ပာယ်ပြောပြပေးပါ။**

'ဖ' ဆိုတာ ရှမ်းဘာသာ 'မိုးကောင်းကင်' ပါ၊ နောက်ပြီး ကြာသပတေးနံဖြစ်တဲ့ 'ဖ' ဆိုတဲ့ စကားလုံးဟာ ကျွန်တော့်ရဲ့အညွှန့် 'နံ' ပါ။ ခေါ်လို့လည်း လွယ်ကူအောင် Sky ဆိုတဲ့ မိုးကောင်းကင်ရဲ့ 'Power' ကို နှစ်သက်လို့ပါ။

**'ချယ်ရီပွင့်တဲ့မြေမှ မပြောဖြစ်ခဲ့တဲ့ စကား' တေးစီးရီး စီစဉ်ပုံလေးကို ရှင်းပြပါ။ တောင်တန်းမြေနဲ့ပတ်သက်တဲ့ စိတ်ခံစားမှုလေးကို ပြည့်စုံအောင်လည်း ပြောပြပေးပါ။**

ဘဝမှာ မှတ်တိုင်လေးတစ်ခု စိုက်ထူချင်လို့ပါ၊ Music ကို ၈၀ ရာခိုင်နှုန်းသော လူတိုင်း နှစ်သက်ကြသလို အဲဒီအထဲက တစ်ယောက်ဖြစ်တဲ့ Music ကို ချစ်သောသူတစ်ယောက်အဖြစ် ရှင်သန်ချင်ပါတယ်၊ ခွေထုတ်တဲ့လူတိုင်း ပြည့်စုံတယ်ဆိုတဲ့ လူတွေတောင် အခက်အခဲမျိုးစုံ ကြုံတွေ့ရစမြဲပါ။ ပရိသတ်ကို ချပြနိုင်ဖို့ အခွင့်အရေးကောင်းတစ်ခုကိုရဖို့ အိပ်မက်များစွာကို ဖြတ်ကျော်ခဲ့ရပါတယ်။ အာသာရေးရဲ့ စောင့်ရှောက်မှု၊ Music ကို တကယ်ချစ်တဲ့စိတ်ဓါတ်နှစ်ခုရဲ့ တွန်းအားကောင်းတွေကြောင့် ပရိသတ်ကို ဆိုတွေ့ခွင့်၊ ချပြခွင့်ရခဲ့တယ်လို့ ယုံကြည်ပါတယ်။ ကံတရားရဲ့ ပေးမှုလည်းပါတယ်ဆိုပေမယ့် ပရိသတ်ရဲ့ မေတ္တာနဲ့ အားပေးအသိအမှတ်ပြုမှုက ပိုပြီးအဓိကကျပါတယ်။ ဘဝသီချင်းနဲ့ ဝေသန ဆန်တဲ့ သီချင်းတွေကို ပိုနှစ်သက်သလို အချစ်သီချင်းဆိုရင်လည်း Melody ထူးခြားပြီး Classical ဖြစ်တဲ့ သီချင်းမျိုးတို့ ကြိုက်ပါတယ်။ ပထမဦးဆုံးစီးရီးမှာ ရိုးရိုးသားသား ခံစားလို့ရတဲ့ (ပုံစံကွဲ) Music နဲ့ Version အသစ် ဖန်တီးထားပြီး ပရိသတ်ကို Message တစ်ခုခု ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် သီချင်းကို အနုပညာညီအစ်ကိုတွေနဲ့အတူ Arrangement လုပ်ပြီး သီချင်းအပုဒ် ၂၀ ထဲက ၁၇ ပုဒ် ရွေးချယ်ခဲ့ပါတယ်၊ အချိန် တစ်နှစ်တိတိကြာပါတယ်၊ ဆရာခမ်းလိတ်ရဲ့ သီချင်းက ၉ ပုဒ် ပါပါတယ်။ ဇော်တူးက ၇ ပုဒ်၊ မင်းသက်ခက ၁ ပုဒ် ပါပါတယ်၊ မြန်မာပြည်ဟာ တစ်ပြည်လုံး၊ ဒေသတိုင်းက အလှကိုယ်စီနဲ့ ချစ်စရာအလွန်ကောင်းပြီး ပင်လယ်နဲ့ ဝေးတဲ့ ရှမ်းပြည်သားတစ်ယောက်အတွက်ကတော့လည်း တကယ့် Great View ပါ၊ တောင်တန်းမြေက ဘယ်နေရာ ဒေသရောက်ရောက် ချယ်ရီရယ် ထင်းရှူးရယ် ခေါ်စီတန်း ပြာရယ်၊ နှင်းဆီရယ် ... ရယ် ... ဘယ်လိုမှ မေ့လို့မရတဲ့ စိတ်ခံစားမှုလေးပါ။ ပုံစံချင်း မတူတဲ့ ရသလေး နှစ်ခုပါ။ ဒါကြောင့် မြေပြန့်ကို ရောက်ရင် တောင်ပေါ်ကို လွမ်းသလို တောင်ပေါ်မှာ ကြာကြာနေရင် ပင်လယ်နဲ့ မြေပြန့်ကို မေ့လို့မရပါဘူး။

**ခေတ်လူငယ်တွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ အဆိုအက Performance ကို ဘယ်လိုမြင်ပါသလဲ။**

ခေတ်လူငယ်တွေရဲ့ ဝတ်စားဆင်ယင်မှုက Modernize ဖြစ်တာ သဘောကျပါတယ်။ အဆိုအက Performance ဟာ တစ်ခုခုနဲ့ မရှိမဖြစ် ပံ့ပိုးပေးတဲ့အရာလို့ မြင်ပါတယ်။ ဒါမှ ၁၀၀ ရာခိုင်နှုန်း Perfect ဖြစ်မှာပါ။

**VCD အတွက် ဘာတွေပြင်ဆင်ထားပါသလဲ၊ အခြား ဘာတွေလုပ်နေပါသလဲ။**

Story လေးတွေ ရွေးနေပြီး Audio CD အတွက် Promotion ကြော်ငြာကိစ္စနဲ့ လက်လှမ်းမမီတဲ့နေရာတွေက မှာတဲ့ခွေတွေကို ရောက်ဖို့ ဆက်တိုက် အလုပ်များနေပါတယ်။ နောက် နယ်ရှိုးတွေလည်း ဆိုပေးနေပါတယ်။

**ဂီတကိုမြင်တဲ့အမြင်နဲ့ အနာဂတ်အစီအစဉ်လေး ပြောပြပေးပါ။**

ဂီတဟာ လူတိုင်းအတွက် မရှိမဖြစ်လို့ မြင်ပါတယ်။ ဂီတဟာ နူးညံ့သိမ်မွေ့စေသလို စိတ်ခွန်အားလည်း ပေးစွမ်းနိုင်ပါတယ်၊ ခေတ်မီတိုးတက်ပြီးတဲ့ နိုင်ငံတိုင်းမှာ လမ်းတိုင်း (ကာရာအိုကေဆိုဖို့ သီးသန့်အခန်းတွေ ထားရှိကြပါတယ်) Stress ဆိုတာ လူတိုင်းနေ့စဉ် တွေ့ကြုံရစမြဲပါ။ ဒါတွေအတွက် အကောင်းဆုံးဖြေဖျောက်မယ့် နေရာလေးပါ။ ဒါကြောင့် Relax လုပ်တာ မှန်ကန်တဲ့ရွေးချယ်မှုအတွက် စိတ်ဓာတ်မြင့်မားမှု ဘဝလည်း မြင့်မားမယ်လို့ မြင်ပါတယ်၊ ဂီတကို Crazy ဖြစ်တဲ့အတွက် ဂီတနဲ့ဝေးနေမှာ မဟုတ်သလို ပရိသတ်ကို သီချင်းကောင်းလေးတွေ ပေးနိုင်ဖို့ အမြဲကြိုးစားနေမှာပါ။

**ပရိသတ်ကို အမှတ်တရစကားလေး ပြောပြပါ။**

သီချင်းဖန်တီးတဲ့သူ၊ ဆိုတဲ့သူမှာလည်း လူတိုင်းသီချင်းအမျိုးအစား ခွဲခြားမှုလေးရှိသလို ပရိသတ်ကလည်း နှစ်သက်လက်ခံနိုင်တဲ့ ခံစားရွေးချယ်မှု ကိုယ်စီရှိကြတယ်လို့ ယုံကြည်ပါတယ်။ အနုပညာသမား တစ်ယောက်ဟာ ဆင်းရဲသားသူတောင်းစားကိုလည်း ကိုယ်စားပြုသလို အမြင့်ဆုံး Business Men တစ်ယောက်ကိုလည်း ကိုယ်စားပြုနိုင်ပါတယ်။ အမြင့်ချင်းထပ်တူဖြစ်ဖို့ အရေးကြီးပါတယ်၊ အားပေးတဲ့ ပရိသတ်များ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဖန်တီးမှုအားနည်းပြီး ... အပ်မက်ရှိတဲ့ ... သီချင်းများကို သည်းခံခွင့်လွှတ်ဖို့ ... ဆန္ဒပြုရင်း ...

သီတာစိုး


Music Corner
Asian Fame Media Group
MEDIA GROUP




## မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်

၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာလ ၁၃ ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်း အတွင်းမှာ ကျင်းပပြုလုပ်ခဲ့သည်၊ အခမ်းအနားမှာ ဟာသသရုပ်ဆောင်အရိုင်းက အခမ်းအနားမှူး ပြုလုပ်ပြီး နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်စံရှားတင်တို့က ရုပ်ရှင်လောကသားများနှင့်အတူ ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။ ယခုနှစ်တွင် ရုပ်ရှင်သက်ကြီးပညာရှင် ၁၄၃ ဦးအား ပူဇော်ကန်တော့ငွေ၊ ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကာ နိဗ္ဗာန်ဈေးဆိုင် ၅၀ ကျော်လည်း ခင်းကျင်းနိုင်ခဲ့ကြသည်ဟု သိရသည်။

## The Rich Gems ၏ ဒီဇိုင်းစုံတင်ဆက်လိုက်သော Fashion Show

၁၉၉၆ ခုနှစ်က စတင်လျှောက်လှမ်းလာခဲ့သော The Rich Gems ၏ ဒီဇိုင်းစုံများ ခင်းကျင်းပြသရန် စီစဉ်လိုက်သော ဖက်ရှင်ရှိုးပွဲတစ်ခုကို စက်တင်ဘာလ ၁၈ ရက် ညနေက The Strand Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ရှိုးပွဲတွင် သရုပ်ဆောင် အကယ်ဒမီ မိုမို မြင့်အောင်၏ တင်ဆက်သရုပ်ပြမှုနှင့်အတူ အဆိုတော်ရဲလေး၊ ဂျိုကာ၏ သီဆိုဖျော်ဖြေမှု၊ dancer များ၏ ကပြတင်ဆက်မှု၊ မော်ဒယ်များ၏ ပုဂံရိုးရာအကနှင့် ရခိုင်ရိုးရာ အက ဖျော်ဖြေမှုများ ပါဝင်သည်။ မော်ဒယ် သရုပ်ဆောင်များ ဖြစ်ကြသည့် ချောရတနာ၊ သန္တာစိုး၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း၊ နန်းသုဇာနှင့် မော်ဒယ်များစွာက The Rich Gems ၏ ဖက်ရှင်ဒီဇိုင်းမျိုးစုံကို ဝတ်ဆင် ပြသခဲ့ကြသည်။












# ဒေသသင်္ကေတ

## အင်းသား

လှမြင့်ဆွေ


ရှမ်းပြည်တောင်ပိုင်း ၊ ညောင်ရွှေမြို့နယ်အတွင်းမှာတည်ရှိတဲ့ အင်းလေးရေကန်ကြီးဟာ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၂၉၀၀ ကျော်အမြင့်မှာတည်ရှိတဲ့ တောင်ပေါ်ရေကန်ကြီးတစ်ကန်ဖြစ်ပြီးကမ္ဘာ့လှည့် ခရီးသွားတွေအလွန်နှစ်ခြိုက်ကြတဲ့ နေရာဖြစ်ပါတယ်။ အရှေ့ဘက်နဲ့အနောက်ဘက်တွေမှာတောင်ရိုး တောင်တန်းတွေ ဝန်းရံထားတဲ့ အင်လေးကန်ကြီးဟာ တောင်နဲ့မြောက်အလျားကိုးမိုင် ၊ အရှေ့နဲ့အနောက် အကျယ်ဆုံးနေရာ သုံးမိုင်ရှိပြီး ရေကန်ကြီးပတ်လည်မှာမူလအစက နောင်တော ၊ နမ့်ပန်၊ ရွာကြီးနဲ့ရွာမဆိုပြီး ရွာကြီးလေးရွာရှိတဲ့အတွက် အဲဒီဒေသကို 'အင်းလေး' လို့ခေါ်တာလို့သိရပါတယ်။ အဲဒီအင်းလေးဒေသမှာ နေကြတဲ့သူတွေကို 'အင်းသား' လို့ခေါ်ကြပါတယ်။ အဲဒီအင်းသားတွေရဲ့ စကားလုံး ၊ ဝေါဟာရ ၊ လေယူ လေသိမ်း ၊ မျက်နှာပုံပန်း ၊ ကိုယ်ခန္ဓာအနေအထားတွေဟာ ရှမ်းပြည်နယ်မှာရှိတဲ့ရှမ်းလူမျိုး အပါအဝင်တခြား တိုင်းရင်းသားတွေနဲ့မတူဘဲ မြန်မာနိုင်ငံအောက်ပိုင်းမှာရှိတဲ့ 'ထားဝယ်' လူမျိုးတွေနဲ့ ဆင်တူနေတာကို တွေ့ရပါတယ်။ အင်းသားတွေရဲ့အဆိုအရ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းတိုင်းခန်းလှည့်လည်ပြီး အင်းလေး ဒေသကိုရောက်တဲ့အခါ ထားဝယ်ကပါလာတဲ့ဖောင်တော်အမှုထမ်း ထားဝယ်သားတစ်စုကို အခြေစိုက်နေထိုင် စေခဲ့တာကြောင့် ထိုထားဝယ်သားတွေကတစ်ဆင့် မျိုးဆက်ပြန့်ပွားပြီး ယခုအခါ အင်းသားရွာပေါင်း (၄၀) ကျော် ခန့်ရှိလာတာလို့ဆိုကြပါတယ်။






Asian Fame Media Group








Asian Fame Media Group
MEDIA GROUP









အင်းသားတွေနေထိုင်ရာအင်းလေးဒေသဟာ ဈေးဟောင်း ဘုရားစေတီ ၊ ဘုန်းတော်ကြီးကျောင်းတွေ အလွန်ပဲများပြားလှပါတယ်။ အင်းလေဒေသ ၊ နန့်ဟူးရွာမှာရှိတဲ့ဖောင်တော်ဦးဘုရားဟာ ရှမ်းပြည်နယ်မှာသာမက မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ထင်ရှားကျော်ကြားတဲ့အတွက် ဘုရားဖူးခရီးသွားဧည့်သည်တွေ သွားရောက်ဖူး မျှော်လေ့ရှိကြပါတယ်။ အဲဒီဘုရားငါးဆူဟာ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းတိုင်းခန်းလှည့်လည်စဉ်က ဖောင်တော်ဦးစေတီမှာတင်ပြီး ပူဇော်ခဲ့တဲ့ဘုရားငါးဆူဖြစ်တယ်လို့ဆိုပါတယ်။ နှစ်စဉ်နှစ်တိုင်းအောက်တိုဘာ သီတင်းကျွတ်လမှာ ဖောင်တော်ဦးဘုရားငါးဆူကို ညောင်ရွှေမြို့နဲ့ အင်းလေးဒေသတစ်ခွင်မှာ ဒေသစာရီ ကြွချီတော်မူပြီး ပြန်ကြွတဲ့ အခါအင်းသူအင်းသားတွေဟာ ဝမ်းမြောက်ပျော်ရွှင်တဲ့အထိမ်းအမှတ်နဲ့ လှေပြိုင်ပွဲတွေ အပါအဝင် ပျော်ပွဲရွှင်ပွဲတွေကိုကျင်းပလေ့ရှိကြပါတယ်။

























ရှမ်းပြည်မှာရှိတဲ့ မြို့ကြီးရွာကြီးတွေရဲ့ဈေးတွေဟာ ငါးရက်တစ်ဈေးဖြစ်တာမို့ အင်းလေးပတ်လည်မှာ ရှိတဲ့ရွာတွေဟာလည်း ငါးရက်တစ်ဈေးပြုလုပ်ကြပါတယ်။ အင်းလေးဒေသဟာ ကမ္ဘာလှည့်ခရီးသွားတွေရော ပြည်တွင်းခရီးသွားတွေပါ သွားရောက်လည်ပတ်ကြတဲ့နေရာဖြစ်တာမို့ အင်းလေးရဲ့ငါးရက်တစ်ဈေးတွေဟာ လည်း ခရီးသွားတွေအလွန်နှစ်ခြိုက်ကြတဲ့နေရာဖြစ်ပါတယ်။ အဲဒီငါးရက်တစ်ဈေးတွေကို အင်းလေးပတ်လည်မှာရှိတဲ့ ရှမ်း ၊ ပအိုဝ်း ၊ ဓနု ၊ တောင်ရိုး ၊ အင်းသားစသဖြင့် တိုင်းရင်းသားတောင်ပေါ်ကျေးရွာတွေက လာရောက်ကြတဲ့အတွက် တိုင်းရင်းသားပေါင်းစုံဆုံစည်းတဲ့ ဈေးကလေးလို့လည်းခေါ်ဆိုနိုင်ပါတယ်။ အဲဒီဈေးနေ့မှာ အင်းထဲကသားငါးတွေကို ရောင်းချနေကြတာရှိသလို မိမိတို့ရဲ့တောင်ယာထွက် ဟင်းသီးဟင်းရွက်တွေ လာရောက်ရောင်းချနေကြတာလည်းရှိပါတယ်။ ဒီအပြင်မြို့တွေက ဈေးသည်တွေကလည်း ကျေးရွာတွေမှာ လိုအပ်မည့်အိမ်အသုံးအဆောင် ၊ တိုလီမိုလီ ကျူလီယာဆိုင်လေးတွေဟာ ၊ ဒေသအစားအသောက်ဆိုင်တွေရော လာရောက်ဖွင့်လှစ်ရောင်းချကြတာမို့ အင်းလေးဈေးနေ့တွေဟာ အမြဲတမ်းစည်ကားလို့နေပါတယ်။







Myanmar Fame Media Group

အင်းသားတွေနေအိမ်တွေဟာ အင်းလေးရေကန်ကြီးရဲ့ ပတ်ပတ်လည်ကမ်းနဲ့နီးတဲ့ ရေပြင်တွေ ပေါ်မှာရယ် ကမ်းစပ်ရေ တစ်ဝက် - ကုန်းတစ်ဝက်နေရာတွေမှာရယ် ရေထဲမှာခြေတံရှည် အိမ်ကြီး အိမ်ငယ် တွေကိုတည်ဆောက်ပြီး နေကြတာဖြစ်ပါတယ်။ ရေထဲမှာပဲနေ ရေထဲမှာစိုက်ပျိုးရေးလုပ် ရေထဲမှာပဲမွေးမြူရေးလုပ်ငန်းတွေနဲ့ ဝမ်းစာရှာဖွေကြတဲ့အင်းသားတွေဟာ ဘယ်နေရာသွားသွား လှေကိုအသုံးပြုကြပါတယ်။ လှေကို လှော်ခတ်တဲ့အခါ လှော်တက်ကိုလက်နဲ့အသုံးပြုလှော်တာမဟုတ်ဘဲ ခြေထောက်နဲ့ အသုံးပြုလှော်ခတ်တာဖြစ်လို့ ထူးဆန်းတဲ့အလေ့အထတစ်ခုအဖြစ်နဲ့ နာမည်ကျော်ကြားကြပါတယ်။ ဒီအပြင်အင်းသားတွေရဲ့ စိုက်ပျိုးရေး ကဏ္ဍဖြစ်တဲ့ ကျွန်းမျောစိုက်ပျိုးရေးနဲ့ မြေဖို့စိုက်ပျိုးရေးဟာလည်း လေ့လာစရာကောင်းတဲ့နည်းစနစ်တွေ ဖြစ်ပါတယ်။ ကျွန်းမျောစိုက်ပျိုးရေးဆိုတာ အင်းလေးကန်ထဲမှာ ရေပေါ်ပေါ်နေတဲ့ မြေခဲတွေကိုစုပေါင်းယူပြီး ဝါးစည်းတွေနဲ့ ရေထဲမမျောပါသွားအောင် ချည်နှောင်ကာအဲဒီအပေါ်မှာ ခရမ်းသီး ၊ ပဲသီး ၊ ဂေါ်ဖီထုပ် ၊ ဂေါ်ဖီပွင့် ၊ မြေပဲနဲ့ အခြား ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတာဖြစ်ပါတယ်။ မြေဖို့စိုက်ပျိုးနည်းကတော့ ကမ်းစပ်တွေမှာမြေဖို့ပြီး ကျွန်းအဖြစ်ပြုလုပ်ကာ နှစ်ရှည်သီးနှံစိုက်ပျိုးတာဖြစ်ပါတယ်။

အင်းလေးတွေဟာ ပညာရေးကိုအထူးလိုလားတဲ့သူတွေဖြစ်တဲ့အတွက် ဘုန်းကြီးကျောင်းတွေ ၊ ဇရပ်တွေမှာ အလယ်တန်းနဲ့ အထက်တန်းတွေကို ဖွင့်လှစ်ထားကြပါတယ်။ ရှမ်းပြည်နယ်တစ်ခွင်လုံး စာသင်ကျောင်း အများဆုံးရှိတဲ့ဒေသဟာ 'အင်းလေး' လို့ဆိုပါတယ်။ အင်းသူအင်းသားတော်တော်များများဟာ ခေတ်ပညာတတ်ဘွဲ့ရပုဂ္ဂိုလ်တွေဖြစ်ပါတယ်။

အမှန်တော့ အင်းသူအင်းသားတွေ ပျော်မွေ့ရာအင်းလေးကန်ပတ်ဝန်းကျင်ဟာ နိုင်ငံခြားခရီးသွားတွေအတွက်သာမက ပြည်တွင်းမှာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသား မိသားစုတွေအတွက်ပါ အလွန်သာယာလှပပြီး စိတ်ကြည်နူးဖွယ် 'ဒေသသင်္ကေတ' တွေနဲ့ ပြည့်စုံတဲ့နေရာလေးတစ်ခုဖြစ်ပါတယ်. . . ■





# Korean Celebrity Gallery

Zin Myint San

ရတီရဲ့ ကိုရီးယား
အနုပညာရှင် ပရိသတ်
များအတွက် ဒီလမှာတော့
လတ်တလောမှာ ရေပန်းစား
နေတဲ့ ကိုရီးယား
အနုပညာရှင်များထဲက
တချို့ရဲ့ အကြောင်းကို
စုစည်းတင်ဆက်ပေး
လိုက်ပါတယ်။




Asian Film Media Group

## ၂၀၁၃ မှာ ကြည့်ရမယ့် Iris 2

၂၀၀၉ ခုနှစ်က လူကြိုက်များ အောင်မြင်ခဲ့တဲ့ ကိုရီးယားအက်ရှင်ကား Iris ရဲ့ အဆက် Iris 2 ကို လာမယ့် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှာ ရိုက် ကူးပြသတော့မှာ ဖြစ်ပါတယ်။

Iris 2 မှာလည်း Iris မှာပါဝင်ခဲ့တဲ့ မင်းသား လီဗျောင်ဟွန်းနဲ့ မင်းသမီးကင်မ်ထယ်ဟီး တို့ပဲ ဆက်လက်ပါဝင်မှာ ဖြစ်ကြောင်းကို အတည်ပြုကြေညာထားပြီး ဖြစ်တဲ့အပြင် နောက်ထပ် ဇာတ်လိုက်နှစ်ဦး ဖြည့်စွက်ပါဝင်လာမှာ ဖြစ်ပါတယ်။



နာမည်ကြီး Iris ဇာတ်လမ်းတွဲမှ လီဗျောင်ဟွန်းနှင့် ကင်မ်ထယ်ဟီး


Iris 2 တွင် ပါဝင်ရန် ကမ်းလှမ်းခံထားရသော ဒယ်နီယယ်ဟင်နေး



Iris 2 တွင် ထပ်အားဖြည့်မည့် ဇာတ်လိုက်နှစ်ဦးဖြစ်လာမည့် ဂျန်ဟွတ်နှင့် လီဒါဟေး

သူတို့ကတော့ မင်းသားဂျန်ဟွတ်နဲ့ မင်းသမီး လီဒါဟေး (ချိုဝမ်) တို့ ဖြစ်ပါတယ်။ စက်တင်ဘာ လကုန်ပိုင်းမှာ အတည်ပြု ပြောကြားချက်အရ ဂျန်ဟွတ်ဟာ NSS ရဲ့ အဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်လာမှာ ဖြစ်ပြီး လီဒါဟေးကတော့ သေနတ်ပစ်တော်တဲ့ အဖွဲ့ဝင်တစ်ဦးနေရာက ပါဝင်မှာ ဖြစ်ပါတယ်။ မင်းသား ဂျန်ဟွတ်ဟာ ကိုရီးယား ဇာတ်လမ်းတွဲများမှာ လက်ရှိထိပ်တန်း ရောက်နေတဲ့ မင်းသားလေးဦးကို Hancinema Website ကဖော်ပြရာမှာလည်း တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

အမေရိကန် ကိုရီးယားကပြား မင်းသားတစ်ဦးဖြစ်တဲ့ ဒယ်နီယယ်ဟင်နေးကို ဇာတ်ကားမှာ ပါဝင်ဖို့ ကမ်းလှမ်းထားတဲ့အတွက် ပါဝင်သရုပ်ဆောင်ဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

ပထမပိုင်း Iris မှာတော့ ဇာတ်လမ်း ကောင်းမှု၊ သရုပ်ဆောင်ကောင်းမှု၊ အမေရိကန်ဒေါ်လာ ၁၇ သန်းမျှ အကုန်အကျခံ ရိုက်ကူးထားမှုများနဲ့ သုတွေ ကြည့်ရှုနှုန်းမြင့်မြင့်ကို ရရှိခဲ့တဲ့အပြင် အဲဒီဇာတ်ကားမှာ အဓိက ပါဝင်တဲ့ မင်းသား လီဗျောင်ဟွန်း ၊ ကင်မ်ထယ်ဟီးနဲ့ ကင်မ်ဆိုယွန်းတို့ဟာလည်း သရုပ်ဆောင် ထူးချွန်ဆုတွေ သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။ Iris 2 ကို ၂၀၁၀ နှစ်ကုန်ပိုင်းမှာ ကတည်းက ဆက်လက်ပြသဖို့ ရည်ရွယ်ခဲ့ပေမယ့် အကြောင်း အမျိုးမျိုးကြောင့် ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပြီး Iris2 ကို ဘယ်လိုစိတ်လှုပ်ရှားစရာတွေနဲ့ ပရိသတ်ကို ဆွဲဆောင်ဦးမလဲဆိုတာ စောင့်ကြည့်ရအောင်။

## လမ်းခွဲသတင်းတွေ ထွက်နေတဲ့ ဟန်နဲ့ပက်တို့ စုံတွဲ


ဟန်ဂျယ်ဆော့နှင့် ပက်ဆိုမီ



မင်းသားဟန်ဂျယ်ဆော့နဲ့ မင်းသမီးပက်ဆိုမီတို့ ချစ်ဇာတ်လမ်းဟာ အပြီးသတ်သွားပြီလို့ သတင်းတွေ ဖော်ပြနေကြပေမယ့် ဟန်ရဲ့အေဂျင်စီက ပြောရေးဆိုခွင့်ရှိသူကတော့ သူတို့ ၂ ဦး လမ်းခွဲလိုက်ပြီဆိုတာကို ငြင်းခဲ့ပါတယ်။

ကောလာဟလအရတော့ နှစ်ဦးစလုံးဟာ အိမ်ထောင်ပြုရမယ့် အရွယ်ဖြစ်ပေမယ့် ဟန်က တရုတ်နိုင်ငံမှာ အခြေချတဲ့အတွက် သူတို့နှစ်ယောက်ကို အနေဝေးစေတဲ့အခါ အခုလို သတင်းတွေ ထွက်လာတာလို့ ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်က သူတို့နှစ်ဦး ချစ်နေကြောင်းကို အစပိုင်းမှာ ငြင်းဆန်ပြီး ၂၀၁၁ ခုနှစ်လယ်ပိုင်းမှာ ချစ်သူတွေဆိုတာကို ဝန်ခံခဲ့ပါတယ်။သူတို့နှစ်ဦးဟာ 'The Great Merchant' ဆိုတဲ့ ဇာတ်လမ်းတွဲမှာ အတူတွဲပြီး သရုပ်ဆောင်ဖူးပါတယ်။ ၁၉၉၄ ခုနှစ်ကနေ ယခုအထိ သရုပ်ဆောင်တစ်ယောက်အနေနဲ့ အောင်မြင်နေဆဲဖြစ်တဲ့ မင်းသား ဂျယ်ဆော့ဟာ ဒီနှစ်မှာတော့ Immoral Classic ဆိုတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ သူဟာ Yonsei တက္ကသိုလ်ကနေ အားကစားမေဂျာကို သင်ယူခဲ့သူဖြစ်ပါတယ်။ ပက်ဆိုမီကတော့ မင်းသမီးဖြစ်တဲ့အပြင် စန္ဒရားပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

# ကမ္ဘာကျော်ဖြစ်လာတဲ့ ကိုရီးယားရပ်ပ်ပါ Psy





ဘွန်ဂျိုဗီနဲ့ အတူတွေ့ရတဲ့Psy



ပြည်ပဖျော်ဖြေရေးမှာ တွေ့ရတဲ့Psy

'Gangnam Style' သီချင်းဗီဒီယိုကို YouTube ဝက်ဘ်ဆိုက်မှာတင်ခဲ့ရာကနေ တစ်မုဟုတ်ချင်း ဆိုသလို ကမ္ဘာကျော် ကိုရီးယားအဆိုတော် ဖြစ်လာတဲ့ Psy ရဲ့ Music Video ကို စက်တင်ဘာ ၂၃ ရက်နေ့အထိ ကြည့်သူပေါင်း ၂၄၄,၀၀၀,၀၀၀ ကျော်ခဲ့ပါတယ်။ ဟာသဆန်ပြီး ထူးခြားတဲ့ စတိုင်ရှိသူဖြစ်တဲ့ Psy ရဲ့ နာမည်ရင်းက ပက်ဂျယ်ဆန်ဖြစ်ပြီး တောင်ကိုရီးယားအဆိုတော် သီချင်းရေးဆရာ၊ ရပ်ပ်ပါနဲ့ တေးထုတ်လုပ်သူဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ်မှာ ဂီတလောကကို စဝင်ခဲ့ပါတယ်။ ၂၀၀၃ ကနေ ၂၀၀၅ အထိ စစ်မှုထမ်းခဲ့ပေမယ့် နောက်ပိုင်းမှာ သတ်မှတ်ကာလ မပြည့်ကြောင်း တွေ့ရှိရတဲ့အတွက် ၂၀၀၇ ခုနှစ်မှာ ဒုတိယအကြိမ် စစ်မှုထမ်းရပြန်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ သူနဲ့ ၁၀နှစ်ကြာ ချစ်သူဖြစ်ခဲ့တဲ့ ချစ်သူနဲ့လက်ထပ်ခဲ့ပြီး အမြွှာသမီးလေး ၂ ယောက်ရှိပါတယ်။

ဂီတနဲ့ပတ်သက်ပြီး သူ့ရဲ့ထူးချွန်မှုအတွက် ၂၀၀၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း ၁၄ ဆုရရှိခဲ့ပါတယ်။ Boston University နဲ့ Berklee College of Music တို့ကို တက်ရောက်ခဲ့သူဖြစ်တယ်။ ကမ္ဘာကျော် အနုပညာရှင်များဖြစ်တဲ့ Scooter Braun, Usher နဲ့ Leonardo DiCaprio တို့အပြင် အမေရိကန်ရော့ခ်စတား ဘွန်ဘွန်ဂျိုဗီကလည်း သူနဲ့ Psy တို့ တွဲရိုက်ထားတဲ့ဓာတ်ပုံကို သူ့ရဲ့ Facebook မှာ တင်ထားခဲ့ပါတယ်။

နိုင်ငံတကာက လူပေါင်းသန်းနှင့်ချီပြီး နှစ်ခြိုက်အားပေးမှုရခဲ့လို့ တစ်ရှိန်ထိုး အောင်မြင်လာတဲ့ Psy ရဲ့ အောင်မြင်မှုတွေဟာ နာမည်ကြီးလာရုံနဲ့ ရပ်တန့်မသွားပါဘူး။ သူဟာ နိုင်ငံတကာ ရုပ်ရှင်နဲ့ ဂီတပွဲပြီးများက တက်ရောက်ဖျော်ဖြေ ပေးဖို့ ဆက်တိုက်ဆိုသလို ဖိတ်ကြားခံနေရတဲ့ အပြင် သူ့ရဲ့ သတင်းကားဖြစ်တဲ့ 'MBC Special-PsyGO: The World Is Gangnam Style' ဟာ ယခင် အဲဒီရုပ်သံဌာနက ထုတ်လွှင့်ခဲ့တဲ့ သတင်းကားတွေထက် ကြည့်ရှုသူနှုန်း သိသိသာသာ မြင့်ခဲ့ပါတယ်။ အဲဒီသတင်းကားမှာ Psy ရဲ့ နိုင်ငံတကာမှာ အောင်မြင်မှုရနေပုံများနဲ့ ပရိုမိုးရှင်းခရီးအနေနဲ့ အမေရိကန်နိုင်ငံကို သွားရောက်ခဲ့ပုံတွေ ပါဝင်ပါတယ်။

Psy ရဲ့ 'Gangnam Style' ဟာ စက်တင်ဘာလနှောင်းပိုင်းက U.S. Billboard Hot 100 Chart စာရင်းထဲဝင်သွားခဲ့ပြီး ဒါဟာ ကိုရီးယားဂီတလောကမှာ အမြင့်မားဆုံးသော အောင်မြင်မှုရရှိခြင်းလည်း ဖြစ်ပါတယ်။

# Most Wanted Korean Celebrities



**US Alive Galaxy Tour** ရှိုးပွဲအောင်မြင်မှုများနဲ့ **Big Bang** ယောကျ်ားလေးအဆိုတော်အဖွဲ့



လူသတ်သမားရဲ့သမီးအဖြစ် မွေးဖွားလာတဲ့မိန်းမတစ်ယောက်ရဲ့ ကြိုးစားရှင်သန်မှုနဲ့ လက်စားချေမှုကို ဖော်ကျူးထားတဲ့ဇာတ်လမ်း **Glass Mask** မှ မင်းသမီးဆိုရူး



**May Queen** ဇာတ်လမ်းတွဲမှ သရုပ်ဆောင်ဇာတ်မင်းသားများနဲ့ အတူတွေ့ရတဲ့ဆံပင်ပုံစံသစ်နဲ့ လူကြိုက်များနေတဲ့ ဟန်ဂျီဟေး



စက်တင်ဘာလက လန်ဒန်မှာပထမဆုံး ဖျော်ဖြေခဲ့တဲ့ပွဲမှာ ပရိသတ်၄၀၀၀ အားပေးမှုရခဲ့တဲ့ **CNBLUE**





# ဂျက်ကွမ်းခြံကုန်း

(တစ်)

ပုလင်းဖင်ကို ဖြတ်၍ ကပ်ထားဘိသည့် အလား အလွန်အင်မတန်မှ ကိုပင်လျှင် ထူထူပိန်းပိန်းရှိလှချေသည့် မျက်မှန်တစ်လက်ကို တပ်ဆင် သမှုပြုထားဘိသည်ကြောင့် အမြဲတမ်း မျက်စိနာနေသည့် လူတစ်ယောက် သဖွယ် နီရဲ၍နေသော စက္ကူနှစ်ကွင်း၏ပိုင်ရှင် ဆရာမြသန်းတင့်သည် ကျွန်ုပ်ကို ကျောပေး၍ထားသည်မှာ မှန်သော်လည်း ဆရာ့ကျောပြင် တစ်ခု လုံး တသိမ့်သိမ့်ခါနေသည်ကို ကြည့်ခြင်းဖြင့် ဆရာတစ်ယောက် ရှိုက်၍ ရှိုက်၍ ငိုနေသည်မှာ သေချာချေကပြီ။

ဆရာကြီး ရွှေဥဒေါင်းကမူ မီးသေနေသော ဆေးတံကြီးကို ကိုက်ခဲ ကာထားနေလျက်က ကောင်းကင်ဘုံ ပြတင်းပေါက်မှတစ်ဆင့် ဖြတ်မြင်နေ ရသော တိမ်စိုင်တိမ်လိပ်များကိုသာ ငေးရီ၍ နေဘိချေသည်။ ဆရာတက် တိုးက မျက်နှာသားကြီး ရှုတည်တည်လုပ်ကာ တက်တခေါက်ခေါက်နှင့်။ ဘုန်းမြင့် (မန္တလေး) ကား နံရံကို လက်သီးနှင့် အလီလီထိုးလျက်။ ဆရာကြီး ဒဂုန်ရွှေမျှားကား တိုင်နှင့် ခေါင်းနှင့် ဆောင့်လျက်။ ဆရာ ဇော်ဂျီကား သူ၏ ဦးခေါင်းကို ဘယ်ညာ ယမ်းခါလျက်။ ဆရာကြီးသခင် ဘသောင်း၊ ဆရာ မင်းသုဝဏ်၊ ဆရာထင်လင်း စသည့် အသီးသီး အသက ပုဂ္ဂိုလ်တို့သည် မျက်နှာ ညှိုးရော်ကာ ကျွန်ုပ်ကို ဝိုင်းဝန်း ကြည့်ရှုနေကြကုန်ချေ၏။

ကောင်းကင်ဘုံ တစ်ခုလုံး နွမ်းလျကာ ညှိုးရော်နေချေသည့် အခိုက်၌ ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည် ကမ္ဘာမြေကို ကိုယ်စားပြုကာ စာပေတမန်တော် တစ်ဦးအဖြစ် ရောက်ရှိသွားခဲ့ပေချေသည်တမုံ့။

Asian Famous Media Group
MEDIA GROUP

(နှစ်)

မကြာသေးမီ လပိုင်းများ အတွင်းကပင် ဖြစ်ဘိချေသည်၊ ထူးဆန်းသော စာတစ်စောင်သည် ကျွန်ုပ်ထံသို့ မထင်မှတ်ဘဲ ရောက်ရှိ၍လာ၏။ ကောင်းကင်ဘုံရောက် စာရေးဆရာများကို ကိုယ်စားပြုထားသည့် စာတစ်စောင်ပေတည်း။ စာ၏ အောက်ခြေ၌ လက်မှတ်ရေးထိုး၍ထားသူမှာ ဘာသာပြန်ဆရာကလေး လင်းဝေမြိုင်ဖြစ်ပြီး စာ၌ ပါရှိသည်တို့မှာလည်း ဘာသာပြန်မှုအစုစုတို့၏ အကြောင်းခြင်းရာတို့ပင် ဖြစ်၍နေဘိချေသည်။ အနို့စာကြောင့်ပင်လျှင် ကျွန်ုပ်ဂျက်ကောင်းကင်ဘုံရှိရာဆီသို့ တက်လှမ်းခဲ့ရခြင်းဖြစ်ချေရာ ယင်းစာလွှာကို ဖော်ပြအပ်သည်ဟူ၍ ယူဆမိသည်ကြောင့် အောက်ပါအတိုင်း ကူးယူဖော်ပြလိုက်ရပေသည်။

**အဆွေဂျက်**

**ကောင်းကင်ဘုံရောက် စာရေးဆရာများ၊ အထူးသဖြင့် ထရန်စလေးရှင်းခေါ် ဘာသာပြန်ဆိုခြင်းနှင့် ပတ်သက်၍ မကောင်းရာမကောင်းကြောင်းဖြစ်ကြသည့် ကျွန်ုပ်တို့သည် အဆွေဂျက်တို့၏ ကမ္ဘာ့ရှိအမိမြန်မာပြည်က စာနယ်ဇင်း ဘုတ်အုပ်မျိုးစုံကို ဝယ်ယူဖတ်ရှုသမှု ပြုနေခဲ့ကြရာ တချို့ဘာသာပြန်ဆိုချက်တို့သည် ကျွန်ုပ်တို့အဖို့ စိတ်စနောင့်စနင်းနှင့် ဘယ်နှာမှ မဖြောင့်စင်းနိုင်သည့်အပြင် နားလည်ရန် ခက်ခဲနေပါ၍ အဆွေတော်ဆရာဂျက်ကိုယ်တိုင် တစ်ခါတစ်ခေါက် အလည်လာရောက်လျက် ကူညီ ဖြေရှင်းပေးစေလိုပါကြောင်း။**

**ကောင်းကင်ဘုံရောက်**
**ဘာသာပြန်ဆရာများကိုယ်စား**
**လင်းဝေမြိုင်**

အသို့နှင့် အာကာသ လွန်းပြန်ယာဉ်ကြီးကို စီးကာ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် ကောင်းကင်ဘုံသို့ ရောက်ခဲ့ရပါကြောင်းဟူလို။

(သုံး)

ယခု ကျွန်ုပ်ရေးသားသမှုပြုနေသည့် စာစု၏ အရှေ့ပိုင်းတစ်နေရာတွင် ကောင်းကင်ဘုံရောက် ဘာသာပြန်ဆရာတို့ စိတ်သောကရောက်ရှိနေကြသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါ၏။ အကြင်ဆရာတို့ကား ကျွန်ုပ်ကိုတွေ့သော် ကမ္ဘာဦးသူတို့ နေလကို တွေ့သဖြင့် အတ်အုတ်သောင်းသောင်းဖြစ်ကြဘိသည့်အလား နိုးထ၍ သွား၏။

အနို့နောက် ကျွန်ုပ်အား ကြိုဆိုနှုတ်ဆက်ကာ လက်ဖက်ရည်ပွဲကလေး ကျွေးပပေးခြင်း၊ နေရာထိုင်ခင်းချထားပေးခြင်း၊ စကားစမြည်ပြောဆိုခြင်းကလေးများပြီးသည်ရှိသော် နောက်ပိုင်းရက်များတွင်ကား ဘာသာပြန်မှု အစုစုတို့နှင့် သက်ဆိုင်ရာ မေးခွန်းထွေထွေရာရာတို့ကို ကျွန်ုပ်ဆရာကြီးဂျက်က ဖြေဆိုရခြင်းပေတည်း။



မိုင်ဒီးယား မြန်မာရိုက်တာများသို့ .....

အေဂျ်အော့ဖ်အင်ဖော်မေးရှင်းနှင့်အတူ မြန်မာလစ်ထရေးချားနယ်ပယ်၌ အိုင်ဒီရော်လော်ဂျီများ ချိန်းဂျက်စ်ဖြစ်သည်ကို ဝဲလ်ကမ်းလုပ်ကြောင်း ဝန်ခံလိုပါသည်။ အနို့သော် ဂလိုဘယ်ကြောင့် အင်ဒစ်ဗစ်ကျူရယ်ပျောက်မည်ကို စိုးရိမ်မိပါသည်။ မိမိတို့၏ အိုင်ဒန်နတီ မပျက်သုဉ်းစေရန်အတွက် ဒစ်စကတ်ရှင်း လုပ်နိုင်လျှင် ချဲလင့်ခ်ျ တူဖြူးချားဖြစ်မည်ဟု ယုံကြည်မိပေသည်။

(လေး)

ဇင်စစ် မြန်မာ စာနယ်ဇင်းများပေါ်၌ ရေးသားဖော်ပြခဲ့ပြီးလေကုန်သော စာသားများနှင့် ပတ်သက်၍ နားမရှင်းသည်များကို ကောင်းကင်ဘုံရောက် စာရေးဆရာကြီးငယ်များက ကျွန်ုပ်အား ဝိုင်းဝန်း၍ မေးမြန်းကြသည်များမှာ အရေအတွက်အားဖြင့် မနည်းလှပေ။ အနို့အပြင် သူတစ်ခွန်းကိုယ်တစ်ခွန်း မေးခွန်းအထပ်ထပ် မွန်းကျပ်ဖွယ်ရာ စကားဝိုင်းကလေး ဖြစ်သောကြောင့် မည်သည့်ဆရာက မည်သည့်ဟဒ္ဒာကို မေးလိုက်မှန်းလည်း ကျွန်ုပ် မမှတ်မိတော့ချေ။ အနို့သော် လူတွေကို အသာထားပြီး မေးလေသမျှ ဖြေထားခဲ့ရသည်များကိုကား အောက်ပါအတိုင်း မှတ်မိလျက် ရှိချေပေသည်တမုံ့။

မေး။ ။ 'ဒါဗို့စ်ဖိုရမ်၏ အဓိကအာဂျင်ဒါမှာ ဂလိုဘယ်လိုက်ဇေးရှင်းပင် ဖြစ်၏' ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ။ ဒါဗို့စ်ဆိုသည်မှာ ဆွစ်ဇာလန်နိုင်ငံက မြို့ကလေးဖြစ်၏။ ဖိုရမ် (forum) ဆိုသည်မှာ ဆွေးနွေးပွဲဖြစ်၏။ အာဂျင်ဒါ (Agenda) ဆိုသည်မှာ အစီအစဉ်ဖြစ်၏။ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ဆိုသည်မှာ ကမ္ဘာလုံးပြုမှုဖြစ်၏။ သို့ပါ၍ အဓိပ္ပာယ်မှာ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပသည့် ဆွေးနွေးပွဲ၏ အဓိကအစီအစဉ်မှာ ကမ္ဘာလုံးပြုမှုဟု အဓိပ္ပာယ်ရပါသည် ဆရာကြီး ရွှေဥဒေါင်းခင်ဗျား။

Asian Fame Media Group
AF MEDIA GROUP

ဆရာကြီး ဒဂုန်ရွှေမျှားကား တိုင်နှင့် ခေါင်းနှင့် ဆောင့်လျက်။ ဆရာ ဇော်ဂျီကား သူ၏ ဦးခေါင်းကို ဘယ်ညာ ယမ်းခါလျက်။ ဆရာကြီး သခင် ဘသောင်း၊ ဆရာ မင်းသုဝဏ်၊ ဆရာထင်လင်း စသည့် အသီးသီး အသက ပုဂ္ဂိုလ်တို့သည် မျက်နှာ ညှိုးရော်ကာ ကျွန်ုပ်ကို ဝိုင်းဝန်း ကြည့်ရှုနေကြကုန်ချေ၏။



မေး။ ။ ဝေါလ်တွေပျောက်၍ မောတွေရောက်လာပြီဖြစ်ရာ အီကိုနိုးမစ်စပိ မြန်လာ၏' ဟူသည်ကို ရှင်းပါပေ။

ဖြေ။ ။ ဝေါဟူသည်ကား တံတိုင်း (Wall) ကို ဆိုပါ၏။ မောကမူ ဈေး (Mall) ဖြစ်ပါ၏။ အီကိုနိုးမစ်စပိ (Economic Speed) ကမူ စီးပွားရေးမြန်နှုန်းဖြစ်ပါ၏၊ သို့ဖြစ်ရာ အကာအရံတံတိုင်းများ ပြိုကျပြီး ဈေးများ ထွန်းကားလာလေရာ စီးပွားရေး သွက်လာ၏ဟု အဓိပ္ပာယ်ရကြောင်းပါ ဆရာမြသန်းတင့်ခင်ဗျာ။

မေး။ ။ 'မြူနစ်ဆက်ကျူရတီဆိုင်ရာ အင်တာနေရှင်နယ်ကွန်ဖရင့်၌ ပူတင်က ဂလိုဘယ်စတေဘယ်လတီကို ထည့်ပြောလာသည်' ဟူသည်ကို ထင်လင်းပေးပါဦး။

ဖြေ။ ။ မြူးနစ်ကား ဂျာမနီရှိ မြို့။ ဆက်ကျူရတီ (Security) ဆိုသည်က လုံခြုံရေး။ အင်တာနေရှင်နယ် ကွန်ဖရင့် (international conference) ဆိုသည်က နိုင်ငံတကာ အစည်းအဝေး။ ပူတင်က ရုရှသမ္မတ။ ဂလိုဘယ်စတေဘယ်လတီ (Global Stability) ဆိုသည်က ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှု။ သို့ဖြစ်ရာ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင်ကျင်းပသည့် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာညီလာခံ၌ ရုရှသမ္မတပူတင်က ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှု လိုအပ်ကြောင်း ပြောဆိုသည်ဟူ၍ အဓိပ္ပာယ်ရကြောင်းပါ ဆရာကြီး သခင်ဘသောင်း။

မေး။ ။ 'သာဒ်ဝေ့ဗ်၏ အခြေခံမှာ အင်ဖော်မေးရှင်း တက္ကနိုလိုဂျီပင်ဖြစ်ရာ အေ့ဂျ်အော့ဖ်အန်ဆာတိန်းလီး အချိန်တွင် အက်ဘဆိုလုထရုဟု ထင်ထားသည်များ ပြိုကျကုန်သည်' ဆိုသည့်ဝါကျအတွက် ခေါင်းခြောက်မိကြောင်းပါ။

ဖြေ။ ။ "သာ့ဒ်ဝေ့ဗ် (Third Wave) ခေါ် တတိယလှိုင်းသည် အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ (information technology) ခေါ် သတင်းနည်းပညာကို အခြေခံထားသည့်အတွက် ယခုခေတ်သည် အေ့ဂျ်အော့ဖ်အန်ဆာတိန်းလီး (Age of uncertainly) ခေါ် ဘာဇာမှ မသေချာတော့သည့်အတွက် အက်ဘဆိုလုထရု (Absolute Truth) ခေါ် ထာဝရ အမှန်တရားဟူသည် မရှိတော့ဟု ဆိုလိုကြောင်းပါ အစ်ကို ဘုန်းမြင့် (မန္တလေး) ငဲ့လေ"

မေး။ ။ "အယ်လ်ဗင်းတော်ဖလာ ပြောသကဲ့သို့ပင် ဂလိုဘယ်လိုက်ဖေးရှင်းနှင့်အတူ ပါဝါရှစ်ဖ်တွေ ဖြစ်လာ၏။ ဖြူးချားရှော့ခ်တွေ ဖြစ်လာ၏။ နယူးဝေါအော်ဒါမှာ ခေးအော့စ်ဖြစ်လာသည်" ၏ အဓိပ္ပာယ်ကို သိလိုလှပေသည်။

ဖြေ။ ။ လူမှုတွေးခေါ်ပညာရှင် အယ်လ်ဗင်းတော်ဖလာ (Alvin Toffler) က ဂလိုဘယ်လ်လိုက်ဖေးရှင်း (Glogalization) ခေါ် ကမ္ဘာလုံးပြုမှုနှင့်အတူ ပါဝါရှစ်ဖ် (power shift) ခေါ် အာဏာရွှေ့ပြောင်းမှု ဖြူးချား ရှော့ခ် (future shock) ခေါ် အနာဂတ်သွေးလန့်မှုတို့ ဖြစ်လာကာ နယူးဝေါအော်ဒါ (New World Order) ခေါ် ကမ္ဘာ့သစ် အခင်းအကျင်းသည် ခေးအော့စ် (chaos) ခေါ် ရှုပ်ထွေး ပွေလီလိမ့်မည်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်းပါ ဆရာမင်းသုဝဏ်ခင်ဗျာ။

အသို့နှင့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် မြန်မာဘုတ်အုပ်မျိုးစုံကို ကိုင်ဆောင်ကာ နားမလည်သည့် ဝါကျများကို အဓိပ္ပာယ်မေးမြန်းနေသည့် ကောင်းကင်ဘုံရောက် မြန်မာစာရေးဆရာကြီးများ၏ မေးခွန်းများကို တစ်ခုပြီးတစ်ခုဖြေကြား၍ နေခဲ့ရာ အာခေါင်များ ခြောက်သွေ့လာသည်ကြောင့် တာဝတိံသာ ဘီယာကလေးတစ်ခွက်တစ်ဖလားကို အမောပြေ မော့ချရချေ၏။ အနီးသို့ ဤသို့ဖြင့် လေးငါးရက်ခန့် ကြာညောင်းပြီးသည့်သကာလ မေးကြဖြေကြနှင့် ခရီးအတန်ပေါက်၍သွားခဲ့ချေရာ ကောင်းကင်ဘုံရောက် ဆရာများသည် မျက်နှာများ ရွှေလိုဝင်းပခဲ့ကြပါ၏။ ကျွန်ုပ်လည်း ခရီးတစ်ထောက်ကို ခွင့်ပန်ပြီးသည့်သကာလ ပြန်ရဘိချေ၏။ ဆရာကြီးရွှေဥဒေါင်းကမူ ရန်ကုန်အခြေစိုက် စာရေးဆရာများသို့ အောက်ပါစာလွှာကို လက်ဆောင်ပါးလိုက်ပါ၏၊ ရှုပါလေ။

**မိုင်ဒီးယားမြန်မာရိုက်တာများသို့ . . . . .**

**အေ့ဂျ်အော့ဖ်အင်ဖော်မေးရှင်းနှင့် အတူ မြန်မာလစ်ထရေးချားနယ်ပယ်၌ အိုင်ဒီရော်လော်ဂျီများ ချိန်းဂျက်ဖြစ်သည်ကို ဝဲလ်ကမ်းလုပ်ကြောင်း ဝန်ခံလိုပါသည်။ အနီ့သော် ဂလိုဘယ်ကြောင့် အင်ဒစ်ဗစ်ကျူရယ်ပျောက်မည်ကို စိုးရိမ်မိပါသည်။ မိမိတို့၏ အိုင်ဒန်နတီမပျက်သုဉ်းစေရန်အတွက် ဒစ်စကတ်ရှင်းလုပ်နိုင်လျှင် ချဲလင့်ခ်တူဖြူးချားဖြစ်မည်ဟု ယုံကြည်မိပေသည်။**

**ပုံ**

**ရွှေဥဒေါင်း**


**ရိုက်တာအဆိုစလေးရှင်း**

**ပါရာဒိုက်စ်**

ဟူ၍ သာလျှင် တမ့်တကား။

**ဂျက်ကွမ်းခြံကုန်း**

Asian Frame Media Group



# လျှပ်စစ်သံလိုက် စက်ကွင်းများ၏ အန္တရာယ်များ

## 'EM' (Electromagnetic) Pollution

ဒေါက်တာအောင်ဆန်းဝင်း

ကျွန်ုပ်တို့နေထိုင်တဲ့ ကမ္ဘာမြေအပေါ် အဝင် နေ၊ လနဲ့ အခြားဂြိုဟ်များ အားလုံးကို သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ သဘာဝလျှပ်စစ် သံလိုက်လှိုင်းလို့ ခေါ်တဲ့ Natural Electro- magnetic Spetrum နဲ့ လွှမ်းခြုံထားပါတယ်။ ဥပမာအားဖြင့် နေရောင်ခြည်ဟာ ဆိုရင်လည်း Electromagnetic Spetrum တစ်ခုပဲ ဖြစ်ပါတယ်။ လှိုင်းအလျား 360 nm နဲ့ လှိုင်းအလျား 740 nm အတွင်းမှာရှိလို့ အလင်းတန်း အဖြစ် မြင်ရခြင်း ဖြစ်ပါတယ်။ သူ့ထက်ပိုပြီး လှိုင်းအလျား တိုသွားရင် UV Light လို့ ခေါ်ပါတယ်။ Gamma Rays ဆိုရင် $10^{-5}$ nm လောက်ဖြစ်ပြီး Cosmic Ray ဆိုရင် $10^{-7}$ nm အထိ ရှိပါတယ်။ လှိုင်း အလျားတိုလေ Frequency ပိုများပြီး လူကိုပိုပြီး ဒုက္ခပေးနိုင်လေ ဖြစ်ပါတယ်။ ဒီ Electro-

Asian Media Group

magnetic Wave တွေဟာ ကမ္ဘာပေါ်ကို ကျရောက် မလာနိုင်အောင် ကမ္ဘာ့လေထုနဲ့ ကမ္ဘာမြေကြီးရဲ့ သံလိုက်စက်ကွင်း (Geomagnetic Shield) ကနေ ကာထားပါတယ်။ ပြန်ပြီး ခုခံတွန်းထားပေးတဲ့အတွက် အန္တရာယ်ရှိမယ့် EM Wave တွေကို ကျွန်တော်တို့ လူသားတွေ အနေနဲ့ ထိတွေ့ရခြင်း မရှိပါ။

ဒါပေမဲ့ လူသားတွေရဲ့ တီထွင်ဖန်တီးမှုနဲ့ ပြုလုပ်ထားတဲ့ EM Wave တွေကတော့ ကမ္ဘာပေါ်မှာ တစ်နေ့တခြား ပျံ့လွင့်များပြားလို့ လာနေပါတယ်။

- လျှပ်စစ်ဝါယာကြိုးအကြီးကြီးတွေ (Cable ကြိုးကြီးတွေ)
- အနီအောက်ရောင်ခြည် (Infra red Radiation) တွေ
- မိုက်ခရိုဝေ့ဖ် (Microwave)
- ရေဒါ (Radar)
- အက်(ဖ်) အမ်ရေဒီယို (FM Radio)
- ရုပ်သံလွှင့်လှိုင်း (TV Broadcasting)
- လှိုင်းတိုရေဒီယို (Short Wave Radio)
- အေအမ်ရေဒီယို (AM Radio)
- တယ်လီဖုန်းဆက်သွယ်ရေး (Telephone Communication)
- ဆယ်လ်လူလာဖုန်း (Cellular Phone)
- ဂျီအက်(စ်) အမ် (GSM Phone) တွေ


ဟာ EM (Electro Magnetic) Wave တွေကို သုံးပြီး ဆက်သွယ် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီအရာတွေအားလုံးဟာ ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်မှာ ပျံ့လွင့်နေပြီး ကျန်းမာရေးကို အနည်းနဲ့အများ ဆိုသလို ထိခိုက်လာလျက် ရှိနေပါတယ်။ ဒါကို EM Pollution လို့ ခေါ်ခြင်းဖြစ်ပါတယ်။


ဒီ EM Field တွေဟာ အင်အားနည်းရင် သိပ် အရေးမကြီးပေမယ့် အားများခဲ့ရင်တော့ ကျန်းမာရေးကို ထိခိုက်လာမှာ ဖြစ်ပါတယ်။ ကင်ဆာရောဂါ အမျိုးမျိုးတွေကို (အထူးသဖြင့် သွေးကင်ဆာ) ဖြစ်စေနိုင်ပါတယ်။ ပြီးတော့ ခုခံအားစနစ်ကို ကျဆင်းစေပြီး နာတာရှည်ရောဂါတွေဖြစ်တဲ့ သွေးတိုးရောဂါ၊ နှလုံးရောဂါနဲ့ စိတ်ရောဂါအမျိုးမျိုးကို ရစေနိုင်ပါတယ်။ ဥပမာအနေနဲ့ပြရရင် အားပြင်းထန်တဲ့ ကေဘယ်လ်ဝါယာကြိုးကြီးတွေနားမှာ နေတဲ့ကလေးတွေ ဆိုရင် Leukalmia (လူကီးမီးယား) လို့ခေါ်တဲ့ သွေးကင်

အိမ်သုံး လျှပ်စစ်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ပြောရရင် ဒီပစ္စည်းတွေကို အသုံးပြုတဲ့အခါ မလိုအပ်ဘဲ နီးနီးကပ်ကပ် မနေဖို့ ဖြစ်ပါတယ်။ ဥပမာ **TV** ကြည့်ရင် ၆ ပေကျော် အကွာကနေ ကြည့်ရင် ရပါတယ်။ **Microwave** မိုက်ခရိုဝေ့ဖ် မီးဖိုဆိုရင်လည်း ခလုတ်နှိပ်ပြီး ဝေးဝေးမှာ နေရင် ရပါတယ်။ **Dryer** ဆိုရင်လည်း ခေါင်းနဲ့ကပ်ပြီး မလုပ်ဘဲ ၁ ပေ၊ ၂ ပေ အကွာလောက်ကနေ လုပ်လို့ ရပါတယ်။

ဆာဖြစ်ပွားနှုန်းဟာ သိသိသာသာများတာ တွေ့ရပါတယ်။ ဗို့အား ထောင်သောင်းချီတဲ့ လျှပ်စီးကြောင်းတွေ ဖြတ်စီးနေတဲ့ ဝါယာကြိုးတွေရဲ့ ပတ်ဝန်းကျင်မှာ EM Radiation လျှပ်စစ်သံလိုက်လှိုင်းတွေဟာ အဆမတန် များပြားပါတယ်။

အထူးသဖြင့် အမေရိကန် ပြည်ထောင်စုနဲ့ ကနေဒါ နိုင်ငံတွေမှာ 60 Hz (Cycles Second) Frequency ကို သုံးလို့ ပိုဆိုးပါတယ်။ ကျွန်တော်တို့အာရှနိုင်ငံနဲ့ ဥရောပနိုင်ငံတွေမှာတော့ 50 Hz ကို အသုံးများလို့ နည်းနည်းတော်ပါသေးတယ်။ ၁၉၉၈ ခုနှစ်က ဆွီဒင်နိုင်ငံမှာ လေ့လာချက်အရ High-Voltage Power Line (ဗို့အားမြင့်လျှပ်စစ်ဝါယာကြိုး) တွေရဲ့ ပတ်ဝန်းကျင် အနီးမှာနေတဲ့ ကလေးတွေဟာ Leukalmia ဖြစ်တဲ့နှုန်းဟာ သိသိသာသာ များတာကို တွေ့ရပါတယ်။ လူငါးသိန်းလောက်ကို လေ့လာပြီးမှ ထုတ်ပြန်တာဖြစ်လို့ တစ်ကမ္ဘာလုံးက လက်ခံကြပါတယ်။ အထူးသဖြင့် ဓာတ်အား (Power Line) လိုင်းတွေဟာ ပုံသေလျှပ်စစ်သံလိုက် (CONSTANT Magnetic Force) အားမဟုတ်ဘဲ Orcillating လို့ခေါ်တဲ့ လှုပ်ရှားမှုများတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေဖြစ်လို့ ပိုဆိုးစေပါတယ်။ အခုဆိုရင် အဲဒီနိုင်ငံတွေမှာရော၊ နိုင်ငံအများစုမှာ ပါဝါ (Power Line) လိုင်းရဲ့ အောက်တည့်တည့်နဲ့ စက်ကွင်းမလွတ်တဲ့နေရာမှာ လူနေအိမ်တွေ ဆောက်ခွင့်မပြုတော့ပါဘူး။ လူနေအိမ်တွေ ဆောက်ပြီးတဲ့နေရာဆိုရင်လည်း (Power Line) လျှပ်စစ်လိုင်းတွေဖြတ်ပြီး သွယ်တန်းခွင့်တွေပါ ပိတ်ပင်လိုက်ပြီး








ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း မဟာဓာတ်အားလိုင်းတွေ ရှိပါတယ်။ ဒီဓာတ်အားလိုင်းနဲ့ အနီးတစ်ဝိုက်မှာ လူနေအိမ်တွေ မဆောက်ဖို့ သတိပေးတားမြစ်ရမှာ ဖြစ်ပါတယ်။ အချို့လယ်ကွင်းထဲက လယ်တဲတွေဆိုရင် ပါဝါ (Power Line) လိုင်းအောက်နားမှာ ဆောက်ထားတာတွေ့နေရပါတယ်။ ဒါမျိုးတွေကို အသိပညာဖြန့်ဖြူးပေးဖို့ လိုအပ်ပါတယ်။

အိမ်သုံးပစ္စည်းတွေအနေနဲ့ လျှပ်စစ်မော်တာတွေဟာ EM Wave လျှပ်စစ်သံလိုက်လှိုင်းတွေ အများဆုံး ထုတ်လွှတ်ပါတယ်။ ဥပမာ - Generator (မီးစက်)၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Hair Dryer စသည်ဖြင့်ပေါ့လေ။ သာမန်အသုံးပြုတဲ့ အားလောက်ကတော့ သိပ်ပြီး အန္တရာယ်မရှိပါဘူး။ သတိပြုရမှာက ဒီပစ္စည်းတွေကို အသုံးပြုတဲ့အခါ လူနဲ့ဝေးဝေးမှာထားပြီး သုံးဖို့ကိုပါပဲ။ အားကောင်းတဲ့ ပစ္စည်းတွေကို နီးနီးကပ်ကပ်နဲ့ အချိန်ကြာကြာထိတွေ့နေရင်သာ ကျန်းမာရေးကို ထိခိုက်မှာ ဖြစ်ပါတယ်။ မော်တာ မပါပေမယ့် TV နဲ့ Radio တို့လို လျှပ်စစ်ဓာတ်အားနဲ့ အသုံးပြုတဲ့ ပစ္စည်းမှန်သမျှဟာ EM Force (လျှပ်စစ်သံလိုက်အား) တွေ လွှတ်ပါတယ်။ EM Force ရဲ့ သဘောတရားက ထုတ်လွှတ်တဲ့ပစ္စည်းနားမှာ အင်အားအပြင်းဆုံးဖြစ်ပြီး ဝေးတာနဲ့အမျှ ပျော့သွားပါတယ်။ ဥပမာ တီဗီကြည့်တဲ့အခါ အနားကို ကပ်ကြည့်ရင် မျက်စိထိခိုက်ရုံမကဘဲ တစ်ကိုယ်လုံးကို EM Force တွေ သက်ရောက်နိုင်ပါတယ်။ ၆ ပေအကွာရဲ့ နောက်ပိုင်းကကြည့်ရင် EM Force နဲ့ လွတ်ကင်းသွားလို့ အန္တရာယ်မရှိနိုင်ပါဘူး။ အလားတူ Radio ရေဒီယိုတို့၊ ဆဲလ်လူလာ Cellular Phone တို့လည်း နားနဲ့ နီးနီးကပ်ကပ် အကြာကြီးနားထောင်ရင် မကောင်းပါဘူး၊ Computer ဆိုရင်လည်း ကြာကြာဆက်တိုက် မကြည့်သင့်ပါဘူး။ ဆက်တိုက် လေး၊ ငါးနာရီကြည့်ရင် EM Effect တွေ ဝင်လာနိုင်ပါတယ်။ ဒါကြောင့် နှစ်နာရီတစ်ခါ ၁၅ မိနစ်လောက် နားပြီးမှလုပ်ရင် ပိုကောင်းပါတယ်။ Laptop ဆိုရင် ပေါင်ပေါ်တင်ပြီး လုပ်ရလို့ ပိုဆိုးပါတယ်။ လေ့လာချက်စာတမ်းတစ်စောင်ရဲ့ တွေ့ရှိချက်အရ Laptop ကို ပေါင်ပေါ်တင်ပြီး သုံးတာများရင် မျိုးပွားအင်္ဂါတွေကို ထိခိုက်ပြီး ကလေးမရနိုင်တော့ပါဘူး။ EM (လျှပ်စစ်သံလိုက်လှိုင်း) တွေကြောင့် Sperm တွေဟာလည်း သေကုန်တာ တွေ့ရပါတယ်။ (Copier Machine) မိတ္တူကူးစက်ကတော့ အတော်လေးဆိုးတယ်လို့ ဆိုကြပါတယ်။ မိတ္တူကူး (Copier) လုပ်နေစဉ် EM Wave တွေ အများထွက်ပါတယ်။ ဒါကြောင့် တိုးတက်တဲ့နိုင်ငံတွေရဲ့ ရုံးခန်းမှာ ကိုယ်ဝန်ဆောင်တွေ (Copier Machine) မိတ္တူကူးစက်မကိုင်ရလို့ ရေးထားတာတွေ့ဖူးပါတယ်။

ဆေးလောကမှာတော့ ရိုးရိုးဓာတ်မှန်ဖြစ်တဲ့ X-ray ဆိုရင် လှိုင်းအလျားက $10^{-3}$nm ဖြစ်ပါတယ်။ 1nm ရဲ့ အပုံတစ်ထောင်ပုံတစ်ပုံသာ ရှိပါတယ်။ ဒါကြောင့် ဖောက်ထွင်းအား အင်မတန်ကောင်းလို့ အရိုးမှလွဲပြီး ကျန်တဲ့အသားတွေ၊ ကိုယ်တွင်း ကလီစာတွေကို ဖောက်သွားတဲ့ EM အမျိုးအစား ဖြစ်ပါတယ်။ ဒါကြောင့် X -ray ရိုက်မယ်ဆိုရင် မဖြစ်မနေ လိုအပ်မှသာ ဆရာဝန်ရဲ့ညွှန်ကြားချက်နဲ့ ရိုက်ရပါတယ်၊ ရောဂါရှာဖွေရေးနဲ့ ကုသရေးမှာလည်း အသုံးပြုပါတယ်။ လိုအပ်မှသာ သုံးသင့်ပါတယ်၊ တစ်ခါတလေရိုက်တာ သိပ်အရေးမကြီးပေမယ့် ခဏခဏရိုက်ခဲ့ရင် ကျန်းမာရေးကို ထိခိုက်စေမှာဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်မှန် (X-ray) ရိုက်တဲ့အခန်းဆိုရင် အုတ်နံရံနဲ့ သေသေချာချာကာထားရပြီး အရိုက်ခံသူလူနာမှအပ မဆိုင်သူတွေကို X-ray ရောင်ခြည်မထိတွေ့အောင် စီစဉ်ဆောင်ရွက်ရပါတယ်။ အခုနောက်ပေါ်နေတဲ့ MRI (အမ်အာအိုင်) လို့ ခေါ်တဲ့ သံလိုက်အားသုံး ဓာတ်မှန်ဆိုရင် ပိုပြင်းထန်ပါတယ်။ Magnetic Resonance Imaging လို့ခေါ်ပါတယ်။ ရိုက်တဲ့နေရာပေါ် မူတည်ပြီး Gauss Unit 650 ကနေ ၁၅၀၀၀ လောက်အထိ သုံးရပါတယ်။ သူ့ကိုလည်း X-ray ရိုက်သလိုပဲ လူနာကိုသာလျှင် သီးခြားထိတွေ့စေရပါတယ်။ ခဏခဏရိုက်လို့ မကောင်းပါဘူး။

အိမ်သုံး လျှပ်စစ်ပစ္စည်းတွေနဲ့ ပတ်သက်လို့ပြောရရင် ဒီပစ္စည်းတွေကို အသုံးပြုတဲ့အခါ မလိုအပ်ဘဲ နီးနီးကပ်ကပ် မနေဖို့ဖြစ်ပါတယ်။ ဥပမာ TV ကြည့်ရင် ၆ ပေကျော်အကွာကနေ ကြည့်ရင် ရပါတယ်။ Microwave မိုက်ခရိုဝေ့(ဗ်) မီးဖိုဆိုရင်လည်း ခလုတ်ဖွင့်ပြီး ဝေးဝေးမှာနေရင် ရပါတယ်။ Dryer ဆိုရင်လည်း ခေါင်းနဲ့ကပ်ပြီး မလုပ်ဘဲ ၁ပေ၊ ၂ ပေအကွာလောက်ကနေ လုပ်လို့ရပါတယ်။ Radio ရေဒီယိုဆိုရင်လည်း ကပ်ပြီး နားမထောင်ဘဲ ခပ်လှမ်းလှမ်းကနေ နားထောင်ရင် ပြီးတာပါပဲ။ လက်ကိုင်ဖုန်းတွေ သုံးရင်လည်း Hand Free (သို့တည်းမဟုတ်) Blue Tooth ဘလူးတုသ်(စ်) သုံးပြီးဆက်တာ ပိုပြီး အန္တရာယ်ကင်းတာပေါ့ဗျာ။ ယနေ့ခေတ်အခါမှာ Electronic အီလက်ထရောနစ် ပစ္စည်းတွေ အသုံးများ ထွန်းကား တိုးတက်လာတာနဲ့အမျှ လျှပ်စစ်သံလိုက် စက်ကွင်းတွေရဲ့ အန္တရာယ်မှလည်း လွတ်ကင်းအောင် ရှောင်ရှားတတ်ရမယ် ဆိုတဲ့ အသိပညာဗဟုသုတ ရသွားကြမယ်ဆိုရင် ဒီဆောင်းပါးကို ကျွန်တော် ရေးရကျိုးနပ်ပါပြီ။

**ဒေါက်တာအောင်ဆန်းဝင်း**

Asian Fame Media Group

# သူတို့ပြောတဲ့...



ဒီလမှာတော့ R စကားလုံးနဲ့
ပတ်သက်တဲ့ တချို့သော
ဝေါဟာရတွေအကြောင်းကို
ခင်းကိုနိုင်၊
မသီတာ (စမ်းချောင်း) နဲ့
တေးသံရှင် ဖြူဖြူကျော်သိန်း
တို့က
ဆွေးနွေးပေးထားပါတယ်။



ခင်းကိုနိုင်

"အဓိကကတော့ အတိတ်က
ဒါးသီးမှုတွေကို ခွင့်လွှတ်ခြင်းအကတ်ပိုင်း၊
မှတ်ထားခြင်းအကတ်ပိုင်းနဲ့
လက်တွေ့ဆန်ဆန် အနာဂတ်အတွက်
အကျိုးရှိ ပူးပေါင်းဆောင်ရွက်ခြင်းကို
Reconcile လို့ ပြောတာပါ။"



မသီတာ (စမ်းချောင်း)

"ဘယ်သူမှ တာဝန်နဲ့ကင်းပြီး
ရလာဒ်ကောင်းရှိသလို ယူနိုင်စရာလည်း
မရှိပါဘူး။ ပြဿနာဖြစ်ခဲ့ရတဲ့ ကိစ္စတွေမှာ
ဆိုရင်လည်း တစ်ဦးတစ်ယောက်တည်းက
တာဝန်ယူရမယ်ဆိုတာထက်
အားလုံးမှာ တာဝန်ရှိတယ်။"




ဖြူဖြူကျော်သိန်း

"ကိုယ်က ကိုယ်အလုပ်လုပ်နေတဲ့
နေရာတစ်ခုမှာ ကိုယ့်တာဝန်ကိုသိပြီး
အလုပ်လုပ်တယ်လို့ ပြောရင်တော့
အလွယ်တော့ မှန်လိမ့်မယ်။
အခုနတော့ သူ့ရဲ့အဓိပ္ပာယ်က
ဒီထက် ကျယ်ပြန့်တယ်..."

arranged by phone su po po

Asian Fame Media Group





Asian Fame Media Group

## မင်းကိုနိုင်

### Responsibility

Responsibility ဆိုရင်တော့ တာဝန်ယူမှုပေါ့။ တာဝန်ယူမှု အကြောင်း ပြောရရင်တော့ ကျွန်တော်က ခေတ်နှစ်ခေတ်နဲ့ ယှဉ်ပြီးပြောရပါမယ်။ ပြီးခဲ့တဲ့ ခေတ်အခြေအနေတုန်းကတော့ အမှောင်အပိတ်ခေတ်ပါ။ အဲဒီတုန်းက လူတွေရဲ့ ဘဝက ခြိမ်းခြောက်မှုတွေနဲ့ အပြစ်ဒဏ်တွေနဲ့ ရှင်သန်ခဲ့ရပါတယ်။ လူတွေကို ဒါမလုပ်ရ၊ ဒါလုပ်ရင် အပြစ်ပေးမယ်ပေါ့။ ဒါမျိုးတွေနဲ့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတာပါ။ အခုကတော့ အလင်းအပိတ်ခေတ်ဖြစ်ပြီပေါ့။ ဒါကိုတော့ ကျွန်တော်တို့က ပွင့်လင်းခေတ်လို့ ခေါ်တာပေါ့။ နိုင်ငံသားတိုင်းက အခွင့်အရေးနဲ့ တာဝန်ယူမှု နှစ်ခုလုံးရှိရပါမယ်။ ကျွန်တော်တို့က အခွင့်အရေး တွေပဲယူပြီး တာဝန်မဲ့တာမျိုးတော့ မဖြစ်ရပါဘူး။ အခွင့်အရေးမှာ နိုင်ငံသားတိုင်းက လွတ်လပ်စွာ ပြောဆိုခွင့်၊ ဖော်ထုတ်ခွင့်၊ ရေးသားခွင့်ပေါ်မှာ အခြေခံပါတယ်။ တာဝန်ယူမှုမှာ ဘာပါသေးလဲဆိုရင် လိုအပ်တဲ့အချိန်မှာ ပူးပေါင်းဆောင်ရွက်မှုလည်း ပါပါတယ်။ တိုင်းပြည်ရဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ၊ ဒေသတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေမှာ လိုအပ်သလို ပူးပေါင်းရပါမယ်။ ပူးပေါင်းတာက အရပ်ဘက်အဖွဲ့အစည်းတွေ ဖြစ်ချင် ဖြစ်မယ်၊ လုံခြုံရေးအဖွဲ့တွေနဲ့ ဖြစ်ချင်ဖြစ်မယ်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးပိုင်းက သူတွေနဲ့လည်း ဖြစ်ချင်ဖြစ်မယ်။ တကယ်ကို တစ်မျိုးသားလုံးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်ခြင်းကလည်း တာဝန်ယူမှုတစ်ခုပါပဲ။ နိုင်ငံသားတိုင်းက နိုင်ငံသား အခွင့်အရေးနဲ့ တာဝန်ယူမှုကို နားလည်ထားရမယ်၊ သဘောပေါက်ထားရပါမယ်။ တာဝန်ယူမှုကတော့ နိုင်ငံသားတိုင်း တစ်ဦးစီရဲ့ ခံယူ


ချက်ပေါ်မှာလည်း မူတည်ပါတယ်။ ကျွန်တော် စောစောကပြောခဲ့သလိုပေါ့။ လူဖြစ်လာပြီးမှ ဒြိမ်းခြောက်မှုတွေနဲ့ အပြစ်ဒဏ်တွေကနေ ပြောင်းရမယ်။ ဒါက နံပါတ်တစ်ပဲ။ ငါတို့မှာ ဒီလို အခွင့်အရေးတွေ ရှိတယ်။ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေး အဲဒီလို အခွင့်အရေးတွေရှိတယ် ဆိုတာကို သိခြင်းနဲ့အတူ တာဝန်ယူမှုအပိုင်းက အရမ်းအရေးကြီးတယ်။ ဥပမာ - ဇရာဝတီစီမံကိန်းလိုဟာမျိုးတို့ ကလေးတွေကို ပိုလီယိုကာကွယ်ဆေးတိုက်တဲ့ဟာမျိုးတို့တွေကို အစိုးရရဲ့ Campaign လို့ မမြင်ရပါဘူး။ တစ်မျိုးသားလုံးရဲ့ အရေးဖြစ်တဲ့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပြီး အဲဒီတာဝန်ကို ယူရပါမယ်။ ပူးပေါင်းဆောင်ရွက်မှုမျိုးနဲ့ တာဝန်ယူမှုမျိုးက ရှိရမှာပါ။

## Reconcile

Reconcile ကတော့ ပြန်လည်သင့်မြတ်ရေးလို့ပြောသလို ပြန်လည်ရင်ကြားစေတယ်လို့လည်း ပြောကြပါတယ်။ အဲဒါကို လက်တွေ့အကောင်အထည်ဖော်ဖို့ဆိုရင် အတိတ်က ခါးသီးတဲ့ နစ်နာဆုံးရှုံးချက်တွေအပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် ပြစ်ဒဏ်မခတ်ဘဲ (တစ်ခုတော့ ရှိတယ် သမိုင်းကြောင်းအမှန်ကိုတော့ ဖျောက်ဖျက်ပစ်လို့ မရဘူး) ခွင့်လွှတ်ရပါမယ်၊ ခွင့်လွှတ်ခြင်းစိတ်အခြေခံနဲ့ အနာဂတ်ကို မျက်နှာမူတဲ့ကိစ္စတိုင်းက ပြန်လည်သင့်မြတ်ရေးပါပဲ။ ဒါက မိသားစုတစ်ခုထဲမှာလည်း ရှိတယ်၊ မြို့တစ်မြို့နယ်တစ်နယ်မှာလည်း ရှိပါတယ်။ နိုင်ငံတစ်ခုထဲမှာလည်း ရှိပါတယ်။ ကမ္ဘာ့လူသားတွေ အားလုံးကြားထဲမှာလည်း ရှိပါတယ်။ အဓိကကတော့ အတိတ်က ခါးသီးမှုတွေကို ခွင့်လွှတ်ခြင်းက တစ်ပိုင်း၊ မှတ်ထားခြင်းက တစ်ပိုင်းနဲ့ လက်စားမချေဘဲ အနာဂတ်အတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကို Reconcile လို့ ပြောတာပါ။ အဲဒီမှာ အခက်အခဲတွေတော့ ရှိတယ်။ ပြန်လည်သင့်မြတ်ဖို့အတွက် မှန်ကန်တဲ့ပန်းတိုင် ရှိရမယ်။ ခြေလှမ်းလည်း မှန်ရမယ်။ အဲဒါဆိုရင် အတိတ်တုန်းက ဘယ်လိုတွေပဲရှိခဲ့ရှိခဲ့ အခုတော့ ပူးပေါင်းပြီး သွားကြမယ် ဆိုတာမျိုးပေါ့။ ဒါကို Liberal လို့ ခေါ်လို့လည်း ရပါတယ်။ နောက်ပြီးတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ ဘယ်လိုညှိနှိုင်းမှုမှ မလုပ်နိုင်ဘူးဆိုရင်လည်း နှစ်ဖက်လုံးက အငြိမ်းချမ်းဆုံးထိန်းကျောင်းနိုင်ဖို့လိုတယ်။ ဒါကလည်း ပြန်လည်သင့်မြတ်ရေးအတွက် ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေပါပဲ။

## Respect

Respect ဆိုတာက ခပ်လွယ်လွယ်ပဲပြောရရင် လေးစားခြင်းပေါ့။ ဒါပေမဲ့ အဲဒီမှာ ခုနက ပြောခဲ့တဲ့ တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေးတို့၊ တာဝန်ယူမှုတို့ လုပ်မယ်ဆိုရင် အပြန်အလှန် လေးစားခြင်းက နံပါတ်တစ်အရေးကြီးဆုံးပါပဲ၊ တစ်ခုတော့ ရှိတယ်။ လေးစားယုံကြည်ဖို့အတွက်ဆိုရင် လူတစ်ဖက်နဲ့ တစ်ဖက်ကလည်း လေးစားရလောက်အောင် နေရပါမယ်။ အင်အားအတန်အသင့်လည်း ရှိရလိမ့်မယ်။ ကျွန်တော်က အင်အားဝါဒီတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ အင်အား မရှိတဲ့သူကို လူမလေးစားတာတွေ ကျွန်တော် တွေ့ခဲ့ရတယ်။ ကျွန်တော်ကတော့ အမှန်တရားနဲ့ ကြည့်ရင် မှန်တဲ့သူဘက်ကို လေးစားပါမယ်၊ သူ့နောက်မှာ အင်အားရှိတာ မရှိတာကို ပဓာနမထားပါဘူး။ ဒါပေမဲ့ လောကကြီးမှာ ဖြစ်တတ်တဲ့သဘောကတော့ အင်အားရှိတဲ့သူကို ပိုပြီးလေးစားတတ်တာကို ပြောတာပါ။ အပြန်အလှန်လေးစားမှုကင်းမဲ့ရင် အလုပ်ရှင်နဲ့ အလုပ်သမားကြား၊ မိသားစုကြား၊ နိုင်ငံတစ်နိုင်ငံကြားမှာ ပဲဖြစ်ဖြစ် ယုံကြည်မှုတည်ဆောက်လို့ မရပါဘူး၊ လေးစားမှုလည်း လိုတယ်၊ ယုံကြည်မှုလည်း လိုတယ်။ တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာနဲ့ အပြုအမူကို လေးစားတယ်ဆိုတာကို ပြလိုက်ခြင်းနဲ့ တစ်ဖက်သားရဲ့ ယုံကြည်မှုကို ပြန်ရတတ်ပါတယ်။ ဒါကြောင့် ယုံကြည်မှုရစေချင်ရင် လေးစားမှုက ရှိကိုရှိရမှာပါ။ ပြီးတော့ ကျွန်တော်တို့အရှေ့တိုင်းနိုင်ငံတွေမှာ အမြိုးစွဲနေတာ တစ်ခုရှိတယ်၊ အဲဒါက လူကြီး၊ မိဘတွေရဲ့စကားကို မပယ်ရှားသင့်ဘူး။ အမြဲနားထောင်ရမယ် ဆိုတာပေါ့။ ကျွန်တော်တို့ သဘောအရတော့ အသက်အရွယ်၊ ဝါ၊ သမ္မာပေါ် မူတည်ပြီး လေးစားရမှာပဲ။ တစ်ခုပဲရှိတယ်။ လွဲမှားနေတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ကိုယ်ယုံကြည်တဲ့ ထင်မြင်ချက်တွေကို ငယ်သူတွေက လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရသင့်ပါတယ်၊ ကြီးတဲ့သူတွေကလည်း ငယ်သူတွေဟာ တစ်ချိန်ကျရင် ဦးဆောင်မယ့်သူတွေ ဖြစ်တဲ့အတွက် သူတို့ရဲ့ ထင်မြင်ချက်တွေကို လေးစားသင့်ပါတယ်။ အဓိကက လေးစားမှုဆိုတာမှာ အပြန်အလှန် ဆွေးနွေးခွင့်က အရေးကြီးပါတယ်။ ဒါမှ အပြန်အလှန် လေးစားမှုဆိုတာ ဖြစ်မှာပါ။



ဖြိုးစုပိုပို

## မသီတာ(စမ်းချောင်း)

### Respect

Respect ဆိုတာက တစ်ယောက်ကနေ တစ်ယောက်ကို လေးစားသမှုပြုတာကို ပြောတာပေါ့။ ဒါက လူတိုင်း နားလည်ထားပြီးသားပါ။ ဒါပေမဲ့ ကျွန်မက Respect နဲ့ ပတ်သက်ပြီး ထောက်ပြချင်တာတော့ Mutual Respect ပဲ ရှိတယ်။ တစ်ဖက်ကပဲ လေးစားမှုရှိနေလို့ မရဘူး။ အပြန်အလှန်လေးစားမှုက ရှိရမယ်။ တစ်ဖက်က တစ်ဖက်ကို အသိအမှတ် ပြုတဲ့အခါ ကျန်တဲ့ တစ်ဖက်ကလည်း လေးစားမှုကို ပြန်ပြီးပြသရမယ်။ လေးစားရမယ်ဆိုပြီး ပြောကြတာမှာ အားလုံး လက်ခံထားတာက လူကြီးကို လူငယ်က လေးစားရမယ်ပေါ့။ အမှန်တော့ မဟုတ်ပါဘူး၊ လူငယ်ကိုလည်း လူကြီးက လေးစားမှုရှိရမယ်၊ လူနာက ဆရာဝန်ကို လေးစားရင် ဆရာဝန်ကလည်း လူနာကို ပြန်လေးစားရမှာပါ။ ဆရာဝန်မို့လို့ လူနာကပဲ လေးစားနေရမှာ မဟုတ်ဘူး၊ ကျောင်းသားက ဆရာ၊ ဆရာမကို လေးစားသလို ဆရာ၊ ဆရာမကလည်း ကျောင်းသားကို လေးစားမှုရှိရမယ်။ တစ်ဖက်သတ် Respect ဆိုတာ မရှိဘူးလို့ ကျွန်မကတော့ မြင်တယ်။ အပြန်အလှန် လေးစားမှုက ရှိကိုရှိရမယ်။

### Responsibility

Responsibility ဆိုတဲ့ တာဝန်ယူမှုဆိုတာကလည်း အပြန်အလှန်ဆိုတာ ရှိတယ်။ တစ်ဖက်က ပေးတဲ့ တာဝန်ကို တစ်ဖက်က တာဝန်ယူပြီးရင် ကျေပွန်ရမယ်။ Responsibility ဆိုတာကလည်း ဒီလူတစ်ယောက်ပဲ ဒီအသိုင်းအဝိုင်း တစ်ခုမှာပဲ ရှိတာမဟုတ်ဘူး။ လူတိုင်းမှာ တာဝန်ရှိပြီး အဲဒီ တာဝန်ကို လူတိုင်းက ယူချင်စိတ်ရှိရမယ်။ လူတိုင်းနဲ့ သက်ဆိုင်တယ်၊ တာဝန်တစ်ခုကို ယူချင်လို့ တောင်းဆိုလိုက်တယ် ဆိုရင်လည်း ရလိုက်တဲ့ အရာတွေပေါ်မှာ တာဝန်ယူတတ်ရမယ်။ လူငယ်တွေနဲ့ ပတ်သက်ရင်လည်း Responsibility ဆိုတဲ့ စကားလုံးက သိပ်ကို အရေးပါတယ်။ တဖြည်းဖြည်းနဲ့ ဒီမိုကရေစီဆိုတဲ့ စကားက ပိုပြီးတွင်ကျယ်လာတယ်။ နိုင်ငံတစ်ခုကို တည်ထောင်တော့မယ်ဆိုရင် လူတွေက ရပိုင်ခွင့်တွေကို ပိုပြောကြတယ်၊ ရပိုင်ခွင့်တွေကို ပြောကြပေမယ့် Responsibility ကို မေ့ထားကြတယ်။ တာဝန်ယူမှုဆိုတာကို မေ့ထားလို့ မရပါဘူး၊ ရပိုင်ခွင့်တစ်ခုကို တောင်းဆိုတိုင်းမှာ ကိုယ့်ဘက်က ဘာများပြန်ပြီး တာဝန်ကျေပေးရမလဲဆိုတာ စဉ်းစားထားရမယ်၊ ကိုယ်ပြောလိုက်တဲ့စကား၊ ကိုယ်ရေးလိုက်တဲ့ စာကအစ တာဝန်ယူရမယ်။ သူများကိုကျတော့ ဒီလိုတာဝန်ယူပေးပါဆိုပြီး ကိုယ်က ရပိုင်ခွင့်ကို တောင်းလိုက်တာလေ။ သူက ကိုယ့်ကို ပေးလိုက်ရင်တော့ ကိုယ်က တာဝန်ပြန်ယူရမှာပေါ့။ ဘယ်ဟာမှ တာဝန်နဲ့ကင်းပြီး ရလာစရာမရှိသလို ယူနိုင်စရာလည်း မရှိပါဘူး။ ပြဿနာဖြစ်ခဲ့ရတဲ့ ကိစ္စတွေမှာဆိုရင်လည်း တစ်ဦးတစ်ယောက်တည်းက တာဝန်ယူရမယ်ဆိုတာထက် အားလုံးမှာ တာဝန်ရှိတယ်။ တစ်ခါတလေမှာ တချို့က actively တာဝန်ရှိတယ်။ တိုက်ရိုက်တာဝန်ရှိတယ်ပေါ့။ တချို့ကကျတော့ အဲဒီလိုဖြစ်အောင် ဖန်တီးပြုမူပေးလိုက်တဲ့ သူတွေမှာလည်း Passively လို့ခေါ်တဲ့ တိုက်ရိုက်မဟုတ်တဲ့နည်းနဲ့ တာဝန်ရှိနေတာပဲ၊ အပြန်အလှန် တာဝန်ယူစိတ်နဲ့ ပြဿနာကို ဖြေရှင်းစေချင်တယ်။



### Reconcile

Reconcile ဆိုတာလည်း ပြန်လည်သင့်မြတ်တယ်ဆိုတာပေါ့။ အဲဒီမှာလည်း ဒီလိုပါပဲ။ ပြန်လည်သင့်မြတ်ဖို့ဆိုတာက တစ်ဖက်ကပဲ လုပ်လို့မရဘူး။ ကျန်တဲ့ဘက်ကလည်း ပြန်ပြီးသင့်မြတ်ချင်စိတ် ရှိရမယ်။ ပြန်ပြီး သင့်မြတ်ဖို့အတွက် နှစ်ဖက်လုံးက အားထုတ်ချင်စိတ် ရှိရမယ်။ နိုင်ငံနဲ့ချီပြီး ပြောရရင် Reconcile က အရေးပါတယ်။ ဒါပေမဲ့ ဘာပြဿနာမှ မရှိခဲ့တဲ့ နိုင်ငံတစ်နိုင်ငံမှာတော့ ပြန်ပြီး သင့်မြတ်ဖို့တို့ ပြန်လည်ပြေအေးဖို့တို့က မလိုဘူးပေါ့၊ Reconcile ရဲ့ သဘောတာကို ပြဿနာ တစ်ခုဖြစ်ခဲ့ပြီ။ အခု အဲဒီပြဿနာကို ပြန်ပြီး ပြေအေးကြမယ်ဆိုတဲ့ သဘောပဲလေ။ Reconcile ရဲ့ ပထမအဆင့်မှာ ပြဿနာဖြစ်ခဲ့တယ်ဆိုတာကို လက်ခံစေရမယ်။ ဒီပြဿနာကို မမေ့လိုက်ရဘူး၊ ပြဿနာဖြစ်ခဲ့ပါတယ် ဆိုတာကို ဝန်ခံရမယ်။ ဘာမှမဖြစ်ခဲ့သလိုနဲ့ ပြန်ပြီးပြေလည်ချင်လို့ မရဘူး။ နှစ်ဖက်လုံးကပဲဖြစ်ဖြစ် ဘက်အားလုံးကပဲဖြစ်ဖြစ် ဒီပြဿနာတွေ ရှိခဲ့ကြတယ်ဆိုတာကို လက်ခံရမယ်။ အဲဒီလိုမှ လက်မခံနိုင်ရင် ဒီပြဿနာကို ဖြေရှင်းဖို့ကြိုးစားလို့ရမှာ မဟုတ်တော့ဘူး။ တချို့က ပြောလိမ့်မယ်၊ ဖြစ်ပြီးခဲ့တဲ့ ပြဿနာတွေကို ပြန်ပြီးတော့ မတူးဖော်သင့်ဘူးလို့ ပြောကောင်း ပြောလိမ့်မယ်၊ ဒီလိုလုပ်တာက အနာဟောင်းကို ပြန်ဆွတာနဲ့ အတူတူပဲလို့ ပြောကြတယ်။ ကျွန်မကတော့ ဒီသဘောကို လက်မခံဘူး။ အနာဖေးတက်နေတဲ့ အနာတစ်ခုကို အနာကျက်နေပြီလို့ ကျွန်မကတော့ မပြောနိုင်ဘူး။ ဒီအနာဖေးကို ခွာတန်ခွာရမယ်။ ဒါမှ အနာကို မြင်ရမှ၊ ဘယ်လောက် အတိုင်းအတာအထိ ကျက်နေပြီလဲ ဘယ်လောက် အတိုင်းအတာအထိ ကုသရဦးမလဲဆိုတာ သိနိုင်မှာလေ။ ဘာဆေးနဲ့ကုမှရမလဲဆိုတာကို အနာကိုမြင်ရမှ သိနိုင်မှာလေ။ အဲဒီလို ပြဿနာတွေကိုပြန်ပြီး လက်ခံကြတဲ့အခါမှာလည်း ပြဿနာတစ်ခုကို ဖြစ်စေခဲ့တဲ့ နှစ်ဦးနှစ်ဖက်လုံးက ခုနက ပြောခဲ့တဲ့ အပြန်အလှန်လေးစားမှုနဲ့ လက်ခံကြစေချင်တယ်။

Asian Fame Media Group



## ဖြူဖြူကျော်သိန်း

### Responsibility

Responsibility ဆိုတာက တာဝန်သိတတ်မှုပါ။ ကိုယ်က ကိုယ်အလုပ်လုပ်နေတဲ့ နေရာတစ်ခုမှာ ကိုယ့်တာဝန်ကို သိပြီး အလုပ်လုပ်တယ်လို့ ပြောရင်တော့ အလွယ်တော့ ခန့်လိမ့်မယ်။ အမှန်တော့ သူ့ရဲ့ အဓိပ္ပာယ်က ဒီထက် ကျယ်ပြန့်တယ်။ Responsibility မှာ ဘာတွေပါသေးလဲဆိုတော့ စေတနာနဲ့ လုပ်တာ၊ အမြင်ကျယ်စွာနဲ့ လုပ်တာ၊ တစ်ခုခုကို ကောင်းစေချင်တယ်ဆိုတဲ့ စိတ်လည်း ပါတယ်။ ဒါမှ အဲဒါက ပိုပြီးတန်ဖိုးတက်လာတဲ့ Responsibility ဖြစ်လာမှာ။ ပြီးတော့ တစ်စုံတစ်ခုသော အကျိုးရလဒ် ဒါမှမဟုတ် ရပိုင်ခွင့် ဆိုတာကိုမှန်းပြီး ကိစ္စတစ်ခုကို တာဝန်ယူပြီး လုပ်တာထက် ကိုယ့်အသိုင်းအဝိုင်း ကိုယ့်ပတ်ဝန်းကျင်တိုးတက်ဖို့အတွက် ကိုယ့်မှာတာဝန်ရှိတယ်လို့ ခံယူပြီးလုပ်တာက ပိုပြီးတန်ဖိုးရှိပါတယ်။ မြင့်မားတဲ့တန်ဖိုးပေါ့။ လူငယ်တွေမှာက ဒီလိုစိတ်မျိုးရှိဖို့ ပိုပြီးလိုတယ်လေ။ မြန်မာ့က အခုပြောင်းလဲနေတဲ့ ခေတ်စနစ်မှာ စပြီးစီးမျောနေရပြီ။ ဒီအချိန်မှာ မှန်ကန်တဲ့စိတ်ထားနဲ့ တာဝန်ယူချင်စိတ်ရှိပြီး တာဝန်သိတတ်တဲ့ လူငယ်တွေ အများကြီး လိုအပ်တယ်။

### Respect

Respect ဆိုတာကတော့ လေးစားသမှုပြုတာ လေးစားတာပေါ့။ လေးစားတာမှာ တစ်ခုခုဂုဏ်ပုဒ်ရှိမှ၊ နေရာရှိမှ လေးစားတာမျိုး၊ တစ်ခုခုကို မျှော်ကိုးပြီးမှ လေးစားသယောင်ပြုတာမျိုးတွေထက် အခြေခံကျတဲ့ လေးစားမှုရှိရမယ်။ အခြေခံကျတဲ့ လေးစားမှုဆိုတာ လူလူချင်းလေးစားမှုပါပဲ၊ မြူသည်၊ မည်းသည်၊ ပေါ်သည် ညံ့သည် ငယ်သည်၊ ကြီးသည်ဆိုတာတွေ ဘာမှမပါဘဲ လူတစ်ယောက်ဆိုတာနဲ့ပဲ၊ သက်ရှိသတ္တဝါလူ တစ်ယောက်ဆိုတဲ့ အမြင်နဲ့ပဲ လေးစားရမယ်။ လူတစ်ယောက်ဖြစ်ပြီဆိုကတည်းက သူ့မှာ သူ့တန်ဖိုးနဲ့ သူလူ့တိုင်းမှာ ရှိပြီးသားပဲလေ။ ပြီးတော့ မဖြူတို့ မြန်မာစကားမှာလည်း ရှိတယ်လေ။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားညှာတာ ဆိုတာလေ။ အဲဒီစကားလေးက အရမ်းလှတယ်။ တကယ်တမ်း



Asian Fame Media Group



တော့ အဲဒါက ပြောတော့တာ လွယ်တာ။ တကယ် လက်တွေ့လုပ်ဖို့ကျတော့ မဖြစ်ကြတော့ဘူး။ ခွဲခြားပြီး လေးစားမှုထားတာလည်း မရှိသင့်ဘူး။ ကြီးသူကို ငယ်သူက လေးစားသလို ငယ်သူကို လည်း ကြီးသူက လေးစားသင့်တယ်။ ကြီးသူမို့လို့ ငယ်သူကို မလေးစားရဘူးလို့ လက်ခံထားရင် ဒါက အမြင်မကျယ်တာဘဲ။ Generation Gap ဆိုတာက ရှိတယ်လေ။ ကြီးတဲ့သူတွေမှာက အတွေ့အကြုံများတာ ဟုတ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းခေတ်ဖြစ်တဲ့ Computer ခေတ်၊ IT ခေတ်မှာကျတော့ ကြီးတဲ့သူထက် ငယ်တဲ့သူတွေမှာက ပိုပြီးလက်လှမ်းမီနေတတ်တယ်။ ဒါကြောင့် ဒီလိုအခါမျိုးမှာ လူကြီးက ပြန်ပြီး လူငယ်ကို လေးစားရတာမျိုး ရှိနိုင်တာပဲပေါ့။ ဥပမာအနေနဲ့ ပြောပြတာပါ။ အမှန်တော့ အခြေခံလူလူချင်း လေးစားမှုက ရှိထားသင့်တယ်။ ဒါကိုလည်း ငယ်စဉ်ကလေး အရွယ်တည်းက သင်ကြားခြင်း ခံထားရသင့်တယ်။ လူတွေကလည်း သက်ရှိသတ္တဝါပဲလေ၊ မသင်ဘဲနဲ့တော့ မတတ်ပါဘူး။ ပိုပြီး Civilize ဖြစ်လာတယ် ဆိုတာလည်း သင်ကြားခြင်း ခံထားရလို့ပဲ။ အဲဒီလို သင်ကြားမှုတွေကြောင့်ပဲ ယဉ်ကျေးမြင့်မားတဲ့ လူ့အဖွဲ့အစည်းဆိုတာ ဖြစ်လာတာလေ။ အဲဒီလူ့အဖွဲ့အစည်းမှာ Responsibility နဲ့ Respect ဆိုတာတွေက မရှိမဖြစ် ရှိထားရမယ်။

## Reconcile

Reconcile ဆိုတာကတော့ ပြန်လည်ရင်ကြားစေ့တာပေါ့။ အလွယ်ပြောရရင်တော့ ပြန်လည်သင့်မြတ်စေတာပေါ့။ အခုခေတ်မှာတော့ ဒီစကားလုံးက ဆိပ်ကို အရေးကြီးတယ်။ ဒီ Reconcile ဆိုတဲ့ စကားလုံးရဲ့တန်ဖိုးနဲ့ အဲဒါကို ဦးတည်ပြီး သွားဖို့ကကျတော့ အမြင်ကျယ်မှုက ထပ်ရှိပြန်ရော။ ဘာလို့လဲဆိုတော့ ကိုယ်က ခံခဲ့ရပြီး တစ်ချိန်မှာ ကိုယ်က အခွင့်အရေးတစ်ခုရချိန်ကျရင် လက်စားချေချင်တတ်ကြတာဟာ လူ့သဘာဝပဲလေ။ သာမန်အတွေးနဲ့ တွေးကြည့်ရင်လည်း ဒီလိုလုပ်တာက မတရားဘူးလို့ ထင်ချင်စရာ မရှိဘူးလေ။ ဒါပေမဲ့ အဲဒါက တကယ်တော့ မမှန်ဘူးလေ။ ပိုပြီး မြင့်မားကောင်းမွန်တဲ့အနာဂတ်ကို သွားဖို့ဆိုရင် ဒီလိုလက်စားချေမှုက မရှိရဘူး။ နှစ်ဦးပူးပေါင်းပြီး ကောင်းတဲ့ အလုပ်တွေကို အတူတကွ လုပ်ခြင်းနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ပိုကောင်းအောင်ပဲ ဖန်တီးသင့်တယ်။ ဖြစ်ပြီးခဲ့တာတွေကို မေ့လိုက်ဖို့တော့ မဖြစ်နိုင်ပါဘူး။ ဒါတွေကိုပဲ သင်ခန်းစာယူပြီး ပြန်လည် သင့်မြတ်အောင်ပဲ လုပ်သင့်တယ်။ အရှေ့ကို သွားဖို့အတွက်က အနောက်ကဟာတွေကို ပြန်ပြီး တူးဆွမနေသင့်တော့ဘူး။ မတူညီတဲ့အမြင်တွေကို ဆွေးနွေးမယ်၊ ဆန္ဒဖော်ထုတ်မယ် ပြီးရင် ပြန်ပြီးသင့်မြတ်အောင် နေကြတယ်။ ဒါက အရမ်းကောင်းတဲ့ အခြေအနေတွေပါ။ ခေတ်တွေ စနစ်တွေက ပွင့်လင်းမြင်သာလာတဲ့အခါမှာ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခွင့်တွေ ရလာတယ်။ တစ်ဖက်ကပဲ ပြောပြီး တစ်ဖက်ကို ပြောခွင့်မပေးရင် ဒါက ပြန်လည်သင့်မြတ်ဖို့အတွက် အတားအဆီးလိုမျိုးဖြစ်နေမှာပဲ။ ဒီလို Reconcile လုပ်ကြတဲ့အခါမှာ တွေ့ရနိုင်တဲ့ စိန်ခေါ်မှုတွေကတော့ အများကြီးပဲ။ အဓိကကတော့ ကိုယ်ကိုယ်တိုင်ပဲပေါ့။ တစ်ဖက်က ခံခဲ့ရသူဆိုရင်လည်း သူက ညှိနှိုင်းကြတဲ့အချိန်မှာ ကိုယ့်ရဲ့ စိတ်ခံစားမှုတွေ အားလုံးကို ချေဖျက်ပြီးတော့ ကိုယ့်အသိုင်းအဝိုင်းကောင်းဖို့ပဲ အဓိက ဦးတည်ပြီး ညှိနှိုင်းကြရတာပဲ။ ကိုယ့်ရဲ့ ဉာဏ်ပညာကိုယ့်ရဲ့စိတ်ထားတတ်ခြင်းနဲ့ပဲ ပိုပြီးယဉ်ကျေးမြင့်မားတဲ့ လူ့အဖွဲ့အစည်းကိုပဲ ဖန်တီးရမှာပေါ့။ ပိုကောင်းတဲ့အရာတွေကို လုပ်ဖို့အတွက် ပူးပေါင်းရတာတွေ ရှိတာပေါ့။ နိုင်ငံရေးအနေနဲ့ဆိုရင် ပြည်သူ့မျက်နှာပဲကြည့်ပြီး အလုပ်တွေလုပ်ရတယ်။ တကယ်ကို Reconcilazation လုပ်နေတဲ့သူတွေက လုံးဝမလွယ်တဲ့ ကိစ္စတွေကို လုပ်ရတာပါ။ Reconcile လုပ်တာက ဖြတ်ကျော်ရတဲ့ အခက်အခဲတွေ ပြဿနာတွေအများကြီးရှိတယ်၊ ဒါကို Responsibility တစ်ခုအနေနဲ့ လုပ်နေကြတဲ့သူတွေပါပဲ၊ အဲဒီလိုလုပ်ကြတဲ့ နေရာမှာလည်း Respect က ရှိကြတာပဲလေ။



ဖြိုးစုပိုင်

Asian Fame Media.com



## SZ ၏ ဖြစ်ချင်ရင် ဖြစ်အောင်လုပ် တစ်ကိုယ်တော်ခွေကို စာနယ်ဇင်းအပ်နှံ

SZ ၏ တစ်ကိုယ်တော်ခွေ တေးစီးရီးသစ်ဖြစ်သော ဖြစ်ချင်ရင်ဖြစ်အောင်လုပ်ကို စာနယ်ဇင်းများထံ အသိပေးအပ်နှံခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက Central ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် အဆိုတော်ရဲလေးက အမှတ်တရစကားပြောကြားခဲ့သည်။ အနုပညာအမည် SZ ရယူထားသော ရွှေဇန်မျိုးဟိန်း၏ အဆိုပါခွေတွင် အဆိုတော် ရဲလေး၊ ကျော်ထွဋ်ဆွေ၊ ကျောက်ရည်၊ ဘန်နီဖြိုးနှင့် အိမ့်ချစ်တို့ Featuring ပါဝင်သီဆိုထားကြကြောင်း သိရသည်။



## နန်းပလ္လင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၏ ဒါနနှင့် သရုပ်ဆောင် ဟိန်း ရဟန်းခံ အလှူမင်္ဂလာကျင်းပ

နန်းပလ္လင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၏ အလှူဒါနနှင့် သရုပ်ဆောင်ဟိန်း ရဟန်းခံအလှူမင်္ဂလာပွဲကို စက်တင်ဘာလ ၂၁ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်မြောက်ပိုင်း ဓမ္မယုမုနိဘုရားတွင် ကျင်းပပြုလုပ်ခဲ့သည်။ အလှူမင်္ဂလာပွဲသို့ မေကဗျာ၊ မိုခမ်း၊ ဇော်ဇော်အောင်၊ ထူးသာ၊ ညီကျော်အစရှိသော အနုပညာမောင်နှမများ တက်ရောက်ခဲ့ကြသည်။ သရုပ်ဆောင်ဟိန်းသည် ဒါရိုက်တာထူးသာ ရိုက်ကူးသည့် 'အစွဲ' ဇာတ်ကား၏ နောက်ဆုံးဇာတ်ဝင်ခန်းကို ရိုက်ကူးရင်း တစ်ဆက်တည်း ရဟန်းခံကုသိုလ်ကို ဆက်လက်ယူဖြစ်သွားခြင်းဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံ စာရေးဆရာများ သမဂ္ဂ၏ ပထမအကြိမ် စာတမ်းဖတ်ပွဲ



မြန်မာနိုင်ငံ စာရေးဆရာများ သမဂ္ဂ၏ ပထမဆုံးအကြိမ် ပြုလုပ်သော စာတမ်းဖတ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၅ ရက် မွန်းလွဲ ၁ နာရီက Home Media တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် ဆရာမောင်လွင်မွန် (ကသာ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ ဆရာမောင်မိုးသူ၊ ဆရာထက်မြက်နှင့် ဆရာမ ဒေါ်ခင်ဆွေဦးတို့က စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ဟောပြောခဲ့ကြသည်။ စာတမ်းဖတ်ပွဲတွင် ဆရာဇော်ဝင်းကိုက 'တရားရုံးများ မထိမဲ့မြင် ပြုမှုဥပဒေမူကြမ်း (သို့မဟုတ်) စာပေလွတ်လပ်ခွင့်အတွက် အဟန့်အတားတစ်ခု'၊ ဆရာထွန်းဝင်းငြိမ်းက 'နဂါးနီ အရေးတော်ပုံ'၊ ဆရာကြည်နိုင်က 'နိုင်ဝင်းဆွေနှင့် ရသစာပေ'၊ ဆရာထက်မြက်က 'မြန်မာနိုင်ငံ၏ စာပေလွတ်လပ်မှု' (၁၉၄၈ မှ ၂၀၁၂ ထိ အကျဉ်း) ခေါင်းစဉ်အသီးသီးဖြင့် စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

## ဟုတ်နေတာပဲ MTV တေးစီးရီး ပရိုမိုးရှင်းပွဲနှင့် Mr & Angel of Skin Cottage ရွေးချယ်ပွဲ

ဟုတ်နေတာပဲ MTV တေးစီးရီးသစ် ပရိုမိုးရှင်း ပြုလုပ်သောပွဲနှင့် တစ်ပြိုင်နက် Mr & Angel of Skin Cottage ပဏာမရွေးချယ်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်က Junction Square တွင် ကျင်းပပြုလုပ်ခဲ့သည်။ တေးစီးရီးပရိုမိုးရှင်း အနေဖြင့် ဟုတ်နေတာပဲ MTV တွင် ပါဝင်သီဆို သရုပ်ဆောင်ထားကြသော အနုပညာရှင်များ၏ အမှတ်တရ လက်မှတ်ရေးထိုးခြင်း၊ သီဆိုဖျော်ဖြေခြင်းများနှင့်အတူ MTV ခွေဝယ်ယူသူတိုင်း သို့မဟုတ် Skin Cottage ပစ္စည်းတစ်ခု ဝယ်ယူသူတိုင်းအား Skin Cottage ၏ Member Card များ ပေးအပ်ခဲ့သည်၊ ယင်းနေ့တွင်ပင် Mr.Angel of Skin Cottage ပဏာမ ရွေးချယ်ခြင်းကို ပြုလုပ်ခဲ့ရာ ပါဝင်ယှဉ်ပြိုင်ကြသူများအား အမျိုးသမီး ၂၀ ဦးစီမှ ၁၅ ဦးစီကို ရွေးချယ်ခဲ့သည်။ Skin Cottage သည် အဆိုပါ 'ဟုတ်နေတာပဲ' တေးစီးရီး ပရိုမိုးရှင်းအတွက် စပွန်ဆာအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။



# YATI HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)




### ဗြိစ္ဆာရာသီ (အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းအောင်မြင် ဖြစ်ထွန်းလာရန်အတွက် အခက်အခဲများစွာ ကျော်ဖြတ်နေရချိန် ဖြစ်ရတတ်ပေသည်။ ငယ်ဂုဏ်ကြောင့် ကြိုးစားနိုင်မည်၊ အများလေးစားရန် ချစ်တတ်ရန်လိုပေသည်။ လုပ်ငန်းတွင်း လူကြီးတို့ အသိအမှတ်ပြုခံရတတ်ပေသည်။ ပညာရေး ဆရာကောင်းကြောင့် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်တတ်သည်။ အလုပ် စာမေးပွဲ အောင်မြင်ပေမည်။ အချစ်ရေး – အဆင့်အတန်း ရှိသူကိုမှ ရွေးချယ်နှစ်သက်မိတတ်ပေသည်။ အိမ်ထောင်ဘဝ မလွတ်ကျွတ်သေးပေ။

**ယတြာ။ ။ဇာဒုစ် ကုသိုလ်ပြုပါ။**




### ဓနုရာသီ (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်သစ်အောင်မြင်လာမှုကြောင့် စိတ်ပျော်ရမည်၊ ရောင်းအားတက်လာမှု ဝင်ငွေကောင်းလာခြင်း အကျိုးအမြတ် များ ခံစားလာရမှုတို့ဖြင့် ပျော်ရွှင်စေရတတ်ပြီး အဟောင်းပေးအသစ်ယူ စနစ်ကြောင့် ဆိုင်၌ ပစ္စည်းအခင်းအားလုံလုံပပဖြင့် ကောင်းကျိုးခံစားရပေ သည်။ ပညာရေး အခြေခံကောင်းကို ရရှိလာပေသည်။ လူကြီးတို့မေတ္တာကြည်မှု ရှိလာ၍ ပိတ်ထားသော အခွင့်အရေးပြန်ဖွင့်ပေးခြင်း ရှိလာတတ်ပေသည်။ အချစ်သစ်ကို စိတ်အားထက်သန်လာမှု လက်မထပ်ခင်အတူနေရခြင်းကို သဘောကျလာခြင်း ရှိတတ်၏။ ခြေလေးချောင်း သတ္တဝါ အဝင်မတော်၊ သတိထားသင့်ပေသည်။

**ယတြာ။ ။ဆွမ်း၅ဖွဲ့လှူပါ။**




### မကာရရာသီ (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် အဝေးရပ်မှ လာဘ်တို့ ဝင်တတ်ရပေသည်။ စက်၊ ယာဉ်၊ ကားဝင်ခြင်း အကျိုးရှိတတ်ပေသည်။ သို့သော် အိမ်ထောင်ရှင်တို့မှာ အနှောင့်အယှက်ရှိသည်။ အပူသောကမီး ပွားရတတ်ပေသည်။ ပညာရေး ထပ်မံလေ့လာသည်မှုခြင်းတို့ အကျိုးရှိစေတတ်ပေသည်။ မြေ၊ ယာ၊ အရှုပ်အထွေးအမှုပြဿနာတို့ ဝင်တတ်၍ အထူးသတိထားသင့်ပေသည်။ အချစ်ရေး – လူအိုတို့နှင့်သာ စန်းပွင့်ပြီး တွဲရတတ်သည်။ မိခင်အိုကျန်းမာရေး သတိပြုသင့်သည်။ လက်ရှိတိုက်ခန်းမှ ထပ်မံရွှေ့ရန်ရှိသည်။

**ယတြာ။ ။နွားနို့လှူပေးပါ။**




### ကုမ်ရာသီ (ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်တာဝန်များစေတတ်သည်၊ တပည့် ရွေးမှားတတ်သည်။ အရည်အသွေးမရှိသူ နေရာပေးထား၍ စီးပွားများစွာ နစ်နာရတတ်သည်။ လုပ်ငန်းကြီးအတွက် စီမံကိန်းချရတတ်သည်။ ယာယီ ခရီးများစေတတ်သည်။ သားသမီး၊ တူ၊ တူမတို့အတွက် အကုန်အကျများစေ တတ်သည်။ စပ်တူအလုပ်တို့ ပေါ်လာတတ်ပေသည်၊ လုပ်ငန်းသုံး စက်ကိရိယာအသစ် ဝင်တတ်ပေသည်။ စပ်တူစီးပွားအောင်မြင်မှု ရရှိစေတတ်ပေသည်။ အိမ်ထောင်ရေးအနှောင့်အယှက်များကြောင့် ဝမ်းတွင်းနာ ဖြစ်တတ်သည်။ ချစ်သူဟောင်းစွန့်၍ အသစ်ဖြင့် ပျော်မွေ့ရတတ်သည်။


**ယတြာ။ ။ရေတော် ၅ ခွက် အမြဲကပ်လှူပါ။**




## **မိန်ရာသီ** (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် ဆရာသမား၊ မိဘဂုဏ်ကျေးဇူးဖြင့် အလုပ်အကိုင်အခြေအနေ ခိုင်မာစွာဖြင့် တိုးတက်မှုရှိစေတတ်ပေသည်။ အစားအသောက်များတတ်၍ ကျန်းမာရေးသတိပြုသင့်သည်။ အကြံအစည်သစ် အလုပ်သစ်ပေါ်စေမည်၊ အဖော်နှင့်တွဲလုပ်ဆောင်မှု အကျိုးရှိစေတတ်သည်။ ထီဆုကြီးပေါက်တတ်သလို မမျှော်လင့်သောငွေ စုပြုံ၍ ဝင်တတ်ပေသည်။ အိမ်ထောင်ဖက် အမြှာပူးခွဲမွေးရတတ်သည်။ အချစ်ရေး - မျက်နှာများမိ၍ ဖြေရှင်းပေးရတတ်သည်။ ပညာရေး ထူးချွန်စွာအောင်မည်၊ အလုပ်စာမေးပွဲ မထင်ဘဲ အောင်မြင်စေတတ်၍ အရွေးချယ်ခံရတတ်သည်။

**ယတြာ။ ။ဝဿာကြော် ၅၃ လှူပါ။**




## **မိဿရာသီ** (မတ် ၂၀ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ဂုဏ်ရှိသော အလုပ်တို့ တင့်တင့်တယ် တယ် လုပ်ဆောင်ရတတ်သည်။ ကတိပေးထားသော ကိစ္စတို့ အဆင်ပြေစေလိမ့်မည်၊ ရပ်ဝေးသွားလာမှု ငွေကုန်သော်လည်း အကျိုးရှိစေတတ်သည်။ လုပ်ငန်းတွင်း အကြီးအကဲမှ ယုံကြည်စွာ မြှောက်စားနေရာပေးခြင်းကို ခံယူရရှိလာတတ်ပေသည်။ ရပ်ဝေးမိတ်ဆွေအား ထောက်ပံ့ကူညီရတတ်သည်၊ အိမ်ထောင်ဖက် ကလေးရှိလာတတ်သည်။ အချစ်ရေး - ပြဿနာ ဖြေရှင်းရတတ်ပြီး လျော်ကြေးငွေတောင်းခံခြင်း ကြုံတတ်သည်။ လုပ်ငန်းတွင်း မနာလိုသူ သတိထားပါ။

**ယတြာ။ ။အနီရောင် ဖယောင်းတိုင် မွေးနံထောင့် ထွန်းလှူပါ။**




## **ပြိဿရာသီ** (ဧပြီ ၂၀ မှ မေ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ပညာရေးအဓိကထား ကြိုးစားသင့်သည်။ ထပ်ဆင့်သော ဘွဲ့များရရှိမည့် အခွင့်ကောင်း ကြုံစေနိုင်သည်၊ သူတစ်ပါးနှင့် စိတ်ဝမ်းကွဲပြားသော ကိစ္စတို့ပေါ်လာနိုင်ပေသည်။ အပြောအဆို အစွပ်အစွဲ ခံရတတ်သလို ဂုဏ်သိက္ခာပိုင်း ထိခိုက်သောကိစ္စတချို့ဝင်လာတတ်သည်၊ ဝင်ငွေပိုင်း တစ်တောင်စအားနည်းလာတတ်ပေသည်။ အသစ်သောအလုပ်ကို စိတ်ကူးမိမည်၊ ပညာရေး ကောင်းမွန်မည်။ ငွေပေးခိုင်းသောကိစ္စ စာရင်း လိမ်ပြခံရတတ်ပေသည်၊ အချစ်ရေး - ရှုပ်ထွေးမှုပွေလီမှုထဲ ရှိနေပေမည်၊ ကျန်းမာရေး - အူ၊ အူမကြီး၊ မျိုးပွားဒုက္ခပေးနိုင်ပေသည်။

**ယတြာ။ ။မွေးနံ ဘုရားတွင် သစ်သီးလှူပါ။**




## **မေထုန်ရာသီ** (မေ ၂၂ မှ ဇွန် ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် တိုးတက်မှုမျှော်မှန်းသည်ထက် ပိုမို၍ အထူးကောင်းမွန်နေတတ်ပေသည်၊ လက်အောက်တို့ စိတ်ဝမ်းကွဲပြားမှု ကြီးထွားတတ်သည်၊ ဝင်ငွေတောင့်တင်းခိုင်မာစေတတ်သည်။ အလုပ်များ လွန်း၍ စိတ်ဖိစီးစေတတ်သည်၊ ပစ္စည်းပျောက်၊ ဥစ္စာပျောက်၊ ရရှိပိုင်ဆိုင်တတ်ပေသည်။ အချစ်ရေး - အထင်အမြင် လွဲမှားတတ်၍ သတိထားသင့်ပေ သည်။ လက်တွဲဖော်များ၏ ယုံကြည်မှု၊ အားပေးမှု ရရှိစေတတ်သည်၊ ပညာရေး - ထူးချွန်သော အုပ်စုထဲပါရှိစေတတ်သည်၊ အချစ်ရေး - သတိ ထားနေသင့်သည်။

**ယတြာ။ ။အငွေ့တိုင် ၁၈ တိုင် မွေးနံဘုရားတွင် ထွန်းလှူပါ။**

Asian Fame Media Group




## ကရကဋ်ရာသီ (ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင်ကောင်းမွန်သော အခြေအနေကြောင့် စိတ်ပျော်ရွှင်မှုရရှိစေမည်။ ထီထိုးပေးပါ။ ခရီးသွားလုပ်ငန်း အထူးပင်အကျိုးရှိစေတတ်သည်။ အတိုက်အခံများကို ကျော်ဖြတ် ရမည်၊ စက်ရုံအလုပ်ရုံအတွင်း ပြဿနာများဆက်ရှိနေတတ်ပြီး ရန်များသော အချိန် ဖြစ်ပေသည်၊ မြေနှင့်ပတ်သက်၍ ပြဿနာများရှင်းရတတ်ပေသည်၊ လူမျိုးခြား၊ ဘာသာခြား အကျိုးပြုမည်။ အဆောက်အအုံသစ်တွင် ရွှေ့ပြောင်းမှုအဆင်ပြေပါလိမ့်မည်။ အချစ်ရေး - လမ်းခွဲရတတ်သည်။ ကျန်းမာရေး - သွေးအလုံးကြောင့် ခွဲထုတ်ရမည်။

**ယတြာ။ ။ဘုန်းကြီးကျောင်းတွင် ခန်းဆီးလှူပေးပါ။**




## သိဟ်ရာသီ (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အိမ်မှာနေရချိန် တစ်စတစ်စနည်းပါး လာပေမည်။ ဆင့်ကဲ ဆင့်ကဲ ခရီးသွားရတတ်ပေသည်။ စာပေ၊ အနုပညာ အလုပ် အကျိုးပြုလာပေသည်၊ ဆရာသမားကောင်း တွေ့ရတတ်သည်၊ ဝင်ငွေကောင်းမည်၊ ပညာရေး ကောင်းမွန်သော်လည်း အခန်း၊ ကျောင်း တစ်ခုမဟုတ် တစ်ခု ရွှေ့ပြောင်းရတတ်သည်၊ ကားသစ်ဝင်မည်၊ ရာထူး အဆင့်အတန်းတိုးရန် အပြောင်းအလဲ မဖြစ်နိုင်သေး။ စောင့်ဆိုင်းရတတ်ပေသည်၊ အလုပ်သမား မတည်မြဲ၍ ကိုယ်တိုင် ခေတ္တအလုပ်သမားဖြစ်ရတတ်ပေသည်၊ အချစ်ရေး - နားလည်ပေးခြင်းမရှိ၍ အသစ်တွေ့ရတတ်သည်။ မျက်စိခွဲစိတ်ခံရတတ်သည်။

**ယတြာ။ ။မေတ္တာပို့ အမျှဝေပေးပါ။**




## ကန်ရာသီ (ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ရေရှည်အကျိုးကို စိတ်ကူးပြီးအလုပ်သစ် ကို စီစဉ်ရတတ်သည်၊ မိမိအားနည်းချက် အရှက်သိက္ခာကို အခွင့်ကောင်း ယူ၍ ဒုက္ခပေးခြင်းကို လျှို့ဝှက်စွာခံရတတ်သည်။ ပေးဆပ်နေရတတ်သည်၊ ပညာရေး ထူးချွန်မှုရှိပေမည်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားပွဲရုံ၊ ဆီ၊ သကြား၊ နို့ဆီစသည်တို့ ရောင်းဝယ်အဆင်ပြေလာတတ်ပေသည်။ နေရာ ထိုင်ခင်း မတည်မြဲနိုင်သေးပါ။ မောင်နှမထဲမှ ရောဂါများရျူရှာမှုကြောင့် စိတ်ညစ်ရတတ်ပေသည်၊ အချစ်ရေး အနစ်နာခံရလိမ့်မည်။ ကိုယ်ပိုင်လုပ်ငန်း အရှုံးပေါ်တတ်၏။ ရောင်းမထွက်သောပစ္စည်း သိမ်းထားရတတ်သည်။ လစာ ငွေ အလုပ်သာ ကောင်းသည်။

**ယတြာ။ ။ဂုဏ်တော်ကွန်ခြာ ၂၇ ပတ်စီတ်ပါ။**




## တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)


သင့်အတွက် လုပ်ငန်းပိုင်ဆိုင်မှု ပြင်းထန်သည့်ကြားတွင် ပါဝင်ကပြရတတ်ပေသည်။ လခစားအလုပ် ကိုယ်ပိုင်အလုပ် ၂ ခုကို ရွေးချယ်ရန် အခြေအနေပေးလာလိမ့်မည်။ နှလုံးသားဒဏ်ရာ၊ ဒဏ်ချက်များ နှင့် ပြည့်နေသော်လည်း အများရှေ့တွင် လှလှပပနေပြီး အကောင်းဆုံး တာဝန်လုပ်ဆောင်ပြနေရချိန် ဖြစ်တတ်ပေသည်။ အိမ်ထောင်ရှင်တို့ စည်း၊ စိမ်အပြည့် ဇိမ်ခံနေ၍မရနိုင်ပေ၊ မောင်တစ်ထမ်း မယ်တစ်ရွက် ကြိုးစား ပါဝင် လုပ်ဆောင်ရတတ်သည်။ ပညာရေး တိုးတက်မှုရှိစေတတ်ပေသည်။ ရာထူးတက်ထားသော် လည်း နေရာပတ်ဝန်းကျင် စိတ်တိုင်းမကျဖြစ်ရ တတ်သည်။ မိခင်ကျန်းမာရေး ချူချာတတ်သည်၊

**ယတြာ။ ။မွေးနံထောင့်တွင် ၂၇ ရက် အဓိဋ္ဌာန်ဝင်ပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group





ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်

# ဒါရိုက်တာ သားကြီး၏ အချစ်ညမှ အချစ်နေ့ နှင့် ဒါရိုက်တာ လှမင်း၏ ဒီသခင့်ရဲ့ ကျေးကျွန်

မောင်အိမ်စံ

(၁)

ဖျူး၏ 'ကာလီယိုပက်ထရာနှင့် ဒုန်းစိုင်းခဲ့တဲ့ည' ကို အခြေခံပြီး ဆုဩချယ်ဇာတ်ညွှန်းရေးသားထားပုံ ပေါ်ပါသည်။ စာတန်းထိုးရာတွင် ဝတ္ထု ဖျူး၊ ဇာတ်လမ်း ဇာတ်ညွှန်းဆုဩချယ်ဟု ထိုးထားသည်။ စာရေးဆရာတစ်ဦး၏ အနုပညာပစ္စည်းတစ်ခုကိုယူပြီး ပြုပြင်ကာ ပြန်လည်ရေးသားဇာတ်ညွှန်းတည်ဆောက်ခြင်းအပေါ် အထူးအထွေမပြောလိုသော်လည်း ဝတ္ထု၊ ဇာတ်လမ်း၊ လုနစ်ယောက်ဖြစ်နေခြင်းကမူ မသင့်လျော်ပါ။ ယခု ဗီဒီယိုဇာတ်ကားအမည်မှာ 'အချစ်ညမှ အချစ်နေ့' ဖြစ်ပြီး ဒါရိုက်တာမှာ သားကြီးဖြစ်သည်။ သရုပ်ဆောင်များမှာ မြင့်မြတ်၊ မေကဗျာ၊ ဇော်ဝင်းနိုင်၊ စိုးမိုးကြည်၊ အိစိတွေးနှင့် ခင်သန်းဝင်းတို့ဖြစ်ပါသည်။

အစစအရာရာပြည့်စုံပြီး ငွေကြေးအရာမှာ ကိုယ့်ကိုတက်ချမ်းသာသကဲ့သို့ နိုင်ငံခြား၌ စီးပွားရေးလုပ်ကာ နောက်အိမ်ထောင်ဖြင့်နေသော မိခင်စိုးမိုးကြည်၏ အမိန့်အတိုင်းနေနေရသူ မြင့်မြတ် (မင်းဆက်) နှင့် သူ့လုပ်ငန်းကို ဦးစီးနေသူအထိန်းတော် ဇော်ဝင်းနိုင် (စိုးလွင်) တို့ကားဖြင့်လာစဉ် သစ်သီးရောင်းလာသူ မေကဗျာ (ကာလီယိုပက်ထရာ/ရာရာ) ကို တိုက်မိပြီး လဲကျသွားသည်။ သစ်သီးတွေတစ်လုံးချင်း လိမ့်ကျသွားခဲ့သည်ကို မြင်ရသော မင်းဆက်က စိုးလွင်ကို ငွေတစ်သိန်းပေးခိုင်းရာ ဒရိုင်ဘာက ပေးသည်။ ရာရာက ၃၀၀၀ ယူသည်။ ရာရာစကားကြောင့် မင်းဆက်သည် သဘောကျကာ ရာရာမာနကို အထင်ကြီးသွားသည်။ ရှုန်းကန်မှုများဖြင့် တက်ကြွနေသော သူတို့အသိုက်အမြုံထဲသို့ဝင်ပြီး မလွတ်လပ်သောသူ့ဘဝကို သူတို့ထဲသို့တိုးဝင်ကာ လွတ်လပ်မှုကိုခံစားရန် ဆုံးဖြတ်ပြီး သူတို့နှင့်သွားနေသည်။ သူဌေးသားတစ်ဦးက တကယ့်ဘဝထဲသို့ဝင်ပြီး ရုန်းကန်ရာ အခက်အခဲများစွာ တွေ့ရသော်လည်း မင်းဆက်သည် ရာရာကိုချစ်သွားကာ လက်ထပ်လိုက်သည်။ မိခင်သဘောမတူသဖြင့် ခွဲနေရသည်။ မိခင်သဘောပြန်တူသောအခါ ရာရာက လူလိမ်၊ လူယုတ်မာဟု ထင်မြင်ကာ လက်မခံတော့ပါ။ ရာရာကလေးမွေး၊ ကောင်းစံပညာရေးအတွက် ထောက်ပံ့။ မိခင်ဒေါ်ခင်သန်းဝင်း မျက်စိမြင်အောင်ကုပေးခဲ့သည်များသည် မင်းဆက်၏ အကူအညီမှန်းသိသွားသဖြင့် ပိုပြီးစိတ်နာလာသည်။ နောက်ဆုံး မိခင်၏ဖျောင်းဖျမှုဖြင့် မင်းဆက်ကို လက်ခံပြီး ရာရာအိမ်မှထွက်သွားခဲ့သည်။ မင်းဆက်သည် သူ့သမီးလေးကောင်းစံတို့နှင့်အတူ ကားဂိတ်တွင် ကွမ်းယာရောင်းနေစဉ် ရာရာရောက်လာသည်ကိုမြင်၍ ရာရာနောက်သို့ ပြေးလိုက်စဉ် ကားတိုက်ပြီး မင်းဆက်ဆုံးသည်။ ရာရာ မင်းဆက်၏မေတ္တာကို နားလည်သွားသည်။ ဇာတ်လမ်းက ဤမျှသာ။

(၂)

ဖျူး၏ ဝတ္ထုလား၊ ဆုဩချယ်၏ ဇာတ်လမ်းလားတော့မသိ။ ဤဇာတ်ကား၏ ဇာတ်လမ်းကမူ တကယ့်ဘဝထဲမှ ဆင်းရဲသားမိသားစုတစ်စု၏ ဘဝရုန်းကန်မှုကို ဖော်ကျူးထားသည်။ ဘဝထဲတွင် မင်းဆက်လိုလူမျိုးမရှိနိုင်ပါ။ ဇာတ်လမ်းဖန်တီးထားသူများသည် ဘဝထဲမှ ကူးယူရေးဖွဲ့ရာတွင် သတ္တိနည်းသည်။ လူတန်းစားဉာဉ်၊ လူတန်းစားစရိုက်၊ လူတန်းစားစိတ်ဓာတ်များကို မျက်ကွယ်ပြုထားကြသည်။ သို့ရာတွင် ဆုဩချယ်သည် သူ့ဇာတ်ညွှန်းကို Conflict များဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်ရေးဖွဲ့ပြီး စကားလုံးများကို အရုပ်များဖြင့် ဆင့်ကဲတည်ဆောက်ပြသထားသဖြင့် ပရိသတ်၏ရင်ကို လှုပ်ခတ်လာသည်။ ဤဇာတ်ကားသည် ပရိသတ်ကြိုက်သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အရိုးသားဆုံး ဝန်ခံပါမည်။ ကျွန်တော်လည်း ကြိုက်သည်။ သားကြီးသည် ပရိသတ်ရင်ကို လှုပ်ခါနိုင်စွမ်းသော အရုပ်များဖြင့် Plot များကို

Asian Fame Media Group

တည်ဆောက်ရိုက်ပြနိုင်ခဲ့သည်၊ ကျွန်တော်ကြိုက်ရသော အခြားအကြောင်းရင်းတစ်ရပ်မှာ ဤဇာတ်ကား၏ စံပြဇာတ်ကောင် ရာရာသည် မာန ရှိသည်။ ထိုမာနသည်ပင် သူမ၏ အားမာန်ဖြစ်သည်။ ထိုမာနများဖြင့် သူမဘဝကို တည်ဆောက်ထားသည်၊ စိတ်ပျက်သည်၊ အားငယ်သည်ဟု တစ်ကြိမ်တစ်ခါဖူးမျှ မရှိခဲ့ပါ။ ကြည့်နေသော ပရိသတ်ကို သူပေးသောအားမာန်များက ကူးစက်ကာ ပရိသတ်သည်ပင် အင်အားပြည့်လာခဲ့သည်။ ထိုအချက်သည် တစ်နေ့ ၃ -၄ ကားထွက်ရှိနေသော မြန်မာဗီဒီယိုကားတွင် ရှာမှရှားသောအချက်ဖြစ်သည်။

ဇာတ်လမ်းဖန်တီးသူများသည် ရာရာကိုသော်လည်းကောင်း၊ ရာရာမိသားစုကိုသော်လည်းကောင်း အားကျအတုယူဖွယ် ဖန်တီးပြသည်။ တစ်ဖက်တွင် မိခင်ရင်ခွင် (မိသားစုရင်ခွင်) နှင့်ကင်းဝေးနေသူ မင်းဆက်၊ မိခင်ချမှတ်သောအမိန့်အတိုင်းနေရပြီး ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် မနေခဲ့ရသူ၊ အခြားတစ်ဖက်တွင် ဥစ္စာမရှိ၊ ပညာမရှိ၊ ကူညီပေးမယ့်သူမရှိ၊ သို့ရာတွင် ပစ္စည်းမဲ့ဆင်းရဲသားမိသားစုကို ရိုးသား၊ ကြိုးစားစွာ တာဝန်ယူနိုင်သူ၊ ပစ္စည်းမဲ့မာနဖြင့် ဘဝကို အခိုင်အမာတည်ဆောက်ထားနိုင်သူ၊ လူက လမ်းဘေးတွင် ဈေးရောင်းနေရသဖြင့် လမ်းဘေးသို့ ရောက်နေသော်လည်း အကျင့်စာရိတ္တက လမ်းဘေးသို့အရောက်မခံသူ၊ သူတို့နှစ်ဦးနှစ်ဖက်ကို ဇာတ်လမ်းဖန်တီးသူများက ဆုံတွေ့ပေးလိုက်ခြင်းဖြစ်သည်။ မတူညီမှု၊ လူတန်းစားကွဲပြားမှုတို့ ထိပ်တိုက်တွေ့သောအခါ ပြဿနာဖြစ်လာသည်။ အရေးအခင်းဖြစ်လာသည်။

ဖန်တီးသူများသည် လူတန်းစားလက္ခဏာကို ဟာသဇာတ်ကွက်ကလေးများဖြင့် ပြသသွားသည်မှာ အလွန်လှသည်။ နမူနာ - သစ်သီးခြင်းကို ထမ်းရာတွင် ယိုင်လဲသောပြကွက်၊ ကွမ်းယာလည်ဆွဲဗန်းဖြင့် ရောင်းရန်သွားရာတွင် မှောက်လဲသောပြကွက်တို့ဖြစ်သည်။ ပြီး ကျွန်တော်သဘောကျသည်မှာ ဇာတ်ကောင် (ရာရာ) နှင့် (မင်းဆက်) တို့၏ လှုပ်ရှားမှုများကြောင့်ပင် ဇာတ်လမ်းဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

ဖြုံ၍ဆိုပါမည်။ ဇာတ်ညွှန်းကောင်းသည်၊ ဒါရိုက်တာကောင်းသည်။ ဇာတ်ကောင်၏ ဘဝ၊ အသက်မွေးမှုနှင့် ပတ်ဝန်းကျင်ကို ရိုက်ပြနိုင်သည်။ စဉ်ဆက်ညီညွတ်မှု ကောင်းသည်။ Dialogue များကမူ ကောင်းလွန်းနေသည်၊ တစ်ခါတစ်ခါ ပညာမတတ်သော ရာရာနှင့်ပင် မထိုက်တန်ဖြစ်နေပြန်သည်။ ဇာတ်လမ်း၏ အဆုံးသတ်ကိုမူ ဘဝင်မကျပါ။ လူတန်းစားကွာဟမှုကြောင့် မင်းဆက်ကို သတ်ပစ်လိုက်ခြင်းလော၊ ပရိသတ်ကို ငိုစေချင်၍ သတ်ပစ်လိုက်သည်လား၊ ကျွန်တော် မစဉ်းစားတတ်ပါ။ အထုံး၊ အဆစ်တွေကို လိုက်ဖြေပြီး ပြေသွားချိန်တွင်မှ သတ်ပစ်လိုက်ခြင်းကမူ အဆုံးသတ်မှုကို ပရိသတ်လက်မခံအောင် တမင်ဖန်တီးထားခြင်းသာ ဖြစ်နိုင်ပါ၏။

သူဌေးသား၊ လွတ်လပ်မှုကို မြတ်နိုးသူ၊ "ဆင်းရဲဒဏ်" ကို ခံပြီး ဘယ်လိုအားမာန်တွေနှင့် ရှင်သန်နေကြသလဲဟု သိချင်၍ ခုံမင်စရာကောင်းသော ရာရာတို့မိသားစုအသိုက်အမြုံထဲသို့ ခုန်ဆင်းသွားသူ မင်းဆက်အဖြစ် သရုပ်ဆောင်ရသူ မြင့်မြတ်သည် ဇာတ်ကောင်စရိုက်ဝင်သည်၊ စိုးမိုးကြည်၏ အမိန့်ဖြင့် ဘဝကို ဖြတ်သန်းနေရသူဖြစ်သော်လည်း မင်းဆက်ကို နားလည်သော အထိန်းတော် စိုးလွင်အဖြစ် သရုပ်ဆောင်ရသော ဇော်ဝင်းနိုင်လည်း ဇာတ်ကောင်စရိုက်ဝင်သည်၊ မျက်မမြင်မိခင်ကြီးဘဝဖြင့် သရုပ်ဆောင်ရသော ဒေါ်ခင်သန်းဝင်းလည်း ပီပြင်သည်၊ အထူးသဖြင့် မိခင်နှင့် မောင်လေးကို လုပ်ကျွေးရင်း လမ်းဘေးဈေးသည်ဘဝဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနေသော ရာရာအဖြစ် သရုပ်ဆောင်ရသော မေကဗျာကမူ အပီပြင်ဆုံး၊ အကောင်းဆုံးဖြစ်ပါသည်။

(၃)

လစဉ် ကျွန်တော်သည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များကို အကောင်းဘက်သို့ ပြောင်းလဲပေးနိုင်ရေး၊ စိတ်ယဉ်ကျေးမှု မြင့်မားလာနိုင်ရေးတို့ကို အထောက်အကူပြုသော မြန်မာဗီဒီယိုဇာတ်ကားတစ်ကားကို သုံးသပ်ပြခဲ့ပါ၏။ ယခုလတွင်မူ ထိုမူမှခွဲထွက်ပြီး အချစ်ဖန်စီကားလေးတစ်ကားကို အထူးပြညွှန်းလိုပါသေးသည်။ ဇာတ်လမ်းမှာ မဖြစ်နိုင်သော ဇာတ်လမ်းဖြစ်သည်။ ချစ်သူနှင့်ချိန်းထားရာတွင် မလာသဖြင့် မွေးနေ့ကိတ်ကို အပေါ်သို့လွှင့်တင်လိုက်ရာ လူမင်းကားရှေ့မှန်ပေါ်ကျသဖြင့် ကားကို ဆွဲယူလိုက်ရာ ပလက်ဖောင်းနှင့်တိုက်မိသဖြင့် ဘော်ဒီကို ထိသွားသည်။ ၎င်းအတွက် ရွှေမှုံရတီကို သိန်း ၃၀ အလျော်တောင်းသည်။ မလျော်နိုင်သဖြင့် ရက် ၁၀၀ ကျေးကျွန်အဖြစ် စာချုပ်ချုပ်ဆိုသည်။ သူ့အိမ်တွင် အိမ်အကူလုပ်ခိုင်းခဲ့သည်။ ကျေးကျွန်ဘဝမှ လွတ်မြောက်သော ရတီက လူမင်းကို လက်ဆောင်ပေးသည်။ လူမင်း (မင်းထိုက်)က ရတီကို ချစ်သော်လည်း ပညာရေးပျက်စီးသွားမည်စိုးသဖြင့် ဖွင့်မပြော။ စိတ်မကစားရန် ထိန်းသည်၊ ပြီးတော့ စာပြပေးသည်။ မင်းထိုက်က ရတီကို ချစ်သွားပြီး နမ်းသည်ကို ရတီမိခင်ကမြင်ပြီး Guide လုပ်ခွင့်မပေးတော့ပါ။ မင်းထိုက်က သူ့သူငယ်ချင်းကို လွှတ်ပြီး ရတီကို ထိန်းသည်၊ ပြီးတော့ လက်ထပ်လက်စွပ်ပေးသည်။ ရတီ စာပြန်ကြိုးစားသည်။ ထူးချွန်စွာအောင်ပြီး ပညာတော်သင်ဆု ရသည်။ ရတီနှင့် မင်းထိုက် ဇာတ်ပေါင်းသည်။

ဇာတ်ကားအမည်မှာ 'သခင့်ရဲ့ကျေးကျွန်' ဖြစ်သည်။ ဇာတ်လမ်း၊ ဇာတ်ညွှန်း နေလင်းဖြစ်ပြီး ဒါရိုက်တာ လူမင်းဖြစ်သည်။ လောကထဲတွင် 'သမီးရဲ့ဦး' ဇာတ်လမ်းမျိုးရှိနိုင်ပါ၏။ သို့ရာတွင် ရိုက်ကူးပြသရလောက်သော ဇာတ်လမ်းမျိုးတော့ မဟုတ်။ အဆိုးဆုံးမှာ ကျောင်းသူလေးတစ်ယောက်ထံ၌ သိန်း ၃၀ လျော်ကြေးတောင်းပြီး မရသဖြင့် ရက် ၁၀၀ ကျေးကျွန်ပြု စာချုပ်ချုပ်ဆိုခြင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုသို့မလုပ်ပါကလည်း ဤဇာတ်လမ်းပေါ်လာမည် မဟုတ်။ တစ်နည်းဆိုရသော် လူမင်း (မင်းထိုက်) က သူ (ရတီ) ကို နှစ်နာစေလို၍ ဤသို့ပြုလုပ်သည်တော့ မဟုတ်၊ တမင်စချင်၍သာဖြစ်သည်။ ဇာတ်လမ်းကမူ ဘာမှမထူးခြား။ ပြောပြရလောက်အောင် ဘာမှမရှိ။ သို့ရာတွင် ထိုဖြစ်တန်ရာအခြေမရှိသော ဇာတ်လမ်းကို 'ရွှေမှုံရတီ' ၏ သရုပ်ဆောင်ပြမှုများက အားလုံးဖုံးလွှမ်းသွားပြီး ပရိသတ်သည် ရွှေမှုံရတီနောက်သို့ လိုက်ပါနေရသည်။ အသက်အရွယ် ၁၄၊ ၅၊ ၆ နှစ်၊ ကျောင်းသူဘဝ၊ ဖျတ်လတ်သွက်လက်သူ၊ ချစ်စရာ အပျိုဖြန်းဘဝတွင် သူတကာခိုင်းသမျှ လိုက်ပါလုပ်ဆောင်နေရင်း ခိုင်းသူ၏ ရင်ကို ဖောက်မြင်လာပြီး ချစ်သွားမိခဲ့သူအဖြစ် သရုပ်ဆောင်ရာတွင် ရွှေမှုံရတီသည် ဇာတ်ကောင်စရိုက်ဝင်သည်။ အလွန်ပီပြင်သည်။ ရုပ်ရှင်ရိုက်ပြနေသည်ဟူ၍ပင် မထင်ပါ။ ဝါရင့်သရုပ်ဆောင် ပီပီ လူမင်း၏ သရုပ်ဆောင်မှုကလည်း အလွန်ပီပြင်သည်။ ကျွန်တော် အထူးပြောလိုသည်မှာ ဒါရိုက်တာလူမင်းပင် ဖြစ်သည်။ လူမင်းသည် မျက်နှာသစ်သရုပ်ဆောင် ချာတိတ်တစ်ယောက်ကို စရိုက်ကွက်တိဝင်အောင် ညွှန်ပြ၊ သွန်သင်မှုကောင်းသည်။

မြန်မာရုပ်ရှင်လောကတွင် ဇာတ်ကားတစ်ကားတည်းဖြင့် အောင်မြင်ခဲ့ကြသူများရှိခဲ့ပါ၏။ ကောလိပ်ဂျင်နေဝင်း၊ ဇော်ဝမ်း၊ နေအောင်၊ စန္ဒာ၊ ထွန်းအိန္ဒြာဗို၊ မေကဗျာ . . . စသဖြင့်။ ယခု ရွှေမှုံရတီသည်လည်း 'သခင့်ရဲ့ကျေးကျွန်' တစ်ကားတည်းဖြင့် အောင်မြင်သွားပြီဟု ကျွန်တော်ဆိုချင်ပါသည်။

စာမျက်နှာကို ငဲ့ရမည်ဖြစ်၍ ကျွန်တော် အသေးစိတ်မသုံးသပ်လိုတော့ပါ။ စာဖတ်သူအား သတင်းပေးလိုသည်မှာ ယခု ကျွန်တော် သုံးသပ်တင်ပြခဲ့သော မြန်မာဗီဒီယိုဇာတ်ကားနှစ်ကားကို မဖြစ်ဖြစ်အောင် ကြည့်ပါ။ ကျွန်တော် အာမခံရဲသည်မှာ မေကဗျာ၏ သရုပ်ဆောင်မှုနှင့် ရွှေမှုံရတီ၏သရုပ်ဆောင်မှုပင် ဖြစ်ပါသည်။ သူတို့နှစ်ဦး၏ သရုပ်ဆောင်မှုသည် အထူးကောင်းနေပါသည်ဟု ကျွန်တော်လက်ခံသလို စာဖတ်သူလည်း လက်ခံလာပါလိမ့်မည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ အဆိပ်

၂။ လျှပ်ရောင်အလင်း ချစ်ခြင်းမီးအိမ်



Asian Fame Media Group

INTERNATIONAL MEN'S DAY
November 19

# အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ား

သို့ ပေ ပေ သော် ပြား ...

နှင်း



ဘုရားဆုပန်မင်းယောကျ်ား
အတောင် နှစ်ဆယ်ဝတ် မင်းယောကျ်ား
အိမ်ဦးနတ်လို့ ကျွန်မတို့တင်စား နေကြတဲ့
အမျိုးသားတွေရဲ့အခန်းကဏ္ဍကိုပြောဖို့
အလှည့်ကျ ရောက်လာပြန်ပါပြီ။
အထူးသဖြင့် လူငယ်ချာတိတ်လေးတွေနဲ့
အရွယ်ရောက်ပြီး အမျိုး သား အားလုံးနဲ့
သက်ဆိုင်တဲ့နေ့လေးတစ်နေ့
အကြောင်းကို မျှဝေချင်တာ ပါ။

Asian Fame Media Group



မြန်မာနိုင်ငံ အပါအဝင် အာရှနိုင်ငံတော်တော်များများမှာတော့ အမျိုးသားတွေဟာ အခွင့်ထူးခံလူတန်းစားတွေပါ။ အမျိုးသမီးတွေထက်ပိုလို့ အခွင့်အရေး ရကြသူတွေပါပဲ။

အိန္ဒိယလူမျိုးကျွန်မရဲ့ မိတ်ဆွေတွေကိုတွေ့တိုင်း မင်းတို့နိုင်ငံမှာ ဒေါင်ရီယဉ်ကျေးမှုမပျောက်သေးဘူးလားလို့ မကြာခဏမေးခဲ့ဖူးပါတယ်။ အိန္ဒိယလူမျိုးတွေကတော့ နိုင်ငံတွင်းမှာရော နိုင်ငံပြင်ပမှာပါ ဒေါင်ရီစနစ်ကို အခုချိန်အထိ ကျင့်သုံးနေကြဆဲပါ။ ဒါဟာ အမျိုးသားတွေရဲ့ တန်ဖိုးကြီးမြင့်မှုကို မီးမောင်းထိုးပြနေဆဲဖြစ်တဲ့ အိန္ဒိယရဲ့ ဓလေ့တစ်ခုပါ။

အရှေ့အလယ်ပိုင်းက အာရပ်နိုင်ငံတွေမှာလည်း သားယောက်ျားလေးကို လွန်လွန်ကဲကဲ တန်ဖိုးထားလေ့ရှိကြပါတယ်။ သားယောက်ျားလေး မမွေးပေးနိုင်တဲ့ မိခင်တွေကို ကွာရှင်းပစ်တတ်ကြသလို ပြင်းပြင်းထန်ထန် အပြစ်ပေးတဲ့အထိ အစွန်းရောက်ကြပါတယ်၊ ဒါကြောင့်လည်း အာရပ်ကမ္ဘာကို ပေါ်ဖိုဝါဒကြီးစိုးတဲ့ ကမ္ဘာလို့ တင်စားကြခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေဆိုရင်လည်း အမျိုးသားတွေကို ရှေ့တန်းတင်ပြီး လေးစားကိုးကွယ်နေဆဲပါ။ လူငယ်ချာတိတ်လေးတွေကို အဝတ်ကြီးတန်းအောက် ဖြတ်မလျှောက်ခိုင်းတာကအစ မိခင်နဲ့ အစ်မတွေရဲ့ထဘီကို ထိခွင့်ကိုင်ခွင့် မပေးတာတွေဟာ ယောက်ျားတို့ရဲ့ ဘုန်းတန်ခိုးကို တန်ဖိုးထားခြင်းကို ပြနေပါတယ်။

ယောက်ျားနဲ့မိန်းမ ကြမ်းတစ်ပြေးတည်းထိုင်ရမှာကိုတောင် စိုးရွံ့ထိတ်လန့်ကြတဲ့အထိကို သည်းသည်းလှုပ်ကြပါတယ်။

အိမ်ထောင်ရှင်မတွေဆိုလည်း အိမ်ဦးနတ်ဝတ်တဲ့ အဝတ်အစားတွေဆိုရင် စုတ်ပြဲသွားတဲ့အထိ လက်နှီးစုတ်တွေ ကြမ်းသုတ်ဝတ်တွေလုပ်ခွင့်မရခဲ့ပါဘူး။ မိမိရဲ့အိမ်ဦးနတ်အတွက် ထမင်းဦး၊ ဟင်းဦးတွေကို ဖယ်ထားပြီးမှ စားကြသောက်ကြပါတယ်။ ဒါတွေအားလုံးဟာ အရွယ်သုံးပါးမရွေး အမျိုးသားတွေရဲ့ဘုန်းကံကို တန်ဖိုးထားကြတဲ့ ချစ်စရာ မြန်မာ့ဓလေ့တွေပါ။

အနောက်တိုင်းနဲ့ အချို့သောနိုင်ငံတွေမှာတော့ အမျိုးသားတွေရဲ့အခွင့်အရေးဟာ အမျိုးသမီးတွေနဲ့မခြားလှပါဘူး။

အိမ်ထောင်ရှင် အမျိုးသားတွေဟာ အမျိုးသမီးတွေလိုပဲ အိမ်မှုကိစ္စနဲ့ ကလေးထိန်းတဲ့အလုပ်တွေကို မျှဝေပြီးကူညီရပါတယ်။ မိသားစုအတွက် ငွေရှာရတဲ့အလုပ်အပြင် မိသားစုအလုပ်တွေပါ ပိုလုပ်ရတာပါ။

အရှေ့တိုင်းနဲ့ အနောက်တိုင်းမှာ အမျိုးသားတွေရဲ့အခွင့်အရေး ဘယ်လိုပဲကွာကွာ ကမ္ဘာ့ခေါင်းဆောင်တွေကစလို့ အောက်ခြေက ကော်လာပြာ အလုပ်သမားတွေအဆုံး အမျိုးသားတွေပဲ ဦးဆောင်နေတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ဒီလိုပဲ နေရာတိုင်းမှာ အပင်ပန်းဆုံး အဆင်းရဲဆုံး၊ အညစ်ပတ်ဆုံးလို့ပြောလို့ရတဲ့ အလုပ်တွေကိုလည်း အမျိုးသားတွေပဲ လုပ်ရပါတယ်။ အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံတွေမှာလည်း သားငါးဟင်းသီးဟင်းရွက်ရောင်းတဲ့ အလုပ်၊ ရွှေငွေနဲ့ အဝတ်အထည်တွေရောင်းတဲ့ အလုပ်အပြင် လူထုနဲ့ တိုက်ရိုက်ဆက်သွယ်ရတဲ့ အလုပ်တွေအားလုံးကို အမျိုးသားတွေကပဲ လုပ်ရပါတယ်။

နောက်ဆက်တွဲ အကျိုးဆက်ကတော့ အမျိုးသားတွေဟာ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ရတာကြောင့် စိတ်ဖိစီးမှုတွေရလာသလို ရောဂါဘယတွေလည်း ထူပြောလာပါတယ်။

သာမန်အားဖြင့်လည်း အမျိုးသားများဟာ အမျိုးသမီးတွေထက် အသက်တိုတာကို တွေ့ရတတ်ပါတယ်။ ယေဘုယျအားဖြင့် အမျိုးသမီးတွေဟာ အမျိုးသားတွေထက် သက်တမ်းငါးနှစ်မှ ဆယ်နှစ်အထိ ပိုနေရပြီး အသက်ရာကျော်တဲ့ ဘိုးဘွားတွေကို ကြည့်မယ်ဆိုရင် ၈၅ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်နေတာကို တွေ့ရပါတယ်။



Asian Fame Media Group

ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းမှာလည်း အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုလို့မြင့်မားနေတာကို တွေ့ရပါတယ်။ ကင်ဆာရောဂါ ဖြစ်ပွားနှုန်းမြင့်သလိုပဲ ကင်ဆာရောဂါကြောင့် သေဆုံးနှုန်းကလည်း ၇၀ ရာခိုင်နှုန်းအထိ မြင့်လာပါတယ်။ ရောဂါဗေဒနဲ့ ပြင်းထန်စွာခံရတဲ့နှုန်းမှာလည်း အမျိုးသားတွေက အမျိုးသမီးတွေထက် မြင့်မားနေပြန်ပါတယ်။

တစ်နှစ်ကို အမျိုးသားတစ်သန်းခန့်ဟာ မိမိကိုယ်မိမိ သတ်သေတဲ့အထိ ဆိုးကျိုးတွေဖြစ်လာခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာ အမျိုးသားတွေ သေကြောင်းကြံစည်မှုဟာ အမျိုးသမီးတွေထက် သုံးဆခန့် တက်လာပါတယ်။ ဗြိတိန်တစ်နိုင်ငံတည်းမှာပဲ တစ်နှစ်ကို အမျိုးသားလေးထောင်ခန့်ဟာ မိမိကိုယ်မိမိ သေကြောင်းကြံခဲ့ကြပါတယ်။ ဒီအရေအတွက်ဟာ တစ်နေ့ကို ၁၂ ယောက်နှုန်း နှစ်နာရီခြား တစ်ယောက်နှုန်းလို့ ဆိုလို့ရပါတယ်။

ဗြိတိန်လူငယ်တွေရဲ့ ၂၅ ရာခိုင်နှုန်းခန့်ဟာလည်း လူကြီးတွေရဲ့ လျစ်လျူရှုခြင်းကို ခံရလေ့ရှိပြီး အဲဒီလူငယ်တွေ ကြီးပြင်းလာတဲ့အခါမှာ သေကြောင်းကြံစည်မှုဟာ ငါးဆခန့် တိုးတက်လာတာကို တွေ့ရပါတယ်။

မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုဟာ စိတ်ဖိစီးမှုတွေက လွတ်မြောက်အောင် ထွက်ပေါက်ရှာခြင်းတစ်မျိုးပါပဲ။

မိမိကိုယ်မိမိ သေကြောင်းကြံစည်ကြတဲ့ အမျိုးသားများကို ခွဲခြမ်းစိတ်ဖြာရင်တော့ အိမ်ထောင်ကွဲ တစ်ခုလပ်များ မိဘစွန့်ပစ်ခံများ အရက်ကို အလွန်အမင်းသောက်သုံးကြသူများ အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင်များနဲ့ လိင်မှုဆိုင်ရာ စော်ကားခံရသူများ ဖြစ်နေတာကို တွေ့ရတတ်ပါတယ်။

ကျွန်မတို့လူ့အဖွဲ့အစည်းမှာ ကမ္ဘာကျော်ခေါင်းဆောင်တွေနဲ့ အုပ်ချုပ်သူတွေနေရာမှာသာ အမျိုးသားထုက နေရာယူနေကြတာ မဟုတ်ပါဘူး။ မူးယစ်သောက်စားရမ်းကားသူတွေ ရာဇဝတ်မှုကျူးလွန်သူတွေ လမ်းဘေးမှာ လေလွင့်ပျက်စီးနေသူတွေစာရင်းမှာလည်း အမျိုးသားထုကပဲ ထိပ်ဆုံးက နေရာယူထားတတ်ပါသေးတယ်။ ဒါကြောင့်လည်း အကျဉ်းထောင်တွေမှာ အမျိုးသားထုက ရာနှုန်းပြည့်နီးပါး နေရာယူထားတာကို တွေ့ရပါတယ်။

ဗြိတိန်နိုင်ငံရဲ့ အကျဉ်းထောင်တွေထဲမှာရှိတဲ့ အကျဉ်းသား ၉၅ ရာခိုင်နှုန်းက အမျိုးသားတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

ဖြစ်မှုကျူးလွန်သူ အကျဉ်းသားတွေထဲမှာလည်း အလားတူ မိဘမဲ့ အိုးအိမ်မဲ့ အမျိုးသားတွေရဲ့ အရေအတွက်က အများဆုံးဖြစ်နေပြန်ပါတယ်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်မှာ အကြမ်းဖက်မှုတွေကြောင့် လူငါးသိန်းခန့် သေဆုံးနေပါတယ်။ သေဆုံးသူတွေရဲ့ ၈၃ ရာခိုင်နှုန်းဟာ အမျိုးသားတွေနဲ့ လူငယ်ချာတိတ်ကလေးတွေ ဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါတယ်။

ဒီလို ဖြစ်ရပ်တွေကိုအခြေခံပြီး ကမ္ဘာတစ်ဝှမ်းမှာ အမျိုးသားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို မီးမောင်းထိုးပြဖို့အတွက် နိုင်ငံတကာ အမျိုးသားနေ့ရယ်လို့ ဖြစ်ပေါ်လာခဲ့ပါတယ်။

နိုင်ငံတကာ အမျိုးသားများနေ့ကိုတော့ ၁၉၉၉ ခုနှစ်ကစပြီး နှစ်စဉ် နိုဝင်ဘာလ ၁၉ ရက်နေ့မှာ ကျင်းပလေ့ရှိပါတယ်။ စတင်ကျင်းပတဲ့ နိုင်ငံတွေကတော့ ထရီနီဒက်နဲ့ တိုဘားဂိုးနိုင်ငံတွေပဲ ဖြစ်ပါတယ်။ ရုရှနိုင်ငံကတော့ နိုဝင်ဘာလ ၁ ရက်နေ့ကို အမျိုးသားကမ္ဘာနေ့အဖြစ် သတ်မှတ်ထားပါတယ်။

ဒီလိုနေ့လေးကို အသိအမှတ်ပြုပြီး ကျင်းပရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ အမျိုးသားများနဲ့ လူငယ်ကလေးများရဲ့ ကျန်းမာရေးတိုးတက်စေရေးကို အခြေခံပြီး ကျား၊ မတန်းတူ အခွင့်အရေးရရှိစေရေး အမျိုးသား၊ အမျိုးသမီးဆက်ဆံရေး တိုးတက်စေရေးနဲ့ အမျိုးသားတစ်ယောက်ရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို မီးမောင်းထိုးပြလိုတဲ့ ရည်ရွယ်ချက်တွေပဲ ဖြစ်ပါတယ်။

အခြားတစ်ဖက်ကလည်း လူငယ်ချာတိတ်လေးတွေနဲ့ အမျိုးသားထုကြားက ခွဲခြားဆက်ဆံရေးကို ဆန့်ကျင်ပြီး သူတို့တွေရဲ့အောင်မြင်မှုတွေနဲ့ လူထုအကျိုးပြုဆောင်ရွက်မှုတွေကို အသိအမှတ်ပြုပေးဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ အမျိုးသားများနေ့ကိုတော့ အခုချိန်မှာ နိုင်ငံပေါင်းခြောက်ဆယ်ကျော်မှာ အသိအမှတ်ပြုကျင်းပနေပြီလို့ ဆိုပါတယ်။ ဒီနှစ် ၂၀၁၂ ခုနှစ်မှာတော့ 'ပျော်ရွှင်ကျန်းမာတဲ့ ဘဝတွေပိုင်ဆိုင်စေဖို့ အမျိုးသားများနဲ့ လူငယ်ချာတိတ်တွေ အသက်ရှည်ဖို့ ကူညီကြပါစို့' ဆိုတဲ့ ဆောင်ပုဒ်လေးနဲ့အတူ ကျန်းမာရေးကဏ္ဍကို အဓိကထားပြီး လှုံ့ဆော်ထားပါတယ်။

ဒီနေရာမှာတော့ ဒီနေ့ထူးနေ့မြတ်လေး ကျင်းပခြင်းရည်ရွယ်ချက်လေးက ခေတ်အဆက်ဆက်ကပြောလေ့ရှိတဲ့ မဟာဗိဝါဒတွေ နိုင်ငံတကာလူ့အဖွဲ့အစည်းတွေမှာ လက်ကိုင်စွဲထားတဲ့ ယောကျ်ားသားတွေရဲ့ ပိုလ်ကျစိုးမိုးရေးဝါဒတွေနဲ့ မဟာအခွင့်အရေးတွေ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက အမြဲစွဲနေတဲ့ အိမ်ဦးနတ်ဆိုတဲ့ ပညတ်ချက်တွေနဲ့မတူ ကွဲပြားခြားနားတဲ့ ရည်ရွယ်ချက်တွေရှိနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ အဘိုး၊ အဖေ၊ အစ်ကို၊ မောင်မွှားတွေ အသက်ရှည်ရှည်နဲ့ ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့အတွက် ကျွန်မတို့မှာလည်း တာဝန်ရှိပါတယ်။ ကျား၊ မမရွေး ပျော်ရွှင်ကျန်းမာတဲ့ လူ့ဘောင်ကို တည်ဆောက်နိုင်ဖို့ ဝိုင်းဝန်းကူညီကြပါစို့လားရှင်။

**နှင်း**

> ကျွန်မတို့လူ့အဖွဲ့အစည်းမှာ
> ကမ္ဘာကျော်ခေါင်းဆောင်တွေနဲ့
> အုပ်ချုပ်သူတွေနေရာမှာသာ
> အမျိုးသားထုက နေရာယူနေကြတာ
> မဟုတ်ပါဘူး။ မူးယစ်
> သောက်စားရမ်းကားသူတွေ
> ရာဇဝတ်မှုကျူးလွန်သူတွေ
> လမ်းဘေးမှာလေလွင့်ပျက်စီး
> နေသူတွေစာရင်းမှာလည်း
> အမျိုးသားထုကပဲထိပ်ဆုံးက
> နေရာယူထားတတ်ပါသေးတယ်။
> ဒါကြောင့်လည်း အကျဉ်းထောင်တွေမှာ
> အမျိုးသားထုက ရာနှုန်းပြည့်နီးပါး
> နေရာယူထားတာကို တွေ့ရပါတယ်။



Asian Fame Media Group

# ယတိစာအုပ်စင်

## ကလောင်စုံ - သက်တံဆယ်စင်း

မြန်မာ လူငယ်ဘလော့ဂါ စာရေးဆရာ ဆရာမ ၁၀ ဦး၏ စာများကို စုစည်းထားခြင်းဖြစ်သည်။ အမိမြေပေါ်တွင် ရှင်သန်ခွင့်ရသူများနှင့် ကမ္ဘာအရပ်ရပ်မှာ ကျင်လည်ကြရသော သူတို့၏ ဘဝအတွေ့အကြုံများ၊ ခံစားချက်များနှင့် စိတ်ကူး ဖန်တွဲမှုများစုံလင်စွာ ပါသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ လျှပ်စစ်စီးလိုင်းပေါ်တွင် လင်းလက်တောက်ပလာသော စာစုများအနက် တစ်ကိုယ်တော် စီးမျောလာသော အနုရသများ၊ ပေါက်ကွဲ ထွက်လာသော ခေတ်၏ ရိုက်ခတ်သံများ ပါဝင်သလို မိဘမေတ္တာဘွဲ့ကို ဖော်ကျူးသော ဂန္ထဝင် ရသများလည်း ပါဝင်သည်။ စာရေးဆရာ ဆောင်းဝင်းလတ်နှင့် ရဲသျှမ်းတို့၏ အမှာစာများတွင်ပင် သက်တံဆယ်စင်း၏ အရောင်သွေးစုံ တောက်ပမှု အလှတရားကို ရှာဖွေတွေ့ရှိရမည် ဖြစ်သည်။ နေမျိုးပဒေသာ စာပေမှ တန်ဖိုး ကျပ် ၁၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။




## မောင်လွင်မွှန် (ကသာ) - သံသရာလမ်းက ကြိုးတန်းလျှောက် ရှားပါးလူ


ဝေဖန်ရေးဆရာဘဝ၏ စာမျက်နှာ တစ်ဖက်ခြမ်းတွင် ရသစာရေးဆရာအဖြစ် ရှင်သန်ခဲ့သော စာရေးဆရာ မောင်လွင်မွှန် (ကသာ) ၏ ဝတ္ထုတိုစုစည်းမှုဖြစ်သည်။ ရေကြည်တွင်းနှင့် မိုးခါးရေ စာအုပ်၏နောက် တွင် ဒုတိယစာအုပ်အဖြစ် ထွက်ပေါ်လာခြင်း ဖြစ်သည်။ အနိမ့်အမြင့် မညီမွေးဖွားလာကြသော ဘဝများနှင့် အပြီးအမောက် မတည့်လည်ပတ်နေသော ခေတ်ကာလအတွင်းမှ အဖြစ်အပျက်များကို ပီပြင်စွာထင်ဟပ်လာအောင် ဖော်ကျူးရင်း ထောက်ပြဝေဖန်သင့်သည်များလည်း လှပစွာ ယှက်ဖွဲ့ထားသည့် လက်ရာများ ဖြစ်သည်။ ရသကို စားသုံးရင်း မောင်လွင်မွှန် (ကသာ) ၏ တစ်စုံတစ်ရာသော ပေးပို့လိုက်မှုကို ရရှိနိုင်မည့် ဝတ္ထုတို ၂၁ ပုဒ်ပါဝင်သည်။ လင်းလွန်းခင် စာပေမှ စီစဉ်ပြီး တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။




## လင်းသိုက်ညွန့် (မြန်မာ့မြေ) - အောင်မြင်မှုသို့ လမ်းမများ




လူငယ်များအတွက် ဘဝအားမာန်ပေး တက်ကျမ်း စာပေများကို ရေးသားသူ လူငယ်စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ၏ လက်ရာသစ် ဖြစ်သည်။ ဘဝ အောင်မြင်မှုအတွက် အခြေခံ အကျဆုံးနှင့် အရေးကြီးဆုံး အချက်မှာ သင်ယူမှု ဖြစ်သည်ဟု ခံယူထားသော အယူအဆအတိုင်း စာရေးဆရာ လင်းသိုက်ညွန့်က ဤစာအုပ်တွင် သင်ယူမှု၏ သဘောတရားကို အကျယ်တဝင့် ရေးသား ဖော်ပြထားသည်။ အောင်မြင်ခြင်း အတွက် ဂရုစိုက်ရမည့် personality၊ ကိုယ့်ကိုယ်ကိုယ် ပြောဆိုကတိပေးရမည့် ကတိကဝတ်များ၊ ထားရှိရန် စိတ်ဓာတ်နှင့် အတွေးအခေါ်များကို အခန်းကဏ္ဍအလိုက် ရေးသားဖော်ပြထားသည်။ ဇင်ရတနာစာပေမှ ထုတ်ဝေလိုက်သော ဤ မြန်မာ့မြေ စာအုပ် အမှတ်စဉ် ၁၂ ကို တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။




## ဒေါက်တာခိုင်စံဝေ (ဝေဒပညာ) - အောင်မြင်ချမ်းသာ လာဘ်ဝေပြော

ယခုနှစ် (၂၀၁၂) အတွင်း ၃၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နက္ခတ်ဗေဒင် ကွန်ဖရင့်တွင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်း ခံခဲ့ရသော ဒေါက်တာခိုင်စံဝေ၏ ဗေဒင်ပညာရပ်ဆိုင်ရာ ဆောင်းပါးများ စုစည်းထားခြင်းဖြစ်သည်။ ဒေါက်တာခိုင်စံဝေ (ဝေဒပညာ) သည် စန်း၊ နက္ခတ်၊ အင်္ဂဝိဇ္ဇာ အစရှိသော လောကီ ပညာရပ်များကို နိုင်ငံကျော် ဆရာများစွာထံမှ ဆည်းပူးခဲ့သလို အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ နက္ခတ်ဗေဒင် တက္ကသိုလ်မှလည်း ပညာသင်ယူခဲ့သူဖြစ်သည်။ ယခု ဤစာအုပ်သည် စာဖတ်ပရိသတ်များ ဆန္ဒပြည့် လာဘ်ရွှင်စေရန် ရည်ရွယ်၍ မှတ်သားဖွယ်ရာ အချက်အလက်များ ပေးပို့လိုက်ခြင်းဖြစ်၍ မိမိ၏ ဇာတာ၊ ကံကြမ္မာ အခြေအနေများကို ခိုင်ဖမ်းသံဖမ်းတွက်ချက် သိရှိနိုင်မည် ဖြစ်သလို ဝေဒပညာရပ်၏ စိတ်ဝင်စားဖွယ် နက်နဲမှုကို ဖတ်ရှုနိုင်မည်ဖြစ်သည်။ ကျော်စာပေမှ တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

# ရတီစာအုပ်စင်


## ကလောင်စုံ - လူကြီးလူကောင်းမိုးတိမ်၊ မီးတားလမ်းနှင့် ....

ရသစာတမ်းများကို အစဉ်တစိုက် ရေးသားလာကြသူ ရသစာတမ်းဆရာတို့၏ လက်ရာများ စုစည်းထားသော စာအုပ်ဖြစ်သည်၊ ရသစာတမ်း ၂၂ ပုဒ်ပါဝင်ပြီး စာရေးဆရာ ၁၁ ဦးတို့ရေးသားထားကြသည်၊ ရသစာတမ်းပီပီ ဖန်တီးသူတို့၏ လက်ကို ထင်းပြက်စွာ မြင်တွေ့ရမည် ဖြစ်သလို စူးရှသော ရင်တွင်းခံစားချက် အငွေ့အသက်များကို ထိဟပ်ခံစားကြရမည်။ ရသစာတမ်းစာရေး ဆရာအဖြစ် ကျော်ကြားခဲ့ကြသော ဆရာကြည်နိုင်၊ မောင်ရင့်မာ (ကျောင်းကုန်း)၊ ကျောင်းကုန်းစည်မှူးတို့၏ အဖွဲ့အစပ်များသည် လည်းကောင်း၊ ဆရာမောင်နိုင်လတ်၊ နေဝင်းမြင့်၊ မင်းချမ်းမွန်တို့၏ ရင်တွင်း ခံစားချက်သည်လည်း ကောင်း စာဖတ်ပရိသတ်၏ စိတ်အာရုံကို လှုပ်နိုးကြမည် ဖြစ်သလို ဆရာမောင်လွင်မွန် (တသာ)၊ မြဝင်း (ဒသန)၊ ညီမင်းညို၊ မြေလတ် မောင်မြင့်သူ၊ ရဲသျှမ်းတို့၏ အာဝဇ္ဇန်းနှင့် စကားပြောသံ၊ ရေးဟန်တို့ကလည်း ဖမ်းစားနိုင်မည် ဖြစ်သည်။ လင်းလွန်း ခင်စာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် စီစဉ်ထုတ်ဝေလိုက်ပြီ ဖြစ်သည်။




## ကလောင်စုံ - မီးရထားတစ်စင်း ဝတ္ထုတိုစု

စာပေခရီးလမ်းကို ရထားတစ်စင်းဖြင့် ခုတ်မောင်းဖြတ်သန်းကြသူ စာရေးဆရာ ၅ ဦး၏ ဝတ္ထုတိုများ စုစည်းထားခြင်းဖြစ်သည်။ ခရီးဆုံး ဘူတာသို့ ချောမောစွာ ရောက်နိုင်ဖို့ မတိမ်းမစောင်း မယိမ်းမယိုင်ဖို့ စက်မရှို့ပွင်းဖို့အတွက် ရုံပိုင်သည်လည်းကောင်း၊ လမ်းဗိုလ်သည်လည်းကောင်း၊ စက်ခေါင်းမောင်းသည်လည်းကောင်း ပါဝင်ကြသည်ကို ဤစာပေရထား ခရီးတွင် တွေ့မြင်ကြရမည်။ စေတနာ အထုအထည်အား တင်ဆောင်လျက် ခုတ်မောင်းလာသော အဆိုပါ စာပေရထားထက်တွင် အတွေ့အကြုံ အဖုံဖုံ၊ ဇာတ်လမ်း အစုံစုံပါဝင် သယ်ဆောင်လာသည်။ ဇလီဖားတုံးများကို ဖြတ်သန်း၍ သံလမ်းပေါ် နင်းခုတ်သွားသော ရထားတစ်စင်းကို ခရီးလမ်းဆုံးထိ ရောက်အောင် မောင်းနှင်ခဲ့ကြသူ စာရေးဆရာများကမူ စိုးလှိုင်တင့်၊ ဇင်မင်းထက်၊ နေမိုးညို၊ မြင့်ခေါင်ကြည် (ဒီဇယ်)၊ ရဲသျှမ်းတို့ ဖြစ်ကြသည်။ ရသစုံလင်သည့် မီးရထား ဝတ္ထုတိုအပုဒ် ၂၀ ပါဝင် သည့် ဤစာအုပ်ကို လင်းလွန်းခင် စာပေမှ စီစဉ်ကာ တန်ဖိုး ၂၂၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။





## Dr. Marvel - အဘယ့်ကြောင့်ဆိုသော်

ကျန်းမာရေး အသိပညာပေး ဗဟုသုတ စာအုပ်တစ်အုပ် ဖြစ်သည်။ ဤစာအုပ်တွင် လူမှုရေး ပြဿနာများ အနက် တစ်ခုဖြစ်သည့် လိင်မှုဆိုင်ရာ ပြဿနာများ၊ ရောဂါများအကြောင်းကို နိုးရှင်းပွင့်လင်းစွာ ရေးသားဖော်ပြထားသည်။ ဆေးပညာ အချက်အလက်များကို ကျန်းမာရေး ရှုထောင့်က သာမက လူမှုရေးရှုထောင့်ကပါ ရှုမြင်သုံးသပ်ပြီး ရေးသားထားကာ သိသင့်သိထိုက်သည့် ဗဟုသုတများနှင့် အတူ သတိထားသင့်သည့် ရှောင်ကြဉ်စရာများကို ဖော်ထုတ် တင်ပြထားသည်။ လိင်မှုကိစ္စရပ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် လိင်တူလိင်ကွဲ စိတ်ဝင်စားမှု၊ အသက်အရွယ်နှင့် လိင်စွမ်းဆောင်မှု ပြဿနာများ၊ ကိုယ်ဝန်ဆောင်ကာလနှင့် လိင်မှုရေးရာများအကြောင်း ပညာပေး အချက်အလက်များ ပါဝင်သည့် ရတနာသိုက်စာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၁၇၀၀ ကျပ် ဖြစ်သည်။




## လင်းသိုက်ညွှန့် (မြန်မာ့မြေ) - ညီမလေးရယ် ပြောပြမယ်

Women World ဂျာနယ်တွင် အပတ်စဉ် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ အစ်ကိုက ညီမထံ ပေးစာအသွင်ဖြင့် ရေးသားထားသော ပြုပြင်ရေး၊ အောင်မြင်ရေး လမ်းညွှန်စာများ ဖြစ်သည်။ ရင်းနှီးနွေးထွေးသောဟန်ဖြင့် လူငယ်ပညာပေး ဘာသာရပ်ကို ရှုထောင့်စုံမှ ရေးသားထားသော ဤစာအုပ်တွင် မှတ်သားစရာ ပညာရပ်များအပြင် မြန်မာအမျိုးသမီးငယ်များ သတိပြုသင့်သော အချက်များ၊ လူငယ်ထု အားလုံး လိုက်နာသင့်သော နည်းလမ်းများအပြင် မြန်မာ့ယဉ်ကျေးမှုကို မတိမ်ကောအောင် ထိန်းသိမ်းသင့်သည်များ အကြောင်းစုံလင်စွာ ပါဝင် သည်။ ဇင်ရတနာစာပေမှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေပြီး စောမိသစ္စာ စာပေမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။




Asian Fame Media Group

ရုပ်ရှင်အသောအစေ

# မရေးမကောင်း ရေးမကောင်း

ညီညီညာညာညက်ညက်ညောညော

## မ နဲ့ ကျား အချီးချလေသော်



ညီညီ့အိမ်က မဟေသီက ညီညီ့ကို အမြဲတမ်း နှုတ်နေကျ စကားတစ်ခွန်းရှိပါတယ်။ တော်တို့ ယောကျ်ားတွေဟာ မိန်းမချော၊ မိန်းမလှမြင်ရင် တော်တော်ဘူးထတဲ့အမျိုးတွေ၊ ညီညီက ဒီစကား ကြားရင် သိပ်ဒေါကန်တယ်၊ သူ့ကိုပြန်ချေပဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့်လည်း လှတာလေး မြင်ရင် ကြည့်မိတဲ့ ကိုယ့်ဉာဉ်လေးကလည်း မပျောက်၊ ယဉ်တာလေးမြင်ရင် လည်လည်သွား တဲ့ ကိုယ့်ခေါင်းကိုလည်း မထိန်းနိုင်သမျှတော့ ဒီမိန်းမကို ပြန်ချေပဖို့ဆိုတာ ပါးစပ်ဆယ် ပေါက်ရှိတောင် မအောင်မြင်ခဲ့ဘူး လေ။ ဒါပေမဲ့ ညီညီ့ဘက်က တယ် နိုင်မယ့် အခြေအနေတစ်ခု ဘစ် နေ့ဆီက ဖြစ်သွားသဗျ။ ဖြစ်တာမှ ညီညီနဲ့ မဟေသီ အတူတူတွဲနေတုန်း မဖြင်းသာ မပြုသာ ပက်ပင်းကြီးကို မိတော့တာဗျာ။ ညီညီက လက်ထဲ ဖိတ်စာလေးရောက် လာတော့ မဟေသီကိုခေါ်ပြီး အိပ်မက်ဆုံရာပွဲကို သွားကြည့်မိ တာကိုး။ ဟိုက ဆုတွေ ကြေညာ လိုက်တဲ့သကာလ ပထမ၊ ဒုတိယ၊ တတိယပေါ့ဗျာ။ ပြီးတော့ ပေါ်ပြူလာချွိက်စ်ဆိုတဲ့ ပရိသတ် အကြိုက်ဆုံးဆုကိုလည်း ပေးသေးတယ် လေ။ ဒီမှာတင် မိန်းမထုအပေါင်းရဲ့ အနုပညာကို အသည်းနှလုံးနဲ့လား အာနဲ့လား အားပေးမှန်းမသိ တဲ့ အားပေးမှုကြီးကို မျက်ဝါးထင်ထင် မြင်တွေ့ ရတော့တာပဲ။ ပထမဆုရတဲ့ မိန်းကလေးက စင်ပေါ်မှာ ခေါင်းတောင်လေးရပ် နေရပြီး ဒုတိယ နဲ့ တတိယဆုရတဲ့ ယောကျ်ားသား (မိန်းမလျာတွေ အပြောနဲ့ဆို အဆင်ကလေးတွေပေါ့လေ) အဲ့ဒီ အဆင်ကလေးနှစ်ယောက်ကို စင်ပေါ်က ဆွဲချ၊ ဆုတွေလက်ဆောင်တွေ ဒလဟောပေး၊ တစ် ယောက်ဆို မိန်းမထုအပေါင်း ကြားမှာ ပျောက် ဝင်သွားလိုက်တာ ကင်မရာတွေ တောင် ရိုက်လို့ မရတော့၊ နောက်ဆုံး လုံခြုံရေးအရ စင်နောက်ကို ဆွဲသိမ်းလိုက်ရတဲ့အထိ မိန်းမတွေ သောင်း ကျန်းချက်။ ညီညီကတော့ ဒီမြင်ကွင်းကို မြင်လိုက် ရတဲ့အချိန် ယောကျ်ားတွေ ဘူးတာထက် မိန်းမ တွေဘူးတာက ပိုပွဲကြမ်းပါလားဟေ့လို့ မြိန့် မြိန့်ကြီးဆိုလိုက်တဲ့အချိန် မဟေသီစကားတစ်ခွန်း မှ မပြန်နိုင်တော့ဘူး။ ဘယ်ပြန်မလဲ သူကလည်း သူ့အဆင်ကလေး သူများတွေနောက်ပါသွားမှာ လည်တဆန့်ဆန့်နဲ့ ကြည့်နေတာကိုး. . . သေစမ်းဟ။






# လုံပါဘိခြင်း ခြုံပါဘိခြင်း




ညောညောတို့ ရရစားစားဘဝ ပိုက်ဆံဆိုတာ လက်ထဲရောက် ပျောက်ဆိုသလိုကိုး။ ဒီတော့လည်း ချက်လက်မှတ်တို့ ဘဏ်တို့ဆိုတာ လားလားမှ မဆိုင်၊ အလည်တစ်ခေါက် ရောက်ဖူးစရာ အကြောင်းကို မရှိခဲ့ပါဘူး။ သို့သော်လည်း ကံလေးထ ညာဏ်လေးကြွလာတဲ့အချိန် လက်ထဲ ပိုက်ဆံလေး အနည်းအကျဉ်းပေါ်လာတော့ ထား စရာနေရာကို ရှာမတွေ့ဘူး။ ဒါကြောင့်လည်း အများသူငါ ပြောနေကြတဲ့ လုံခြုံစိတ်ချရသော ဘဏ်တိုက်ဆီသို့ ပြေးရလေသတည်းပေါ့။ မျက်စိ သူငယ်နဲ့ ဘဏ်တိုက်ကြီးထဲကို ဝင်ရောက်ပြီး သကာလ ပန်းထမ်းတင်ဝင်လာကြတဲ့ ပီနံအိတ် ကြီးတွေကို ကြည့်ပြီး ဒါပိုက်ဆံတွေသယ်လာတဲ့ အိတ်ပါလားလို့ အကဲခတ်မိတော့ ကိုယ့်လက်ထဲက ပိုက်ဆံလေး အားတောင်ငယ်မိသေးပေါ့။ သို့သော် ငါကွလို့ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ညောညော ပိုက်ဆံဘဏ်အပ်ချင်ပါတယ်လို့ စုံစမ်းရေးကောင် တာမှာပြောမိတော့ ဘဏ်အပ်တယ်ဆိုတာ ဒီဘဏ်မှာ လက်ရှိအကောင့်ဖွင့်ထားတဲ့ ဘဏ်အပ် သူ နှစ်ယောက်ထောက်ခံချက်ပါရမယ်တဲ့လေ။ မြတ်စွာဘုရား . . . ညောညောက ဘယ်က အသိ ရှာရမှာတဲ့လဲ၊ တွေ့တယ်ထားဦး ဘယ်သူက အလုပ်ပျက် အကိုင်ပျက် လိုက်ပေးမှာတဲ့လဲ၊ ညောညော စိတ်ပျက်နေတုန်း ဝန်ထမ်းတွေက အားပေးပါတယ်၊ အစ်မညော အားမငယ်နဲ့ ဒါက ဘဏ်လုံခြုံရေးအရ လုပ်ရတာ၊ အခုထိုင်နေတဲ့ သူတွေထဲက အလျဉ်းသင့်တဲ့နှစ်ယောက်ကို စည်းရုံး ကြည့်လိုက်၊ သူတို့ထောက်ခံရင် ရသတဲ့ ဒါနဲ့ ညောညောလည်း အပြောကောင်းကောင်း နဲ့ဆွယ်လိုက်တော့ ဘဏ်မှာငွေသွင်းနေတဲ့ နှစ် ယောက်က ထောက်ခံမှုပေးပါတယ်။ ဒါနဲ့ပဲ ညော ညောတို့ ဘဏ်စာရင်းဖွင့်ဖြစ်သွားတယ်ပေါ့။ ဒီမှာတင် ညောညော အပြန်လမ်းတစ်လျှောက်လုံး စဉ်းစားတာ စဉ်းစားတာလေ၊ လုံခြုံရေးအရလို့ လည်း ပြောသေးတယ်၊ ပြီးတော့လည်း ဒီထဲက အချင်းချင်းနဲ့ပဲ ပြန်အဆင်ပြေသွားတယ်။ ဒါနဲ့ များ ဘာလို့လွယ်တာကိုခက်အောင် လျှောက် ပြောနေရလဲ၊ ဒီလိုပုံ ဒီလိုနည်းနဲ့ ဘယ်နေရာကို လုံပြီး ဘယ်နေရာကို ခြုံချင်ထားလဲဆိုတာ မသိ မသိ။

# နင့်ခနဲပဲ




ညာညာတို့ မြန်မာလူမျိုးတွေဆိုတာ ဂါရဝတရားရှေ့ထားကြတဲ့သူတွေပါ။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်၊ ယဉ်ကျေးမှုကို အလေးထား အနေအထိုင် အသွားအလာ အပြောအဆိုကအစ ယဉ်ကျေးပျူငှာကြသူတွေပါ။ ခုတော့ဖြင့် မည်သို့မည်ပုံဖြစ်ကုန်ကြသည် မသိ။ စကားအပြောအဆိုတွေကလည်း ယဉ်ကျေးမှုမရှိ အနေအထိုင်တွေကလည်း ကြမ်းတမ်း။ ဒါဟာ အချိုးမှုန့်တွေ အစားများကုန်တာလား။ စားအုန်းဆီရဲ့ နှိပ်စက်မှုကြောင့် ကပြောင်းကပြန် ဖြစ်ကုန်ကြတာလား။ တစ်နေ့ကို ကော်ဖီဘယ်နခွက်သောက်မိလို့ ကဖင်း ဓာတ်တွေ ယိုစိမ့်ဓာတ်ပျက်ကုန်တာလား။ ဘယ်သူ့ကို ဘယ်လို အကြောင်း ပြရမလဲ။ ဒါပေမဲ့ ပြင်ပလောကမှာ ဘယ်လိုပဲ ဖောက်ပြန်ပျက်စီးနေပါစေ၊ မီဒီယာနဲ့ ဆက်စပ်ပတ်သက်လာပြီဆိုရင်တော့ ဒါဟာ ပရိသတ်ကြား၊ အများ ကြား ဖုံ့နှံ့တော့မှာပဲရယ်လို့ နည်းနည်းပါးပါးတော့ ဆင်ခြင်သင့်ပါတယ်။ အခုတော့ အောင်ပွဲဆင်လာတဲ့ ပြည်သူချစ်အားကစားသမားကို ဘယ်လိုခံစား ရပါသလဲလို့အမေး "သောက်ရမ်းပျော်တယ်" တဲ့လေ။ သောက်ဆိုတဲ့နေရာမှာ သူက ပီပီသသကြီးကို စလုံးအကွရာနဲ့ ဖြေသွားတာနော်။ နားထဲကို အမြောက် တစ်စင်း ပစ်ခွင်းသွားသလို အဝင်ဆိုးလိုက်ပါဘိ။ မြန်မာ့အားကစား ကမ္ဘာကို လွှမ်းဖို့ဆိုတာ တစ်နေရာတည်း ကွက်တော်နေလို့ မရဘူးဆိုတာကို သူသိ အောင် ဘယ်လိုပြောရပါ့။

Asian Fame Media Group

# မာတာမိခင် အရင်းလေလား



ညက်ညက်လေ ရုံးသွားရုံးပြန် ဘတ်စကား စီးရင်း ဇာတ်လမ်းပေါင်းများစွာကို တွေ့ရပါတယ်။ အခုလည်း တွေ့ရပြန်ပြီ၊ ချစ်ဇာတ်လမ်းလေး တစ်ခု။ ကောင်လေးနဲ့ကောင်မလေးက အရွယ်တူ ဆိုက်တူ ဂိုက်တူ ချစ်ချာလေး။ ညက်ညက်လည်း ကိုယ်မခံစားရတာ ကြာပြီဖြစ်တဲ့ ရင့်ရော်နေတဲ့ နှလုံးသားကို သူတို့ဆီအာရုံဖြန့်ထားရင်း အမိုး သားဆုံးဝန်ခံရရင် စပ်စုမိတယ်ပေါ့။ ကောင်လေး က မြို့ထဲမှာနေတာ၊ တာမွေပြန်မယ့် ကောင်မလေး ကိုလိုက်ပို့တာ၊ နှစ်ယောက်သား တစ်ယောက် လက္ခဏာ တစ်ယောက်ကြည့်လို့ ခိုးခိုးခစ်ခစ်ရယ် လို့က တစ်မျိုး၊ ကဗျာဆန်ဆန် စာဆန်ဆန်လေးနဲ့ ချစ်ခြင်းမွှဲ့ကို သီကျူးတာကတစ်ဖုံ၊ ညက်ညက်ဆို တာ အကြားအာရုံတွေ ကောင်းလိုက်တာမှလေ သူတို့ပြောတာ အကုန်ကို ကြားနေတော့တာ။ ဒီမှာတင် ကောင်လေးဆီကို ဖုန်းတစ်ခု ဝင်လာ တယ်။ ကောင်လေးဖုန်းပြောနေတုန်း ကောင် မလေးဆီလည်း ဖုန်းဝင်လာပြန်ပါလေရော။ ညက်ညက်လည်း ဒီတော့မှ ခေါင်းတွေ ဘာတွေ ဇက်ကြောချိုးပြီး အပန်းဖြေရတယ်။ နို့ အားစိုက် နားထောင်နေရတာကိုးလို့၊ ဒါနဲ့ ဖုန်းချပြီးတော့ ကောင်မလေးက ကောင်လေးကိုပြောတယ်၊ တာ မွေထိ မလိုက်နဲ့တော့၊ မေမေ ဘတ်စကားဂိတ်မှာ လာကြိုနေမှာ ၊ မြေနီမှတ်တိုင်မှာ ဆင်းတော့တဲ့ ကောင်လေးခမျာ ကိုရီး ယားကားထဲက မခွဲနိုင် မခွာနိုင် ခံစားချက် အိုက် တင်တွေနဲ့ အကယ်ဒမီ ယူပြီး ကားပေါ်က ဆင်းသွားရရှာတယ်။ ညက်ညက်လည်း ကြားထဲက စိတ်ကိုမ ကောင်းဘူး။ နောက် တစ်မှတ်တိုင် တာမွေ ရောက်တော့ ညက် ညက်နဲ့ ကောင်မ လေး အတူတူဆင်း ကြတယ်။ အမေလာကြို မယ်ဆိုတဲ့ ကောင်မလေးက သူ့ ကို လာစောင့်နေတဲ့ကောင်လေး နောက်တစ် ယောက် လက်ကိုဖြူးချိတ်ပြီး သာယာကြည်နူး တစ်တီတူးလုပ်ပြီး ထွက်သွားပါလေရော။ ညက် ညက်ဆိုတာ ပါးစပ်အဟောင်းသားနဲ့ အံ့ဩပြီး ကြည့်နေတုန်း ညက်ညက် လေလင်းဘက်အိတ်ထဲ က ဖုန်းသံမြည်လာတယ်။ အိမ်ကကိုကို ဆက်တာ လေ။ သူက ဘာပြောတယ်မှတ်လဲ၊ "မိန်းမ အမေက ငါ့ကိုတွေ့ချင်တယ်ဆိုလို့ အမေ့အိမ် ခဏဝင်လိုက်ဦးမယ်"တဲ့လေ။ ညက်ညက်လေ ယောင်ပြီး 'ဘာ'လို့အော်ထည့်လိုက်တာ ဘေးက လူတွေတောင် လှည့်ကြည့်ကုန်တယ်။ အမေ ဆိုတိုင်း ယုံစရာလား။ လူကို ဘာမှတ်နေလဲ ဟွန်း။



















Asian Fame Media Group
MEDIA GROUP

# ညအိပ်ရာ မနက်ပလာတာ



ညီညီတို့မောင်နှမ အမြဲတမ်း ငြင်းခုံနေကျရှိပါတယ်။ တို့နိုင်ငံရှေ့ရေး ပြုပြင်ပြောင်းလဲစရာတွေထဲမှာ ဘယ်ဟာက အရေးကြီးဆုံးလဲဆိုတာ ငြင်းကြတာပါ။ ညီညီကတော့ ဘွဲ့ရပညာမတတ်တွေများတယ်၊ အမြန်ဆုံး ပြုပြင်ပြောင်းလဲရမှာက ပညာရေးလို့ အမြဲပြောခဲ့တယ်။ ညီမလေးကတော့ သူကိုယ်တိုင်က ဆရာမဆိုတော့ သူ့ပညာရေးသုဘာမှပြုပြင်ပြောင်းလဲစရာမလိုအောင် ကောင်းတယ်လို့ ခံယူတယ်ထင်ပါရဲ့၊ ကျန်းမာရေးလို့ ပြန်ကန့်ကွက်တယ်။ ဒါပေမဲ့ ဒီငြင်းခုံမှုကတော့ တစ်နေ့သောအခါမှာ အဆုံးသတ်ခဲ့ပါတယ်။ ဖြစ်ပုံက ဒီလို။ ညီညီက ဂျုံနဲ့လုပ်တဲ့မုန့်တွေ သိပ်ကြိုက်တယ်။ ညီညီ့အတွက် မနက်ခင်းအစားအစာက ပလာတာနဲ့လက်ဖက်ရည်ပဲ၊ ဒါကိုသိတဲ့ ညီမလေးကလည်း အမြဲဝယ်ပေးတယ်။ သူ့ပလာတာက ကောင်းလွန်းလို့ နင်ဘယ်နားက ဝယ်တာလဲ၊ ငါ့ကို နေရာပြထားဦးဆိုလို့ သူကလည်း ဒီနေရာ ဒီနေရာဆိုပြီး လမ်းကြုံတဲ့တစ်နေ့ပြသဗျာ။ သူပြတဲ့ဆိုင်လေးက ဆိုင်ကြီးကနားကြီးမဟုတ်ပါဘူး။ တွန်းလှည်းလေးနဲ့ရောင်းတဲ့ ဆိုင်ပါ။ သူပြတဲ့ဆိုင်ကိုလည်းမြင်ရော ညီညီဆိုတာ ဗိုင်းခနဲလဲသေချင်သွားတာဗျာ၊ ဒီဆိုင်ဒီလမ်းရှေ့က ညီညီက ရုံးအပြန် မှောင်ရီပျိုးရင် အမြဲတမ်းဖြတ်ပြန်နေကျပါ။ သူ့ဆိုင်လေးက မနက်ခင်းပိုင်းပဲ ဖွင့်တာဆိုတော့ ညီညီပြန်တဲ့ ချုပ်ညရီဆိုရင် အဲ့ဒီတွန်းလှည်းပေါ်မှာ လမ်းဘေးခွေးလေး ခွေးလွှင့်တွေ ဒူးတိုက်ခေါင်းတိုက် အိပ်နေကြတာများ ခွေခေါက်လို့ပါ။ အဲ့ဒီဆိုင်ကလေးကပဲ မနက်ခင်းဆို ဂျုံခင်း၊ ဂျုံလုံး၊ ဂျုံကြော်တဲ့ ပလာတာ တွန်းလှည်း ဖြစ်သွားလေသတည်းပေါ့။ ညီညီသဘောပေါက်လိုက်တာက ဒီနေရာ ... ခင်းအကျင်းဟာ ညဆိုခွေးတို့ရဲ့ အိပ်ရာ မနက်ဆို လူတို့ရဲ့ပလာတာဖြစ်သွားတယ် ဆိုတာပါပဲ။ ညီညီလေ ဘုထဲကပဲ ... သလိုလို၊ လည်ချောင်းထဲကပဲ ယားလာ ... လို၊ အလိုလိုနေရင်း အန်ချင်လာရင်းက ... ကျန်းမာရေးတော့ သွားပါပြီလို့ မချိတင်ကဲ ရေရွတ်မိပါတယ်။ ဒီအကြောင်း ညီမကိုပြောမိမှာ့ ညီမက ပြုံးချင်ချင်အိုက်တင်နဲ့ ဒါကြောင့် ကျန်းမာရေးအသိတွေ နည်းပါးနေတဲ့ဝန်းကျင်မှာ ကျန်းမာရေးအရေးကြီးတာလို့ ပြောပါတယ်၊ ညီညီကတော့ ထားလိုက်ပါတော့ဟာ၊ ကျန်းမာရေးလေးပြီးရင်တော့ ပညာရေးလေးဘက်လှည့်လိုက်စေချင်တယ်လို့ ညောင်နာနာရေရွတ်မိရုံမှအပ ဘာလုပ်လို့ရမှာတဲ့လဲ။











Asian Fame Media Group



# မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းပါ

သောင်းဝင်း(ယဉ်ကျေးမှု)


Asian Fame Media Group

ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး အသိအမြင်ကြွယ်ဝလာစေဖို့ တင်ပြလိုသည့်ဆန္ဒမှာ မိမိစိတ်တွင် အမြဲရှင်သန်ကိန်းအောင်းနေသည်။ အခါအခွင့်သင့်သလို လက်လှမ်းမီရာစာစောင်ဂျာနယ်တို့တွင် ရေးသားခွင့်ရခဲ့သည်။ မိမိသည် လောကမှာ ကျွမ်းကျင်လိမ္မာ၍ မဟုတ်ပါ။ နိုင်ငံတော်ကို အဘက်ဘက်မှ တိုးတက်အောင် ကြိုးပမ်းနေချိန်တွင် မိမိတို့၏ ယဉ်ကျေးမှုရဲ့ အတိမ်အနက်၊ သမိုင်းအထောက်အထား၊ ရိုးရာဓလေ့၊ အနုပညာအစဉ်အလာတွေ သိထားရင် နိုင်ငံတကာနဲ့ နှိုင်းယှဉ်တန်ဖိုးထားတတ်လာမည် ဖြစ်သည်။ တစ်ချိန်သောအခါက နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများကို ဟောပြောတင်ပြခွင့် ကြုံခဲ့ရပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်မှလည်း ယဉ်ကျေးမှုမှ ဌာနဆိုင်ရာအရာရှိကြီးများ သွားရောက်ဟောပြောပို့ချပေးခဲ့ကြသည်။



ရတနာပုံခေတ်သီဟာသနပလ္လင်

နိုင်ငံရှိလျှင် လူမျိုးရှိသည်၊ လူမျိုးရှိလျှင် ယဉ်ကျေးမှုရှိသည်ဆိုသည့် အသုံးအနှုန်းများ လူငယ်တိုင်းဆိုနေကြပြီ၊ ရှိပြီးယဉ်ကျေးမှုကို မကွယ်ပျောက်ရအောင် ထိန်းသိမ်းရမည်မှာ



ရတနာပုံခေတ်လက်ရာ နယားခံကွမ်းအစ်

အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့်လည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး) တို့ကို ဖွင့်လှစ်ခဲ့သည်။ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်တွေကို ထဲထဲဝင်ဝင်သင်ကြားပို့ချပေးခဲ့သည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးခဲ့သည်။ ခေတ်ရေစီးကြောင်းကို တားဆီး၍မရသော်လည်း အမြစ်တွယ်ရှင်သန်နေသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ဖျောက်ဖျက်မပစ်ဖို့ လိုအပ်ပါသည်။ တိုးတက်ပြန့်ပွားအောင်၊ ပင်စည်အခက်အလက်တွေ ဝေဆာအောင်၊ ပျိုးထောင်အားပေးချီးမြှောက်ရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်မဟုတ်ပါလား၊ ယဉ်ကျေးမှုကို သရုပ်ခွဲလျှင် 'ရုပ်ဒြပ်ရှိယဉ်ကျေးမှု' (Meterial Culture) နှင့် 'ရုပ်ဒြပ်မဲ့ယဉ်ကျေးမှု' (Non-Meterial Culture) လို့ ဆိုကြသည်။

ယနေ့ခေတ်မှာ ကမ္ဘာကြီးက ရွာလိုဖြစ်ပြီး ဆက်သွယ်မှုတွေက မြန်ဆန်တိုးတက်နေပြီ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကူးလူးဆက်နွယ်မှုက သိသိသာသာလျင်မြန်လာသည်။ သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကို သတိပြုရပေမည်။ မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုကို နားလည်သဘောပေါက်ထားသင့်ပါသည်၊ မြတ်နိုးတန်ဖိုးထားရန် လိုပေသည်။ မျိုးဆက်သစ်လူငယ်များ အဘက်ဘက်မှ တိုးတက်အောင်ကြိုးပမ်းနေကြပေရာ မမေ့သင့်သော မြန်မာ့ယဉ်ကျေးမှုကို ဦးထောင်ထိုး တင်ပြရခြင်း ဖြစ်ပေသည်။ ဘိုးဘွားတို့ထားရစ်ခဲ့ကြသည့် ယဉ်ကျေးမှုအမွေကို ဆက်လက်ထိန်းသိမ်းဖို့က အဓိကတာဝန်တစ်ရပ် မဟုတ်ပေဘူးလား။

ဆက်ပါဦးမည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကို



ပုဂံခေတ်ဗုဒ္ဓဝင် ကြေးကြာဖူး

၂၂ - ၃ - ၁၉၅၂ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာရပ်များကို စုဆောင်းရှာဖွေ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ရည်မှန်းချက်ထားဆောင်ရွက်ခဲ့၏။ ပဲခူး ဟံသာဝတီ ကမ္ဘောဇသာဒီနန်းတော်၊ ရတနာပုံခေတ် မြနန်းစံကျော်ရွှေနန်းတော်ကြီး၊ ရွှေဘိုမြို့ ရွှေဘုံရတနာ၊ မင်္ဂလာနန်းတော်၊ ပုဂံမြို့ အနော်ရထာမင်း နန်းတော်ကြီးတွေကို ရှေးမူ ဟန်မပျက် အထောက်အထားပုံစံ အကိုးအကားတို့ဖြင့် ပြန်လည်တည်ဆောက်ပေးခြင်းသည်လည်း လူငယ်မျိုးဆက်သစ်တွေ သိရှိနားလည်စေဖို့ ရည်ရွယ်ချက်တစ်ခု အပါအဝင်ဖြစ်သည်။ အမျိုးသားပြတိုက်တွေ၊ ရှေးဟောင်းသုတေသနပြတိုက်တွေ၊ ယဉ်ကျေးမှုပြတိုက်တွေ နေရာဒေသအသီးသီးမှာ ထူထောင်ပေးခဲ့၏။

ခရစ်နှစ် ၁၈၈၅ မှာ ကိုလိုနီနယ်ချဲ့တွေဟာ သီပေါမင်းကို နန်းချပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ သီဟာသနပလ္လင်တော်ကြီးကို အိန္ဒိယနိုင်ငံသို့ သယ်ဆောင်သွားရာက ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရလို့ ရန်ကုန်မြို့ကို ပြန်ပို့ပေးခဲ့သည်၊ ယခုအမျိုးသားပြတိုက် (ရန်ကုန်) မှာ ခင်းကျင်းပြသထားတာ မူရင်းပလ္လင်အစစ်ပါ။ လောကနတ်၊ သူငယ်တော်ထီးဖြူ၊ ယပ်မား၊ အလံတော် အဆောင်အယောင်တွေနဲ့ ပြသထားသည်။ ပြတိုက်ကို လေ့လာကြသူတွေ အထူးနှစ်သက်ကြသည်၊

အမျိုးသားပြတိုက်ကြီးမှာ မြန်မာနိုင်ငံသမိုင်းဆိုင်ရာ၊ စာပေဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ လူမျိုးစုဆိုင်ရာ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးဆိုင်ရာနှင့် မြန်မာ့အနုသုခုမပညာဆိုင်ရာ အကျုံးဝင်သည့်ပစ္စည်းများကို ခင်းကျင်းပြသထားသည်၊



ပျူစာများရေးထိုးထားသော ကျောက်အိုး

မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေဟာများလို့ ခင်းကျင်းပြသထားမှုဟာလည်း စုံစုံလင်လင်နဲ့ ပေါများနေတာဖြစ်သည်၊ ယဉ်ကျေးမှုဇာတိ ဟုသုတ ဖြန့်ဖြူးရင်းနဲ့ မြန်မာကို ကမ္ဘာက သိလာမှာ ဖြစ်ပါသည်၊



ပခွင်လောဟာ ရုပ်တော်မှုဆင်းတုတော် ပျူခေတ်လက်ရာ

အမျိုးသားပြတိုက်ကြီး ရန်ကုန်မြို့မှာ ရှိသည်။ နီးရက်နှင့် ဝေးနေကြသူတွေ အများကြီးပါ။ မည်သူမဆို လာရောက်ကြည့်ရှုလို့ ရသည်။ ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ခွင့်ပြုထားသည်။ ပြတိုက်မှာ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မြန်မာသမိုင်းမတင်မီနှင့် သမိုင်းတင်ခေတ်ဦးပြခန်း၊ မြန်မာသမိုင်းတင်ခေတ်နဲ့ မင်းခမ်းတော် ပစ္စည်းများပြခန်း၊ သဘာဝသမိုင်းပြခန်း (ကျောက်ဖြစ်ရုပ်ကြွင်း)၊ မြန်မာ့ရိုးရာကျေးလက်အနုပညာပြခန်း၊ မြန်မာဂီတနှစ်ပြခန်း၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ ဗုဒ္ဓဆင်းတုတော်များပြခန်းနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း စသည်ဖြင့် အစုံအလင်ရှိသည်။ ပြတိုက်ကြီးသည် တက္ကသိုလ်ကြီးသဖွယ်ဖြစ်သည်၊ မိမိလေ့လာလိုသော ဘာသာရပ်ကို သိရှိနားလည်ရန် အထောက်အကူပြုပေမည်။

ပြတိုက်ရှိပြကွက်များတွင် ဓာတ်ပုံမှတ်တမ်းများ၊ မြေပုံများ၊ အထောက်အကူပြုပန်းချီပုံများ၊ ပုံစံငယ်များ၊ ရုပ်လုံးရုပ်ကြွများ၊ ရှင်းလင်းချက်များ ပါရှိပြီး သမိုင်းဝင်တန်ဖိုးရှိ လက်ရာမြောက်ရှားပါးပစ္စည်းများ ရှိနေပါသည်။ သင်ကြားမှု၊ သင်ယူမှုအတွက် အသုံးဝင်သည်။ တစ်နေရာတည်းတွင် ဗဟုသုတရှာဖွေလို့ ရသည်။ ရှေးမြန်မာတို့၏ အနုပညာလက်ရာဖန်တီးမှု အံ့မခန်းတွေ့ရမည်။

အထူးသဖြင့် ရှေးဟောင်းအဆင်တန်ဆာ လက်ဝတ်ရတနာပြခန်း၌ မြင်တွေ့ရမည်။ မြန်မာပန်းချီအကျော်အမော်တစ်ဦးဖြစ်သည့် ဦးဘညာဏ်၏ လက်ရာပန်းချီကားက တန်ဖိုးမဖြတ်နိုင်ပါ။

အဆင့်အတန်းမြင့်သည့် လူမျိုးတစ်မျိုးဖြစ်နေအတွက် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပေသည်။ မြန်မာဆိုတဲ့ ကိုယ်ပိုင်စာပေနဲ့ ယဉ်ကျေးမှုအမွေတွေကို ထိန်းသိမ်းမြှင့်တင်ဖို့ မျိုးဆက်သစ်လူငယ်များ သတိပြုသင့်ပါသည်။ စာပေအနုပညာဖြင့်လည်း အမျိုးသားယဉ်ကျေးမှုကို အားပေးမြှင့်တင်ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်ပါသည်။ ယဉ်ကျေးမှုဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ပါသည်။

အစောဆုံးမြို့ပြယဉ်ကျေးမှု ထွန်းကားရာဒေသများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပြကွက်တွေ၊ မြန်မာတို့ရဲ့ ထီးမှုနန်းရာ ခင်းကျင်းမှုတွေ၊ သဘာဝသမိုင်းပြခန်းမှာ ပုံတောင်ပုံညာဒေသမှ တွေ့ရှိရသည့် လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ မှ ၁ သန်းအတွင်းရှိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသ ပုဂံခေတ်လက်မှုအနုပညာပစ္စည်းတွေ၊ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်အစရှိသည့် မြန်မာ့တူရိယာပစ္စည်းတွေ၊ ကျော်ကြားတဲ့ ပန်းချီပညာရှင်များဖြစ်ကြသည့် ဦးဘညာဏ်၊ ဦးငွေကိုင်၊ ဆရာဆောင်၊ ဦးစံလင်း၊ ဦးဘကြည်၊ ဦးမင်းနိုင်၊ ဦးလွန်းကြွယ်တို့ရဲ့ ပန်းချီကားတွေ၊ ပျူခေတ်မှ ရတနာပုံခေတ်ကာလအတွင်းရှိ မြန်မာတို့ ဆင်မြန်းခဲ့သော လက်ဝတ်ရတနာများဖြစ်သည့် နေဝဇာရွှေကုံး၊ လက်စွပ်၊ လက်ကောက်၊ လက်ကြပ်အစရှိသည်တို့ကို အမျိုးသားပြတိုက်ကြီးမှာ မြင်တွေ့ရမှာမို့ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသူအားလုံး လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ရင်း မြန်မာ့ယဉ်ကျေးမှုတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြပါသည်။

သောင်းဝင်း (ယဉ်ကျေးမှု)




ပျူခေတ်လက်ရာ ရွှေနဂါးခေါင်း လက်ကြပ်



ကုန်းဘောင်ခေတ် ပန်းထိမ်လက်ရာ ရွှေနော်ဇာကုံး



မှန်လခြမ်းကြေးနောင်ဝိုင်း



ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ရတနာပုံခေတ် အမျိုးသမီးများ အဆင်တန်ဆာ ဆင်မြန်းကြပုံ



## ရွှေလှာဦး

အိပ်ခန်းသော့လိုတဲ့ ဘဝများ
စာဖတ်နေရေးကို အဆောင်အယောင်ထက် ဦးစားပေးခဲ့ရတိုင်း
အရာရာနဲ့ သဟဇာတ မဖြစ်ခဲ့တော့
အိုင်ဗီဆေတ်ကြီးထဲ
ပြည်ပထွက်အလုပ်လုပ်ချင်သူ၏ လောကကို စာနာပါ။
ဘယ်အရာမဆို အလကားလိုချင်သူ
ခင်ညှိုညှိုလက်ဖက်ရည်ဆိုင် မရှိလို့
တစ်နွယ်သင်ခဲ့မိလို့ တစ်စင်ပါခံရတဲ့ အမည်းစက်၏
လိပ်ပြာမလုံမှုက
သဒ္ဓါတရားကို အလုံချုပ်
တရားမဖျက်သူစိတ်က အမှောင်ကို နားလည်တော့
မျှော်လင့်ထားလည်း ဖြတ်လျှောက်ခဲ့တယ်။
လောင်းကစားဖြင့် အကျိုးမပေးသူရဲ့ ရာဇဝင်
တစ်ဂျာပြောင်းရင် သူကောင်းဖြစ်သင့်တဲ့ နယ်မြေမှာ
သာရေး နာရေး အစစအရာရာ အဆင်ပြေလို့
စီးတဲ့ရေ ဆည်တဲ့ကန်သင်း မဟုတ်သူ့အတွက်
ကလေးစောင့်ရှောက်ပေးတော့ နေရာရှိပေမယ့်လည်း
မရှိမဖြစ်လူသားကို အလေးမထားသရွေ့
Lady First မလိုတာ သိသင့်သည်။
မျိုးချစ်စိတ်ရှိရုံနှင့်
ပြည်ပပေးလယ်ကြိုက်သူများ
ပေးဝေ့ကွာခြားမှုအပေါ် အလေးမထားချိန်
မောင်နှမတစ်စု ဘုရားတန်ဆောင်းသွားသည့် ညနေထဲ
မြန်မာဇာတ်သဘင်လောကအကျိုး မြှင့်တင်ပေးတဲ့မိသားစုလ
ညီရှိရဲ့။
လူနေမှုစရိုက်ပြောင်းဖို့ ကြိုးစားရင်းနဲ့
ရသစာပေ စိတ်မဝင်စားသောရပ်ကွက်က
ကိုယ်ကျိုးကြည့်မျက်ဝန်းတွေ …
ဖက်ရှင်ကို စိတ်ဝင်စားခဲ့ပုံလား။
လက်မှုပညာ ထွန်းကားသည်။
ဆံပင်ပုံစံပြောင်းခွင့်ရှိလား။
တော့ပ်အွန်လိုင်း နားထောင်တယ်။
အခြေခံပညာ အလယ်တန်းကျောင်းမတက်ခင် သုံးနှစ်အလို
စာဖော်မမြှုတ်သည့်အလာ တော်ကြည့်ရတဲ့ မပြည့်စုံမှုတို့
ကိုယ့်နာရွက်ကို မှန်ကြည့်မှ မြင်ရမယ့်ဘဝရဲ့
အရာရာကို ကြိုမသိနိုင်ခဲ့သော မသည်းမခံနိုင်မှုထဲ
တရားသွက်ကို ယုံကြည်သက်ဝင်လျက်
ကိုယ်ကျိုးလိုလားမှုများအတွက်
အများနည်းအောင် ကြိုးစားကြပါ။
ထက်ထဲမရောက်သေးသရွေ့
ဘယ်အရာမှ မသေချာသော လောကဇာတ်ခုံပေါ်မှာ
သောကနှင့် ရင်ကျက်မှုအား တာဝန်ယူရင်း
စာနာစိတ်များစွာဖြင့်
လူ့ဘဝသို့ လိုတယ်။

ညိုမင်းထည်ဝါ (သိမ်ဖရုပ်)

## ရွှေဘို

မြို့ရိုး။
တရားခွင်။
လယ်မြေတင်း။
မြို့တောင်စကား။
ခေတ်အဆက်ဆက် အရှိတာက်ခဲ့ပြ။
ဦးအောင်ဇေယျရဲ့ လက်ရင်း
အတိုင်အတွက်များရဲ့ လက်ဝတ်။
ဒီအရွေ ဒီအနှစ်များဖြင့်
လူတိုင်းကပဲ
လူတကာကို ချစ်ခင်တယ်။

ကုဇေ (မိုးကုတ်)



Asian Fame Media Group





## တစ္ဆေခြောက်ခံရတဲ့ ည

ညဉ့်နက်နက်ထဲ ကြယ်တွေလမ်းထလျှောက်တဲ့အခါ
အိပ်မက်တချို့ ပျောက်ရ
အဲဒီ ညသန်းခေါင်မှာဆိုမိတဲ့ သီချင်းက
'အထီးကျန် ဝိညာဉ်'
ဘယ်ဆီမှန်းအိပ်သွားလဲ
သော်တာ လစန္ဒာရေ
မာယာတိမ်တစ်အုပ်နဲ့ ငိုဆဲ ကြိုရှုပ်ခဲ့ပေါ့
မိုးချုပ်ညတေလေ
ဖြူလဲ့လဲ့ လေပြည်လည်း ငြိမ်းဆန်နိမ်သီး
ဒီခရီးမှာ ပဲ
အရုံးတရားတစ်ပုဒ်နဲ့
အမြဲမြင်နေသော် ကျုံပြိုကြွယ်
ညပေါ်ကျွာနယ်ရောက်
ငိုနတ်သမီး မာယာတေလေ
ညဉ့်နက်နက်ထဲ ကြယ်တွေလမ်းထလျှောက်တဲ့အခါ
စနေသမင်ရဲ့ တစ္ဆေခေါ်သံကြားရ
တစ်ယောက်တည်း
ခံသက်တဲ့ည မာယာတေလေ။ ။

**သော်ကမင်းခေါင်(ညောင်လေးပင်)**

## အပြင်လောကသို့ အလည်တစ်ခေါက်ထွက်ခြင်း

- ပူလောင်မှုကို တော်လှန်ဖို့
  ဦးထုပ်တစ်လုံး တယ်ဆင်နိုး
  ကျွန်ုပ်မျက်နှာပြင်ပေါ် ဝါလမ်းလျှောက်ထွက်ခဲ့ … ။
- မထင်မှတ်တဲ့ ရေမွှေးနံ့က
  ငါ့နှာကိုယ်မှာ ခွဲထင်နေလို့ … ။
- မအိပ်မက်ရသေးတဲ့ ကလေးသူငယ်တချို့
  ငါ့ပတ်လည်မှာ ဝန်းရံပြေးလွှားလို့ … ။
- မတိုင်းမှုတဲ့ ကာအကောင်းစားတစ်စီးက
  ငါ့အရိပ်ကို ကန့်လန့်ဖြတ်တက်နင်းလို့ … ။
- မငြိမ်းလန်းတဲ့ သစ်တောက
  ငါ့နှဲသေး လေပူတွေမှုတ်ထုတ်လို့ … ။
- မထန်းသစ်တဲ့ သံစဉ်တေးသွားတွေက
  ငါ့နားထဲမှာ တိုးဝင်စီးမျောလို့ … ။
- မရယ်ရတဲ့ ဟာသတက်လမ်းတစ်ပုဒ်
  ငါ့အာရုံကို အတင်းကပြမှုဖျက်ဖြိုလို့ … ။
- မချစ်တတ်သော မိန်းမတစ်ယောက်က
  ငါ့နှလုံးသားကို ဆွဲဆောင်ဖြားယောင်းလို့ … ။
- မငြိမ်းချမ်းသေးသော စစ်ပွဲတွေကြားက
  ငါ့အချိုက်ဆီ ကျည်ဆန်တချို့ ပြေးထွက်လာလို့ … ။
- မစမ်းသပ်ရသေးတဲ့ ဆေးဝါးများက
  ငါ့ခံနိုင်ရည်ကို လက်ယပ်ဖိတ်ခေါ်လို့ … ။
- မရေးရသေးတဲ့ ကဗျာတစ်ပုဒ်
  ငါ့မှတ်ဉာဏ်ထဲ လဲလျောင်းအိပ်စက်လို့ … ။
- မပြီးဆုံးသေးတဲ့ ပစ္စုပ္ပန်က
  ငါ့မနက်ဖြန်ကို ကမ်းလင့်ကြိုဆိုလို့ … ။
- ငါ့ကိုယ်ငါ လိုက်ရှာနေတုန်း
  ငါ့ခေါင်းထက်က ဦးထုပ်လေး
  အပျောက်ပျမ်းသွားလေရဲ့ … ။

**ဇင်နန္ဒာ (ဆင်ဖြူကျွန်း)**

Asian Fame Media Group
MEDIA GROUP



## အရှုးမလေးအတွက် ရေးတဲ့ကဗျာ

အဲဒီအရှုးမလေးပေါ့
ကြယ်တွေကို ဝေနေအောင်ပန်ထားပြီး
ကျွန်တော့်ရဲ့ အိပ်မက်တွေထဲ
တံခါးမခေါက် ဘာမခေါက်နဲ့
ခပ်တည်တည် ရောက်လာခဲ့တာလေ...

သူ့မျက်ဝန်းတွေက
ရာဇဝင်တစ်ခုစာလောက် ကြီးကျယ်ခမ်းနားပြီး
သူ့အပြုံးက
တံပါတစ်ရာထက် ပိုလို့ဂုဏ်တယ်...

သူ့မှာ
စံပယ်ပန်းတွေကို မွေးမြူပြီး
သံတော်သီတွေကို ချိုမြိန်စေသူပေါ့...

သူ့မှာ
တိမ်တိုက်တွေရဲ့ ကောက်ကြောင်း
ရေးဆဲက လက်ရိုး...

သူ့မှာ
သင်္ချာပုစ္ဆာတစ်ခုထဲက မသိကိန်း
(x) သို့မဟုတ် (y)...

သူ့မှာ ကျွန်တော့်အတွက်
ဆောင်းရာသီ အိပ်မက်၊
ဘယ်တော့မှ အဆုံးမသတ်မယ့် ပုံပြင်
နောက်ပြီး
အနမ်းသွေးအေးလွန်းတဲ့
နှိုက်ကိုက်ဝုံလေးတစ်လုံးလည်း ဖြစ်တယ်...

ဒါဟာ
ကျွန်တော်ချစ်သော အရှုးမလေးအကြောင်း
စောင်းပြောင်းရေးထားတဲ့ ကဗျာတစ်ပုဒ်ပါ...

အရှုးမလေးဟာ ဒီကဗျာကိုဖတ်ပြီး
ကျွန်တော့်ကို
တီးတိုးကျိန်ဆဲရင် ကျိန်ဆဲနေမယ်
ဒါမှမဟုတ်
နှုတ်ခမ်းကိုလက်နဲ့ကွယ်ပြီး
ခပ်ဟဟ ရယ်မောနေပါလိမ့်မယ်...။

**လင်းခေတ်ဇော်**

## စိတ်ဝမ်းကွဲနေတဲ့ ကမ္ဘာ

လူဆိုတဲ့ခေါင်းစဉ်အောက်မှာ မနေတတ်မထိုင်တတ်ဖြစ်နေတဲ့လူ
ယဉ်ကျေးမှုကလည်း ယဉ်ယဉ်ကျေးကျေးမဟုတ်တော့
အနာတစ်ခုလာ မသေချာခြင်းအကြောင်း ရေးနေကြလာတယ်
တစ်ယောက်ကိုတစ်ယောက် မယုံမကြည် ချိုကြ
တစ်ယောက်နဲ့တစ်ယောက် မယုံမကြည်စာချုပ်တွေလက်မှတ်ထိုးကြ
တစ်ယောက်ကိုတစ်ယောက် မခေါ်နိုင် မပြောနိုင်ဖြစ်ကြ
စစ်ပွဲတွေအကြောင်းပြီး စီးပွားရှာတဲ့ခေတ် မကုန်သေးဘူးလား
လူသိရှင်ကြား ကန့်ကွက်တယ်/ တိုးတိုးတိတ်တိတ်ထောက်ခံတယ်
ထယ်ကိုပါကြည့်ကြည့် မျက်နှာနှစ်ထပ်နဲ့လူရှည်ပဲ
မျက်နှာဖုံးစွပ်ယဉ်ကျေးမှုဟာ ကမ္ဘာကိုမကြေညာတဲ့ စစ်တိုက်တယ်။

**အောင်မျိုးသက်**



Asian Fame Media Group
MEDIA GROUP





## ဝိညာဉ်

နေစောင်းပြီ အမေ
ရထားသံလမ်းပေါင်းတော
တွေဝေဝေးထိုင်ရင်း တွေးနေမိတယ်
ရှေ့ဆက်မလား နောက်ဆုတ်ရမလား။

မလှပခဲ့တဲ့ မနေ့ကနဲ့ ဒီနေ့
မနက်ဖြန်ရော သာယာပါ့မလား
မာယာများတဲ့ လောကကြီးထဲ
သားတစ်ယောက်တည်း ထားရက်ခဲ့တယ်နော်။

ဒုက္ခဆိုတာ တစ်ခဏလို့ အားတင်းထားလည်း
ဒုက္ခတွေ ထပ်များလာတော့
အားတွေလည်း ကုန်လုလုပြီအမေ
ကြားထားတဲ့စကားတွေက မှားများနေပြီလား
သားတော့
အားလျော့ပြီ အမေရယ်။

ရထားတစ်စင်း ခုတ်မောင်းလာပြီ
ခွေးတစ်ကောင်ရဲ့ လွတ်မြောက်မှုအတွက်
ရထားတစ်စင်း ခုတ်မောင်းလာပြီ
နွေးထွေးတဲ့ အမေ့ရင်ခွင်ဆီသို့
ရထားတစ်စင်း ခုတ်မောင်းလာပြီ။ ။

ဇော်လေး

## အသက်ရှူမွန်းကျပ်တဲ့ ည

ဖိမလာပါတော့ဆို
အမှောင်ထုက ပိတ်ဖုံးလို့

ကံကြမ္မာကပါ ကျိုးပယ်လိုက်တော့
ပိုးစုန်းကြူးတောင် လမ်းပြဖော်မရဘူး။

လျှောက်လှမ်းပါ များလာတော့
ခြေဖဝါးတောင် အသားမာတက်လာတယ်။

ကြိုတွေးမထားပါဘူး
ဖြစ်ပျက်တာတွေ များလာတော့
အတွေးတွေ သောသောပျောက်ပျက်တယ်။

ယိုင်နဲ့နဲ့ ခြေလှမ်းတွေဟာ
ဦးတည်ရာမဲ့ ရွေ့လျားစီးမျောရင်းပေါ့။

မင်းနား မလှပခြင်းတွေ ထုံမွှမ်းနေတဲ့
ဟောဒီညမှာ
ငါ့ရဲ့ မသိစိတ်တွေတောင်
တရွေ့ရွေ့အခြောက်ခံလိုက်ရတယ် ... ။ ။

**လင်းဝေယု (မြင်းခြံ)**

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနေသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

"လောဘလည်းမရှိဘူး။ ဒေါသလည်း မရှိဘူး။ ဘယ်လိုလုပ်ကြီးပွားမှာလဲ။ သေအောင်လုပ်၊ လုပ်တာပဲ ရှိမှာ။ တော့ ကိုစိုးဝင်း လာဦး"

အပ်ထားတဲ့ လင်းယုန်တံဆိပ် ကျောက်ကျောစက္ကူဘူးတွေအတွက် အပြာတစ်ရောင်ရိုက်ပြီးလို့ နောက် တစ်ရောင်ထပ်ဖို့ မင်ခွက်ဆေးနေတဲ့ စက်နောက်ကြည့်လုအေးကို ဒုတိယထပ်ရိုက်ရမယ့် အနီရောင်က မင်အဝင်များတာမို့ မင်ခွက်ကို သေသေချာချာဆေးဖို့ ပြောနေတုန်း စက်ခန်းထဲ ဝင်လာတဲ့ ပုံနှိပ်စက် မန်နေဂျာအောင်မြတ်မင်းရဲ့ ကျယ်ကျယ်လောင်လောင်စကားသံကို စက်ဆရာ ကိုစိုးဝင်း ကြားလိုက်ရတယ်။



ဝတ္ထုတိုရသ



Asian Fame Media Group
MEDIA GROUP

လုပ်ငန်းကျွမ်းကျင်မှုမရှိတဲ့ အောင်မြတ်မင်းအဖို့ အလုပ်အပ်သူတွေနဲ့ တစ်ခုခုအဆင်မပြေဖြစ်တိုင်း ရှင်းပြဖို့စကားလုံးတွေ ရှားပါးနေတတ်ပြီး လက်အောက်ဝန်ထမ်းတွေအပေါ်ကို ဖိမိတတ်တာကို အားလုံးကသိနေပြီမို့ သူ့ရဲ့မောဟတွေဝေနေတဲ့ မျက်နှာကြီးကို မကြည့်ချင်ပေမယ့် အလုပ်တွေခဏနားပြီး နားစွင့်နေတဲ့ပုံမျိုး ဖမ်းထားနေရတာပေါ့။ နို့မို့ သူ့အဆဲအဟဲတွေနဲ့ လွတ်ကင်းဖို့ မမြင်နိုင်ဘူးလေ။

မန်နေဂျာအောင်မြတ်မင်းက ပိုင်ရှင်သူဌေးမိန်းမရဲ့ မောင်အငယ်ဆုံး။ အသက် သုံးဆယ်လောက်သာရှိသေးတဲ့ အောင်မြတ်မင်းက သူ့ထက် အသက်ထက်ဝက်လောက်ကြီးတဲ့ ရုံးရဲ့စက်ချုပ်ဘကြီးပုကိုတောင် မထင်ရင်မထင်သလို ပေါက်လွတ်ပဲစား စကားလုံးတွေသုံးပြီး အော်ဟစ်ပြောဆိုတတ်တဲ့ စရိုက်ဆိုးကြောင့် ရုံးရဲ့ပုံနှိပ်စက်ဝန်ထမ်းတွေရော၊ တခြားဝန်ထမ်းတွေပါ အောင်မြတ်မင်းဆို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ကြတယ်။

ဒါပေမဲ့ ဝန်ထမ်းတွေအားလုံး လဝက်လောက်ရောက်လို့ ပိုက်ဆံပြတ်ချိန်မျိုးမှာ ကြိုတင်လစာတို့၊ စက်ရိုက်ဂျူတီခတို့ထုတ်ချင်ရင် အောင်မြတ်မင်းဆီကတစ်ဆင့် စာရင်းတင်တောင်းမှ ရနိုင်တာမို့ ကိုယ့်မိသားစုစားဝတ်နေရေး လိုအပ်ချက်တွေအတွက် ဒီပုံနှိပ်စက်မှာ လုပ်ဖြစ်နေသရွေ့ အောင်မြတ်မင်းကို မချစ်သော်လည်း အောင့်ကာနမ်းနေရတာပေါ့။

♦

ကိုစိုးဝင်း အလုပ်စဝင်ဝင်ချင်း (၁၅) လက်မ x (၂၀) လက်မရိုက်လို့ရတဲ့ ဖူဂျီ (၅၈) ပုံနှိပ်စက်တစ်လုံး၊ နောက် (၂၆) လက်မ စက္ကူဖြတ်စက် အဲဒီနှစ်စက်ပဲ ဒီပုံနှိပ်စက်မှာ ရှိသေးတယ်။ အဲဒီအချိန်က အောင်မြတ်မင်းလည်း ဒီပုံနှိပ်စက်အလုပ်ကို ရောက်မလာသေးဘူး။

ပိုင်ရှင်သူဌေးရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ အိမ်အကျိုးဆောင်အလုပ်မှာ ပွဲစားဝင်လုပ်နေတာ။



Asian Fame Media Group
MEDIA GROUP

စက်ချုပ်ဘကြီးပုရဲ့ စေတနာနဲ့ ကျွမ်းကျင်မှု၊ စက်ဆရာကိုစိုးဝင်းရဲ့ ဆက်ဆံရေးကောင်းမွန်မှုတွေကြောင့် အလုပ်တွေက ဆက်တိုက်လိုလို ကောင်းလာပြီး လုပ်ငန်းအရှိန်လေးရလာလို့ အချိန်တစ်နှစ်လောက်ကြာတော့ (၂၀) လက်မ × (၃၀) လက်မ ရိုက်လို့ရတဲ့ ကိုမိုလီပုံနှိပ်စက်၊ (၂၆) လက်မ ကြားဆိုက်ရိုက်လို့ရတဲ့ ဆစ်ပူးပုံနှိပ်စက်နဲ့ လက်မ (၄၀) ဘီကျွမားကျ အော်တိုစက္ကူဖြတ်စက်တွေ ထပ်ဝယ်တည်ပြီး လုပ်ငန်းကို သူဌေးကထပ်တိုးချဲ့ခဲ့တယ်။ အလုပ်သမားအားလုံးကလည်း ဘယ်လောက်ပင်ပန်းပင်ပန်း ခိုကပ်တာတွေ မရှိဘူး။ အားလုံး တက်ညီလက်ညီလုပ်ကြတော့ လုပ်ငန်းက အောင်မြင်လာတာပေါ့။

အဲဒီလို လုပ်ငန်းအနေအထား ကောင်းလာချိန်မှာ သူဌေးရဲ့မိန်းမက သူ့မောင်အငယ်ဆုံး အောင်မြတ်မင်းကို ပုံနှိပ်စက်ရဲ့ အလေအလွင့်ဖြစ်တာတွေ ထိထိရောက်ရောက်ကိုင်တွယ်နိုင်ဖို့ အကြောင်းပြချက်နဲ့ အခြေအနေမကောင်းတော့တဲ့ အိမ်အကျိုးဆောင်အလုပ်က ထွက်ခိုင်းပြီး ဝိုက်ဆံများများရနိုင်ဖို့မြင်တဲ့ ပုံနှိပ်စက်မှာ မန်နေဂျာအဖြစ် သူဌေးကို ခန့်ခိုင်းလိုက်တယ်လေ။ မိန်းမကြောက်တဲ့သူဌေးကလည်း လုံးဝအချိန်မဆိုင်းဘဲ ခန့်လိုက်တော့တာပေါ့။ အဲဒီလိုပုံစံမျိုးနဲ့ မိုးပေါ်က ကျလာတဲ့ အောင်မြတ်မင်း အလုပ်စဆင်းတဲ့နေ့မှာ ဝန်ထမ်းတွေကို မိတ်ဆက်ပေးတုန်း ပြောတဲ့စကားက ဝန်ထမ်းတွေအားလုံးနားထဲ တကယ်ကို ထော်လော်ကန့်လန့် ဝင်လာတော့တာပဲ။

“နာမည်ကိုတော့ အစ်ကိုကြီးပြောလို့ သိပြီးလောက်ပြီပေါ့။ ပုံနှိပ်စက်မှာ မန်နေဂျာရာထူးနဲ့ ဒီနေ့ကစ အလုပ်ဝင်မှာမို့ အသက်အရွယ်ကို အလုပ်ခွင်မှာမေ့ထားပြီး ရာထူးအနေအထားကို အဓိကထားဆက်ဆံဖို့ ပထမဦးဆုံးပြောလိုပါတယ်။ အခုအချိန်ကတည်းက အလုပ်နဲ့ပတ်သက်ပြီး အမှားဖြစ်ခဲ့ရင် ခွင့်လွှတ်ဖို့ အသနားခံတာတို့၊ မျက်ရည်ခံထိုးတာတို့ လုံးဝလုပ်လို့မရဘူးဆိုတာ ကြိုပြောထားပါမယ်၊ ပြီးတော့ တုတ်နဲ့တန်တဲ့သူကို တုတ်၊ အဆဲနဲ့ တန်တဲ့သူကို အဆဲပေးဖြစ်ခဲ့ရင်လည်း နားလည်ပေးပါလို့၊ အစ်ကိုကြီးတို့အလုပ်ကို အစွမ်းကုန်တိုးတက်အောင်လုပ်ပေးဖို့ ဒီကိုရောက်လာတာဖြစ်တဲ့အတွက် အစ်ကိုကြီးတို့ အကျိုးယုတ်လျော့စေမယ့်ကိစ္စ ဘယ်အရာမျိုးမဆို ခွင့်မလွှတ်နိုင်ဘူး ဆိုတာ ဝန်ထမ်းအားလုံး သဘော ပေါက်ထားပါလို့ ပြောရင်း နိဂုံးချုပ်ပါမယ်”

အောင့်သက်သက်နဲ့ နားထောင်နေကြတဲ့ ဝန်ထမ်းတွေအားလုံး အောင်မြတ်မင်းစကားအဆုံး ဘယ်သူမှ လက်ခုပ်မတီးဖြစ်ခဲ့ကြပါဘူး။ ပုံနှိပ်စက်အလုပ်ကို ခပ်လွယ်လွယ်ထင်ပြီးပြောနေတဲ့ အောင်မြတ်မင်းရဲ့ တင်တင်းစီးစီးစကားပြောပုံကို နားကလော်နေတဲ့ စက်နောက်ကြည့်လုအေးက သူ့ပါးစပ်မှာငုံထားတဲ့ ကွမ်းတံတွေးကို အမှိုက်ပုံးထဲ ထွီခနဲထွေးရင်း ဘေးမှာထိုင်နေတဲ့ သန့်ရှင်းရေးဝန်ထမ်း ဟန်မြင့်ကို အသံတိုးတိုးလေးနဲ့ ပြောလိုက်သံကိုတော့ ကိုစိုးဝင်းကြားဖြစ်အောင်ကြားလိုက်ရပါသေးတယ်။

“ကျွန်တော်တို့လို အငယ်တွေကိုတော့ ထားပါတော့၊ သူ့အဘိုးလောက်ရှိတဲ့ စက်ချုပ်ဘကြီးပုတို့၊ သူ့အဖေလောက်ရှိတဲ့ စက်ဆရာဦးစိုးဝင်းတို့ကို ပြောနေပုံက တကယ်ရိုက်ပေါက်ပဲ၊ ပုံနှိပ်စက်အကြောင်း နကန်းတစ်လုံးတောင် သိမယ့်ပုံမရှိတဲ့လူက ပုံနှိပ်စက်အလုပ်ကို အစွမ်းကုန်တိုးတက်အောင် လုပ်ပေးမလို့တဲ့၊ ကြားရတာ ရယ်ဖို့ကောင်းလိုက်တာ၊ ပြီးတော့ သူဌေးတို့ကျတော့ အစ်ကိုကြီး အစ်ကိုကြီးနဲ့ ဖားနေလိုက်တာ၊ သူ့ပထွေးကျနေတာပဲ၊ အပေါ်ဖား အောက်ဖိရှုပ်နဲ့ ရွံစရာကောင်းလိုက်ပုံများ ထွီ”

◆

အောင်မြတ်မင်း အလုပ်ဆင်းချိန်သုံးလလောက်အကြာမှာ ကော်ဖီမစ်ဘူးတွေရိုက်ဖို့ စက္ကူဖြတ်စက်နားထိုင်ပြီး စက္ကူအချိုးတွေ ပြောပြနေတဲ့ ကိုစိုးဝင်းကို အောင်မြတ်မင်း ခေါ်ခိုင်းလိုက်လို့ဆိုပြီး ဟန်မြင့်က လာခေါ်တယ်။ ကိုစိုးဝင်းကို သူ့စားပွဲရှေ့ထိုင်ခုံမှာထိုင်ခိုင်းပြီး အောင်မြတ်မင်းက . . .

“စက္ကူဖြတ်ဖို့ စက္ကူအချိုးတွေ ပြောရမှာက ခင်ဗျားရဲ့အလုပ်မဟုတ်ဘူး။ ပေး အဲဒီဖြတ်ရမယ့် စက္ကူဆိုက်တွေ၊ ကျုပ် ခိုင်းလိုက်မယ်”

“မဟုတ်သေးဘူး ကိုအောင်မြတ်မင်း၊ ပုံနှိပ်စက်အလုပ်ရဲ့ အရေးကြီးအချက်တွေထဲမှာ စက္ကူဖြတ်တဲ့အချက်တစ်ချက်လည်း အဓိကပါတယ်ဗျ။ စက္ကူမှားဖြတ်မိရင် နောက်ဆက်လုပ်ရမယ့်အလုပ်တွေ ဘာတစ်ခုမှ ဆက်လုပ်လို့မရတော့ဘူး။ ပြီးတော့ စက္ကူဖြတ်တာမှားသွားရင် ကုန်ကျစရိတ်ကလည်း များမှများပဲ”

ကိုစိုးဝင်းရဲ့ အကျိုးသင့်အကြောင်းသင့်ပြောတဲ့ စကားကို အောင်မြတ်မင်း ခေါင်းတခါခါလုပ်ပြီး လက်ဝါးကာ တားလိုက်တယ်။ သူ့ရဲ့တစ်ချွေး တစ်သံ တစ်မိန့်ကို နားမထောင်ရကောင်းလားဆိုတဲ့ ကြည့်ပေါက်နဲ့ ကိုစိုးဝင်းမျက်နှာကို မျက်ထောင့်နီကြီးနဲ့ စူးစူးစိုက်စိုက် လှမ်းကြည့်ရင်း. . .

“ကုန်ကျစရိတ်အတွက် ခင်ဗျား

ထက်ပိုပြီး ကျုပ်ကပူသေးတယ်။ ဒီလုပ်ငန်းရဲ့ ငွေကြေးစိုက်ထုတ်ရင်းနှီးထားတဲ့သူက ဘယ်သူလဲဆိုတာ ခင်ဗျားသိသားပဲ၊ ကျုပ်အစ်မယောက်ျား ကျုပ်ယောက်ဖအစ်ကိုကြီးလေ၊ အဲဒီတော့ ပူခြင်းပူ ကျုပ်ပူပါမယ်၊ ပေးမှာသာ ပေးစမ်းပါ။ ခင်ဗျားဖြတ်ခိုင်းထားတဲ့ စက္ကူဆိုက်စာရွက်"

"ကဲ ပြောမရရင်တော့ သဘောပဲ၊ ရော့ ဒီမှာ ဖြတ်ရမယ့် စက္ကူဆိုက်တွေ"

"ဟင် . . . ခင်ဗျားရေးထားတာလည်း ပြန်ကြည့်ပါဦး၊ ရှုပ်ယှက်ကို ခတ်နေတာပဲ၊ အဲဒါကို ကျုပ်က ဘယ်လိုကြည့်ပြီး ဖြတ်ခိုင်းရမှာလဲ"

"Duplex ၃၅၀ ဂရမ် စက္ကူက အခုရက်ပိုင်း ဆိုင်တွေမှာပြတ်နေပြီ၊ အခုအချိန်လောက် ကျွန်တော်တို့ဘက်က ပြီးအောင်ရိုက်ထားနိုင်မှ ပလတ်စတစ်လောင်း၊ ဓားဘောင်ပို့၊ ဘိုင်းနှင်းလုပ်ဖို့အချိန် လုံလုံလောက်လောက်ရမှာ၊ နို့မို့ ချိန်းထားတဲ့ရက် ပေးနိုင်ဖို့ မလွယ်တော့ဘူး။ အဲဒါကြောင့် စတိုထဲက လက်ကျန်ဆိုက်မတူတဲ့ Duplex တွေကို ဖြတ်ခိုင်းနေတာလေ၊ ၂၇"× ၃၄" ဆိုက်၊ ၃၁" × ၄၃" ဆိုက်၊ ၃၅" × ၄၃" ဆိုက်၊ ၃၉. ၅" × ၄၃" ဆိုက် အဲဒီဆိုက်မျိုးစုံကို နောက်ထပ်ရိုက်မယ့် စက္ကူဘူးတွေရဲ့အချိုးထဲ ဝင်အောင်တွက်ပြီး ဖြတ်နေရတာ၊ စက္ကူဆိုက်တွေကွာတော့ နည်းနည်းတော့ ရှုပ်တာပေါ့၊ ကိုအောင်မြတ်မင်းတွက်ပြီး ဖြတ်ခိုင်းမှာဆိုတော့ ကျွန်တော် ခေါင်းတော်တော်ပေါ့သွားပြီ၊ ကျေးဇူးပဲဗျာ"

ကိုစိုးဝင်းလည်း သူမှတ်ထားတဲ့ စာရွက်လေးကို ခုံပေါ် အမြန်တင်ပြီး အသာလေးထွက်လာခဲ့တယ်။ သူ့စကားနဲ့သူ ချည်နှောင်မိနေတဲ့ အောင်မြတ်မင်းတစ်ယောက် ကိုစိုးဝင်းချထားတဲ့ စာရွက်လေးကိုကြည့်ပြီး ခေါင်းကုတ်လိုက် ဇက်ကုတ်လိုက်လုပ်ရင်း အဲဒီနေ့က ရုံးသာဆင်းသွားတယ်၊ စက္ကူဖြတ်တဲ့ကိစ္စ လုပ်မသွားဖြစ်ခဲ့ပါဘူး၊ အဲဒါဟာ ကိုယ်မသိတာ မတတ်တာကို သိသလို တတ်သလိုနဲ့ ကိုယ့်ရဲ့အရည်အချင်းအစစ်ကို ကိုယ်တိုင်မသိတဲ့ အောင်မြတ်မင်းကြောင့်ဆိုတာ တစ်ရုံးလုံးက သိနေကြတာပေါ့။

♦

"လုပ်လိုက်ပြန်ပြီကွာ၊ ဒီမှာ နမူနာပြထားတဲ့ ပုံ အရောင်က လိမ္မော်ရောင်အရင့် ရိုက်ထားတာက လိမ္မော်ရောင်အနု၊ အဲဒါကို ဘယ်လိုလုပ်ပြီး ကတ်စတန်မာကို သွားပြမလဲ၊ လုပ်လိုက်ရင် သောက်တလွဲကြီးပဲ၊ ဘာစက်ချုပ်လဲ၊ ဘာစက်ဆရာလဲ၊ ကတ်စတန်မာနဲ့ ထိပ်တိုက်မတွေ့ရတိုင်း လုပ်ချင်သလိုလုပ်ပြီး ငါ့အစ်မပိုက်ဆံတွေ ဖြုန်းနေကြတာ။ ဟေ့ ဦးပု ကျုပ်ပြောတာ မကြားဘူးလား၊ လုပ်လက်စတွေရပ် ခင်ဗျားအခု ဒီကိုလာခဲ့"

ပုံနှိပ်စက်အသံကို ဖုံးလွှမ်းလောက်တဲ့ အသံပြကြီးနဲ့ အော်နေတဲ့ အောင်မြတ်မင်းကို စက်ရိုက်နေတဲ့ ဝန်ထမ်းတွေရော၊ ကျန်တဲ့သူတွေပါ ဘာများဖြစ်ပါလိမ့်ဆိုတဲ့အကြည့်နဲ့ လုပ်လက်စအလုပ်တွေရပ်ပြီး လှမ်းကြည့်နေကြတယ်။ ပုံနှိပ်စက်ကို ရောက်ချိန်တစ်နှစ်ကျော်မှာ ရောက်ခါထက်ပိုပြီး မောက်မာလာတဲ့ အောင်မြတ်မင်းကို အားလုံးရဲ့စိတ်ထဲမှာ သိပ်ကြည်ကြည်လင်လင် မရှိတာကတော့ ကျိန်းသေပေါ့။ စက်ချုပ်ဘကြီးပုက ကိုမိုလီစက်ကိုင် မင်းသိန်းကို ရှင်းပြနေတဲ့စကားမပြတ်လို့ မလာနိုင်သေးတာကို ဒေါသသံနဲ့ လှမ်းခေါ်ပုံက တကယ့်အရိုင်းအစိုင်းတစ်ယောက်ပုံပဲ။

"အေး အေး လာပါပြီကွာ၊ ဒီမှာ စကားမပြတ်သေးလို့ပါ"

သည်းခံတတ်တဲ့ ဘကြီးပုက လေအေးလေးနဲ့ပြန်ဖြေရင်း အောင်မြတ်မင်းဆီ လျှောက်လာတယ်။

"အခု ရိုက်ပြီးတဲ့အရောင်က နမူနာဓာတ်ပုံထဲက အရောင်နဲ့ ဘာလို့ ကွာနေတာလဲ၊ ကတ်စတန်မာကိုပြလိုက်လို့ သူက မယူဘူးဆိုရင် အခု ရိုက်ပြီးတဲ့ ကုန်ကျစရိတ်အားလုံးကို ခင်ဗျားတို့ လုပ်ခတွေကနေ အချိုးကျဖြတ်မယ်၊ အလုပ်အပ်တဲ့သူက ကျေနပ်ပြီး နောက်တစ်ခါ ထပ်အပ်ချင်အောင် အလုပ်ကို လေးစားပြီးလုပ်ဖို့ ခဏခဏ ပြောတာလည်း ဘယ်တော့မှ မှတ်မထားကြဘူး၊ ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတာလဲ ရှင်းစမ်းပါဦး"

ဒေါသတကြီးနဲ့ တရစပ်ပြောနေတဲ့ အောင်မြတ်မင်းကို ဘကြီးပုက ဘာမှပြန်မပြောပါဘူး။ အောင်မြတ်မင်းစကားဆုံးတော့မှ . . .

"ပုံနှိပ်စက်မှာ စက်တင်နိုင်ဖို့ CMYK ဆိုတဲ့ ဖလင်လေးချပ်ထုတ်ပြီး ကာလာခွဲထားတဲ့ပုံစံနဲ့ မင်းငါတို့ကို နမူနာကြည့်ဖို့ ထုတ်ပေးထားတဲ့ ဓာတ်ပုံရဲ့ RGB လို့ခေါ်တဲ့ ကာလာဖွဲ့စည်းထားပုံချင်း ကွာလို့ အခုလို အရောင်နည်းနည်း ကွဲနေတာလေ။ အရောင်တစ်ထပ်တည်းကျချင်ရင် ပုံနှိပ်စက်မှာရိုက်ထားတဲ့ နမူနာကို ယူလာခဲ့၊ အဲဒါမှ အရောင်တစ်ထပ်တည်းရမှာ ဟုတ်ပလား၊ ဓာတ်ပုံပေးပြီး ပုံနှိပ်စက်အရောင်နဲ့ တစ်ထပ်တည်းကျဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အေး အနီးစပ်ဆုံး တူအောင်ဆိုရင်တော့ ဖြစ်နိုင်လိမ့်မယ်၊ အခုရိုက်ပြီးတဲ့ တီးမင်ဘူးခွံတွေကို အပ်တဲ့သူဆီ မင်းပြကြည့်လိုက်၊ သူက မကြိုက်လို့ လက်မခံဘူးဆိုရင် ကျန်တဲ့သူတွေဆီက အချိုးကျဖြတ်စရာမလိုဘူး။ ကုန်ကျထားတဲ့စရိတ်တွေ ငါ့လခထဲက အကုန်ဖြတ်လိုက်"

အေးအေးဆေးဆေးနဲ့ စကားကို တစ်လုံးချင်းပြောနေတဲ့ ဘကြီးပုကို အောင်မြတ်မင်းမျက်လုံးအကြောင်သား စိုက်ကြည့်နေတယ်၊ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်ကို လေ့လာခြင်းမရှိဘဲ မန်နေဂျာဆိုတဲ့ ရာထူးနဲ့ အောက်လက်ငယ်သားတွေအပေါ် အော်ဟစ်ဆူပူနေတဲ့ အောင်မြတ်မင်းလိုလူစားမျိုးတွေကို ဘကြီးပုအနေနဲ့ ခေါင်းထဲမှာ ထည့်မထားတတ်ပါဘူး။ ဒါပေမဲ့ ကိုယ်စေတနာထားပြီး လုပ်ခဲ့တဲ့အလုပ်အပေါ် မှားရင် လျော်ရမယ်ဆိုတဲ့ ငွေကြေးကို အဓိကထားပြောတဲ့ကိစ္စအတွက်ကြောင့်သာ အခုလို ရှည်ရှည်ဝေးဝေး ရှင်းပြဖြစ်နေတာပါ။

"ကောင်းတယ်၊ အဲဒါမျိုးမှ ကြိုက်တာ ကိုယ့်အမှားကို ကိုယ်တာဝန်ယူရဲတဲ့ စိတ်ကိုတော့ လေးစားသွားပြီ၊ ပြီးတော့ . . ."

ခနဲ့တဲ့တဲ့အသံနဲ့ ပြောလိုက်တဲ့ အောင်မြတ်မင်းစကား မဆုံးခင်မှာဘဲ ဘကြီးပုက လက်ဝါးထောင်ပြီး ရပ်ခိုင်းလိုက်လို့ အောင်မြတ်မင်းရဲ့ ပြောလက်စစကား တစ်ဝက်တစ်ပျက် ရပ်သွားပါတယ်။ အကြောင်သားစိုက်ကြည့်နေတဲ့ အောင်မြတ်မင်းမျက်ဝန်းကို ဘကြီးပုသေသေချာချာ စိုက်ကြည့်လိုက်တယ်။ ပြီးတော့ ပြောနေကျလေသံအေးအေးနဲ့ အောင်မြတ်မင်းကို ပြောလိုက်ပါတယ်။

"ဟုတ်တယ်၊ ငါက စက်နဲ့ပတ်သက်တဲ့သူမို့ စက်ပိုင်းဆိုင်ရာအတွက် တာဝန်ယူတယ်၊ အဲဒီအတွက် မင်း ငါ့ကို ဘာမှလေးစားစရာမလိုဘူး၊ မန်နေဂျာရာထူးယူထားတဲ့ မင်းဘက်ကလည်း မင်းတာဝန်ကို သေသေချာချာယူတတ်အောင် အလုပ်နဲ့ပတ်သက်တာတွေကို ကျွမ်းကျင်အောင် လေ့လာ။ ဒါမှ ဝန်ထမ်းတွေက မင်းကို မန်နေဂျာတစ်ယောက်ဆိုတဲ့ အသိဝင်ပြီး လေးစားချင်တဲ့စိတ် ရှိလာမှာဟုတ်ပလား"

ဘီလူးသံပရာသီး စားလိုက်သလိုဖြစ်သွားတဲ့ အောင်မြတ်မင်းရဲ့ မျက်နှာကြီးက ဘကြီးပုပြောသမျှ မှန်နေတယ်ဆိုတာ ဘယ်လိုမှမငြင်းနိုင်မှန်း ဝန်ထမ်းတွေအားလုံး သိနေကြတာပေါ့။

♦

---

ဒါပေမဲ့...
ကိုယ်စေတနာထားပြီး
လုပ်ခဲ့တဲ့အလုပ်အပေါ်
မှားရင်လျော်ရမယ်ဆိုတဲ့
ငွေကြေးကိုအဓိကထား
ပြောတဲ့ကိစ္စအတွက်
ကြောင့်သာအခုလို
ရှည်ရှည်ဝေးဝေး
ရှင်းပြဖြစ်နေတာပါ။

---

သူ့အောက်ဝန်ထမ်းတွေကို ဖိဟောက်ဖိခိုင်းတတ်တဲ့ အတတ်ပညာသာမက သူဌေးတို့ အလုပ်လာအပ်တဲ့ လုပ်ငန်းပိုင်ရှင်တွေကို ဖော်လံဖားတဲ့နေရာမှာ အောင်မြတ်မင်းက အတော်ဆုံးလို့တောင် ပြောရင်ရနိုင်လိမ့်မယ်၊ ပတ်သက်ရာပတ်သက်ကြောင်းတွေဆီကို အဖား

Asian Fame Media Group



တော်ပြီး အောက်ကျို့တဲ့နေရာမှာ သူမတူအောင် အစွမ်းပြတတ်တဲ့ အောင်မြတ်မင်းကိုလွှတ်ပြီး အလုပ်တောင်းခိုင်းလိုက်ရင် အဲဒီအလုပ်က ရဖို့ တစ်ရာ ရာခိုင်နှုန်းအပြည့်ပဲ။

အောင်မြတ်မင်း ပုံနှိပ်စက်အလုပ်ထဲရောက်ချိန်၊ သုံးနှစ်ကျော်မှာတော့ လူမစွမ်းနတ်မလို့ စကားပုံကောင်းလေးနဲ့ ဥပမာပေးရမလား ဒါမှမဟုတ် ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုပြီး စကားပုံခပ်ရိုင်းရိုင်းသုံး ဥပမာပေးရမလားမသိ အောင် ပုံနှိပ်စက်အလုပ်တွေ ပိုကောင်းလာတယ်။ ဆေးကုမ္ပဏီအကြီးတွေ၊ နာမည်ကြီးအကျီတံဆိပ်တွေက ပုံနှိပ်နဲ့ပတ်သက်သမျှအလုပ်တွေ ရလာခဲ့တယ်။

ရုံးမှာ သူ့အောက်ကလူတွေနဲ့ ပြောဆိုတိုင်း မျက်နှာမာ၊ အသံပြာသလောက် အပေါ်ပိုင်းကိုတွေ့ချိန်တိုင်း ပျော့ပျောင်းတဲ့အသံ၊ ဒူးထောက်မတတ် ရိုကျိုးတဲ့အမူအရာတွေ လုပ်နေတာကို မြင်တွေ့နေတဲ့ အောင်မြတ်မင်း အပြင်ထွက်ရင် ကားမောင်းလိုက်ပို့ပေးရတဲ့ စည်သူက ကာယကံရှင်အောင်မြတ်မင်းအစား ရှက်လိုက်တာဗျာဆိုတဲ့ ပြောစကားတွေကို နားထောင်ရင်း ဝန်ထမ်းတွေအဖို့ အောင်မြတ်မင်းရဲ့ မောဟတဝေဝေမျက်နှာကြီးကို စိတ်ကူးထဲမြင်မိနေကြတာပေါ့။

လုပ်ငန်းတစ်ခုပြီးတိုင်း အမြတ်ရဲ့ ဆယ်ရာခိုင်နှုန်း သူ့မောင်ကိုပေးဖို့ ညွှန်ကြားတဲ့ မိန်းမစကားကို တစ်သဝေမတိမ်း ခေါင်းညိတ်တတ်တဲ့ သူဌေးကြောင့် လုပ်ငန်းတစ်ခုအပေါ် အမြတ်များများ ဘယ်လိုရမလဲဆိုတဲ့ အတွေးကလွဲလို့ အောင်မြတ်မင်းရင်ထဲ တခြားဘာမှထည့်မထားခဲ့ဘူးလေ။ အဲဒီအချက်ကလည်း အောင်မြတ်မင်းရဲ့ဒေါသနဲ့ လောဘကို ပိုပြီး တောက်လောင်အောင် မီးထိုးပေးနေတော့တာပေါ့။

အလုပ်တစ်ခုအပ်ရင် ဘယ်လိုစက္ကူအမျိုးအစားနဲ့ ရိုက်မယ်၊ အရွယ်အစား ဘယ်လောက်နဲ့ရိုက်မယ်၊ ဘယ်နှရောင် ရိုက်မယ်၊ အရေအတွက် ဘယ်လောက် ယူမယ်၊ ဘယ်နေ့ယူမယ်ဆိုတာတွေကို သိအောင်မေး။ အဲဒီအချက်အလက်တွေ အကုန်သိပြီးမှ ပုံနှိပ်ခဈေးကို တွက်ဆိုပြီး အောင်မြတ်မင်းကို ဘကြီးပုနဲ့ ကိုစိုးဝင်းက အချိန်ရရင် ရသလို သင်ပြောပြောတဲ့အချက်တွေကို အောင်မြတ်မင်းက သူ့ရဲ့မှတ်တမ်းစာအုပ်ထဲမှာ လိုက်မှတ်ပြီး ကူးရေးထားလိုက်တယ်။

အလုပ်အပ်သူတွေလာရင် သူမတွက်တတ်တာကို မတွက်တတ်ဘူးလို့ မပြောဘူး။ သူ့ရဲ့ မှတ်တမ်းစာအုပ်ကြီးကိုဖွင့် ဘကြီးပုတို့မေးခိုင်းတဲ့ အချက်တွေမေးပြီး သူကိုယ်သူ ပုံနှိပ်စက်ကျွမ်းကျင် ပညာရှင်ပုံစံဖမ်းတော့တာပဲ။ တစ်ခါတလေ ကတ်စတန်မာက ချက်ချင်းတွက်ပေးဖို့ပြောတာမျိုးနဲ့ကြုံရင် မရှုပ်တဲ့အလုပ်ကို ချုပ်အောင်လုပ်ရင်း နောက်နေ့မှ ဖုန်းပြန်ဆက်ဖို့ပြောပြီး ပြန်လွှတ်လိုက်တယ်လေ။ နောက်မှ ဘကြီးပုနဲ့ ကိုစိုးဝင်းတို့ကိုတွက်ခိုင်းပြီး သူတွက်ထားသလိုမျိုးနဲ့ ကတ်စတန်မာကို ရွှန်းရွှန်းဝေအောင် ဖုန်းဆက်ပြောတော့တာပဲ။

အဲဒါတွေက အောင်မြတ်မင်း ပုံနှိပ်စက်ကို ရောက်ခဲ့ချိန်ကနေ အခုအချိန်ထိ ဖြစ်နေခဲ့တဲ့ အဖြစ်အပျက်တွေပါ။

♦

အခုလည်း စက်ခန်းထဲဝင်လာပြီး သူ့ရဲ့အသံပြာပြာကြီးနဲ့ အော်ဟစ်နေတာကို ကြားနေရပြန်တယ်။

"လောဘလည်းမရှိဘူး၊ ဒေါသလည်း မရှိဘူး၊ ဘယ်လိုလုပ် ကြီးပွားမှာလဲ၊ သေအောင်လုပ် လုပ်တာပဲရှိမှ၊ ဟေ့ ကိုစိုးဝင်း လာဦး"

ညနေလာယူဖို့ ပြောထားတဲ့ ဌာနဆိုင်ရာဖိတ်စာ ရွှေနင်းဖို့ အပြင်မှာအပ်ထားတာ အချိန်မီမရလာလို့ ကျယ်ကျယ်လောင်လောင် စကားသံနဲ့ ပေါက်ကွဲနေတဲ့ အောင်မြတ်မင်းအသံကို တစ်ရုံးလုံးကြားနေရတယ်။ ဌာနဆိုင်ရာဖိတ်စာဆိုတာ လူကြီးပိုင်းတွေကိုဖိတ်ရမှာဆိုတော့ အချိန်အတိအကျလုပ်မပေးနိုင်ရင် ဖြစ်လာမယ့် ပြဿနာက မိုးမီးလောင်တာထက် ပိုဆိုးမှာ။ ပြီးတော့လည်း ဒီအလုပ်က သူဌေးနဲ့ပတ်သက်ရာ ပတ်သက်ကြောင်းတွေက အပ်ထားတာဆိုတော့ အချိန်မီမပြီးလို့ မျက်နှာကောင်းမရမှာကို မျက်နှာလိုမျက်နှာရ အောင်မြတ်မင်းက သူ့အသက်သေမှာထက် ကြောက်တယ်လေ။

ဟိုးအစောကြီးက သူတို့ရိုက်ချင်တဲ့ဖိတ်စာ နမူနာကိုကြည့်ပြီး ရွှေရောင်ဖောင်းကြွနင်းရင် ပထမအဆင့် ဇင့်အဖိုအမ တစ်စုံလုပ်ရမယ်။ အဲဒါက တစ်ရက်၊ နှစ်ရက်တော့ အနည်းဆုံးကြာမယ်။ ပြီးတော့ ဇင့်လုပ်ပြီးလို့ ရွှေရောင်နင်းပြန်ဖောင်းတာကလည်း အမြန်နှုန်းနဲ့လုပ်ရင်တောင် နေ့တစ်ဝက် ဒါမှမဟုတ် တစ်နေ့လောက်တော့ ထပ်ကြာလိမ့်မယ်။ ဖိတ်စာက လုပ်ပေးရမယ့် အဆင့်တွေများတဲ့အပြင် အပြင်က ရွှေဖိစက်ကိုအားကိုးရမယ့် အနေအထားကြောင့် အချိန်မီမပြီးနိုင်ဘူးဆိုတဲ့အကြောင်းနဲ့ ကိုယ့်ဘက်က အချိန်မီရနိုင်အောင်လုပ်ပေးနိုင်တဲ့ ကိုယ့်စက်မှာပဲ ရွှေရောင်ပုံနှိပ်ဆေးနဲ့ရိုက်ဖို့ ဘကြီးပုက အောင်မြတ်မင်းကို ပြောပြထားခဲ့တယ်။

ဒါပေမဲ့ မျက်နှာလုပ်ချင်တဲ့ အောင်မြတ်မင်းက ရအောင်လုပ်မယ်ဆိုပြီး ဝင်ဖားလိုက်တာမို့ ဘာမှမပြောသာတော့ဘူးပေါ့။ လုပ်ငန်းကျွမ်းကျင်တဲ့ ဘကြီးပုစကားကို ဥပေက္ခာပြုပြီး သိသလိုတတ်သလိုနဲ့ ကိုယ့်အခက်အခဲကို ဘာမှပြန်မရှင်းဘဲ အပေါ်ကခိုင်းတိုင်း ခေါင်းညိတ်တတ်တဲ့ မျက်နှာလိုမျက်နှာရစိတ်ကြောင့် ဖော်လံဖားအောင်မြတ်မင်း တစ်ယောက် အခုတော့ ဗျာများနေရပြီပေါ့။

"ကိုစိုးဝင်း အခုရိုက်လက်စ ကျောက်ကျောစက္ကူဘူးတွေကို စက်က ဖြုတ်ချလိုက်၊ ပြီးရင် ကျုပ်ပြန်ယူလာတဲ့ ဖိတ်စာတွေကို ရွှေရောင်ရိုက်ဖို့ပြင်တော့၊ ဟန်မြင့် ကားထဲက ဖိတ်စာတွေကို ဖူဂျီ (၅၈) စက်နားသွားချ မြန်မြန်နော် မြန်မြန်၊ ရွှေဖိတဲ့ ဆိုင်ကတော့ တော်တော်ကြီးပွားဦးမယ်၊ ပိုက်ဆံနှစ်ဆပေးမယ် ဆိုတာတောင် မဖြစ်နိုင်ဘူးတဲ့၊ လောဘကုန်နေကြတဲ့လူတွေ၊ မခံချင်အောင် ပြောတော့လည်း စိတ်မဆိုးကြဘူး၊ ဒေါသမရှိ လောဘမရှိမှတော့ ဘယ်လိုလုပ် ချမ်းချမ်းသာသာ နေနိုင်ကြ

Asian Fame Media Group

မှာလဲ၊ အဲဒါကြောင့် သူတို့ဘဝတွေ ဆင်းရဲတွင်းထဲကကို မထွက်နိုင်ကြတာ ဟော့လူ ကိုစိုးဝင်း ခင်ဗျားက ဒီမှာ ဘာကြောင့်ပြီး ရပ်နေတာလဲ၊ ရွှေ ရောင်ရိုက်ဖို့ လုပ်လေ၊ သွား"

"ရွှေရောင်ရိုက်တာက ဟုတ်ပါပြီ၊ အဲဒီ ရွှေရောင်ရိုက်ဖို့ ဘယ်မှာလဲ ဖလင်၊ ရိုက်မယ့်ဒီဇိုင်းကို ဖလင်ထုတ်ပေးမှ ရိုက်လို့ရမှာလေ"

ကိုစိုးဝင်းစကားအဆုံးမှာ အောင်မြတ်မင်း သူ့နဖူးကိုသူရိုက်လိုက်ရင်း ကုလားထိုင်ပေါ်မှာအရုပ်ကြိုးပြတ် ဖြစ်သွားတော့တာပေါ့။ အဲဒီအချိန်မှာပဲ စားပွဲပေါ်က တယ်လီဖုန်းမြည်လာလို့ အောင်မြတ်မင်းက ခေါင်းဆတ်ပြီး ကိုစိုးဝင်းကို ကိုင်ခိုင်းလိုက်တယ်။

"ဟယ်လို အမိန့်ရှိပါခင်ဗျာ ဟုတ်ကဲ့ ဟုတ်ပါတယ်၊ သူဌေးဆက်တာ အောင်မြတ်မင်းနဲ့ ပြောချင်လို့တဲ့"

ကိုစိုးဝင်းက ဖုန်းခွက်ကို အောင်မြတ်မင်းဆီလှမ်းပေးရင်း ပြောလိုက်တယ်။ သူဌေးပြောသမျှကို ခေါင်းတညိတ်ညိတ်လုပ် ရိုကျိုးအောက်ကျို့သံအပြည့်နဲ့ ပြန်ဖြေသံက ခုနက သူ့ကိုအော်ဟစ်ပြောနေတဲ့ အသံနဲ့ တခြားစီဖြစ်သွားတဲ့ အောင်မြတ်မင်းကိုကြည့်ရင်း ကိုစိုးဝင်းစိတ်ထဲ စားဖားအကောင်ကြီး တစ်ကောင်ကို မဆီမဆိုင်သွားမြင်နေမိတယ်။

လောကကြီးမှာသေဆုံးပြီးချိန် ဘယ်လောက်ကြာကြာ လူတိုင်းရင်ထဲ မမေ့မပျောက်နိုင်တဲ့ လူတွေရှိသလိုမသေခင်အချိန် အသက်ရှင်ရက်ရှိနေပေမယ့် ပတ်ဝန်းကျင်ကကိုယ် ထိတွေ့ဆက်ဆံနေရတဲ့ လူတွေ့ရဲ့စိတ်ထဲ ပျောက်ထား တတ်ပျောက်သွားတတ်တဲ့ အောင်မြတ်မင်းလို လူတွေရှိနေတတ်ကြတယ်။

"ဟုတ်ကဲ့ အစ်ကိုကြီး ပြောပါခင်ဗျ၊ မပြီးသေးဘူး အစ်ကိုကြီး၊ ရွှေရောင်နှင်းဖို့ ကျန်နေသေးတာပါ။ ခင်ဗျာ ညနေ ၅ နာရီလောက်လို့ချင်တာလား၊ နေပြည်တော်ကို ကားကြုံရှိလို့ ထည့်ပေးလိုက်ဖို့ ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားကြည့်လိုက်ပါ့မယ်၊ မရလို့ မဖြစ်ဘူး ဟုတ်ကဲ့ ဟုတ်ကဲ့ ရအောင်လုပ်ပို့ပေးလိုက်ပါ့မယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ဝူး"

ဖုန်းပြောလို့ ပြီးသွားပေမယ့် ဘာဆက်လုပ်ရမှန်း မသိတဲ့ပုံနဲ့ ဖုန်းခွက်ကိုင်ထားရင်း ငူငူခနဲ့သက်ပြင်းချ ခေါင်းကုတ်နေတဲ့ အောင်မြတ်မင်းကို ဆက်ကြည့်မနေချင်တာနဲ့ စက်နောက်ကြည့်လှအေး မင်းခွက်ဆေးတာ ပြောင်မပြောင်ကြည့်ဖို့ ကိုစိုးဝင်း ဖူဂျီ ၅၈ စက်ဘက်ကို ထွက်လာခဲ့လိုက်တယ်။ လှအေးက မင်းခွက်ဆေးတာပြီးလို့ ထမင်းစားဖို့ တောင်အဆင်သင့်စောင့်နေပြီလေ။ ကိုစိုးဝင်းလည်း သူ့ထမင်းဘူးကိုဖွင့်ပြီး ဝင်စားဖို့ပြင်လိုက်တယ်။ အဲဒီအချိန်မှာပဲ . . .

"အောင်မြတ်မင်း အောင်မြတ်မင်း ဟော့ဖလင်ထုတ်ဖို့ သွားမယ်၊ အောင်မြတ်မင်းရေ"

လက်တစ်ဖက်က ကားသော့ကိုင်ထားရင်း ကျန်လက်တစ်ဖက်နဲ့ စည်သူ့ကိုကြည့်ပြီး လက်ယပ်ခေါ်နေတဲ့ အောင်မြတ်မင်းကို ထမင်းစားနေကြတဲ့ ဝန်ထမ်းတွေအားလုံး နားမလည်သလို ငိုင်းကြည့်နေမိတယ်။ သူ့ကိုခေါ်နေပေမယ့် သူ့နာမည်မဟုတ်တော့ အခေါ်ခံရတဲ့ စည်သူခမျာ ကြောင်တောင်တောင် ဖြစ်နေတော့တာပေါ့၊ အောင်မြတ်မင်းကတော့ အဲဒါကို သတိထားမိပုံ မပေါ်ပါဘူး။ သူ့နာမည်ကိုပဲ သူကိုယ်တိုင် ပြန်ခေါ်နေတယ်။

"အောင်မြတ်မင်း လာ မြန်မြန်သွားမယ်"

အဲဒီမှာ စည်သူခမျာလည်း သူ့ကိုကြည့်ပြီး လက်ယပ်ခေါ်နေတဲ့ အောင်မြတ်မင်းကို နားမလည်သလို ပုံစံနဲ့ ပြန်ကြည့်နေရင်း . . .

"ကိုအောင်မြတ်မင်း ကိုအောင်မြတ်မင်း ကျွန်တော်က စည်သူ၊ အောင်မြတ်မင်းက အစ်ကိုလေ၊ ခေါ်တာ မှားနေပြီဗျ"

စည်သူရဲ့ ပြန်ပြောစကားကို ကြားတော့မှ အောင်မြတ်မင်း ရှတ်တရက် သတိရသလို ဖြစ်သွားတယ်။ ပြီးမှ . . .

"စကားမရှည်နဲ့ လာမြန်မြန်"

ဆိုပြီး အရှက်ပြေမျက်နှာနဲ့ ရုံးခန်းအပြင်က ကားဆီကို မပြေးရုံတမည် အောင်မြတ်မင်းတစ်ယောက် ခပ်သွက်သွက် ထွက်သွားတော့တာပဲ။ တစ်ခုခုကို သဘောပေါက်သလိုနဲ့ ခေါင်းတညိတ်ညိတ်လုပ်နေတဲ့ ဘကြီးပုကိုလည်း ကိုစိုးဝင်းတွေ့လိုက်ရတယ်။

♦

"အဟမ်း. . အသိအလိမ္မာ ဉာဏ်ပညာမရှိသူဟာ အသိအလိမ္မာ ဉာဏ်ပညာမရှိမှန်းသိရင် အသိအလိမ္မာဉာဏ်ပညာရှိသူ ဖြစ်လာနိုင်တယ်။ အသိအလိမ္မာဉာဏ်ပညာမရှိဘဲနဲ့ ရှိသူဟုထင်နေရင် အဲဒီလူဟာ လူမိုက်လို့ ဓမ္မပဒရဲ့ပဏ္ဍိတဝဂ္ဂ စာရေဝဏ္ဏမှာဖတ်ဖူးလို့ မှတ်ထားခဲ့ဖူးတယ်။ နောက် အင်္ဂလိပ်လိပ်ဟိတ်ကြီး ၃ ပါးဖြစ်တဲ့ လိုချင်မက်မောခြင်း လောဘ၊ အမျက်ထွက်ခြင်း ဒေါသ၊ တွေဝေသိုင်းမှိုင်းခြင်း မောဟ၊ အဲဒီ ၃ ပါး ကြီးလွန်းသူဟာ ကိုယ်တိုင်ရော အနီးပတ်ဝန်းကျင်က လူတွေကိုပါ ပူလောင်စေတယ်တဲ့"

ဘကြီးပုနဲ့ နေ့လယ်ဘက် လက်ဖက်ရည်သောက်ရင်း ဟိုအကြောင်းဒီအကြောင်း ပြောရင်းက နေ ထမင်းစားချိန်တုန်းက အောင်မြတ်မင်း ကိုယ့်နာမည်ကိုယ် ပြန်ခေါ်တဲ့အကြောင်းကို စကားရောက်သွားတယ်။ အဲဒီမှာ ဘာလို့ကိုယ့်နာမည်ကိုယ်တောင်မေ့ပြီး သူများကို ကိုယ့်နာမည်ခေါ်လောက်အောင် ဖြစ်သွားတာလဲဟင်လို့ မေးလိုက်တဲ့ ဟန်မြင့်ရဲ့အမေးကို ဘကြီးပုက တရားသဘောနဲ့ ယှဉ်ပြီး ရှင်းပြဖို့ ချောင်းတစ်ချက်ဟန့်ရင်း အပေါ်က အတိုင်း စကားစလိုက်တာပါ။ ဝိုင်းထိုင်သောက်နေကြတဲ့ ကိုစိုးဝင်းနဲ့ စက်သမားလူငယ်လေးတွေ အားလုံးရဲ့ အာရုံကလည်း ဘကြီးပုဆီ ရောက်နေကြတာပေါ့။

"အောင်မြတ်မင်းဖြစ်တာက အသိအလိမ္မာ ဉာဏ်ပညာမရှိတာကို ရှိတယ်လို့ထင်တဲ့ ပထမအချက်နဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ်ကြီး ၃ ပါး သူ့ရင်ထဲ အတော်များများ ထည့်ထားမိတဲ့ ဒုတိယအချက်. . အေး . . အဲဒီ အချက်နှစ်ချက် ပေါင်းစပ်မိသွားတာကြောင့်ပေါ့။ အဲဒီလို ပေါင်းစပ်မိလိုက်ချိန်တွေမှာ ခန္ဓာကိုယ်အတွင်း စိတ်ရဲ့ ပူလောင်စေခြင်းက အရှိန်အမြင့်ဆုံး ဖြစ်သွားတတ်ကြတယ်လေ။ ဘယ်သူမဆို အဲလိုအချိန်မျိုးတွေမှာ နေ့လယ်ပိုင်းက အောင်မြတ်မင်းဖြစ်သလို ကိုယ့်နာမည်တောင် ကိုယ်မေ့ပြီး ကိုယ့်ကိုယ်ကိုယ် ပျောက်သွားတတ်ကြမှာပဲ"

ဘကြီးပုက ပြောလက်စကို အသာရပ်ပြီး လက်ဖက်ရည်စားပွဲပေါ်က အေးစက်နေပြီဖြစ်တဲ့ ရေနွေးကြမ်းခွက်ကို မော့သောက်လိုက်တယ်။ ပြီးမှ . . .

"လောကကြီးမှာ သေဆုံးပြီးချိန် ဘယ်လောက်ကြာကြာ လူတိုင်းရင်ထဲ မမေ့မပျောက်နိုင်တဲ့လူတွေရှိသလို မသေခင်အချိန် အသက်ရှင်ရက် ရှိနေပေမယ့် ပတ်ဝန်းကျင်က ကိုယ်ထိတွေ့ဆက်ဆံနေရတဲ့ လူတွေရဲ့ စိတ်ထဲ ဖျောက်ထားတတ် ပျောက်သွားတတ်တဲ့ အောင်မြတ်မင်းလို လူတွေရှိနေတတ်ကြတယ်။ အင်းမင်းတို့တွေကို ဘကြီး အဓိကပြောချင်တာက လောကကြီးမှာ အသက်ရှင်နေထိုင်စဉ်အတွင်းနဲ့ လောကကြီးကနေ အသက်သေဆုံး ထွက်ခွာသွားရတဲ့အချိန်ထိ ကိုယ်ကိုယ်တိုင်ကရော ပတ်ဝန်းကျင်ကပါ ကိုယ်ပျောက်လူတွေအဖြစ် ကိုယ့်ကို သတ်မှတ်စေနိုင်တဲ့ အမူအကျင့် စိတ်ဓာတ်မျိုး ဘယ်တော့မှ မရှိစေဖို့ ကြိုးစားကြရမယ်၊ ဟုတ်ပလား"

စကားအဆုံးမှာ ကိုစိုးဝင်း အပါအဝင် စက်သမားလူငယ်လေးတွေရဲ့ တညီတညာတည်း ညိတ်လိုက်တဲ့ ခေါင်းတွေဟာ တကယ်ကို စိတ်ပါလက်ပါ ရင်ထဲကလာတဲ့ ခေါင်းညိတ်မှုတွေ ဖြစ်ပါစေလို့ ဘကြီးပုတစ်ယောက် စိတ်ထဲကနေ တိတ်တိတ်လေး ဆုတောင်းနေမိတော့တာပေါ့။

ညိုရင့်

# မြယာ

## လှဆဲ ညနေပုံပြင်

ဝဏ္ဏတိုရသ

ကားကသောက်ဆိုင်ထိုင်ချင်းသည် တစ်ယောက်ကို ဝန်ထုပ်ထောက်ရွက်နေရတဲ့ ကိုယ်အောက်ခြေလှမ်းတွေ လိုင်းစရြုံး ဝန်ထုပ်အောက်ကလိုက် ရွက်လိုက်ရိုက် အလိုက်မီအောင် သူလာတဲ့ပေါ် အကျ နာရီသံလေး သတ်ပွက်တွေ့တာလေး ခလိုတွေ။ မြို့ပြိုပြုတ်ပြုတ် ထတ်ထတ်တော်တောက်ထောသည် အစရှောက်တွေ ထွက်လာတယ်။ ခင်ပေါ် က ပြန်ဆင်းလာခြီး ရှာနာကို အရွဲ့ထိလို တျှော်တောတဲ့ သွေးရှပ် နာမေးက မေထ်ပေါ် လောကတိုက်န်းကျပ်မှာ အသေတ်ရှောက ဖောက်ခြွမ်ကျေနပ် နေတဲ့ ပိုပန်းနဲ့ ရှာနာ စိတ်နဲ့ထုံး နောက်ကျိုးသာတယ်၊ ရှည်ထရှည် တစ်ချိန် က မေမေမေမေများသလို ညှာတရှည်ချဖိလာတယ်။

ရှာနာ မေးသိမ်းဆုံးနည်း ထားစေပွဲမြေးခြီး လုလုနဲ့အလှ တိုးအောင် ဆိမ် လာလည်တော့ ရန်ကုန်အိမ်မှာ မေမေ ရောက်နေတယ်။ သူတို့ ပြန်သွားချိန် မှာ မေမေက မေးပါတယ်။ ဘယ်သူ့ သားသမီးများလဲတဲ့။ မသိပါဘူး မေမေ လို့ ဖြေမိလို့ ဘယ်လိုလူတွေရဲ့ သားသမီးတွေနဲ့ အပေါင်းအသင်း ဖြစ်နေတာ

Asian Family Media Group
MEDIA GROUP



Asian Fame Media Group



လဲ အဆိုခံရတယ်။ ရတနာက သူနဲ့ သူငယ် ချင်းဖြစ်တာ သူ့မိဘနဲ့ ဖြစ်တာမှ မဟုတ်ဘဲလို့ စိတ်ကသာ ခွန်းတုံ့ခံပြီး ဖေဖေ့ကို တိတ်တိတ် စိတ်ဆိုးမိခဲ့တယ်။ နောက် ကိုအောင် ကို လာလည်ပါဦးလို့ မခေါ်မိတော့ဘူး။

◆

ကိုအောင်က ရတနာ့အသိုင်း အဝိုင်းက လူမဟုတ်ဘူး။ ပုံမှန်ဆို ရတနာနဲ့ ကြုံကြိုက်သိကျွမ်းရမယ့်လူ မဟုတ်ဘူး။ အဆောင်မှာ လာနေတဲ့ ရွှေရည်စိမ်လွှတ်လပ်ရေးရ ကာလ မှာ အားကစားလုပ်တဲ့ အခန်းဖော် ယုယုနောက်ကို လိုက်ရင်းနဲ့ ခင်မင် လာခဲ့ရတာပါ။ ဆံပင်တိုတို ထောင် ထောင် အသားညိုညို အရပ်မြင့်မြင့် နဲ့ အနေအထိုင် တည်ငြိမ်ပိရိသေ သပ်တယ်။ အားကစားသမားပီပီ စီးကရက်၊ အရက်သောက်လည်း ရှောင်ပုံပဲ။ အတိအကျမသိပေမယ့် ကိုယ့်ရှေ့သောက်ပြနေတာ မမြင်ရ ဘူး။ ကျောင်းနေစဉ်အချိန်မှာတော့ သူနဲ့ အတော်ရင်းနှီးတယ် ဆိုရမယ်။ အဆောင်ကို မှန်မှန်လာတတ်တဲ့ ဧည့်သည်တစ်ဦးပေါ့။

သူနဲ့ အနေနီးလေလေ သူ့ အကျင့်စရိုက်ကလေးတွေကို နှစ် သက်လေလေ။ ကိုအောင် ကမူးရှူး ထိုးဖြစ်တာမျိုး တစ်ခါမှ မတွေ့ခဲ့ ရဘူး။ တခုခုလုပ်ရင် တည်တည် ငြိမ်ငြိမ် အစီအစဉ်တကျ ရှိတယ်။ သူ့ ကျောင်းစာအုပ်ကို ရတနာ ယူ ကြည့်ဖူးတယ်။ လှပ သပ်ရပ်လိုက်တဲ့ လက်ရေးလက်သား။ စာအုပ် ရှေ့ဖုံး အတွင်းဘက် နောက်ဖုံး အတွင်း ဘက် ဘာအပိုစာလုံးမှ မတွေ့ရ။ အတန်းထဲစာသင်နေရင်း စိတ်ကူး ပေါက်သမျှချရေး ရေးထားတတ်တဲ့ ရတနာ့စာအုပ်နဲ့များ ကွာပါလေ့။ လက်ချာလိုက်နေရင်း ခရေပွင့်တွေ ကြယ်ပွင့်တွေ မြားတွေ လိုင်းတွေနဲ့ ဘေးမာဂျင်မှာလည်း မလွတ်အောင် ရေးတတ်သေးတယ်။ တိကျသပ်ရပ် တဲ့ ဖေဖေကြောင့် ပိရိသေသပ်သူ တွေကို အထင်ကြီးတတ်တဲ့ ရတနာက သူ့ကိုလည်း အမှတ်ပေးမိ တယ်။

အားကစားသမား ဖြစ်လို့ ကျောင်းမှာ သူနဲ့ ရင်းနှီးလိုသူက လည်း အများသား။ ရတနာနဲ့ ယုယု ဆီကိုတော့ မှန်မှန်လာတတ်လို့ စူးစမ်းခံရမြဲ။ ရတနာကော ယုယုပါ အနေမှန်ကြတော့ ပေါ်ပေါ်ထင်ထင် လည်း မစွပ်စွဲဝံ့ကြဘူး။ ရတနာက ကျောင်းမှာ လူသိများသူ ချောမော လှပသူ မဟုတ်ဘူး။ အသားဖြူဖြူ အရပ်မြင့်မြင့် သွယ်ပျောင်းတဲ့ ကိုယ် ဟန်နဲ့ မဆိုးပါဘူးပြောရုံအဆင့်သာ။ ယုယုကတော့ ရတနာ့လက်ချောင်း ခြေချောင်းလေးတွေ အလွန်လှတယ် လို့ ခဏခဏ ပြောတယ်။ ဘုရားရှိခိုး စဉ် ရတနာ့လက်အစုံဟာ တကယ့် ကြာဖူးလေးလို့ ဖြစ်နေတယ်လို့ မရိုး မအီဆိုစမြဲ။

ပထမနှစ်ကနေ နောက်ဆုံးနှစ် အထိ ရတနာက အဆောင်မှာနေ တယ်။ ဖေဖေ လုပ်ငန်းအဝကတည်းက ရန်ကုန်မှာ အိမ်ရှိနေပြီး ရတနာ အောက်က ပုလဲဆို ရန်ကုန်မှာမှ ကျောင်းမတက်ရရင် သူ ဘယ်လိုမှ အမှတ်မြင့်မရဘူးလို့ ကြွေးကြော်ကာ ရန်ကုန်အိမ်မှာ လာနေတယ်။ ဖေဖေက ပုလဲ အဖော်ရအောင် ရတနာပါ ရန်ကုန် ပြောင်းလိုက်ပါ လားလို့ အကြိမ်ကြိမ် နားချတာ တောင် လက်မခံခဲ့ဘူး။

တောင်တန်း၊ ပင်လယ်၊ တော အုပ်၊ လွင်ပြင်၊ တောင်ကုန်းနဲ့ ပြည့် စုံလှပတဲ့ သူ့ဇာတိမြေကို ရတနာ ချစ်တယ်။ စိမ်းမှောင်ညို့ဆိုင်း တောင်တန်းများ ပတ်လည်ဝိုင်းပြီး ပင်လယ်ဝဆီက တိုက်ခတ်လာတဲ့ ဆားငန်နံ့ပါတဲ့လေကို ရှူရှိုက်ရတာ အလွန် စိတ်ကြည်လင်တယ်။ မြို့ကို စီးနေတဲ့ ဘုရားတောင်ကုန်းပေါ်က ငုံ့ကြည့်ရင် ခေါင်မိုးနီနီနဲ့အိမ်တွေ၊ စိမ်းစိုသာမောဖွယ် သစ်တောအုပ် တွေနဲ့၊ မြို့ကွက်မြို့ကွင်းက လှတဲ့ အပြင် ပင်လယ်ဝဆီ စုန်ချီဆန်ချီ ခုတ်မောင်းသွားလာတဲ့ စက်လှေများ မော်တော်သမ္ဗန်များနဲ့ မြစ်တွင်း သာယာရှိုလှတယ်။ တစ်ဖက်ကမ်းက ညို့ဆိုင်းမှိုင်းမြတဲ့ တောအရေးစပ် စပ် တောင်တန်းအထပ်ထပ်က လည်း အိပ်မက်လေလား ဝိုးတဝါးနဲ့။ ဒီမြင်ကွင်းကို နှစ်သက်လွန်းလို့ ညနေတိုင်း တောင်ပေါ်သွားထိုင် ချင်မိတယ်။

တက္ကသိုလ်တက်တော့ နယ်က

Asian Fame Media Group

အောင်ခဲ့လို့ ရတနာ အဆောင်ရတယ်။ မေမေက ရန်ကုန်အိမ်မှာနေဖို့ ပြောတယ်။ သမီး ကျောင်းဆောင်မှာ နေချင်လို့ပါ ဖေဖေလို့ ခေါင်းကို တက်ကိုင်တော့ ရန်ကုန်တက္ကသိုလ် အစောပိုင်း ကာလအဆောင် ကျောင်းသားကြီးဖြစ်ခဲ့ဖူးသူ ဖခင်က တစ်ရက်စဉ်းစားပြီးမှ ခေါင်းညိတ်တယ်။ စည်းကမ်းတင်းကျပ်ပေမယ့် ဖေဖေက သူခွင့်ပြုနိုင်တဲ့ ဘောင်အတွင်းမှာဆို မျှမျှတတ အနည်းဆုံး သမာသမတ် ဖြစ်ချင်ယောင်ဆောင်ကာ ခေါင်းညိတ်တတ်တယ်။

အဆောင် နေခွင့်အတွက် ရတနာဘက်က အိမ်ကို ပြန်ပေးရတဲ့ ကတိကဝတ်က ပြဿနာမရှာပါဘူး ဆိုတဲ့ အချက်။ ပြဿနာရှာ တယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကြောင်းအရာများစွာ ရှိတယ်။ အရေးပါဆုံး အချက်က ရတနာ့နောင်ရေးအတွက် မေမေ ကြိုတင် စီမံထားတယ် ဆိုတာပဲ။ ပြဿနာဆိုတာကိုလည်း ရတနာမကြိုက်ပါဘူး။

ရတနာတို့အိမ် ရန်ကုန်မှာ ရှိတယ်ဆိုတာ ယုယုတော့ သိတယ်။ သူ တစ်ခါပဲ အိမ်ရောက်ဖူးတယ်။ ရတနာ ကိုယ်တိုင်ကလည်း ရန်ကုန်အိမ်ကို ၂ လ ကြာမှ တစ်ခေါက် အနိုင်နိုင်ပြန်တယ်။

"ငါ ပြောဦးမှပဲ။ ဟဲ့ ရတနာ နင်သူဌေး သမီးဆိုတာ ငါကြားတော့ ကြားဖူးသား၊ အဆောင်မှာ ငါ့ လောက်တောင် မသုံးမစွဲနဲ့ ကပ်စေးတယ်လို့ ထင်နေတာ။ နင်တို့ တော်ရုံချမ်းသာတာမှ မဟုတ်ဘဲ။ ဒီလောက် အိမ်အကြီးကြီးရှိနေရက်နဲ့ ဘယ့်နှယ်အဆောင်မှာ ကျဉ်းကျဉ်း ကျပ်ကျပ် လာနေရတာလဲ။ နင့်ညီမ ကလည်း ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တယ်၊ နင်လည်း သူ့လိုဝင်းဝင်းတောက်နေနိုင်ရက်နဲ့၊ ဟဲ့ပါဟယ်"

နေခဲ့ပါတယ်။ ရတနာ မွေးတာတည်းကဖါပဲ၊ မိဘတွေကြောင့် သူတို့မြို့မှာ ဘယ်သူ့သမီးလေလို့ ပြောရင် ရတနာတို့ညီအစ်မကို မျက်နှာမသိ လူကို သိကြတယ်။ ခြေချောင်း လက်ချောင်းလှတယ်လို့ ယုယုပြောတာကြားတော့ ဒီလက်ချောင်းနဲ့ ဘာကိုမှ မည်မည်ရရလေး လေးပင်ပင် မလုပ်ရတာကြောင့်လို့ စိတ်ထဲက ပြောမိတယ်။ မေမေ က ရတနာတို့ ညီအစ်မကို လက်ဆစ်လုံးဝ မချိုးခိုင်းဘူး။ ပြေးပြေးလွှားလွှား ဆော့ကစားနေတာလည်း မရှိတော့ ခြေသလုံးသားမှာ ဘာအမာရွတ်မှ မရှိခဲ့ဘူး။ ထဘီတိုတို ဖက်ရှင် ခေတ်စားချိန်ကဆို ပုလဲခြေသလုံးလေးတွေ ယှဉ်လွန်းလို့ တကူးတက ကြည့်ယူရတယ်လို့ သူတို့ကျောင်းက ကျောင်းသားတွေကြား နာမည်ထွက်တယ်ဆိုပဲ။

♦

သူ ပုံမှန်ဘဝလမ်းကြောင်းက လေးနှစ်လောက် ဖယ်ရှားနေချိန်မှာ ကိုအောင်နဲ့ ရတနာနီးကပ်တဲ့ ဆက်ဆံရေးရှိခဲ့ဖူးပါရဲ့။ နီးကပ်တဲ့ ဆက်ဆံရေးဆိုပေမယ့် ရတနာက သူ လမ်းကြောင်းက ဘယ်ကိုမြားပြထားမှန်း ကောင်းစွာနားလည်သူဖြစ်လို့ သတ်မှတ်တစ်နေရာ အရောက်မှာ ရပ်တန့်ထားခဲ့တယ်။ နောက်ပြီး ပြဿနာရှာတယ်ဆိုတဲ့ စကားကို ရတနာမကြိုက်ဘူး။ ကိုအောင်က လည်း တည်ငြိမ်သူဖြစ်လေတော့ အလှုပ်အခတ်မရှိဘူး။ ငယ်ရွယ်သူ တွေဖြစ်သော်လည်း သူ့စည်းကိုယ့် စည်းသေသေသပ်သပ်ခြားနားတတ် သူတွေဖြစ်လို့ ဘေးဘီကလူတွေ သို့လောသို့လော ရဲရဲမစွပ်စွဲဝံ့တဲ့ အခြေအနေတစ်ခုမှာ ငြိမ်သက် အသားကျနေခဲ့တယ်။


သူ မြားဦးပြရာဆီပြန်လည် ရောက်ရှိချိန်မှာတော့ ဖေဖေ့ မေးမြန်းပုံကို မနှစ်သက်တာနဲ့ဘဲကို အောင်နဲ့ အဆက်အသွယ် မရှိတော့ဘူး။ ထူးထူးထွေထွေ ပြောဆိုနေရခြင်းမရှိ၊ တသသလွမ်းဆွတ်ဖွယ်ကောင်းတဲ့ ခွဲခြားခြင်းမျိုးလည်း မဟုတ်။ တောင်ပေါ်ကို ရောက်လို့ အိပ်မက်မြင်ကွင်းကို ကြည့်ချိန်မှာတော့ တစ်ချိန်က ညနေခင်းများကို အမှတ်ရမိပါရဲ့။ တစ်ခုသော ချပ်ညရဲ့ မြိုင်ပွဲက အပြန်လမ်းမှာ ကိုအောင့်ထရက်ဆုတို ခဏကိုင်ထားပေးချိန်လေးအေးကလေးတိုက်လာတော့ ရတနာကို ဝတ်ထားပါလို့ တည်ငြိမ်သိမ်မွေ့တဲ့ အပြုံးနဲ့ ပြောခဲ့တယ်။ သူ့အင်္ကျီလေးကို ဝတ်လာခဲ့လို့ ခံစားရတဲ့ အမျိုးအမည်မခွဲတတ်တဲ့ ခွဲခြားသိမြင်လို စိတ်လည်း မရှိတဲ့ ကြည်နူးစိတ်ကို ဘယ်မေ့နိုင်မလဲ။

ရတနာက တွေဝေမှိုင်းမှုန်သူမဟုတ် ဘူး။ ရန်ကုန်မှာ ကြာကြာနေလိုစိတ်မရှိဘဲ ဇာတိ မြို့ပြန်ပြီး ဖေဖေ့ အဝေးပြေးသယ်ယူပို့ဆောင်ရေးအလုပ်တွေ ရော်ဘာခြံ၊ သစ်သီးခြံအလုပ်တွေ ဝင်ကူတော့တယ်။ နီးကြားသုပ်ပီ ဖခင်ခြေရာ ထက်ကြပ်မကွာ လိုက်နိုင်တယ်။ မေမေက သူ့အလုပ်လုပ်တာ မကြိုက်ပြန်ဘူး။ သူစီစဉ်ထားတဲ့ ကိစ္စကို ရတနာ အလုပ်များနေတယ် ဆိုတဲ့ အကြောင်းပြချက်ကြောင့် ထိခိုက်လာတာကို လုံးလုံးမကြိုက်ဘူး။



အခုမှပဲ ရတနာ ပြက်ပြက် ထင်ထင် နားလည်တော့တယ်။ ကိုအောင် ဘာတွေ ပြောင်းလဲသွားသလဲ ထင်ထင်ရှားရှား မြင်လာခဲ့တယ်။ နှစ်ကာလများ ကြမ်းတမ်းတဲ့ အတွေ့အကြုံများဟာ လူတစ်ယောက်ရဲ့ စိတ်နှလုံးကို တကယ်ပဲ ပြောင်းလဲစေခဲ့တာကိုး။ ရတနာ ကုန်လွန်ခဲ့တဲ့ အချိန်နဲ့ ကိုအောင် ကုန်ဆုံးခဲ့တဲ့ အချိန်ဟာ အရှိန်ချင်း မတူကြဘူး ထင်ပါတယ်။

Asian Home Media Group
MEDIA GROUP



ဖောက်မိတယ်။

'ကျွန်တော် သွားပြီ' တဲ့။

ဘယ်သူ့ပို့လိုက်တဲ့ စာလဲ ရတနာ သိတယ်။ ဘယ်ကို သွားလဲ ရတနာ သိတယ်။ ဘာဖြစ်သွားနိုင်သလဲ ရတနာ သိတယ်။ ချက်ချင်း သိမြင်စိတ် ဝင်လာတယ်။ သူ့ ကို တစ်ခါလောက် တွေ့လိုက်ချင်တယ်။ သူလက်ထဲ စာရောက်ချိန်မှာ ကိုအောင် ပြန်လှည့်မရတဲ့ တောင်တန်း တစ်ခုကို ကျော်သွားခဲ့ပြီ။ နောက်ထပ် ဘာသတင်းမှ မရတော့။

♦

နောက်ပိုင်း ကာလများကို အမြန်ပြသလို ကျော်လွှားပစ်ရင် ရတနာဟာ အလွန်အလုပ်လုပ်သော၊ မတစ်ရာသားများကို ပြတ်ပြတ်သားသား ကိုင်တွယ်စီမံနိုင်သော၊ မိဘ ဂုဏ်ရှိန်ကြီးသလို ကိုယ်ပိုင်ကိုယ် ရည်ကိုယ်သွေးရှိသော၊ နေးနီးနီးကပ် ရန် မလွယ် ကူသော အမျိုးသမီး တစ်ဦးအဖြစ် သူတကာ ညွှန်းဆိုကြတယ်။ သူ့စီမံကိန်း အတိုင်း ဖြစ်မလာလို့ မေမေရဲ့ မြည်တွန်တောက်တီး နားပူနားဆာတွေကို ဘယ်လိုအင်အားနဲ့ တောင့်ခံမလဲ သိပ်တွေး တော စရာတောင် မလိုဘူး။ မာကျိုးကျွန် လုဂ်ကဲ့နည်းက အကောင်းဆုံး ဆိုတော့ ဒါကိုပဲ ကိုင်စွဲနေခဲ့တာပဲ။ ငယ်နုစဉ်က ပြဿနာရှာတယ် အပြောမခံချင်တာနဲ့ တုတ်တုတ်မှ မလှုပ်ရဲ ခေါင်းငုံ့ခံပေမယ့် ကြီးရင့် လာချိန် ကိုယ်ပိုင် အရည်အသွေးနဲ့ ကောင်းစွာ ရပ်တည်ချိန်မှာ ခေါင်းကိုမတ်မတ်ထားကာ တည်ငြိမ်စွာ ငြင်းဆိုနိုင်ခဲ့ပြီ။ ငြင်းဆန်ရဲခဲ့ပြီ။ မေမေ အတင်းအကျပ်စီမံခွင့် မရှိပြီ။ ရတနာ ကိုယ်ပိုင်ဘဝကို ကိုယ်တိုင်ကောင်းစွာ စီမံနိုင်သူဖြစ်ခဲ့ပြီ။

ရတနာ စိတ်အားလပ်ချိန်မရှိအောင် အလုပ်များတယ်။ ခြံက၊ ဂိတ်က အလုပ်သမားတွေရဲ့ ကျန်းမာရေး မိသားစု ပြဿနာများ ကလေးများရဲ့ပညာရေး၊ နေရာတကာ ဝင်ပါရတယ်။ တဖြည်းဖြည်း ရှားပါးလာတဲ့ အလုပ်သမားလူငယ်လူရွယ်ပြဿနာ။ သူတို့ခြံပေါက်ကလေးတွေ သူတစ်ပါးကိုအားကျနားယောင်ပြီး တောင်တန်းကျော်ထွက်မသွားအောင် ပြောဆိုရ၊ စည်းရုံးရ ပညာပေးရနဲ့ အားလပ်ချိန်မှာ စာသင်ပေးရသေးတယ်။ ကာယအား ပြုတဲ့ဝန်းကျင်က ဆင်းသက်လာတဲ့ ကလေးတွေကို အသိဉာဏ်အားပြုတဲ့ အဆင့်ရောက်အောင် တွန်းတင်ရတာ လွယ်လွယ်မဖြစ်နိုင်ဘူး။ မိဘအသိဉာဏ် ရေချိန်အလိုက် ကလေးရဲ့ဗီဇစိတ်အလိုက် တချို့ကအားရ၊ တချို့လက်လျှော့၊ တချို့ဥပေက္ခာပြု အမျိုးမျိုးကြုံရတယ်။ ဖေဖေတော ခဏ အတူးပြုပြောဆိုတဲ့ မျိုးရိုးဗီဇအကြောင်းကိုလည်း ထည့်သွင်း စဉ်းစားလာရတော့တယ်။

---

**ကျွန်တော်သွားပြီလို့ ရေးခဲ့တဲ့ စာနောက်ပိုင်း ပထမဆုံး တွေ့ရမှာပဲ။ ရတနာ နည်းနည်း စိတ်လှုပ်ရှားသွားတယ်။ အိမ်က သူ့စာကြည့်စားပွဲ အံဆွဲထဲက ယွန်းသေတ္တာထဲ ထည့်သိမ်းထားတဲ့ စာတိုလေးကို မြင်ယောင်မိတယ်။**

---

သူ လုပ်ချင်တာလေးတွေ လုပ်နိုင်တဲ့အတွက် အခြေခိုင်တဲ့ မိဘမျိုးရိုးမှာမွေးတာကိုပဲ ကျေးဇူးတင်ရတော့တယ်။ ကြာဖူးလေးလိုလှတဲ့ လက်ကလေးတွေ အကြောထင်လာခဲ့ပြီ။ နူးညံ့သွယ်ပျောင်းနေလို့ မရတော့ဘူး။ ယုယုကိုတောင် ပြောပြချင်သေးတယ်။

နှစ်များစွာလွန်ခဲ့မှ ပုလဲဆီက အမှတ်မထင် ကိုအောင့်သတင်းကို ကြားရတယ်။ သူ့အမျိုးသားနဲ့ ပတ်သက်တဲ့ လူတစ်ယောက်၊ မမတို့နဲ့ အတန်းတူတယ် သိသလားလို့ ဖုန်းဆက်မေးလာပါတယ်။ ကိုအောင့် သတင်းပြန်ကြားရချိန်မှာ တော့ ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့ မရလောက်အောင် ဖြစ်ခဲ့ပြီ။ ပုလဲ

Asian Fame Media Group

ခင်ပွန်းသည်နဲ့ လုပ်ငန်းအရ ဆက်စပ်သူ၊ ရှင်းရှင်းဆိုရသော် လိုအပ်သလို မျက်နှာသာပေးရသူဆိုပဲ။ ရတနာ နားမလည်နိုင်တော့ဘူး။ ကိုအောင့်ယောက္ခမတွေရဲ့ နာမည်ကို ကြားလိုက်ရတော့ နည်းနည်းသိသွားသလိုပဲ။ အပြည့်အဝတော့ မဟုတ်ဘူး။

ပုလဲနဲ့ဖုန်းပြောတိုင်း ကိုအောင့်သတင်း အမြဲကြားရတယ်။ လက်ရှိကိုအောင့်အနေအထားကို သိလာတယ်။ သိလာလေလေ ရတနာ နားမလည်လေလေပဲ။

"မမ သိလား။ အဲဒီလူလေ အစက ဘာမှရှိတဲ့လူ မဟုတ်ဘူး။ သူ့မိန်းမဘက်က အသိုင်းအဝိုင်းကြောင့် ထောင်တက်သွားတာဆိုပဲ။ ဟိုဘက်ကို ထွက်သွားသေးတာဆို။ ဩော် မမ သိတယ်လား။ အင်းပေါ့ သူ့အမျိုးသမီးနဲ့တွေ့ပြီး အဲဒီက ပြန်လာမှ ဒီအဆင့်ရောက်လာခဲ့တာတဲ့။ သူ့အမျိုးသမီးအဖေက . . . ခေါင်းဆောင်တစ်ယောက်ဆို"

"မမ သိလား။ အဲဒီလူ အလုပ်လုပ်တာ တော်တော် ပြတ်တယ်နော်။ သတ္တိလည်းကောင်း ရမ်းလည်းရမ်းတယ်။ သူ ယှဉ်တိုက်မှုတစ်ခုဖြစ်တာ . . . . လုပ်ပစ်လိုက်တာ . . . . ကြောက်စရာကြီး မမသိလား။ အေးလေ အဲလိုလုပ်နိုင်အောင် ပိုက်ဆံကလည်း မတရား ပေါနေတာကိုး"

" မမ သူငယ်ချင်းဆိုတဲ့ တစ်ယောက်လေ၊ အား ဟိုနေ့က ဒင်နာမှာ ဘေးဝိုင်းကလူတွေနဲ့ အပြိုင်ကြဲပစ်တာ၊ ရက်ရက်စက်စက် ဆိုပဲ။ အိမ်ကလူ ပြောတယ်။ နောက်ဆုံး တစ်ဆိုင်လုံးချုပ်ဖြတ်ပြီး ဘေးဝိုင်းကို အသေဖြတ်ပစ်တယ်ဆိုပဲ'

''မမ သိလား။ မမ သူငယ်ချင်းဆိုလေ. . . ."

ပုလဲပြောပြနေတာ ကြားပြီး ကိုအောင်မှဟုတ်ရဲ့လားလို့ သံသယတောင် ဖြစ်လာရတယ်၊ ကိုအောင်သာဆို ဒီလိုအပြုအမူတွေ လုပ်မယ့်လူ မဟုတ်ပါဘူး။ ရတနာရင်းနှီးကျွမ်းဝင်ခဲ့ဖူးသူအကြောင်း ရတနာ တကယ်မသိခဲ့တာလား။ အဲလောက်တောင် ရတနာ ညံ့ဖျင်းခဲ့လို့လား။ တကယ်ဟုတ်ပါ့မလား။ နာမည်တူ တစ်ယောက်ဖြစ်ဖို့ကလည်း အတန်းတူ၊ နှစ်တူ၊

ဖေဖေ နေမကောင်းဖြစ်လို့ ရန်ကုန်အိမ်မှာ ကြာကြာနေမှပဲ ကိုအောင်နဲ့တွေ့ဖို့ အခွင့်အရေး ရတော့တယ်။ ပုလဲ၊ မတ်တော်မောင်နဲ့ ကိုအောင်တို့ အတူတကွတက်ကြမယ့်ပွဲတစ်ခုကို ရတနာ လိုက်သွားတယ်။

ကျွန်တော်သွားပြီလို့ ရေးခဲ့တဲ့ စာနောက်ပိုင်း ပထမဆုံး တွေ့ရမှာပဲ။ ရတနာ နည်းနည်း စိတ်လှုပ်ရှားသွားတယ်။ အိမ်က သူ့စာကြည့်စားပွဲအံဆွဲထဲက ယွန်းသေတ္တာထဲ ထည့်သိမ်းထားတဲ့ စာတိုလေးကို မြင်ယောင်မိတယ်၊

"ရတနာ ဝမ်းသာလိုက်တာ။ မတွေ့ရတာ ကြာလှပြီ"

၈ နှစ်နဲ့ ၁၁ လရှိပြီ၊ ရက်တောင်ပြန်ရေလိုက်ရင် ရသေးတယ်လို့ ရတနာစိတ်ထဲက ပြန်ပြောမိတယ်၊ လက်တွေ့ကျတော့ ချက်ချင်းစကားမပြောနိုင်ဘဲ အသာပြုံးနေလိုက်တယ်၊

တွေ့တွေ့ချင်း မြင်လိုက်ရတဲ့ ကိုအောင့်အပြုံးက လိုက်လိုက်လှဲလှဲ။ အပြုံးကတော့ မပြောင်းလဲသလိုပဲ။ နည်းနည်းဝလာတာ ဗိုက်ထွက်လာတာကလွဲလို့ နဂိုရုပ်ပါပဲ။ ဒါပေမဲ့ ရတနာ သိလိုက်တယ်။ ခံစားလိုက်ရတယ်၊ ရတနာ သေသေချာချာမပြောတတ်တဲ့ တစ်စုံတစ်ခု ပြောင်းခဲ့တယ်၊

ဖေဖေ့ကျန်းမာရေး၊ ရတနာ အလုပ်ကိစ္စကို သူ မေးမြန်းတယ်။ သူ့မြို့ကိစ္စတွေပါလာတော့ ရတနာ နည်းနည်း စကားသွက်လာတယ်။ တည်ခင်းကျွေးမွေးတဲ့ပွဲမှာ အဖျော်ယမကာပါလေတော့ သူတို့သောက်ကြတယ်။ ခွက်ကိုင်ထားတဲ့ကိုအောင့်ကို ကြည့်ရတာ ရတနာ့မျက်လုံးထဲ ထောင့်လိုက်တာ။


ပွဲက တဖြည်းဖြည်း ညနက်လာလေလေ လူသံသူသံ ဆူလာလေလေ ကိုအောင့်ရယ်သံ ကျယ်လာလေလေ ဖြစ်လာတယ်။ လူတစ်ယောက်က လာဆွဲခေါ်လို့ ကိုအောင် ပါသွားတယ်။ စင်ပေါ်တက် စားသောက်ဆိုင်သီချင်းသည် တစ်ယောက်ကို ပန်းကုံးတက်စွပ်နေတဲ့ ကိုအောင့် ခြေလှမ်းတွေ ယိုင်နေပြီ။ ပန်းကုံးအထပ်လိုက်စွပ်လိုက်ချိန် ဆလိုက်မီးရောင် သူ့လက်ပေါ် အကျ နာရီကလား လက်စွပ်တွေကလား မသိဘူး ပြိုးပြိုးပြက်ပြက် လက်လက်တောက်တောက်အရောင်တွေ ထွက်လာတယ်။ စင်ပေါ်ကပြန်ဆင်းလာပြီး ရတနာတို့ စားပွဲဆီကို လျှောက်လာတဲ့ သူ့မျက်နှာပေးက ခေတ်ပေါ်လောကီဝန်းကျင်မှာ အသာစီးရကာ အောင်မြင်ကျေနပ်နေတဲ့ ပုံပန်းနဲ့။ ရတနာ စိတ်နှလုံး နောက်ကျိလာတယ်။

အခုမှပဲ ရတနာ ပြက်ပြက်ထင်ထင်နားလည်တော့တယ်၊ ကိုအောင်ဘာတွေပြောင်းလဲသွားသလဲ ထင်ထင်ရှားရှား မြင်လာခဲ့တယ်။ နှစ်ကာလများ ကြမ်းတမ်းတဲ့ အတွေ့အကြုံများဟာ လူတစ်ယောက်ရဲ့ စိတ်နှလုံးကို တကယ်ပဲ ပြောင်းလဲစေခဲ့တာကိုး။ ရတနာ ကုန်လွန်ခဲ့တဲ့ အချိန်နဲ့ ကိုအောင် ကုန်ဆုံးခဲ့တဲ့ အချိန်ဟာ အရှိန်ချင်း မတူကြဘူး ထင်ပါတယ်။ ရတနာ နည်းနည်းချင်း ရွေ့နေစဉ်မှာ ကိုအောင်က အဟုန်ပြင်းပြင်းနဲ့ ပြောင်းပြန်အချိုးအကွေ့ တစ်ခုကို ကျော်ဖြတ်ခဲ့ပြီ။ သူ့အရှိန်နဲ့ လိုက်ပါသွားခဲ့ရင်တော့ အပြောင်းလဲကြီးပြောင်းလဲတယ်လို့ မပြောသာဘူးပေါ့။ ရတနာအရှိန်နဲ့ တိုင်းတာလိုက်တော့ အခြားနားကြီး ခြားနားခဲ့လေပြီ။

ရတနာကတော့ တစ်ခါက ညနေခင်းများကို အထပ်ထပ် ပြန်စဉ်းစားကြည့်နေမိတယ်။ အပြင်ပန်းသဏ္ဌာန် ပြောင်းလဲလွယ်နိုင်ပေမယ့် ဗီဇစိတ်နှလုံးကတော့ ဒီလောက် ပြောင်းလဲလွယ်လို့လား။ တကယ် ဗီဇစိတ်ကို မြင်သာတဲ့အထိ ရတနာ မရောက်ကြည့်နိုင်ခဲ့လို့လည်း ဖြစ်နိုင်တာပါပဲ။ မည်သို့ဆိုစေ လေအေးလေးတိုက်တဲ့ ညနေခင်းပုံပြင်လေး ကတော့ လှနေဦးမှာပါ။

ခုမှပဲ ဖေဖေက ဘယ်သူ့သားသမီးလဲလို့ မေးတာကို နားလည်သွားတော့တယ်။

မြသော



# ကမ္ဘာ့ရဲ့ ညီငယ်မြေလေး


ဝဏ္ဏတိုရေသ

(၁)

တီး. . . ချောက်

"မင်္ဂလာပါရှင်"

ကားသော့တွင် ချိတ်ထားသော အဝေးထိန်းခလုတ်ကို နှိပ်လိုက်ပြီး ဆိုင်ထဲသို့ဝင်လိုက်စဉ် အချက်ပေးသံနှင့်အတူ ကားတံခါး ချက်ကျသွားသည်နှင့် တစ်ပြိုင်နက် မရှေးမနှောင်းတွင် ဆိုင်ပေါက်ဆီမှ ဧည့်ကြိုမိန်းမပျိုလေးများ၏ သံပြိုင်နှုတ်ခွန်းဆက်သံက ချိုလွင်စွာ ထွက်ပေါ်လာသည်။ စားသောက်ခန်းမ ညာဘက်ထောင့် သီးသန့်ခန်းစားပွဲဝိုင်းဆီသို့ အကြည့်တစ်ချက် ရောက်သွားသည်။ ကိုကျော်ကျော်၊ ကိုဝဏ္ဏနှင့် ကိုမြင့်ဝင်းတို့ ရောက်နေကြပြီ။ ကျွန်တော့်



ကို မြင်လိုက်သည်နှင့် ကိုကျော်ကျော်က မတ်တတ်ရပ်၍ အလေးတစ်ချက်ပြုလိုက်ပြီး . . .

"ကိုယ့်လူရဲ့ ပြောင်းပြန် မဟာဗျူဟာကိုတော့ လေးစားတယ်ဗျာ"

ကိုကျော်ကျော့် စကားအဆုံးမှာ သောက်လက်စဘီယာခွက်ကို စားပွဲပေါ် ချလိုက်ပြီး ကိုဝဏ္ဏက ဝင်ပြောပြန်၏။

"ဟုတ်ပါ့၊ ညက ခင်ဗျားရဲ့ တိုက်ပွဲဝင်ဇာတ်လမ်းကို ခုပဲကိုကျော်ကျော် ပြောပြလို့ သိရတယ်။ လက်စသတ်တော့ ခင်ဗျားကအဆင့်မြင့် သိုင်းပြောင်းပြန် ဆရာကြီးပဲ ဟား. . ဟား"

"ညက ကျုပ် တော်တော်မူးနေတာဗျ။ ရှုးကြောင်မူးကြောင်နဲ့ ဒေါသကလည်း တော်တော်ထွက်နေတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး စွတ်လုပ်လိုက်တာ။ တော်တော်ဒုက္ခများပါတယ်ဗျာ"

စားပွဲထိုး လာချပေးသော ဘီယာခွက်ကို မျက်စပစ်ပြရင်း ကိုမြင့်ဝင်းက ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျားရဲ့ စည်းထိတ်ရင်ဖိုဖြစ်ရပ်ဇာတ်လမ်းကို နောက်မှပြော။ ချီးယားစ်လုပ်လိုက်ရအောင်"

အားလုံးပြိုင်တူ ခွက်များကို ကိုင်မြှောက်လိုက်ကြသည်။

"ချီးယားစ်. . သူ့ရဲ့ကောင်းကြီးရဲ့အောင်မြင်မှုကို ဂုဏ်ပြုပါတယ်"

"ကဲ ခင်ဗျားရဲ့ ဇာတ်လမ်းတစ်ခုလုံးမကျန် ခရေစေ့တွင်းကျ ပြောပေတော့"

ကျွန်တော်က ဘီယာတစ်ငုံ မော့လိုက်ပြီး . . .

"ညက ကျွန်တော် တော်တော်မူးတယ်ဗျ၊ ညစာစားပွဲမှာကတည်းက မူးသွားလို့ တောင်းပန်ပြီး ပြန်လာရတာ။ ခင်ဗျားတို့ဆီရောက်တော့ Red Label တစ်ခွက် ထပ်သောက်လိုက်သေးတယ်၊ ပြီးတော့ မရတော့လို့ ကျွန်တော်တစ်ယောက်တည်း ထပြန်လာတယ်၊ အဲဒီမှာ ပြဿနာနဲ့ တိုးတော့တာပဲဗျို့။ ခင်ဗျားတို့သိတဲ့ အတိုင်း ကျုပ်က ရှာဖွေလေ တွေ့ရှိလေကို ဝါသနာထုံတဲ့ကောင် ဆိုတော့ အရက်ရဲ့အရှိန်လေးနဲ့ ဘဝတစ်ခုကို စူးစမ်းလိုက်တာမှာ ဆူးပုံနင်းမိတော့တာပဲ။ ကံကောင်းလို့ပေါ့ဗျာ"

(၂)

တစ်. . . တောက်

တစ်. . . တောက်

တစ်. . . တောက်

ဗိုင်ခွက်ဆီမှ ညာဘက်ဘေးကပ်ရပ်ရန် အချက်ပြမီးသံ ထွက်ပေါ်လာသည်။ ခေါင်းထဲမှာ မူးနောက်နောက် ရီဝေဝေ။ ဆံနီမလေးဘက်မှ ကားပြတင်းတံခါးမှန်ကို များယွင်းစွာ ဖွင့်လိုက်မိခြင်းကြောင့် ကန်ရေပြင်ဆီမှ တိုက်ခတ်လာသော လေနုအေးများနှင့်အတူ အီတောက်တောက် ရေမွှေးရနံ့ တစ်ခုက ကျွန်တော့်နှာဖျားဆီ ဝရုန်းသုန်းကား တိုးဝင်လာတော့သည်။ မှားယွင်းမှုတစ်ခု၏ ကြိုတင်နိမိတ်လေးများလား။ ကျန်ပြတင်းတံခါးမှန်များအားလုံးကို အမြန်ဆုံး ဖွင့်လိုက်ရပြန်သည်။ သို့သော်လည်း ဆံနီမလေးဆီမှ လွင့်လာသော အပေါစားကိုယ်နံ့သံများ၏ အန္တရာယ်ကတော့ ခြိမ်းခြောက်နေဆဲ။

"ကဲ. . မယ်မင်းကြီးမ၊ အသင်သွားလိုရာသွားပေတော့"

"ဦးကလည်း သမီးဒီမှာ မဆင်းချင်ဘူး။ သမီးဟာက်ခဲ့တဲ့ နေရာပဲ ပြန်ပို့ပေးပါဆို။ ရွှေနားလေးတင်တာ. . ဘာထူးမှာမို့လဲ။ သူ့မေးချင်ရာတွေ မေးလို့လည်းပြီးရော လူကိုတွေ့ကရာနေရာ ပစ်ထားခဲ့တော့တာပဲ"

ဆံနီမလေးရဲ့ ခနဲ့တဲ့တဲ့စကားကို ကျွန်တော် မကြားချင်ဟန်ဆောင်နေလိုက်ပြီး ကားကိုဖြည်းညင်းစွာ မောင်းထွက်ခဲ့သည်။ ကျွန်တော့်မှာလည်း ကိုယ့်ဒုက္ခနှင့် ကိုယ်ရယ်မို့ စကားဆက်ချင်စိတ်မရှိ။ နှစ်ပိုင်းဆက်သောက်ခဲ့သော အရက်ရှိန်က အတော်ခရီးရောက်နေပြီ၊ ညစာထမင်းဝိုင်းမှာ သောက်သုံးခဲ့သော Gold Label ၏ ငြိမ့်ညောင်းသာယာမှုများသည် ဒုတိယဝိုင်းမှ Red Label တစ်ငုံမျှသောက်လိုက်ရုံနှင့် တစ်စစီပျက်ကြွေခဲ့ရသလို၊ နာမည်ကျော် ဈော်နီဝါကား၏ ကြည်နူးဖွယ်ရာ တန်ဖိုးများအားလုံးသည်လည်း ဆံနီမကိုယ်နံ့တုများကြောင့် ဝတ်လစ်စားလစ်ဖြစ်ခဲ့ရလေပြီ။ လေအေးပေးစက်ပင် လက်မြှောက် အရှုံးပေးလိုက်ရသော ဆံနီမ၏ အပေါစားကိုယ်နံ့တုများ ကားထဲမှာ စွဲကျန်နေမှုဖြင့်ဆိုသော အတွေးက စိတ်မသက်မသာရှိလှ၏။ လမ်းသွယ်လေးတစ်ခုထိပ်မှ မှောင်ရိပ်တွင် ကားကိုထိုးရပ်လိုက်သည်။ အမိက ချက်ချင်းမဆင်းသေးဘဲ လေရှည်နေပြန်သေးသည်၊

"အခုလို ပြန်ပို့ပေးတာ ကျေးဇူးပါပဲ။ သိချင်တာရှိသေးရင် နောက်နေ့ညတွေ လာမေးဦးနော်၊ ပိုက်ဆံပေးဖို့မလိုပါဘူး။ အိပ်မက်လှလှလေးတွေ မက်သွားပါစေ သွားပြီနော်"

ဟုပြောကာ သူနှင့်အတူညီစိုစို ပြင်းတောက်တောက် အနံ့ဆိုးများကို စုပ်ယူသွားတော့သည်။ မနေနိုင်မထိုင်နိုင် သူထိုင်သွားသော ထိုင်ခုံဝန်းကျင်ကို အနံ့ခံကြည့်မိသည်၊ ကျွန်တော်ထင်သလောက် မဆိုး။ ဒုက္ခကိုဝယ်ယူမိသော ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေမိသည်။ ဆံပင်အနီ၊ တောင်းဘီအနီနှင့် ကောင်မလေးမှာ လမ်းကျဉ်းလေးဆီ မျက်နှာမူ၍ အမှောင်ထုထဲသို့ တိုးဝင်ခုန်ဆင်းသွားလေပြီ။ ဒီနေရာက သူ့ရဲ့ကွန်ချက် ဖြစ်နိုင်သည်။ နောက်ထပ် ငါးဘယ်နကောင်လောက်များ သူ့ပိုက်ကွန်ထဲကို တိုးဝင်လိမ့်ဦးမည်မသိ။

"ဦးက ဘယ်လိုလူကြီးလဲ" ဆိုသော ဆံနီမလေး၏ မေးခွန်းကိုသာ ကြားယောင်နေမိပြန်သည်။ သူ့အတွက်တော့ ကျွန်တော့်လိုလူမျိုး မတွေ့ဖူးသေးတာလည်း ဖြစ်နိုင်ပါလိမ့်မည်။ ၁၅ မိနစ်စာ မေးခွန်းများကိုဖြေပေးရုံနှင့် ကြိုတင်သဘောတူထားသော ငွေငါးထောင်အစားတစ်သောင်းရလိမ့်မယ်လို့ သူ မျှော်လင့်မည်မဟုတ်။

ကျွန်တော်နှင့် သူ၏ ၁၅ မိနစ်စာ ကူးလူးဆက်ဆံမှုက သူမျှော်လင့်ထားသလိုမဟုတ်ဘဲ အပြာရောင်မသန်း အဖြူထည်သက်သက်စကားလုံးများနှင့်သာ၊ တစ်နည်းဆိုရသော် သူ့ဘဝဖြတ်သန်းခဲ့ရမှုများကို ငွေပေး၍စပ်စုခဲ့ခြင်းမျှသာဖြစ်သည်။ ဒါကြောင့်လည်း ကျွန်တော့်ကို ဘယ်လိုလူကြီးလဲလို့ သုံးသပ်သွားတာမျိုး ဖြစ်နိုင်သည်၊ ထို့အတွက်တော့ သူလည်း ကျေနပ်နိုင်ပါလိမ့်မည်။

အမူးမပြေချင်သေး၍ ကော်ဖီတစ်ခွက်လောက် သောက်လိုက်ဦးမည်ဟု စဉ်းစားမိသည်။ ရွှေဂုံတိုင်မီးပွိုင့် အရောက်တွင် Coffee Circles ရှိရာ ဓမ္မစေတီလမ်းသို့





သွားရန် ယာဉ်ကြောရွေးလိုက်၏။ ထိုစဉ် တစ်စုံတစ်ခုကို သွားသတိရလိုက်သည်။ ဖုန်း. . ငါ့ဟမ်းဖုန်း ဘယ်ရောက်သွားပါလိမ့်။ အချိန်တော်တော်များများ သုံးနေကျပစ္စည်းဖြစ်၍ အကျင့်ပါနေသောလက်က ဖုန်းကို အလိုလိုရှာမိလျက်သားဖြစ်သွားသည်။ ဘောင်းဘီအိတ်ထဲတွင် ထည့်လေ့မရှိသော်လည်း စမ်းကြည့်မိသည်။ မတွေ့။ ထိုင်ခုံတွေပေါ်မှာလည်း ရှာမရ။ အင်္ကျီအိတ်၊ လက်ဆွဲအိတ်၊ ကားဒက်ရှ်ဘုတ်၊ ထိုင်ခုံအောက်တွေပါမကျန် မြေလှန်ရှာကြည့်သည်၊ ကျွန်တော့်ရဲ့ 4D iphone မှာ ပျောက်ခြင်းမလှပျောက်သွားခဲ့လေပြီ။ နေကာမျက်မှန်ကိုတွေ့သည်။ ပိုက်ဆံအိတ်လည်း ရှိနေသေးသည်။ ကားထဲမှ ပစ္စည်းအားလုံးလည်း ပုံမှန်အတိုင်း ဘာတစ်ခုမှ အပျောက်အရှမရှိ။ သေချာသည်မှာ ညစာစားခဲ့သော ပထမဝိုင်းမှ ထထွက်လာသည်အထိ ရှိသေးသည်။ ကိုကျော်ကျော်ထံ ဖုန်းဆက်ပြီး သူတို့ဝိုင်းဆီကူးခဲ့ခြင်းက မမှတ်မိနိုင်စရာမရှိ၊ ဒုတိယဝိုင်းမှ ပြန်လာစဉ်ကလည်း အိမ်ကို ဖုန်းဆက်လိုက်သေးသည်။ ပြီးတော့ ကျွန်တော့်အကျင့်အတိုင်း ဖုန်းကို အရှေ့ထိုင်ခုံမှာ ပိုက်ဆံအိတ်နှင့်အတူ ချထားလိုက်သည်။ ဆံနီမကားပေါ်အတက်တွင် ပိုက်ဆံအိတ်ကိုယူလိုက်သော်လည်း ဖုန်းကိုယူလိုက်၊ မယူလိုက် မသေချာ။ ကန်ရေပြင်ကိုပတ်၍ ကားမောင်းရင်း ဆံနီမကို အင်တာဗျူးလုပ်သည်၊ ဆံနီမဆင်းသွားသည်နှင့်တစ်ပြိုင်နက် အပြင်းစားရေမွှေးနံ့များ ပျောက်ဆုံးသွားတာကိုသာ သတိပြုလိုက်ပြီး ဖုန်းပျောက်သွားတာကို သတိမမူမိလိုက်။

"သောက်ကမြင်းမ. . ငါ့ကို ဒါမျိုးလုပ်လို့ရမလား။ တွေ့ကြသေးတာပေါ့။ ငါ့ကိုအချဉ်မှတ်လို့၊ ဒီညတော့ ငါ့လက်က နင်လွတ်အောင် ပြေးပေတော့၊ ငါ့ဖုန်း ပြန်မရလို့ကတော့ မိုးကို မီးနဲ့တက်ရှို့ပစ်မယ်"

ကျွိ. . . ကျွိ

ဒေါသနှင့်အတူ ကားဘရိတ်ကို ဆောင့်အုပ်လိုက်ပြီး လာရာလမ်းဆီသို့ ဆတ်ခနဲ ချိုးကွေ့ပစ်လိုက်သည်။ ကားဟွန်းသံများ၊ ဆဲဆိုသံများ ဆူညံစွာ ကျန်ရစ်ခဲ့တော့၏။ i Phone က ကျွန်တော့်ရဲ့မရှိမဖြစ်အသုံးအဆောင်၊ ထိုဖုန်းထဲတွင် ကျွားကုတ်ကျားခဲ စုဆောင်းထားသော အချက်အလက်ပေါင်းမြောက်မြားစွာ ရှိနေသည်။ ဒါတွေပါသွားလျှင် ကိုယ်ကျိုးနည်းရပေတော့မည်။ ဆံနီမအတွက် ငွေက ပိုအရေးကြီးလိမ့်မည်မှန်သော်လည်း ကျွန်တော့်အဖို့ ခုချိန်မှာ ငွေထက် ဖုန်းထဲမှ အချက်အလက်များက ပိုအရေးကြီးသည်။ မှတ်တမ်းဓာတ်ပုံများ၊ ဖုန်းနံပါတ်များ၊ အင်တာနက်မှ ဆွဲချထားသောအချက်အလက်များ၊ အလုပ်ကိစ္စနှင့်ပတ်သက်သည်များ အကုန်ပါသွားသည်။ ကျွန်တော့်မျက်လုံးထဲတွင် ဖုန်းမှလွဲ၍ ဘာမျှမမြင်တော့ပေ။

ဆံနီမဆင်းသွားသော လမ်းကျဉ်းလေးဆီအရောက်တွင် ကားကို ချိုးဝင်လိုက်ပြီး လမ်းတစ်လျှောက် ဘေးဘီဝဲယာသို့ ကားမီး အကူအညီဖြင့် ရှာကြည့်မိသည်၊ အရိပ်အယောင်မျှ မမြင်ရ။ ရင်ထဲမှ ဒေါသ အပူက ငယ်ထိပ်တက်အောင် နေဘီအလား တဒုတ်ဒုတ် အသံများ နားထဲမှာ ဆူညံနေတော့သည်။ အမူလုံးကြီးက ဦးခေါင်းနှင့် ရင်ဘတ်သို့ စုန်တစ်ချည် ဆန်တစ်လှည့်လှုန်းထိုးနေတော့၏။ ကားကို လမ်းဘေးတစ်နေရာရပ်လိုက်ပြီး တစ်ခဏမျှ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

ခေါက်. . . . ခေါက်

ထိုစဉ် ကျွန်တော့် ညာဘက်ဘေးဆီမှ ကားမှန်ခေါက်သံ ခပ်တိုးတိုးထွက်ပေါ်လာ၍ မျက်လုံးကိုဖွင့်ကြည့်မိလိုက်သည်။ မိန်းမပျိုတစ်ဦး။ ခွပ်ကျယ် ချိုင်းပြတ်နှင့် တူသော အနက်ရောင် ဆွဲသားအောက်မှ ဖြူဝင်း အိစက်နေသော အသားအရေ ပိုင်ရှင်ခလေး၊ ကျွန်တော် လှိုက်လှဲစွာ ပြုံးပြလိုက်ပြီး မှန်ကို လျှော့ချလိုက်သည်။ တံခါးခေါက်သံရှင် ကောင်မလေး၏ နှုတ်ခမ်းတစ်စုံ လှုပ်ရှားသွားတာ တွေ့လိုက်ရသည်။

". . . . . . . . . . . ."

သို့သော် ကျွန်တော် ကြားလိုက်သည်မှာသူ့ အ သ မဟုတ်။

"သမီးတို့ တ လမ်းပေါ်မှာ လှုပ်ရှားရတယ် ဆိုပေမယ့် ကိုယ်တစ်ယောက်တည်း တစ်ကိုယ်တော် လုပ်လို့ရတာ မဟုတ်ဘူး။ ဦး သိတဲ့အတိုင်းပဲ အဖွဲ့နဲ့လုပ်ရတာ၊ ကိုယ်တစ်ယောက်တည်း လုပ်ပြီး ကိုယ်ရတာ ကိုယ်ယူကြေးဆိုရင် ထောနေတာ ကြာလှပေါ့။ ဟင်း. . ဟင်း. . ပါသွားတာလည်း ကြာလှပေါ့"

ဆံနီမ၏ အသံ။ ကျွန်တော် ကြားလိုက်တာ ဆံနီမအသံမှ အသံစစ်စစ်။ နားနားကို အပီအပြင် ကပ်ပြောလိုက်သလို ပြန်ကြားနေရခြင်း ဖြစ်သည်။ ကျွန်တော့်အထင်မှာ တံခါးခေါက်သော ကောင်မလေးကို ကျွန်တော် ခေါင်းညိတ်ပြလိုက်မိပုံပေါ်သည်၊ ကောင်မလေးကျွန်တော့်ဘေး အရှေ့ ခန်းခုံသို့ ရောက်လာသည်။ ကျွန်တော့် ခေါင်းထဲသို့ တိုး

"အစ်ကို..အဲဒီကောင်မ ဘာအကြီးဘာအကျောင် ဝတ်ထားသလဲသာပြော။ အစ်ကို့ဖုန်းသေချာပေါက် ပြန်ရစေရမယ်။ ရော့..ဒီမှာ ကျွန်တော်တို့ အိတ်တွေယူထား။ မှတ်ပုံတင်ပါ..ပါတယ်။ ယော့..နင်တို့အိတ်တွေလည်း ပေးလိုက်ကြလေ။ ဒီလိုသစ္စာမရှိတဲ့ အောက်တန်းစားမကို ကျွန်တော်ကိုယ်တိုင် ပါးရိုက်ပစ်မယ်။ ဒီကောင်မ ဆင်းသွားတဲ့နေရာကိုသာ ပြန်မောင်းပါ။ ကောင်မပုံစံပြော.."



Asian Fame Media Group

ဝင်လာသည့် မရေမရာ အတွေး တစ်ခုကို ကြိုးစား ဖမ်းဆုပ်နေမိသည်။ လမ်းတစ်ဖက် အခြမ်း သစ်ပင်ရိပ် အောက်တွင် ဂျင်းဘောင်းဘီအရှည်၊ ခေါင်းစွပ် အင်္ကျီနှင့် နောက် တစ်ယောက်။ ကားမီးကြီးကို တဖျပ်ဖျပ် ကစားပြလိုက်ပြီး ရပ်လိုက်သည်။ ပါလာမြန်ပြီ နောက် တစ်ယောက်။

"အစ်ကိုကြီးက 2 in 1 လား"

ငါဘာလဲ နင်တို့မကြာခင် သိရမှာပေါ့လို့ စိတ်ထဲမှ ကြုံးဝါးလိုက်သည်။ ကောင်မလေး နှစ်ယောက် သူတို့အချင်းချင်း စကားတွေပြောနေကြသည်။ သူတို့အုပ်စုဖွဲ့လှုပ်ရှားနေခြင်းမှာ သေချာသလောက် ရှိပြီ။ မလှမ်းမကမ်းရှိ လမ်းဘေးမီးတိုင် အောက်တွင် ကြွပ်ကြွပ်အိတ်ထဲမှ အရက်ဖြူများကို ဝေမျှသောက်သုံးနေကြသော ယောက်ျားပျို ၄၊ ၅ ယောက် ရှိနေသည်။ သူတို့ရဲ့ အကြည့် တွေက



ကျွန်တော့်ကားဆီမှာ။ ခပ်လှမ်းလှမ်း အရှေ့ဘက်တွင် ကားမှတ်တိုင်မှာ ရပ်နေသော ကောင်မလေး တစ်ယောက် ကားမီးရှေ့သို့ တိုးဝင်လာပြန်သည်။ တတိယမို့ ကားကို မောင်းထွက်လိုက်စဉ် ကျွန်တော့် ကားထဲမှာ မိချော သုံးယောက်။ ကိုယ် တစ်ယောက် သူတို့စကားသံတွေက ညည်းလိုင်နေသည်။ ကျွန်တော့် ကားလမ်းဆုံဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာစဉ် စတီယာတိုင်ကို ညာဘက်သို့ ဆတ်ခနဲ ချိုးချလိုက်သည်နှင့် တစ်ပြိုင်နက် . . .

"အစ်ကိုကြီး ဘယ်သွားမလို့လဲ ဟင်"

သူတို့၏ ဇနီးယာကို ကျော်သွား၍ များလားမသိ။ စိုးရိမ်သွားပုံပေါ်သည်။

"ရဲစခန်း"

ကျွန်တော့်လေသံက သိသိသာသာ မာနေသည်။

"ဟာ အစ်ကိုကြီးက ရဲလား"

"ဒုက္ခပါပဲ။ ရဲစခန်းက ဘာသွား လုပ်မလို့လဲ"

"ရဲစခန်းဆို အခုဆင်းမယ် ရပ်ပေး . . မရပ်ပေးရင် ခုန်ဆင်းမှာနော် . . ရပ် . . ရပ် . . အခု ရပ် . . "

"ဆင်းရဲရင် ဆင်းပေါ့၊ မင်း ခုန်ဆင်း တာနဲ့ နောက် ဘီးက မင်း ခေါင်းကို ကြိတ်မှာပဲ။ ငါကမင်းတို့ကို ဒီည အခမဲ့ ကြိုပို့လုပ်ပေးမလို့။ နောက်ဆက်တွဲတွေ လာဦးမယ်"

"အဲလိုတော့ မလုပ်ပါနဲ့ . . ကျွန်မတို့ဘာလုပ်မိလို့လဲ"

"အစ်ကိုကြီးက ရဲမဟုတ်ဘဲနဲ့ ကျွန်မတို့ကို ဘာလို့ ရဲစခန်း ပို့ချင်ရတာလဲ။ အစ်ကိုကြီးဖြစ်ချင်တာ ပြောပါ။ အစွမ်းကုန် လုပ်ပေးပါ့မယ်"

ရဲစခန်းရှေ့ အကျော်တွင် ကားကို ဂိတ်ဂငယ်ကွေ့ ကွေ့လိုက်ပြီးသည်နှင့် ရဲစခန်း၏ အုတ်တံတိုင်း အပေါက်ဝမှာ ကားကို မေးထိုးရပ်လိုက်သည်။ ၃ ယောက်စလုံး၏ မျက်နှာများမှာ ဆီးရွက်မျှပင် မရှိတော့ချေ။ တဆတ်ဆတ်တုန်နေသောလက်များဖြင့် ကျွန်တော့်လက်မောင်းကိုဆုပ်ကိုင်ကာ ရှိုနိုးဦးချ တောင်းပန်နေကြပုံမှာ တကယ်ကိုပင် သနားစရာကောင်းလှသည်။ ရှေ့ခန်းကကောင်မလေးမှာ တရှုပ်ရှုပ်ငိုနေပြီ။

"ကျွန်မတောင်းပန်ပါတယ် အစ်ကိုကြီးရယ်။ အခုလောလောဆယ် ကားကိုသာ ဒီနေရာကနေ မြန်မြန်မောင်းပါတော့။ အစ်ကိုကြီးဖြစ်ချင်တာ ဖြစ်စေရပါမယ်"

"အေး . . ဟုတ်ပြီ၊ ငါ့ဟမ်းဖုန်းကို နင်တို့ထဲက ကောင်မတစ်ကောင် အခုလေးတင် ခိုးသွားတယ်၊ ဒီည ငါ့ဖုန်းပြန်မရလို့ကတော့ နင်တို့အားလုံး မသာပေါ်ပြီသာ မှတ်ပေတော့၊ ငါ့ကို ဘာကောင်မှတ်နေလဲ"

"အဲဒါဆို ဘယ်လိုပုံစံလဲဆိုတာ သာပြော။ အစ်ကိုကြီးစိတ်သာချ၊ ဒီညတွင်းချင်း ပြန်ရစေရမယ်။ အခုလောလောဆယ်ကားကိုသာ မြန်မြန်မောင်းပါတော့။ ကျွန်မကြောက်လို့ပြီ"

"အစ်ကို . . အဲဒီကောင်မ ဘာအင်္ကျီ၊ ဘာအရောင် ဝတ်ထားသလဲသာ ပြော။ အစ်ကို့ဖုန်းသေချာပေါက် ပြန်ရစေရမယ်။ ရော့ . . ဒီမှာ ကျွန်တော်တို့ အိတ်တွေယူထား၊ မှတ်ပုံတင်ပါ . . ပါတယ်။ ဟော့ . . နင်တို့အိတ်တွေလည်း ပေးလိုက်ကြလေ၊ ဒီလိုသစ္စာမရှိတဲ့ အောက်တန်းစားမကို ကျွန်တော်ကိုယ်တိုင် ပါးရိုက်ပစ်မယ်။ ဒီကောင်မ ဆင်းသွားတဲ့နေရာကိုသာ ပြန်မောင်းပါ။ ကောင်မပုံစံပြော . . "

ယောက်ျားလျာပုံစံ ပေါက်နေသော ခေါင်းစွပ်အင်္ကျီနှင့် ကောင်မလေးက သူတို့ပိုက်ဆံအိတ်များ အားလုံးကို ကျွန်တော့်ပေါင်ပေါ်တင်ပေးပြီး ဒေါသတကြီး ဝင်ပြောသည်။ ရှေ့ခုံမှ ကောင်မလေးဆီက အသံထွက်လာသည်။

"ဟုတ်တယ် . . ဒါ . . ကျွန်မတို့ကို လုပ်စားလို့မရအောင် လုပ်တာ၊ ကိုကျွဲကြီးသိလို့ကတော့ . . ကောင်မသလာစံခံရမယ်မှတ်"

သူတို့ တကယ်ပင် ရိုးသားစွာ ပြောနေကြခြင်းဟု ကျွန်တော် ယုံကြည်မိပါသည်။ ကျွန်တော့်ကားကို လာလမ်းဆီသို့ ပြန်မောင်းလာစဉ်တွင် ကျွန်တော့် ပေါင်နှစ်လုံးကြားမှာ ပိုက်ဆံအိတ် သုံးအိတ်ပါလာ

"ငါပြောမယ်၊ ငါသူ့ကို ဘဝနာကျင်လောက်မှာ လမ်းထိပ်မှာရပ်နေတာ တွေ့ရလို့ခေါ်တယ်။ သူ့ကို ဘာတစ်ခုမှမလုပ်ခဲ့ဘူး မယုံရင်မေးကြည့်လို့ရတယ်။ လက်ပျားနဲ့ကောင်မထိခဲ့ဘူး သူ့ဘဝအကြောင်းတွေကိုပဲ မေးခဲ့တာ။ တန်ရာပြင် တစ်ပတ်ကားမောင်းတယ်။ ပြီးတော့သူ့ကိုခေါ်ခဲ့တဲ့ လမ်းထိပ်အရောက် ပြန်ပို့ပေးပြီး သူ့ငါးထောင်တောင်းတာကို ငါတစ်သောင်းပေးခဲ့တယ်။"



Asian Family Media Group

သည်။

"နာမည်တော့ ငါမမှတ်မိတော့ဘူး၊ မြစ်ဝကျွန်းပေါ်ဘက်က လာတာလို့ ပြောတယ်။ ဆံပင်အနီရောင် . . နည်းနည်းကောက်တယ်။ မိန်းမဝတ်တီရှပ် အဖြူရောင်၊ ဂျင်းဘောင်းဘီအနီ ဝတ်ထားတယ်။ ညာဘက်လက်မှာ ကျောက်စီထားတဲ့ ဟမ်းချိန်းဝတ်ထားတယ်. . "

ကျွန်တော့်စကားမှ မဆုံးသေးယောက်ျားလျာမလေးက နာမည်တစ်ခုကို ကြားဖြတ်ပြောလိုက်သည်။ ကျန်နှစ်ယောက်ကလည်း တစ်ညီတစ်ညွတ်တည်း ထောက်ခံကြသည်။ ကျွန်တော်က ပြောစရာရှိတာ ဆက်ပြောသည်။

"ငါပြောမယ်။ ငါသူ့ကို ၁၀ နာရီလောက်မှာ လမ်းထိပ်မှာ ရပ်နေတာတွေ့လို့ ခေါ်တယ်။ သူ့ကို ဘာတစ်ခုမှမလုပ်ခဲ့ဘူး။ မယုံရင် မေးကြည့်လို့ရတယ်။ လက်ဖျားနဲ့တောင်မထိခဲ့ဘူး။ သူ့ဘဝအကြောင်းတွေကိုပဲ မေးခဲ့တာ။ ကန်ရေပြင်တစ်ပတ်ကားမောင်းတယ်။ ပြီးတော့ သူ့ကိုခေါ်ခဲ့တဲ့ လမ်းထိပ်အရောက် ပြန်ပို့ပေးပြီး သူငါးထောင်တောင်းတာကို ငါတစ်သောင်းပေးခဲ့တယ်။ ဖုန်းကို ဒီအရှေ့ထိုင်ခုံမှာ တင်ထားတာ။ သူတက်လာတော့ ငါမယူမိဘူး။ သူလည်းဆင်းသွားရော ငါ့ဖုန်းမရှိတော့ဘူး။ ဖုန်းထဲမှာ ပါသွားတဲ့ အချက်အလက်တွေ ဖုန်းနံပါတ်တွေက ငါ့အတွက် သေရေးရှင်ရေးတမျှအရေးကြီးတယ်။ ဒါကြောင့် ငါ့ဖုန်းကို မဖြစ်မနေ ပြန်လိုချင်တယ်။ ငါ့ဖုန်းက apple 4D အမျိုးအစား iphone ပဲ။ နင်တို့ ရအောင်ပြန်ယူပေးရင် တစ်ယောက်ကို တစ်သောင်းစီ မုန့်ဖိုးပေးမယ်။ အေး. . . မရရင်တော့ နင်တို့အားလုံး ခွေကိုက်ပြီသာမှတ်ပေတော့"

ကျွန်တော့်ကို ကတိတွေအထပ်ထပ်ပေးကာ ခဏလေးစောင့်ပါရန် တောင်းပန်ပြီး ထွက်သွားကြလေ၏။ ယောက်ျားလျာ ကောင်မလေးနှင့် အဖော်တစ်ယောက်က ဆံနီမဝင်သွားသော လမ်းကျဉ်းကလေးထဲသို့ ဝင်သွား၍ နောက်တစ်ယောက်က ဓာတ်မီးတိုင်အောက်မှာ ယောက်ျားပျိုအုပ်စုဆီ စကားသွားပြောနေသည်။ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာရှိုက်နေစဉ်တွင် ဓာတ်မီးတိုင်အောက်မှ အမျိုးသား နှစ်ယောက် စက်ဘီးတစ်စီးကို ခပ်သော့သော့စီးနင်းကာ ဆံနီမသွားရာလမ်းကျဉ်းလေးအတိုင်း ထွက်သွားတာကို တွေ့လိုက်ရ၏။

ငါးမိနစ် . . ဆယ်မိနစ် . . ဆယ့်ငါးမိနစ် . .။

ဒရောသော ပါးပြေးလာသော ဖိနပ်သံများနှင့်အတူ မီးလင်းနေသော iphone တစ်လုံးကိုကိုင်လျက် လမ်းကျဉ်းလေးထဲမှ ပြေးထွက်လာသော ယောက်ျားလျာကောင်မလေးနှင့် သူ့အဖော်ကောင်မလေးကို မြင်လိုက်ရပါသည်။

"ရော့. . အစ်ကိုကြီး. . ဖုန်းလာနေတယ်။ ခင်ဗျားဖုန်းက တစ်ချိန်လုံးလာနေလို့ ကျွန်တော် အသည်းအသန် ပြေးလာရတယ်။ မောလိုက်တာ"

ဖုန်းမျက်နှာပြင်ပေါ်တွင် ကျွန်တော့်မိန်းမ၏ နာမည်။

"အေး. . မိန်းမပြော. . "

"ယောက်ျား. . ရှင်ဘာတွေလုပ်နေတာလဲ။ ဖုန်းခေါ်နေတာ ၅ ခါရှိနေပြီ"

မိန်းမလုပ်သူ၏ ဒေါသသံကို ကြားလိုက်ရသည်။

"အေး. . ဖုန်းက ကားထဲမှာ မေ့ကျန်ခဲ့လို့ပ။ ငါ. . ကိုကျော်ကျော်တို့နဲ့ ထိုင်နေတာ၊ ပြန်လာမယ်. . . အခုပြန်လာပြီ"

(၃)

"ဟား. . ဟား. . ဟား. . အဲဒါကြောင့် ကျုပ်ကခင်ဗျားကို သိုင်းပြောင်းပြန် ဆရာကြီးလို့ ဘွဲ့တံဆိပ် ခတ်နှိပ်ပေးလိုက်တာ။ ကျုပ်ကြားခဲ့ဖူးတာက ကောင်မလေးတစ်ယောက် အားငှားစီးတယ်။ ခရီးအဆုံးမှာ ကားမောင်းတဲ့သူက ပိုက်ဆံတောင်းတော့ ကောင်မလေးက ကျွန်မ အော်လိုက်ရမလားလို့ ပြန်ပြောတယ်။ နောက်ဆုံးတော့ ကားမောင်းတဲ့သူခမျာ ကားခမရလိုက်တဲ့အပြင် မနည်းတောင်းပန်လွှတ်လိုက်ရတယ်။ ခင်ဗျားနဲ့ကျမှ ကောင်မလေးတွေက တောင်းပန်ယူရတယ်ဆိုတော့ ခင်ဗျားကပြောင်းပြန်သမားပဲ ဟား. . ဟား. . ဟား . . "

"နေဦး. . ခနဦး. . သတိရလို့ပြောရဦးမယ်။ ယောက်ျားလျာ ကောင်မလေးက ကျုပ်ကို အစ်ကိုဒီကောင်မကိုပါးရိုက်ချင်ရင် နောက်နေ့ည ၈ နာရီ ဒီနေရာကို လာခဲ့ပါလို့ ချိန်းလိုက်သေးတယ်ဗျ။ ဘယ်လိုလဲ ခင်ဗျားတို့ စိတ်ဝင်စားလား"

"တော်ပါ အေးရာအေးကြောင်း မုန့်စိမ်းပေါင်းပဲ ရောင်းပါရစေတော့ . . "

"ကောင်းပြီလေ. . ကျုပ်ကတော့ သွေးကြွေးသွားဆပ်လိုက်ဦးမယ်၊ တော်တော်တောင် နောက်ကျနေပြီ. . သွားပြီဗျို့. . "

လက်မှ နာရီကိုကြည့်မိလိုက်တော့ ၁၀ နာရီထိုးတော့မည်။ ကားကို ကန်ရေပြင်ဘက်သို့ ချိုကွေ့လိုက်၏။ ထူးထူးခြားခြား ဒီည တိတ်ဆိတ်လွန်းလှသည်။

ထိုစဉ် ကားရှေ့မီးကြီး အလင်းတန်းအောက်သို့ စကတ်အတိုနှင့် ကောင်မလေးတစ်ယောက် တိုးဝင်လာသည်၊ ဆံနီမလေးမဟုတ်သလို ညက ကောင်မလေးတွေလည်း မဟုတ်။ ကျွန်တော်ကားကို သူ့ရှေ့သို့ ညင်သာစွာ ထိုးရပ်လိုက်စဉ် . . .

". . . . "

"မဟုတ်ဘူး။ မနေ့ညက ငါ့ဟမ်းဖုန်းပျောက်သွားလို့ လာရှာတာ"

"အိုး. . အစ်ကို့ဖုန်းက ညက ပြန်ရသွားပြီ မဟုတ်လား၊ သူတို့ အစ်ကို့ကို ၉ နာရီလောက်ထိ စောင့်နေကြသေးတယ်"

"ဟုတ်လား. . . အေး. . အေး . . အားလုံးကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ပါကွာ. . "

ကျွန်တော် သူ့ကို တစ်ထောင်တန် ၃ ရွက် ထုတ်ပေးလိုက်သည်။ အကြွေးတွေအားလုံး ကျေသွားပြီဟုလည်း ခံစားလိုက်ရသည်။

ကျွန်တော် ကားကို မောင်းထွက်ခဲ့ချိန်မှာ ကမ္ဘာတစ်ခု အမှောင်ထုနှင့်အတူ ဟိုးခပ်ဝေးဝေးမှာ ကျန်နေခဲ့လေပြီ။


**ညီငယ်လေး**



Asian Fame Media Group

ဝတ္ထုတိုရသ

သာရဝဏ်



ဤလမ်းကလေးထဲသို့ သူ ပြောင်းလာတာ ၁၀ နှစ်ရှိခဲ့ပြီ။ မူလတုန်းက ဤလမ်းထဲတွင် မြေတစ်ကွက်ကို ဈေးချောင်ချောင်နှင့် ရသဖြင့် မိတ်ဆွေတစ်ယောက်၏ တိုက်တွန်းမှုဖြင့် ဝယ်ယူခဲ့ရုံသာရှိပြီး အမြဲတစေ အခြေချနေထိုင်ဖို့ ဆန္ဒမရှိခဲ့ပေ။ နောက်တော့ ငွေပို ငွေလျှံကလေး အနည်းငယ်စုမိသဖြင့် အမြတ်ရလျှင် ပြန်ရောင်းရန် ရည်ရွယ်ချက်ဖြင့် ထိုမြေကွက်ပေါ်တွင် အိမ်လေးတစ်လုံး ဆောက်ဖြစ်သွားသည်။ သူ အိမ်ထောင်ကျသွားခြင်းနှင့် အိမ်အသစ်ကလေးတစ်လုံး အဆင်သင့်ရှိခြင်းတို့ တိုက်ဆိုင်သွားမှုက ညားခါစလင်မယားနှစ်ယောက်ကို ဤအိမ်ကလေးဆီသို့ ယာယီသဘောနှင့် ရောက်လာစေခဲ့လေသည်။ တကယ်တမ်း နေထိုင်ကြည့်တော့ ဤလမ်းကလေးကား မဆိုး။



Asian Fame Media Group
MEDIA GROUP

စရိုက်ကြမ်းသော လူအများစုရှိလင့်ကစား ရပ်ကွက်နေလူအများစုက သူတို့လင်မယားကို ပညာတတ်များအဖြစ် တလေးတစားရှိကြသည်။ စင်စစ်သော်ကား ရန်ကုန်မြို့လယ်မှ တစ်နာရီခန့်သာ ဘတ်(စ်)ကားဖြင့် လာရသော ဆင်ခြေဖုံးမြို့နယ်တစ်ခု၏ ဆင်းရဲသား ရပ်ကွက်ကလေး တစ်ခုသို့ သူရောက်လာခြင်းဖြစ်ပါသည်။ အဲဒီလမ်းမှာနေတယ်ဟု ကြားလိုက်သည်နှင့် ဒေသခံဓာတ်သိအချို့က မျက်နှာများ ရှုံ့မဲ့သွားကြ၏။ 'သိပ်စရိုက်ကြမ်းတာ' ဟူသောစကားက သူတို့နှုတ်ဖျားမှ ပထမဆုံးထွက်ကျလာပြီး ဘယ်လိုလုပ်ခင်ဗျားတို့က ဒီလမ်းထဲကို ရောက်လာတာလဲ။ အရင်က ဒီလမ်းထဲမှာ ရှုပ်ရှုပ်ယှက်ယှက်တွေတောင် ရှိတာမသိဘူးလား ဟူသော မှတ်ချက်က ပီသာလေးနှင့် ဘေးထုလိုက်သလိုရှိ၏။ ပြောင်းလာခါစက မကြာခဏ ကြားရလေ့ရှိသော လင်မယားရန်ဖြစ်သံ၊ မကြားဝံ့ မနာသာ အော်ဟစ်ဆဲဆိုသံများကြောင့် မနေတတ်သလိုရှိသော်လည်း နောက်တော့ နေသားကျသွား၏။ အဆိုးထဲမှ အကောင်းကိုတွက်ရလျှင် ဤလမ်းကလေး၏ အဓိကအားသာချက်မှာ လူအများစုသည် ဆင်းရဲ နွမ်းပါးကြသော်လည်း ခိုးမှု၊ ဝှက်မှု ကင်းစင်စိတ်ချရခြင်းပင် ဖြစ်သည်။ လှမ်းထားသောအဝတ်များကို ညအခါမေ့လျော့၍ မရုပ်သိမ်းမိလျှင်လည်း အပျောက်အရှမရှိတာ အနည်းငယ် အံ့သြဖို့ကောင်း၏။ တစ်ခါက သူတို့လင်မယား ခရီးသွားရာမှ ပြန်ရောက်လာသောအခါ အိမ်နံဘေးမှထရံမှာ အချပ်လိုက်ပြုတ်ကျနေကြောင်းတွေ့ရပြီး အိမ်အကာမရှိ၍ ဟာလာဟင်းလင်းဖြစ်နေသည်။ သူခိုးဝင်သွားသည် မှတ်၍ အိမ်ကိုစစ်ဆေးကြည့်ရာ တီဗီ၊ ဗီစီဒီ၊ ကက်ဆက်တို့မှစ၍ အသေးအမွှားပစ္စည်းအဆုံး ဘာတစ်ခုမှ ခြေရာလက်ရာမပျက်ဘဲ အပ်တိုတစ်ချောင်းပင် ပျောက်ဆုံးမှုမရှိကြောင်း အံ့သြဖွယ် တွေ့ရှိရလေသည်၊ ထရံမှာ မိုးကြီးလေကြီးကျ၍ ရက်အတန်ကြာ သူ့ဘာသာပြုတ်ထွက်သွားခြင်းပင်ဖြစ်သည်။ ရန်ကုန်မြို့လယ်တွင် နေထိုင်သော သူ့အစ်ကိုမှာတော့ လင်မယားနှစ်ယောက်လုံး အလုပ်သွားခိုက် တိုက်ခန်းတံခါးသော့ကို ဖျက်ဝင်ပြီး ဖောက်ထွင်းသွားတာ ခံလိုက်ရဖူး၏။

လမ်းကလေးမှာ ပညာတတ်လည်း နည်းလှ၏။ မိဘများကလည်း ပညာရေးထက် နေ့စဉ်ဝင်ငွေရမည့် ကိစ္စများကို လုပ်ကိုင်ဖို့ကလေးများကို ပိုမိုအားပေး၏။ သူတို့ အမြဲပြောလေ့ရှိသော စကားတစ်ခွန်းမှာ . . .

"ကျောင်းနေလို့ကော မင်းက ဆရာဝန်၊ အင်ဂျင်နီယာဖြစ်မှာမို့လား" ဟူသတည်း။

ရပ်ကွက်ထဲမှာ နေသည်ဆိုတော့ လူမှုရေးကိစ္စတွေမှာလည်း မလွှဲမကင်းသာ ပါဝင်ရသည်။ သူတို့လမ်းကလေးမှာ မိုးတွင်း ဗွက်ထတတ်သော မြေနီလမ်းကလေးမို့ ကျောက်ကြမ်းခင်းသော လမ်းကလေးဖြစ်အောင် လမ်းထဲကအိမ်တွေမှာ တစ်အိမ်တက် တစ်အိမ်ဆင်း ငွေလိုက်ကောက်တော့ သူ့ကိုလည်း ရပ်မိရပ်ဖအဖြစ် မျက်နှာပြဖို့ခေါ်သည်။ တစ်စစ်လောက် အချိန်ယူ၍ တစ်အိမ်တက် တစ်အိမ်ဆင်း ငွေကောက်ခံအပြီးမှာတော့ ယခင်မြေသားလမ်းမှ အုတ်ခဲကျိုးများခင်းထားသေလမ်း၊ ထိုမှတစ်ဆင့် ကတ္တရာချိုးများ ခင်းထားသောလမ်းဖြစ်လာသည်။ ကတ္တရာလမ်း ပီပီပြင်ပြင်တော့ ဖြစ်မလာသေး။ လမ်းဟောင်းများမှ တူးထုတ်၍ပို့လျှံလာသော ကတ္တရာခဲအပိုင်းအစများကို ဈေးပေါပေါဖြင့်ဝယ်၍ ခင်းထားခြင်းဖြစ်၍ ဘုရားစူးကတ္တရာလမ်းဟု ခေါ်ရမည်။ ညီညာမှုမရှိ၍ လမ်းထဲသို့ ဆိုက္ကားပင် သိပ်မဝင်ချင်ပါ။ စလုံးစခုလမ်းကလေး၏ ပထမအဆင့်စီမံကိန်း အောင်မြင်သွားတော့ ငွေကိုင်ဖြစ်သော သူက ရငွေ သုံးငွေများကို စာရင်းတိကျစွာရေးပြီး လမ်းထိပ်သင်ပုန်းမှာ အများမြင်အောင် ထုတ်ပြန်ကြေညာပေးထားတော့ တစ်လမ်းလုံးက သဘောကျကြသည်။ သူတို့လမ်းကလေးထဲတွင် သာရေး၊ နာရေးကိစ္စအမျိုးမျိုးဖြင့် ငွေကောက်ခံဖူးပေါင်း များပြီ ဖြစ်သော်လည်း မည်သူကမျှ ယခုလို လမ်းသားများကို အရေး တယူ စာရင်း ထုတ်ပြန်ပေးခြင်း မရှိဖူးချေ။ ရငွေ၊ သုံးငွေအပြင် လက်ကျန်ပိုငွေ သုံးထောင့်သုံးရာ ခုနစ်ဆယ်ကျပ် ၃၃၇၀ ဟူသော စာရင်းရှင်းတမ်း အသေးစိတ်ကို အားလုံးက အထူးတဆန်းဖြစ်ကာ သဘောကျလက်ခံကြသည်။

ဒုတိယစီမံကိန်းအဖြစ် ဤလမ်းကလေးကို ကတ္တရာအချော ခင်းချင်သည်။ ထို့ထက်ပို၍ တတ်နိုင်လျှင် ဖောင်းနွမ်းပျက်စီးနေသော သစ်သားဓာတ်တိုင်များ နေရာတွင် ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုးလိုသည်မှာ လမ်းသူလမ်းသားအားလုံး၏ အပြင်းမားဆုံးဆန္ဒပင် ဖြစ်သည်။ ဖြစ်မလာသေးသည့် မဟာမျှော်လင့်ချက် စီမံကိန်းများအတွက်လည်း ကိုယ့်စရိုက်ကိုယ်စား ဘဏ္ဍာရေးမှူး၊ ငွေကိုင်အဖြစ် အရပ်က သူ့ကိုပင် ပြိုင်ဘက်မရှိ လေးစားစွာ ရွေးချယ်သည်။ သူကလည်း ရပ်ကွက်ပိုက်ဆံကို ကိုယ်ပိုင်ပိုက်ဆံနှင့် ပင် ရော၍မထား။ စာအိတ်တစ်လုံးတွင် သီးသန့်သိမ်းထားပြီး လိုအပ်တာနှင့် ချက်ချင်းထုတ်ပေးသည်။ ထို့ကြောင့် ရပ်ကွက်က သူ့ကို ယုံသည်။ သူကလည်း လမ်း တိုးတက်ရေးကို ဦးထိပ်ထားသည်။ လမ်းပိုင် ပိုက်ဆံထဲမှ ကွမ်း



Asian Fame Media Group



တစ်ယာပင် ယူစားခွင့်မပြု။ ဘယ်လောက် ခင်ခင် ပိုက်ဆံထုတ်လျှင် လက်မှတ်ထိုးပြီး သက်သေရှိမှ ထုတ်ပေး သည်၊ သူ ဘယ်လောက်ပင် ကျစ်ကျစ်လျစ်လျစ် စုဆောင်းပါ သော်လည်း အခက်အခဲတစ်ခု ကားရှိသည်။ ဤလမ်းထဲတွင် ငွေကောက် ရသည်မှာ လက်ခက်သည်။ ကျောက်ခဲကို ရေညှစ်ရသည်ကမှ ထွက်ချင် ထွက်လာဦးမည်။ လမ်းသူလမ်းသားတို့ထံမှ ငွေကောက်ရသည်က ထိုထက်ပို၍ ခက်ခဲသည်။ ဆင်းရဲလွန်းသဖြင့် တစ်နေ့လုပ်စာကို တစ်နေ့စားနေကြ ရသဖြင့် ငွေပိုငွေလျှံဟူ၍လည်း ရှိနိုင်ခဲသည်။ အချို့ကျ ထည့်ဝင်ရမည့် ငွေများ ကိုလည်း နေ့ရွှေ့ညရွှေ့ လုပ်နေ ကြသည်က များသည်။ ကြာတော့ သူစိတ်ဓာတ်ကျလာသည်။ သူ့ကို မြင်လျှင်ပင် ငွေကောက်ခံတော့မည် အထင်နှင့် လမ်းသားများမှာ ရှောင် ကြ၊ ပုန်းကြပင် ဖြစ်လာကြ၏။

> ဒုတိယစီမံကိန်းအဖြစ် ဤလမ်းကလေးကို ကတ္တရာအခင်းချင်းသည်၊ ထို့ထက်ပို၍တတ်နိုင်လျှင် ယောင်းနွံမျက်စီးနေသော သစ်သားဓာတ်တိုင်များ နေရာတွင် ကွန်ကရစ် ဓာတ်တိုင်များဖြင့် အစားထိုးလိုသည်မှာ လမ်းသူလမ်းသား အားလုံး၏အမြင့်မားဆုံး ဆန္ဒပင်ဖြစ်သည်။

◆ ◆ ◆

သုံးနှစ်သုံးမိုးပင် ရှိသွားပြီ။ သူတို့လမ်းကလေး၏ အခြေအနေကဘာမှ မတိုးတက်။ လက်ကျန်ဘဏ္ဍာငွေကို သုံးဆောင်ကျော်မှလည်း ထပ်၍ တိုးတက်မလာ။ ထဘီအကောင်းတစ်ထည်ကို ခနေနှင့်သမီး တစ်လှည့်စီဝတ်ရသော မိုးရွာ၍တစ်ယောက်က ထီးဆောင်းသွားလျှင် တစ်ယောက်ကအိမ်မှာ ထိုင်၍ ထီးပြန်လာအောင် စောင့်ရသော မိသားစုများထံမှ လမ်းကောင်းကျိုးပဲဖြစ်စေ၊ သူ ငွေဘယ်လိုကောက်ရက်ပါတော့မည်လဲ။ တစ်လမ်းလုံး စိတ်ကူးယဉ်နေခဲ့သော ကတ္တရာလမ်းချောနှင့် ကွန်ကရစ်မီးတိုင်အတွက် ကျသင့်ငွေများကို တတ်နိုင်ပါက သူတစ်ယောက်တည်းပင် စိုက်ထုတ်ကျခံလိုက်ချင်သည်။ သို့သော် တကယ်တမ်းမှာတော့ လူလတ်တန်းစားတစ်ယောက် စားဝတ်နေရေး ဖူလုံရုံမျှသာရှိသော သူသည်လည်း သူဌေးကြီးတစ်ဦးမဟုတ်၍ ထိုမျှငွေကို မထုတ်နိုင်ချေ။ ဤလိုနှင့်



Asian Fame Media Group

ဘာမှရေ့မဆက်နိုင်ဘဲ မူလလမ်းခင်းစဉ်က ပိုငွေသုံးထောင့်သုံးရာ ခန့်မှာ သူ့ထံတွင် သောင်တင်နေတော့သည်။ စာအိတ်ထဲမှာ သိမ်းထားတာကြာပြီဖြစ်၍ ငွေစက္ကူများမှာ မှိုလိုက်ချင်သလိုပင် ရှိလာကြပြီ။ ဘယ်သူကမှလည်း သူ့ကို စာရင်းလာမစစ်ကြ။ ငွေက သိပ်မများတော့ စိတ်မဝင်စားကြတာဘဲ ဖြစ်နိုင်သည်။ ထိုငွေကို သူဘာလုပ်သင့်သလဲ စဉ်းစားသည်။ လမ်းဖြစ်မြောက်ရေး အဖွဲ့ဝင်တွေထံ ပြန်အပ်လိုက်ရကောင်းမလားဟု စဉ်းစားသည်။ သို့သော် သူ့လက်ထဲ ထားသည်ကမှ သုံးနှစ်ကြာသည်အထိ ပုံစံမပျက်ရှိနေသေးသည်။ ထိုသူတွေလက် အပ်လိုက်လို့ကတော့ လက်ဖက် ရည်ဖိုး၊ ကွမ်းဖိုးထဲပါကာ စာရင်းပျောက်အင်းပျောက် ဖြစ်သွားမှာက သေချာသည်။ ငွေများကို အချိုးကျ ပြန်ခွဲပေးမည်ဟု စဉ်းစားသေး၏။ ဒါကလည်း ငွေသုံးထောင်ကျော်ကို မိသားစု ၆ဝ ခန့် ခွဲယူဖို့ဆိုသည်မှာ အတော် အလုပ် ရှုပ် သလောက် အကျိုးနည်းမည့်ကိစ္စ ဖြစ်သည်။ ပြီးတော့ ငွေထည့်စဉ်က တစ်အိမ်နှင့် တစ်အိမ် ထည့်ဝင်မှုပမာဏချင်းကတူသည်မဟုတ်။ အားလုံးကို တိတိကျကျ အချိုးကျ ဝေပုံချပေးဖို့ဆိုလျှင် LCCI Level 3 အောင်ထားသော ကွန်မျူတာ စာရင်းကိုင်တစ်ယောက်ကို အရင် အလုပ်ခေါ် ရမလို ဖြစ်နေသည်။

နောက်ဆုံးတော့ စိတ်ကူးဆန်းတစ်ခုကို ရုတ်တရက်တွေးမိ၏။ ဒီငွေ ငါ့ဆီမှာရှိနေတာ ဘယ်သူမှလည်း ရေရေရာရာ မေးလားမြန်းလားလုပ်တာလည်း မဟုတ်ပါဘူး။ ဆုံးသွားလည်း ဘယ်အရေးလဲဟု တွေးကာ ကံစမ်းဖို့အကြံရ၏။ သူ၏ အကြံမှာ လမ်းပိုင်ငွေ ၃၃၇ဝ နှင့် ရသမျှ အောင်ဘာလေထီထိုးလိုက်မည်။ ဘာဆုပ်ပေါက်ပေါက် စိုစိုပို့ပို့ ရလျှင် လမ်းပြင်မည်။ ခဝတ်တိုင် တပ်သစ်လဲမည်။ မပေါက်လျှင်လည်း ဘယ်သူမှ စာရင်းလာမစစ်သော ငွေကို ဥစ္စာစောင့်လိုဖြစ်နေရသော ဘဝမှလွတ်မည်။ သို့ရာတွင် ပဓိပဓပ်များလှသော လမ်းသူလမ်းသားတွေကို အခုနေ ဒါတွေသွားရှင်းပြလို့ မဖြစ်။ မပြီးခင် မြန်မာမပြင်စေနဲ့ ဆိုသော စကားပုံအတိုင်း သိုသိုဝှက် ဝှက် လုပ်ရမည်။

♦ ♦ ♦

"အဲဒါ ငါ့ပိုက်ဆံမဟုတ်ဘူး ကွ . . လမ်းပိုင် ပိုက်ဆံတွေ"

"ဘာ . . . ကိုစိန်ထွန်း . . . ရှင် ဘာပြောလိုက်တယ်"

ဇနီးသည်၏ အာမေဋိတ်သံက သွေနားထဲမှာဝုံးတစ်လုံးလို ဆူညံပေါက်ကွဲသွားသည်။ လောကတွင် မထင်မှတ်ထားသော ကိစ္စများသည် တစ်ခါတစ်ရံ၌ ကတ်သီးကတ်သတ် ဖြစ်တတ်လေရာ ယခုလည်း လမ်းပိုင် ပိုက်ဆံလက်ကျန်နှင့် အကြံကုန်ဂဠုန်ဆားချက်လိုက်သော ထီလက်မှတ်များထဲမှ သိန်းသုံးရာဆုကြီးလာပေါက်နေကြောင်းကို ထိဆိုင်မှ အကြောင်းကြားလာခြင်း ဖြစ်သည်။ မူလပေါက်မဲအပြင် အဝိုင်းအလိုက် ကျပ်သိန်းသုံးရာ ထပ်မံချီးမြှင့်မည် ဖြစ်၍ စုစုပေါင်း သိန်း ၆ဝဝ ရရှိမည့်ကံ ထူးမှုပင် ဖြစ်သည်။ အကျိုးအကြောင်းကို ရှင်းပြတော့လည်း မိန်းမက လက်မခံ။

"ရှင်အခုလို ထီထိုးတာ ဘယ်သူသိလဲ။ ဘယ်သူ့ကို တိုင်ပင်သေးလဲ"

"ဘယ်သူမှမသိဘူး။ ငါဘယ်သူနဲ့မှလည်း မတိုင်ပင်ဘူး။ လူများရင် စကားများတာမို့ ငါဘာသာ ကိုယ် လုပ်လိုက်တာ . . ."

"အမယ်လေး . . တော်ပါသေးရဲ့"

"ဘာတော်ပါသေးရဲ့လဲကွ"

"ဘာဖြစ်ရမလဲ . . အခု ထီပေါက်တဲ့ပိုက်ဆံကို ကျွန်မတို့ ရပြီပေါ့။ လမ်းပိုင် ပိုက်ဆံသုံးထောင်ကို စာအိတ်ထဲမှာ ပြန်ထည့်ထားလိုက်နဲ့ပဲ . . ."

"အဲဒီလိုတော့ ငါလက်မခံဘူး။ အစတည်းက အများအတွက် ရည်ရွယ်ခဲ့တာ အခုလိုဖြစ်လာတော့လည်း အများပဲရသင့်တာပေါ့ . ."

"ရှင်က ပြောလေကဲလေပါလား။ အရင်ပိုက်ဆံကို ဘယ်သူမှ မတိုင်ပင်ဘဲနဲ့ ကိုယ့်သဘောနဲ့ကိုယ် ထီထိုးပစ်တာ တရားမဝင်ဘူး။ မပေါက်ရင်လည်းရှင်ဘဲ စိုက်လျော်ရမယ်။ ပေါက်ရင်လည်း ရှင်ပဲယူရမယ် . ."

"မဖြစ်ဘူး . . မဖြစ်ဘူး . . အဲဒီငွေတွေနဲ့ ငါကသုံးစွဲနေတဲ့ အချိန်မှာ လမ်းသားတွေကို ဘယ်လို မျက်နှာပြမလဲ။ သူတို့ မျက်နှာကို ငါ ဘယ်လိုကြည့်မလဲ"

"ဘယ်လိုမှ မျက်နှာပြဖို့ မလိုဘူး။ ကျွန်မတို့ ဒီလမ်းထဲမှာ နေချင်လွန်းလို့ နေနေတာမဟုတ်ဘူး။ အခြားမှာ မနေနိုင်သေးလို့ အောင့်အည်းပြီးနေနေရတာ အခုအဆင်ပြေရင် တိုက်ခန်းဝယ်မယ်။ မြို့ထဲပြောင်းမယ်"

"နေဦး . . ဘယ်သူမှ မသိဘူးဆိုပေမယ့် ငါ့ကိုယ်ငါ သိနေတယ်ကွ . .။ ငါလိပ်ပြာမလုံဘူး။ စိတ်လည်းမသန့်ဘူးကွာ . .။ အဲဒီလိုလုပ်လိုက်ရင် ငါ့သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ တစ်စစီဖြစ်ပြီပေါ့။ ဆင်းရဲသားတွေပိုက်ဆံကို မယူကောင်းပါဘူးကွာ . ."

"ဒီမှာ ရှင့်အဲဒီသိက္ခာတွေပိုက်ပြီး စာရေးဆရာယောင်ယောင် လုပ်နေလို့ ကျွန်မပဲ မိန်းမတန်မဲ စီးပွားရှာနေရတာကျ မသနားတော့ဘူးလား။ ရှင့်ကလေးတွေကို အဆဲအဆိုသန်တဲ့ ဒီလိုရပ်ကွက်မျိုးမှာ ပညာရေးကိုအလေးမထားတဲ့ နေရာမျိုးမှာ ရှင်တစ်သက်လုံး ထားတော့မလို့လား။ အိုတော် . . ကျွန်မသိသလောက်ကတော့ ရှင်တို့လမ်းခင်းတာလည်း အကြမ်းထည်ပြီးနေပါပြီ။ အပေါ်ကတ္တရာအချောအုပ်ဖို့ကျန်တော့တာပါ။ ဒီလိုလမ်းသေးသေး ကျဉ်းကျဉ်းလေးများ ဆုံ့လှ ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်လွန်ရောပေါ့။ အဲဒီလောက်တော့ ကျွန်မလည်း သဒ္ဓါပါတယ်။ ကိုယ့်နာမည်နဲ့ လှူလိုက်ပေါ့ရှင်၊ အမိုက တလမ်းကောင်းသွားဖို့ ခဝတ်တိုင်တွေ၊ ဘာတွေကောင်းဖို့ လိုရင်း မဟုတ်လား . ."

သူ့နဖူးမှာ ဇောချွေးတို့ စို့လာသည်။ အမှောင်အလင်းသည် အားပြိုင်နေဆဲ။

---

ရပ်ကွက်ထဲသို့
ဆေးကြည့်ဝင်လိုက်သည်။
ကလေးဘာစိပြကြီးနှင့် လမ်း
လျှောက်လာသော
မျိုးထွန်းကြီးနှင့် အေးဘုံတို့
လင်မယားကို တွေ့ရသည်။
မျိုးထွန်းကြီးက ထုံးစံအတိုင်း
အပေါ်ပိုင်း အဝတ်ဗလာနှင့်
ပုဆိုးခပ်ညစ်ညစ်ကို
တိုတိုဝတ်ထား၏။ သူတို့မှာ
အလုပ်အကိုင်ကကျမရှိ။
ယုတ်စွအဆုံးနေစရာအိမ်ပင်
အတည်တကျမရှိ။

---

Asian Fame Media Group

"ငါ. . ငါ. . စဉ်းစားပါရစေဦး. . နီနီဝင်းရယ်. . "

"စဉ်းစား. . စဉ်းစား. . လူမမည်ကလေးလေးတွေ နောင်ရေးကို အဓိကစဉ်းစား။ ပြီးတော့ သိပ်လည်း မကြာစေနဲ့။ အခုတောင် ကျွန်မတို့ ထီပေါက်တဲ့သတင်းကို တချို့က သိုးသိုးသဲ့သဲ့သိနေကြပြီ"

သူ့မျက်စိထဲမှာ သားနှင့်သမီး၏ ရုပ်ပုံများပေါ်လာကြသည်။ သားကြီးက ယခုကျောင်းဖွင့်လျှင် သုံးတန်းတက်ရမည်။ သမီးကတော့ သုံးနှစ်ပဲ ရှိသေးသည်။ သားကြီးက စာတော်သည်။ နှစ်စဉ်ပညာရည်ချွန်ဆု ယူရသည်။ အတန်းတွေကြီးလာတိုင်း ငွေကုန်ကြေးကျတွေ များလာမှာက အမှန်. . ။ ယခုပင် သားအတွက် ကွန်ပျူတာအခြေခံရအောင် ကွန်ပျူတာတစ်လုံး ဝယ်ပေးချင်တာ ငွေမနိုင်သေးသဖြင့် အောင့်အည်းနေရသည်။ ပညာတော်သော သားကို နိုင်ငံခြားရှိ ကျောင်းများသို့ပင်ပို့၍ ပညာသင်စေလိုသည်မှာ သူ့ဆန္ဒပင်ဖြစ်သည်။ သမီးလေးကလည်း ရွှေဂုံတိုင်ဘက်မှ ဖြတ်သွားလျှင် ILBC ကျောင်းမှ ထောင်ထားသော ပိုစတာဆိုင်းဘုတ်ကိုကြည့်ကာ ပုံထဲမှ ကလေးများဆော့ကစားနေပုံကို သဘောကျလျက် "သမီး. . အဲဒီကျောင်းမှာ နေချင်တယ်" ဟုပြောတိုင်း သူကျိတ်၍ သက်ပြင်းချရပေါင်းများပြီ။ ထုတ်ဝေသူများက စိတ်မဝင်စားသော သူ့စာတိုပေစလေးတွေကိုလည်း ကိုယ်ပိုင်ငွေဖြင့် ထုတ်ချင်သည်။ ပေါင်လိုက်ရွှေလိုက်ဖြင့် သံသရာလည်နေသော သူ့မိန်းမ၏ လက်ကောက်ကလေးကိုလည်း သူမ၏လက်ကလေးပေါ်ဝယ် တည်တည်တံ့တံ့တွေ့မြင်လို၏။ သူ့ခုတော့ ဆန္ဒအားလုံးပြည့်ဝဖို့က လက်တစ်ကမ်းအကွာကို ရောက်နေလေပြီ။

ရုပ်ကွက်ထဲသို့ ငေးကြည့်လိုက်သည်။ ကလေးတစ်ပြုံကြီးနှင့် လမ်းလျှောက်လာသော မိုးထွန်းကြီးနှင့် အေးဘုံတို့လင်မယားကို တွေ့ရသည်။ မိုးထွန်းကြီးက ထုံးစံအတိုင်း အပေါ်ပိုင်းအလတ်ဗလာနှင့် ပုဆိုးခပ်ညစ်ညစ်ကို တိုတိုစည်းထား၏။ သူတို့မှာ အလုပ်အကိုင်တကျမရှိ။ ယုတ်စွအဆုံး နေစရာအိမ်ပင် အတည်တကျမရှိ။ သဘောကောင်းသောလမ်းမျူးက သူ့အိမ်ရှေ့တံစက်မြိတ်တွင် ကွပ်ပျစ်တစ်လုံးချပေးပြီး ညအိပ်ဖို့ နေရာပေး၏။ နေ့လယ်ပိုင်းတွင်တော့ သမ်းထိပ်လက်ဖက်ရည်ဆိုင်၊ ဆိုက်ကားဂိတ်၊ သစ်ပင်ရိပ်အောက်စသည်ဖြင့် တော်သလိုနေ၍ ဖြစ်သလို စား၏။ ယခုလည်း ကိုယ်ဝန်ကြီးနှင့် ဖြစ်သည်။ ကလေးများအားလုံး နံနက်မှနေဝင် ပလတ်စတစ်စုတ်၊ ပုလင်းဟောင်းများကို လမ်းကြိုလမ်းကြား၊ အမှိုက်ပုံမကျန် ရှာဖွေစုဆောင်း ရောင်းချစားသောက်ကြ၏။ သို့သော် သူတို့ မိုးသားကြ၏။

မိုးသားမှုအကြောင်းကို စဉ်းစားသောအခါ သူ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ မိုးသားသော အကြံများကို တွေးနေချိန်မို့ အိမ်ရှေ့မှဖြတ်သွားသော မိုးထွန်းကြီးကိုပင် ရဲရဲမကြည့်ဝံ့ချေ။ 'ကိုယ့်စိတ် ကိုယ်စစ်' ဟူသောသြဝါဒကို သူ့ရာနှုတ်တစ်ပါးထံမှ ကြားနာဖူး၏။ ယခုသူ့စိတ်ထဲဝယ် သူတော်ကောင်းတို့၏ စွန့်လွှတ်ခြင်းနှင့် သာမန်လူတို့၏ လောဘစိတ်က တွန်းထိုးတိုက်ခိုက်နေသည်။ မှန်ရာကို ပြောရလျှင် သိန်း ၆၀၀ ဟူသောငွေကို မဆိုထားနှင့် သိန်း ၆၀ မျှကိုပင် ဤတစ်သက်၌ တစ်လုံးတစ်ခဲရဖို့ သူ့အတွက် မလွယ်ချေ။ လောဘစိတ်က ထိုငွေကို ယူလိုက်ဖို့ ပြပေါက်ကို လက်ခံလိုက်ဖို့ တိုက်တွန်းနေသည်။ ဆင်ခြင်စိတ်က မူလရည်ရွယ်ချက်အတိုင်း အများကောင်းကျိုး အသုံးပြုဖို့ ဖျောင်းဖျနေသည်။ သူ့နားထဲဝယ်. . 'ကိုယ်နဲ့ထိုက်လို့ ရတာပဲ ယူလိုက်' ဟူသောအသံနှင့် 'မကောင်းမှုဆိုတာ ဘယ်သူမှမသိဘဲ ကိုယ်တိုင်တော့ အသေအချာသိတယ်' ဟူသောစကားသံက ထပ်ကာထပ်ကာ ပေါ်လာသည်။ အမှောင်နှင့် အလင်း၊ အတ္တနှင့်ပရသည် တွန်းထိုးရုန်းကန်ရာမှ သူ့တစ်ကိုယ်လုံး ချွေးများပြန်ကာ အာရုံထဲမှာ ရုပ်ပုံများစွာ ထင်ယောင်လာသည်။

ကွန်ပျူတာရှေ့မှာ ထိုင်နေသော သားကြီး၊ မိုးထွန်းနှင့် အေးဘုံတို့မိသားစု၊ ILBC ရောက်သွားသော သမီးငယ်၊ ပလတ်စတစ်ကောက်နေသော ကလေးများ၊ ကတ္တရာလမ်းမကြီး၊ ထီစာရွက်တစ်ရွက်၊ မိုးသည်းထဲမှာ ထီးဆောင်းဖို့ စောင့်နေသူများ၊

ဇနီးသည်၏ မျှော်လင့်ချက်မျက်နှာကို သူကြည့်သည်။ ဘဝသည် ကြောက်ဖွယ်လိလိ။

• • •

သူတို့မိသားစု ဤလမ်းထဲမှ ပြောင်းရွှေ့ထွက်ခွာတော့ အားလုံးက ဝမ်းနည်းကြသည်။ တစ်လမ်းလုံးကို ကတ္တရာအချောခင်း၍ လမ်းမီးတိုင်အသစ်များ စိုက်ထူပေးသော အလှူရှင်မိသားစုကို မည်သူက ထွက်ခွာသွားစေချင်ပါမည်နည်း။ လမ်းထိပ်ခေါင်တိုင်တွင်တော့. . .

'ဤလမ်းနှင့် ဓာတ်တိုင် အလှူရှင် ဦးစိန်ထွန်း + ဒေါ်နီနီဝင်း မိသားစု ကောင်းမှု' ဟု ကျောက်ပြားပေါ်တွင်စာထွင်း၍ ကမ္ပည်းထိုးထား၏။

ထိုကမ္ပည်းစာကို မြင်တိုင်း ဦးစိန်ထွန်း၏မျက်နှာကြီး အနည်းငယ် မဲ့တဲ့တဲ့ဖြစ်သွားခြင်းကိုမူ သတိထားကြည့်မှ မြင်နိုင်ပေလိမ့်မည်။

**သရဝဏ်**





# မယ်ဒလင်ဖော်ရှိ

ဝတ္ထုတိုရသ


သူ ထောင်ကထွက်လာတော့ သူ့အိမ်မှာ ဘာမှမရှိတော့ဘူး။

သူ့အဖေနဲ့အမေလည်း သေပြီ။ ကျန်ခဲ့တဲ့ သူ့အစ်မကြီးကလည်း တရားရိပ်သာတစ်ခု ရောက်သွားချေပြီ။ အိမ်ကြီးကလည်း အပေါင်ဆုံးကာ ငွေရှင်တစ်ဦးက သိမ်းသွားပြီ။ နောက်ဆုံးမှာတော့ ထောင်ထွက် မောင်နိုးတစ်ယောက် တကယ့်လက်မဲ့၊ သားချင်းမရှိ ငွေမရှိ ဘာဆိုဘာမျှမရှိ။ နောက်ဆုံး သူ့ကိုယ်ပိုင်ပစ္စည်းအဖြစ် မယ်ဒလင်လေး တစ်လုံးမျှသာ။ ဒါလည်း သူထောင်ထဲ မဝင်ခင်က သူ့သူငယ်ချင်းဆီ အပ်ထားခဲ့လို့ ပြန်ရတာဖြစ်တယ်။

မယ်ဒလင်ပြန်ယူရင်း သူ့သူငယ်ချင်းအိမ်မှာ တစ်ပတ်လောက် သောင်တင်နေသေးတယ်။ ကြာတော့ သူငယ်ချင်းမိန်းမက မျက်နှာညိုချင်လာတယ်၊ ဒါကြောင့် သူငယ်ချင်းကို တိုးတိုးတိတ်တိတ်ပြောရတယ်။

"ငါ မှော်တောသွားတော့မယ် သူငယ်ချင်း၊ ငါ့မှာ ဟောဒီရွှေတုံးလေးပဲရှိတယ်၊ အဲဒါလေးမင်းယူပြီး ငါ့ကို ခရီးစရိတ်လောက်တော့ ရှာပေးပါဦးကွာ"

မောင်နိုးပြတဲ့ ရွှေတုံးလေးက ငါးမူးသားလောက်တော့ ရှိမှာပေါ့။ ဒါပေမဲ့ အတု၊ အထဲက ရလာတဲ့ ပညာကို သူ ပထမဆုံး ပါးပါးလေး သုံးကြည့်တာပဲ။ သူ့သူငယ်ချင်းမှာလည်း ငွေများများစားစားရှိတာ မဟုတ်ဘူး။ အေးကပါ ရှာဖွေပြီး ငွေတစ်သောင်း လက်ထဲထည့်တယ်။ အမှန်က မောင်နိုး ပင်ပင်ပန်းပန်း



လုပ်စားချင်တာမဟုတ်ဘူး။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားချင်တဲ့စိတ်က အမြစ်တွယ်နေပြီ။ မှော်တောသွားမယ်ဆိုတာလည်း ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာ။ တကယ်တော့ သူမန္တလေး-လားရှိုးရထားနဲ့ ခြေဦးတည့်ရာ တက်လိုက်သွားတယ်။

ရထားပေါ်မှာ မယ်ဒလင်လေး ပိုက်ရင်း ထိုင်ခုံထောင့်တွေမှာ မှေးနေမိတယ်။ ငယ်ဘဝ ရွှေထီးဆောင်းခဲ့ရတာတွေ သူတို့ရဲ့ စီးပွားရေးအရှိန်နဲ့ တစ်အိမ်လုံး တစ်ရွာလုံးက ဖူးဖူးမှုတ်ခံခဲ့ရတာတွေ ပြန်တွေးရတာ အရသာရှိနေပုံပဲ။ မျက်နှာက ပီတိတွေဖုံးလို့၊ ပြုံးတိုက်ပါပေတယ်။ သူနဲ့ရှယ်တုတွေဆိုတာ သူပြောသမျှသုံ့ သူလုပ်သမျှအမှန် ဘယ်သူကမှ စောဒကတက်တာမရှိ။ သူ့ကို ခံပြောခံငြင်းဖို့နေနေသာသာ၊ မောင်နိုး အဖက်မလုပ်မှာကိုပဲ ကြောက်နေကြတဲ့ သူချည့်ပဲ။ အဲဒီ အရွယ်ကတည်းက ဟုတ်ဟုတ် မဟုတ်ဟုတ် မှင်သေသေနဲ့ ခပ်တည်တည်ပြောတတ်တဲ့ ဝသီပါလာတယ်။

"ဟောဟိုက ထန်းပင်မှာ ငါ ထိုးနဲ့ ဝသုံးလုံး ကွင်းထားမယ်၊ မင်းတို့ထဲက ဘယ်ကောင် အဲဒီထန်းပင်ကို သေးနဲ့ပန်းရဲလဲ"

အဲဒီလို ဆရာကြီးဂိုက်ပေးပြီး စိန်ခေါ်တတ်တယ်။ ဘာဖြစ်မှာမို့လဲ၊ ညာဖြစ်မှာမို့လဲ၊ ဘာမှမသိဘဲနဲ့ကို အတွန့်မတက်ရဲဘူး၊ သူတို့ တုတ်တုတ်မှ မလှုပ်ရဲကြဘူး။ သရဲ မွေးထားသလိုလိုနဲ့ ဩဇာလွှမ်းနိုင်အောင် ငယ်နိုင်ကိုင်ထားတာ။ သူ ထောင်ကျခဲ့တာကလည်း သူ့ပညာက သူ့ပြန်ဒဏ်ခတ်ခံရတာလေ။

တစ်နေ့တော့ ကြက်ချိန်းဝိုင်းကြီးကို မောင်နိုး တိုက်ကြက်ဖတစ်ကောင်ပိုက်ဝင်လာတယ်။ ကြက်ဖရဲ့ အရောင်အသွေး အလုံးအဖန့်ကတော့ ရှယ်ထဲကပါပဲ။ ဒါပေမဲ့ သတ္တိနဲ့ခွပ်လက်က အီးပေါသောကြီးမို့ မောင်နိုး ချိချိချောင်ချောင် ရလာတာ။ ဒါပေမဲ့ သူ့လက်ကို သိတယ်မို့

Asian Fame Media Group

လား။ ကာလာလိုတဲ့နေရာ ကာလာ ထည့်တယ်။ ချွန်သင့်တဲ့ အတက်ချွန်တယ်။ မာန်ထစေတဲ့ နှိပ်ကွက်ကို ရှာထားတယ်။ အပြောကလည်း မောင်နီးဆိုရင် မျက်လှည့်ဆရာက တောင် ကန်တော့ပွဲနဲ့ တောင်းပန်ရမယ်။ ဒီတော့ မောင်နီး သူကြက်ဖကို ဆကာဆကာ လုပ်ပြရင်း ကြေးခေါ် တော့ ရွာသားတွေ သင်းဘက်က ပုံအောကြတော့တာပေါ့။

ဒီလုပ်ကွက်က ရှင်းရှင်းလေးပါ။ သူကတော့ ဟိုတစ်ဖက်ကြက်ကနေ ပြန်အောထားလိုက်တယ်။ ကြက်ဖရဲ့ မာန်ထကွက်ကို နှိပ်နှိပ်ပြီး ဟန်ရေးပြတော့ သူ့ကြက်ဖက ဘီလူးသရဲစီးနေတဲ့ပုံ၊ တစ်ဖက်က ရန်သူက ကြောင်ဖြစ်စေ ကျားဖြစ်စေ အမွှန်ခြေပစ်မယ့် ဟန်ဓာတ် ခုတ်လို့ပေါ့။ တကယ်တမ်းပိုင်းထဲချတော့ တစ်ရေ ကနေ နှစ်ရေမကူးဘူး။ "ကီးယော့" ဆိုပြီး အော်ပြေးလိုက်တာ။ ရှုံးတဲ့ လူတွေရဲ့ ဖိနပ်စာ ခဲစာမိပြီး အပြေးရော အသက်ရှူရော ရပ်သွားရှာတယ်။

ဒီတစ်ပွဲတော့ ပွဲပြီးတာနဲ့ မီးက သေမသွားဘူး။ သေနိုင်ရိုးလား။ သူ့အပြောကြောင့် ဘဝပျက်သွားကြတဲ့ ဖွဲမီးက ရင်ထဲမှာ တငွေ့ငွေ့လှိုက်လောင်နေကြပြီ။ အဲဒီအထဲမှာ ဘလွန်းဆိုတဲ့ကောင် ပါနေတယ်။ ဘလွန်းဆိုတာလည်း နာမည်တစ်လုံးနဲ့ကောင်ပဲ။ အင်မတန်လက်ယဉ်တဲ့ကောင်။ လူကြည့်တော့ ပြုံးပြုံးလေးပေါ့။ အဲဒီလို ပြုံးရင်းနဲ့ နှုတ်ခမ်းကို လက်နဲ့ပွတ်လာပြီဆိုရင် သေချာပေါက်ဆော်တော့မှာ။ အခုလည်း မောင်နီးကို မျက်နှာချင်းဆိုင်ပြီး "မင်းဘယ်လို ရှင်းပေးမလဲလို့" ခပ်ပြုံးပြုံးမေးနေပြီ။ မောင်နီး ဘယ်လို ဖြေရမယ်မှန်းမသိဘူး။ ဒီကောင့်ကို အလျှော့ပေးလိုက်ရင် အားလုံးပေးလို့ဆုံးတော့မှာ မဟုတ်ဘူး။ သူ့ရင်းနှီးစွန့်စားလားတာတွေ အလကားဖြစ်တော့မှာပေါ့။ ဒါကြောင့် ခပ်တည်တည်နဲ့ပဲ

"ကြက်မကောင်းလို့ ရှုံးတာ ငါနဲ့မဆိုင်ဘူးကွ" လို့ ပြန်အော်ပစ်တယ်။

ဘလွန်းက "ဒါမင်းညာဏ် အကုန်ပဲလား"လို့ ပြုံးပြုံးလေးနဲ့ မေးရင်း သူ့ညာဘက်လက်က နှုတ်ခမ်းကိုပွတ်ဖို့ ဝဲအလာမှာ မောင်နီးလည်း ကျောက်ကန်ကန်ပြီး လွယ်အိတ်ထဲက ဓားမြှောင်နဲ့ ထိုးချလိုက်တယ်။ အဲဒီ တစ်ချက်တည်းနဲ့ ချက်ကောင်းမိပြီး ဘလွန်းသေပါလေရော။ မောင်နီးလည်း ထောင်ငါးနှစ်ကျပါလေရော။ အခုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်ထွက်ဘဲ့ကြီး ရခဲ့ပြီ။

♦

မောင်နီး နေ့ခင်း အိပ်ပျော်သွားရာကနိုးတော့ သူ့ဘေးမှာ သဘောကောင်းပုံရတဲ့ အဒေါ်ကြီးတစ်ယောက် ထိုင်နေတာ တွေ့ရတယ်။ မယ်ဒလင်လေး ဖွဖွတီးလိုက်၊ အပြင်ရှုခင်းတွေ ငေးလိုက်နဲ့ ဘာမှစားတာသောက်တာမတွေ့ရတဲ့ မောင်နီးကို အဒေါ်ကြီးက အလိုလိုနေရင်းသနားနေမိတယ်။ ဘူတာ ရထားရပ်လည်း ဝယ်စားတာမတွေ့ရဘူး။ ဒီတော့ ဒေါ်ကြီးက သူ့အတွက်ပါ အစားအသောက်တွေဝယ်ပြီး တစ်လမ်းလုံး ကျွေးလာတယ်၊ မောင်နီးကတော့ သူ့ခြေကုတ်ရဖို့ ခွင်ချနေပြီပေါ့ရဲ့။

"ဟုတ်တယ် အမေ သားမှာ ပိုက်ဆံမပါလို့ ဝယ်မစားတာပါ။ ဒီမယ်ဒလင်နဲ့ ဟိုပွဲဒီပွဲလိုက်တီးတာ အိမ်ကမကြိုက်ကြဘူး အိမ်အလုပ်ကူမလုပ်ဘဲ ပိုက်ဆံမရတဲ့ ဒီမယ်ဒလင်နဲ့ပဲ အချိန်ကုန်တာ မကြည့်ကြဘူး။ ဒါကြောင့်သားကို အိမ်က နှင်ချလိုက်ကြတာ၊ သားခြေထောက်ပေါ် သားရပ်နိုင်လို့တော့ မဟုတ်ပါဘူး။ မိဘတွေ စိတ်ဆိုးတုန်း ခဏ ရှောင်ပေးတဲ့ သဘောပါ အမေရယ် သား အမေနဲ့အမေကို လွမ်းပါတယ်"

မောင်နီး မျက်ရည်လေးစမ်းစမ်းနဲ့ လွမ်းပြနေတယ်။ နဂိုကမှ ရိုးသားတဲ့အဒေါ်ကြီး မောင်နီး ငိုပြတော့ သူကပါ မျက်ရည်သုတ်နေရပြီ။ ဒီလိုနဲ့ မောင်နီး အဒေါ်ကြီးနဲ့ ပါသွားတော့တယ်။ အဒေါ်ကြီးက ကျောက်မဲမြို့မှာနေတယ်။ တစ်ကိုယ်တည်းသမား သရေစာမုန့်နဲ့ ကျူလ ယာဆိုင်လေးဖွင့်ပြီး သူ့ဝမ်းသူ ကျောင်းနေရှာတာ၊ အခုလည်း တောင်ပြန်းပွဲကအပြန် မောင်နီးနဲ့ တွေ့ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် မောင်နီးအဖို့တော့ အိပ်ဖို့စားဖို့မပူရတော့ဘူး၊ ဒေါ်ကြီးဆီမှာ ထင်းခွဲ ရေခပ်ကူလုပ်ပေးတယ်။ ဒေါ်ကြီး ဈေးသွားတဲ့အချိန် ဒေါ်ကြီးနားတဲ့ အချိန်တွေမှာ မောင်နီးက မယ်ဒလင်လေးတီးရင်း ဆိုင်ထိုင်ပေးတယ်၊ မယ်ဒလင်သံလေးက သာသာယာယာ၊ လူက ယဉ်ယဉ်ကျေးကျေး သန့်သန့်ပြန့်ပြန့်လေးဆိုတော့ တချို့ ကောင်မလေးတွေ တကူးတကကို လာကြည့်ကြတယ်။ ဒေါ်ကြီးက လည်း "သား" ကိုပါးစပ်က မချဘူး။ သူ့ညီမရဲ့သား သူ့တူအရပ်ပြန်တုန်း အလည်လိုက် လာတာလို့ပြောထားတော့ နေရထိုင်ရ အဆင်ပြေပါတယ်။

"ငါ့သား ဆိုင်ထိုင်မှ ဆိုင်က လာဘ်ရွှင်လာတယ်ဟေ့" လို့ ဒေါ်ကြီးက မကြာခဏ အမွှမ်းတင်တတ်တယ်။ အထက်တန်းကျောင်းနဲ့ အားကစားကွင်းနဲ့ကလည်း မနီးမဝေးဆိုတော့ သူတို့ဆိုင်လေးက အချိုထုပ် အချဉ်ထုပ်ကလေးတွေက ပိုလမိုင်းကပ်လာတယ်။ အဲဒီလိုနဲ့ မောင်နီးတစ်ယောက် ဆယ်တန်းကျောင်းသူလေးတစ်ယောက်နဲ့ ချိတ်တော့တာပဲ၊ ကောင်မလေးက စာမတော်ဘူး၊ ချမ်းသာတယ်။ သူက စာပေနဲ့ ဂုဏ်ယူစရာမရှိတော့ သူငယ်ချင်းတွေကြားမှာ ငွေကို ရေလိုသုံးပြပြီး ဂုဏ်လုပ်ချင်တာပဲ သိတယ်၊ အဲဒီလိုပျော့ကွက်မျိုး ဘယ်လိုကိုင်ရမယ် နောကျေနေတဲ့ မောင်နီးအဖို့တော့ လွယ်လွန်းလို့ အားနာတယ်တောင် ပြောဦးမယ်။

သူတို့ ချိန်းတွေ့ကြတော့လည်း ဆိုင်လေးနောက်က ဒေါ်ကြီးအိမ်လေးထဲမှာပဲ ဒေါ်ကြီးကလည်း သူ့အတွက် လက်ဆောင်လေး ငွေလေး၊ ကောင်မလေးက "ကျ"နေတော့ "သဘောရှိ" မျက်နှာလွှဲထားလိုက်တာပဲ။ ပိုးပိုးက မောင်နီးအတွက်ရော သူ့အတွက်ပါ ရွှေဥဥပေးနေတဲ့ ငန်းမလေးဖြစ်နေတာကိုး။

"ကိုကို့ဆီမှာ ခုတစ်ကြိမ်ရော ဆိုရင်ငါးသိန်းပြည့်ပြီနော်" မောင်နီး ရင်ခွင်ထဲက ပိုးပိုးက ပြောတယ်။ ဒီတော့လည်း မောင်နီးက ကောင်မလေးကို အသာအယာတွန်းပစ်ရင်း -

ဒါပေမဲ့ သူ့လောက်ကို
သိတာယ်မို့လား။
ကာလာလိုတဲ့နေရာ
ကာလာထည့်တယ်၊
ချွန်သင့်တဲ့အတက်ချွန်တယ်၊
မာန်ထစေတဲ့နှိပ်ကွက်ကို
ရှာထားတယ်၊
အပြောကလည်း
မောင်နီးဆိုရင်
မျက်လှည့်ဆရာကတောင်
ကန်တော့ပွဲနဲ့
တောင်းပန်ရမယ်၊

"ဘာလဲပိုးပိုးက မယုံလို့လား၊ ဟိုမှာမြင်လား ဘုရားကျောင်းဆောင်ထဲမှာ အထုပ်လိုက်ထားတာ ကိုကို လုံးဝမတို့ဘူး။ ပိုးပိုး စာမေးပွဲပြီးလို့ပြေးကြရင် ဘာမှပူစရာမလိုတော့ဘူး။ ကိုယ်ပိုင်လုပ်ငန်း အရန်သင့် ကောက်လုပ်ရုံပဲ"

"ယုံပါတယ် ကိုကိုရယ် ယုံလို့ လူရော ငွေရော ပုံအပ်ပြီးမှပဲ၊ ပိုးပိုး ပြောတာက ကိန်းဂဏန်း တစ်ခုသိထားပြီး ဝမ်းသာရအောင်ပြောတာပါ စိတ်မဆိုးပါနဲ့နော်"

ပိုးပိုးဆိုတဲ့ ကောင်မလေးကတော့ မောင်နီးပြောသမျှယုံပြီးသားပဲ။ မြို့မှာ တိုက်နဲ့ကားနဲ့ဆိုတာလည်း ယုံတယ်။ အဝေးသင်တက်နေတယ် ဆိုတာလည်း ယုံတာပဲ။ ဘုရားကျောင်းဆောင်ထဲက အထုပ်ဘာထုပ်လဲဆိုတာကို သူမသိ။ အနူအနုပ်ကောင်းတဲ့ မောင်နီးလက်ခုပ်ထဲက ရေ ဒီရေပြင်ကျယ်မှာ ပုစွန်ဆိတ်လေး ကူးပါလေဦး။

♦

မောင်နီးဖြစ်ချင်တာက

Asian Fame Media Group

ချမ်းသာတဲ့ လူတစ်ယောက်။ လူတိုင်း ဒီလိုဆန္ဒမျိုး ရှိကြတာချင်းတူပေမယ့် မောင်နိုးက အငမ်းမရဖြစ်နေတယ်။ ဒါလည်း ထောင်ထဲကပါလာတဲ့ ရောဂါပေါ့။ အထဲကဆရာကြီးတွေက လက်ချာရိုက်လိုက်တယ်။

"ဟေ့ကောင်လေး လောကမှာ ဘယ်နည်းနဲ့ဖြစ်ဖြစ် ချမ်းသာအောင်လုပ်ကွ၊ မင်းလက်ထဲ ငွေများများရှိရင်ကြိုက်တဲ့ပုံစံတိုက်နဲ့ နေနိုင်တယ်။ ကြိုက်တဲ့ဆိုက် ကောင်မလေးနဲ့ နေနိုင်တယ် ဒါပဲ" တဲ့ အပြတ်ခြွေလိုက်တဲ့လက်ချာပေါ် မှာ သူ အသည်းခိုက်အောင် ကြွေနေတယ်။ ဒါကြောင့် အပြင်ရောက်တာနဲ့ ချမ်းသာပုံ ချမ်းသာနည်းတွေ လေ့လာကြည့်တော့ တချို့ဖြတ်လမ်းနည်းနဲ့ ချမ်းသာနေကြပါလား။ "ပေါ်ပင်" လုပ်ကြတာလေ။ သူမြင်တာက ခေါင်းမော့ပြီး ချမ်းသာနေကြတာပဲ။ ဘယ်နေရာမှာ ခေါင်းငုံ့နေရသလဲ မလေ့လာဘူး။ လူရှိသေ ရှင်ရိုသေရှိရဲ့လား။ ဘယ်လောက်ကြာကြာခံမလဲ သူမမြင်၊ သူမသိချင်၊ ငွေပုံပေါ် ထိုင်ချင်တာပဲ သိတယ်။ ငယ်ကတည်းက ပေါ်ကြော့နေခဲ့ဖူးတော့ အလုပ်မလုပ်ဘဲ ချမ်းသာမယ့်နည်းကိုပဲ ရှာတယ်။ ပထမဆုံး ငွေရင်းနည်းနည်းတော့ မရရအောင် ရှာရမယ်။

မောင်နိုးနောက်ဆုံး တိုက်ကွက်အတွက် သူ့ခေါင်းထဲမှာ အစီအစဉ်ရေးဆွဲပြီးပြီ။ ဒီနေ့စာမေးပွဲ နောက်ဆုံးနေ့ ပိုးပိုးက စာမေးပွဲခန်းမဝင်ခင်ကတည်းက အဝတ်အစားအိတ်နဲ့ လက်ဝတ်လက်စား ပစ္စည်းထုပ်ကို မောင်နိုးလက်ထဲ အပ်သွားပြီ။ မောင်နိုးကလည်း သူ့ဆိုင်လေးရှေ့လာအပ်သွားကြတဲ့ သူ့ဘော်ဒါကျောင်းသားလေးတွေရဲ့ ဆိုင်ကယ်တွေထဲက အကောင်းဆုံး အလတ်ဆုံးတစ်စီးကိုရွေးပြီး သော့ဖွင့်ပြီးပြီ။ နောက်ဆုံး ဒေါ်ကြီးရဲ့ သေတ္တာထဲက ဒေါ်ကြီးရဲ့ အိုနာစာပစ္စည်းလေးနဲ့ စုထားတဲ့ငွေတွေကိုလည်း အကုန်ဖြောင်လိုက်တယ်။

ဘာလို့သေးလဲ၊ ဘာမှမလိုအောင် "ကဲ့" ပြီးပြီမို့ သူ့အိတ်အတော်ဖောင်းနေပြီ။ ပိုးပိုးကို စောထွက်ခဲ့ဖို့ မှာပြီးသား၊ ပိုးပိုးရောက်လာတာနဲ့ ခရီးစဉ်စဖို့ပဲ။ ဒေါ်ကြီးကလည်း ဈေးသွားနေတာဆိုတော့ ဘာမှ အစစ်အဆေး အမေးအမြန်းမရှိ။ ပိုးပိုး စောစောထွက်လာပြီး မောင်နိုးဆီ ရောက်လာတယ်။ လိုအပ်တဲ့ပစ္စည်း အထုပ်အပိုး အိတ်ကလေးတွေ ဆိုင်ကယ်ကိုယ်မှာချိပြီး၊ တုပ်ပြီးသားမို့ ပိုးပိုးနောက်ထိုင်ခုံပေါ် ထိုင်ပြီးတာနဲ့ တစ်ဟုန်ထိုး မောင်းထွက်ခဲ့တယ်။

ပိုးပိုးမှာ အစ်ကိုတွေ မောင်တွေ မရှိဘူးဆိုတာ မောင်နိုးသိတယ်။ ဒါပေမဲ့ သူ့အိမ်က မန်နေဂျာလိုလို လူတစ်ယောက်က မိုက်ဂုဏ်မသေးဘူး။ တပည့်လက်သားကလည်း ပေါမှပေါ။ ဘာပဲဖြစ်ဖြစ်ဒီပွဲမှာ ပိုးပိုးအဖေနဲ့အမေ ကျေနပ်အောင် စားကောင်း သောက်ကောင်းအောင် သူက လက်စွမ်းပြမှာသေချာတယ်။ နောက်တစ်ယောက်က ဆိုင်ကယ်ကောင်လေး သူကလည်း သူ့ပစ္စည်းပါသွားတာဆိုတော့ မောင်နိုးကို အပူနဲ့ခြေပစ်ချင်နေတာ။ လိုက်မှာသေချာတယ်။ လိုက်ကြလေ။ လိုက်တဲ့သူရှိမှ ပြေးလို့ကောင်းတာပေါ့တော်လား။

မောင်နိုးပြေးရင် မန္တလေးဘက်ပြေးမယ်လို့ ထွက်ကြမယ်။ ဒီတော့ လိုက်တဲ့သူတွေ မန္တလေးဘက်ကိုပဲ လိုက်မယ်၊ သူက ဆန့်ကျင်ဘက် လားရှိုးပြန်တက်မယ်။ သိပေါ်မှာ ခဏ ကိုယ်ယောင်ဖျောက်နေပြီးမှ ရထားနဲ့ မန္တလေးပြန်ဆုန်မယ်၊ အဲဒီသူ့စိတ်ကူးအတိုင်း လူရှင်းတဲ့ လမ်းကြောလေးတွေရွေးပြီး သိပေါဘက် ဦးတည်လိုက်တယ်။ မောင်နိုး ရန်သူကို လှည့်စွက်လိုက်တာပဲ။ သူ့လှည့်ကွက်မိုး ပိုးပိုးတို့ မန်နေဂျာကလည်း တွက်မိတယ်။ ဒါကြောင့် ဆိုင်ကယ်ကောင်လေးနဲ့အဖွဲ့ မန္တလေးဘက်လိုက်တယ်ကြားကတည်းက သူက လားရှိုးလမ်းဘက် လိုက်တယ်။

မောင်နိုး ဆိုင်ကယ်နောက်ကြည့်မှန်မှာ ရှုံးနေတော့ အမောပြေသွားမိတယ်။ ပိုးပိုးကတော့ ဆိုင်ကယ်လဲမှာရော နောက်ကလိုက်လာကြမှာရောကြောက်ပြီး မောင်နိုးခါးကို မြဲမြဲဖက်ထားရှာတယ်။ ဒါပေမဲ့ ဒီလိုရင်ခုန်ရတာကို ကြည်နူးပျော်ရွှင်နေပုံပဲ၊ နောက်တစ်ကွေ့မှာကျတော့ ဟိုဒေးဝေးမှာ ဆိုင်ကယ်နှစ်စီးဝှေ့လိုက်လိုက်လာတာ ထင်ထင်ရှားရှား မြင်လိုက်ရတယ်။ မောင်နိုးခေါင်းသုံးရပြန်ပြီ။ ဖြိုင်ပွဲတစ်ခုမှာ အနိုင်ရယ် အရှုံးရယ် သရေရယ် ဒီသုံးမျိုးပဲရှိတယ်။ ဒီပွဲကတော့ သရေဆိုတာ မရှိဘူး။ အနိုင်နဲ့အရှုံး ဒီနှစ်လမ်းပဲ ရှိတယ်။ အဲဒီနှစ်လမ်းထဲက မောင်နိုးအဖို့ ရှုံးခြေပိုများနေပြီ။ ဒါကြောင့် သူ့အကောင်းဆုံးရွေးလိုက်တယ်။ တစ်ကောင်ထိုးကျွေးပြီး တင်းဝင်ဖို့ပေါ့။ သူ့ဆိုင်ကယ်လီဗာကို တင်လိုက်တယ်။ ပိုးပိုးကလည်း ကြောက်အား လန့်အားနဲ့ တင်းတင်းကျပ်ကျပ်ဖက်တယ်။ ကုန်းမော့လေးပေါ်ရောက်တော့ ဆိုင်ကယ်ကို ဖျတ်ခနဲရပ် ပိုးပိုးကိုခွာချထားခဲ့ပြီး ဝေါခနဲ အပြေးထွက်သွားတယ်။ ပိုးပိုးကို ထိုးကျွေးခဲ့တာပေါ့။ ကောင်မလေး "အမေ့" တစ်ခွန်းပဲ အော်နိုင်ပြီး ငုတ်တုတ်ကျန်ခဲ့တယ်။ သူ့ထိုလိုချင်တာရသွားရင် နောက်ကလူတွေ ဆက်မလိုက်တော့ဘူးပေါ့။ မောင်နိုးတွက်တဲ့အတိုင်းပဲ။ နောက်လမ်းကြောပြန်မြင်ရတဲ့ ကွေ့ရောက်လို့ ဆိုင်ကယ်ရပ်ပြီး အခြေအနေကြည့်တော့ ပိုးပိုးကိုတင်ပြီး ပြန်ကွေ့စီးသွားကြတာမြင်ရတယ်။ အခုမှ မောင်နိုးလည်း ဆိုင်ကယ်ဒူးကာအတွင်း ကယ်ရီယာမှာ ကပ်ချိထားတဲ့ အထုပ်ကိုစမ်းရင်း ပြုံးနိုင်လေချွန်နိုင်တော့တယ်။

♦

ဆိုင်ကယ်ကယ်ရီတွေ သွားနေကျလမ်းကြောင်းက ဂိတ်တစ်ခုမှာ ပုံစံကျပြီးသား ကယ်ရီတွေက လုပ်ထုံးလုပ်နည်းအထာတွေ ကျွမ်းကြပေမယ့် တစ်ယောက်ကတော့ ရပ်လည်းမရပ် ဆင်းလည်းမဆင်းဘဲ အကြောက်ကြီးပြီး ဒရောသောပါး မောင်းချသွားတာ အရှိန်မထိန်းနိုင်တော့ဘဲ ချောက်နက်ကြီးထဲ ထိုးကျသွားတယ်။ လူရောဆိုင်ကယ်ရော တစ်စစီ ရုပ်ပျက်ဆင်းပျက်ပဲတဲ့။ ဆိုင်ကယ်မှာတော့ ပုဆိုးနဲ့ပတ်ပြီး ကပ်ချည်ထားတဲ့ မယ်ဒလင်လေးပါတယ်တဲ့။

ဒီအရပ်မှာဖြစ်ကြတဲ့ အက်ဆီးဒင့်တွေက ဘော်ဒီတွေဟာ များသောအားဖြင့် ပိုင်ရှင်မဲ့ချည်းပါပဲ။

**မွန်းထူး**



Asian Home Media Group



# မျှော်ရူးဆေးသောက်

## ဖိုးထိန်


ဝတ္ထုတိုရသ

အပြင်ဘက်တွင် တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက်ညံနေသည်။ ကလေးလူကြီး မကျန်လက်ခေါက်မှုတ်သံ၊ လက်ခုပ်လက်ဝါးတီးသံ၊ တညံညံနှင့်။ ဟေး. . ဟား. . . ဝမ်းမြောက်အော်သံများနှင့် အုတ်အော်သောင်းတင်း။

ဆူဆူညံညံအသံများကြောင့် အပြင်ဘက်သို့ အပြေးတစ်ပိုင်း ထွက်ကြည့်မိသည်။ မြင်ကွင်းကား အသည်းတုန်စရာပင်။ လက်ပံပင်ကြီး ထိပ်ဖျားတွင် လူတစ်ယောက် ဓားတစ်လက်နှင့် သစ်ကိုင်းများကို ချိုင်နေသည်။ အောက်သို့ သစ်ကိုင်းကျိုးကျသံများ ဆူညံနေသည်။ လက်ပံပင်ကြီးမှာ ကျွန်တော်တို့ ရပ်ကွက်အစွန်ရှိ ရေကန်ကြီး၏ဘောင်ပေါ်၌ ပေါက်ရောက်နေခြင်းဖြစ်သည်။ လက်ပံပင်ကြီးကား မိုးထိအောင် လှေကားထောင်လျက်။ အပေါ်တွင် လေက တဟူးဟူးတိုက်ခတ်နေ၏။

သစ်ပင်ခွဆုံတွင် ရပ်လျက် ဓားတစ်လက်ဖြင့် ခုတ်ထစ်နေ သော ထိုလူသည် လှုပ်ယမ်းနေသော သစ်ကိုင်းသစ်ခက်များကြားတွင် ယိမ်းထိုးနေသည်။ ကြည့်နေစဉ် ထိုလူ့ထံမှ တဟားဟားနှင့်အော်ရယ်သံကြီးကို ကြားလိုက်ရပြန်သည်။ သူ၏ ထီမထင်သော ရယ်မောသံကြောင့် ကြည့်နေသူတွေထဲမှ တချို့က လက်ခေါက်မှုတ်၍လည်းကောင်း၊ တချို့က အော်ဟစ်၍ လည်းကောင်း၊ အားပေးအားမြှောက် ပြုနေကြသည်။

ထိုလူသည် လူစုလူဝေးမှ သူ့အား အရေးတယူ ဂရုတစိုက်ကြည့်ရှုအားပေးသည့်အပေါ် သွေးနားထင်ရောက်သွားဟန်တူသည်၊ ခွဆုံတွင် ရပ်နေရာမှ လက်နှစ်ဖက်ကို ငှက်တောင်ပံသဖွယ် ဆန့်တန်းလိုက်သည်။ နေရောင်တွင် လက်တစ်ဖက်မှ ဓားရောင်က တလက်လက်နှင့်။ ထိုအခိုက် ဟန်ချက်ပျက်သွားပြီး ယိုင်ထိုးကာ လက်လွတ်ခြေလွတ်ပြုတ်ကျသွားတော့သည်။





Asian Fame Media Group

သစ်ကိုင်းသစ်ခက်များကို ပွတ်တိုက်သံ၊ ကျိုးပဲ့သံ၊ တစ်ရှိန်ထိုးထိုးကျသံများ ထွက်ပေါ်လာသည်။

ကျွန်တော်အပါအဝင် လူအပေါင်းတို့ နှုတ်ဖျားမှ ဟာ ဟင်အသံများ၊ အာမေဋိတ်သံများ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။ ထိုလူတော့ မရှုမလှ ဇာတ်သိမ်းပြီဟု ယူဆလိုက်ကြသည်။ ထို အဖြစ်အပျက်မှာ လျှပ်တစ်ပြက်မျှသာ။ သစ်ကိုင်းသစ်ခက်များကြား ဝေါခနဲထိုးဆင်းလာပြီးနောက် သစ်ပင်အောက်ခြေရောက်ခါနီးတွင် ကံအားလျော်စွာ သစ်ကိုင်းတစ်ကိုင်းနှင့် သူ့လက်တို့တွဲချိတ်မိသွားသည်။ သီသီကလေး အသက်ဘေးမှလွတ်မြောက် သွားသည်။ ထိုလူကား ကိုသက်ပြင်းပင်။ မကြာခင် သူ၏ စွန့်စားခန်းအတွက် ဂုဏ်ယူအားတက်ကာ ဒုတိယမို့ တဟားဟားနှင့် အော်ရယ်နေပြန်သည်။

ကြည့်နေသူ အပေါင်းတို့ထံမှ ထပ်မံ၍ ဩဘာပေးသံ။ လက်ခေါက်မှုတ်သံများဖြင့် စီညံသွားပြန်သည်။ သို့ဖြင့် ထိုလူသည် သစ်ပင်မှ လျှောဆင်းချလာသည်။ ပင်ခြေရောက်သောအခါ၊ ကန်ပေါင်ပေါ်တွင် မတ်တတ်ရပ်လျက် သူ့ကိုယ်ပေါ်မှ အမှုန်အမွှားများကို ပုတ်ခတ်နေသည်၊ ထို့နောက် လက်ပိုက်ရပ်လျက် စစ်ပွဲတစ်ပွဲကို အောင်မြင်လာသော စစ်သူကြီးတစ်ဦးလို ဟန်ပန်ဂိုက်ဖမ်းကာ ဝင့်ကြွားနေတော့သည်၊

လူတို့သည်လည်း ကြည့်နေရာမှ အလျိုလျိုနေအိမ်များသို့ အသီးသီးပြန်ဝင်သွားကြသည်၊ အရှုအေးသောင်သည် သူ့အိမ်တွင် သုံးရန်အတွက် ထင်းဆီကိရန်အလို့ငှာ၊ ဤကဲ့သို့ စွန့်စွန့်စားစားဝေးခေါင်မြင့်မားလှသော လက်ပံပင်ကြီးပေါ်သို့ ဓားတစ်လက်ဖြင့် တက်ရောက်ခုတ်ထစ်ခြင်း ဖြစ်သည်။ ဤကား အရှုအေးသောင်၏ ထူးဆန်းသော အပြုအမူများထဲမှ စွန့်စားခန်းတစ်ခုပင်တည်း။

♦

ကိုအေးသောင် ရူးသွားပုံအစကို ပြောရမည်ဆိုလျှင် ဘဲဥအစရှာမရသလိုဖြစ်နေသည်၊ မှန်းဆ၍ ပြောကြသည်များတော့ ရှိပါသည်။ သူရူးပုံအစကို ပြန်ပြောင်းပြောရမည်ဆိုလျှင် ဝေဝေဝါးဝါးနိုင်ပေသည်။ ကမ္ဘာဦး၏အစ၊ လူ၏ မူလအစကို ပြောရသလို တိတိပပမရှိချေ၊

ရပ်ကွက်ထဲတွင် ကျွန်တော့်အိမ်နှင့်သူ့အိမ်မှာ ဘေးချင်းကပ်လျက်ဖြစ်သည်။ ကျွန်တော့်အထင် ပြောရလျှင် သူ၏ သွက်သွက်ခါ ရူးသွားသော တစ်ညကိုတော့ ကောင်းစွာ မှတ်မိနေပါသည်။ ထိုညက ညဦးပိုင်းမှစ၍ ကိုအေးသောင်၏ တတွတ်တွတ် ရွတ်ဖတ်သရဇ္ဈာယ်သံများကား အိမ်မြောင်စုတ်ထိုးသလို ရှိလှပါသည်။

ပထမပိုင်း၌ ဘုရားစာများကို ရွတ်ဖတ်နေပါသည်။ ထို့နောက် ကွိကွိကွကွနှင့် ဂါထာမန္တာန်များ ရွတ်ပါသည်။ ဗေယောင်းတိုင်များကိုလည်း စားပွဲခုံကြီး ပတ်ပတ်လည်တွင် ထိန်ထိန်ညီးအောင် ထွန်းညှိထားပါသည်၊ ကျွန်တော်လည်း မီးဘေးအန္တရာယ်ကို စိုးရိမ်၍ ထိုည တစ်ညလုံး သူ့အရိပ်အခြည်ကို စောင့်ကြည့်နေရပါသည်။ အိပ်ရာထဲ တွင်လှဲလျက်၊ ပြတင်းပေါက်မှ ထကြည့်လိုက်နှင့်။

ကိုအေးသောင်မှာ တစ်ခါက ဒလသင်္ဘောကျင်းတွင် ပထမဆင့်လက်သမားတစ်ဦးဖြစ်ပါသည်။ ယခုအခါ အလုပ်မှ ထွက်လိုက်သည်လား၊ အလုပ်ပြုတ်သွားသည်လား မသိပါ။ သူ့အသက်မှာ ၄၅ နှစ်ကျော်ခန့်သာရှိပါဦးမည်၊ ပင်စင်ယူလိုက်သည်တော့ မဖြစ်နိုင်ပါ။

သူသည် အစဦးပိုင်း၌ အလုပ်လုပ်ရင်း အထက်လမ်းကို လိုက်နေသည်ဟု ကြားသိရပါသည်။ နေ့ခင်းဘက်တွင် ဖိုထိုးပါသည်၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာလမ်းကိုလိုက်နေသည်ဟုလည်း ဆိုပါသည်။ တစ်ခါတွင် သူဖိုထိုးရာမှရသော ဓာတ်လုံးတစ်လုံးကို လူတွေအားလိုက်ပြသည်ကိုလည်း ကြုံဖူးပါသည်။ ရှင်အဇ္ဈဂေါဏကို အတုယူ၍ သူ၏ ဓာတ်လုံးကို အိမ်သာထဲသို့ ပစ်ချကြောင်းလည်း သိရပါသည်။ ဓာတ်လုံးက အစွမ်းမထက်လာဘဲ ချေးစော်၊ သေးစော်နံသည်သာ အဖတ်တင်သဖြင့် လွှင့်ပစ်လိုက်ကြောင်းလည်း သိရပါသည်။

ထိုညတစ်ညလုံးရွတ်ဖတ်ပြီးနောက် မိုးလင်းခါနီးတွင် သူ၏ အသံသြကြီးနှင့် "အောင်ပြီ၊ အောင်ပြီ"ဆိုသည့် အော်သံကြီးကို နောက်ဆုံးကြားလိုက်ရပါသည်။ ကျွန်တော်သည် မျက်လုံးများ ဖန်စင်၍မခံနိုင်တော့ဘဲ၊ မိုးလင်းပိုင်းတွင် အိပ်ပျော်သွားခဲ့ပါသည်။ အတော်နေမြင့်မှ အိပ်ရာမှနိုးလာပါသည်။ သို့ဖြင့် မျက်နှာသစ်၊ သွားတိုက်၍ အဝတ်လဲကာ လက်ဖက်ရည်ဆိုင်သို့ ထွက်လာပါသည်၊

ကျွန်တော်ဈေးထဲက လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်လျှောက်မည်ပြုသောအခါ ဈေးရုံမုန့်စားတန်းထဲ၌ လူတွေစုရုံးစုရုံးနှင့် ဝိုင်းအုံကြည့်ရှုနေသည်ကို တွေ့လိုက်ရပါသည်။ သူတို့ဝိုင်းအုံကြည့်နေသည်မှာ ကိုအေးသောင်ပင်ဖြစ်သည်၊ ကိုအေးသောင် ဘာလုပ်နေသည် ထင်သနည်း။ လက်ထဲတွင်ပါလာသော ပုလင်းတစ်လုံးကို သံတလင်းတွင် ရိုက်ခွဲလျက် ပုလင်းကွဲတချို့ကို ပါးစပ်ထဲ သွင်းလိုက်ပါသည်။ ပြီးတော့ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသလို တရွှမ်းရွှမ်းနှင့် ဝါးစားပြနေပါသည်။ ကျွန်တော်လည်း အံ့သြတကြီး ရပ်ကြည့်နေမိပါသည်၊ ကိုအေးသောင်ပါးစပ်ကို ပုလင်းကွဲရှ၍ သွေးထွက်လာမည်လားဟု စူးစမ်းမိပါသည်။ မည်သည့်သွေးထွက်သံယိုမှုမျှ မတွေ့ရပါ။ ကိုအေးသောင်ကား ပုလင်းကွဲများကို တစ်ခုပြီးတစ်ခု ဝါးစားပြလိုက်၊ ထွေးထုတ်လိုက်လုပ်နေပါသည်။

အနားတွင် ကြည့်နေသူ လူတစ်ယောက်က "ဒါ ဘာမှမဆန်းပါဘူးဗျာ၊ ဟင်းနုနယ်ဆူးပေါက်နဲ့ ရောပြီးစားရင် ပုလင်းကွဲတောင် အရည်ပျော်တယ်ဗျ" ဟု ပြောနေပါသည်။ ကျွန်တော်ကတော့ ကိုအေးသောင်၏ ထူးဆန်းဖွယ်အပြုအမူကို မအံ့သြဘဲ မနေနိုင်ပါ။

♦

အရှုအေးသောင်၏ ရူးနှမ်းပုံအဖုံဖုံ ဇာတ်ဝင်ခန်းများက များပြားလှပါသည်။ ထိုအထဲမှ ထင်ရှားသည့်နောက် အဖြစ်အပျက်တစ်ခုကလည်း ယနေ့တိုင် လူတို့စိတ်ထဲတွင်

ရပ်ကွက်ထဲတွင်ကျွန်တော့်
အိမ်နှင့်သူ့အိမ်မှာ
ဘေးချင်းကပ်လျက်ဖြစ်သည်။
ကျွန်တော့်အထင်ပြောရလျှင်
သူ၏သွက်သွက်ခါ
ရူးသွားသောတစ်ညကိုတော့
ကောင်းစွာမှတ်မိနေပါသည်။
ထိုညကညဦးပိုင်းမှစ၍
ကိုအေးသောင်၏
တတွတ်တွတ်
ရွတ်ဖတ်သရဇ္ဈာယ်
သံများကား
အိမ်မြောင်စုတ်ထိုးသလို
ရှိလှပါသည်။

ခွဲထင်ကျန်ရစ်ခဲ့ပါသည်။

တစ်နေ့မနက်တွင် ထုံးစံအတိုင်း ကျွန်တော်သည် မိတ်ဆက်ကဖီးတွင် ချောင်ကျကျစားပွဲ၌ ထိုင်နေပါသည်။ ယခုလေးတင် လက်ဖက်ရည်နှင့် အီကြာကွေးတို့ကို လွှေးပြီးခါစရှိပါသေးသည်။ ရေနွေးကြမ်းကို ဇိမ်နှင့်သောက်ရင်း လက်ဖက်ရည်ဆိုင်ထိုင်ရသည့် အရသာကို ဆက်လက်ခံစားနေပါသည်။ ထိုစဉ် ဒုတ်ခနဲ အသံတစ်ခု ကြားလိုက်ရပါသည်၊ ရုတ်တရက်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် အမှောင့်ပယောဂတစ်ခုတော့ ကြုံရတော့မည်ဟု စိတ်ထင့်သွားပါသည်။

လက်ဖက်ရည်ဆိုင်ရှေ့သို့ အရှုအေးသောင်ရောက်လာခြင်းဖြစ်ပါသည်။ ရောက်ရောက်ချင်း ပန်းပွားအနီတွေတပ်ထားသော လုံရှည်ကြီးကို မြေကြီးပေါ်သို့ စိုက်ချလိုက်ခြင်းဖြစ်ပါသည်၊ သူ့ပုံစံကိုလည်း ကြည့်ပါဦး။ ဦးခေါင်းတွင် ကလေးကစားစရာ ဇန္နူလဦးထုပ်ဆောင်းထားပါသည်၊ ကိုယ်တွင်လည်း အကျီအနီလက်ရှည်ကို ဖြတ်၍ လက်ပြတ်အကျီဖြစ်အောင်လုပ်ပြီး ဝတ်ထားပါသည်၊ အောက်ပိုင်း

တွင် ပုဆိုးအစားနံငယ်ပိုင်း အဖြူကို ဖူးအထက်ပိုင်းကျကျ ခပ်တိုတို ဝတ်ဆင်ထားပါသည်။ ဆိုင်ထဲရှိ လူအားလုံး၏ အကြည့်များက သူ့ဆီသို့ စုပြုံရောက်ရှိသွားပါသည်။

"ဟား. . . ဟား. . . ဟား. . . လက်စသတ်တော့ အလီဘာဘာနဲ့ ခိုးသားငါးရာ ဒီရောက်နေတာကိုး"

ကိုအေးဆောင်၏ အောင်မြင်လှသော အော်သံကြီးကြောင့် ကျွန်တော်တို့အကြည့်များက သူ့ထံမှ တစ်ဆင့် ဆိုင်ထဲမှ သမဝါယမ ဉက္ကဋ္ဌနှင့် အမှုဆောင်တချို့ ထိုင်နေသော စားပွဲဆီသို့ ရောက်သွားကြပါသည်။ ဆိုင်ထဲရှိ ထိုင်နေသူ အားလုံးလိုလို ပြုံးစိပြုံးစိဖြစ်သွားကြပါသည်။ ကိုအေးဆောင်သည် ဒါနဲ့ တင်မရပ်သေး၊ နောက်ထပ်အသံမြှင့်၍ အရူးတို့၏ အရှက်အကြောက်မဲ့ပုံကို လှစ်ဟပြလိုက်ပြန်သည်။ ထို့ကြောင့် သူ့ဆီတစ်လှည့် စုပြုံကြည့်လိုက်ကြပြန်သည်။

"ဟင်း. . . ဟင်း. . . ဟင်း ကောင်းစားနေလိုက်ကြတာ၊ မင်းတို့ကို ဒါပဲထင်တယ်ကွ၊ ဒါပဲထင်တယ်"

ထိုသို့ နှုတ်မှလည်း ပြောပြောဆိုဆို၊ နံငယ်ပိုင်းကိုလည်း နှစ်ခါသုံးခါပြင်ဝတ်ပြရင်း လှံကိုနုတ်၍ ရုတ်တရက်ထွက်ခွာသွားပါတော့သည်။ သူ၏ ဝတ်လစ်စားလစ်ပြကွက်ကို လျှပ်စီးလက်သလို ခံစားလိုက်ကြရင်း ကျွန်တော့်မှာ ထူပူသွားပါတော့သည်။ ကျန်လူတွေလည်း ပါးစပ်အဟောင်းသားနှင့် ကြက်သေသေလျက်။ သမဝါယမ အမှုဆောင်လေးငါးဦးကတော့ ခေါင်းငုံ့လျက်၊ မျက်နှာကြီးများ နီရဲလျက် အလျို အလျိုလက်ဖက်ရည်ဆိုင်မှ ထွက်သွားကြပါတော့သည်။

အရူးအေးဆောင်၏ ရှူချက်က ကမ်းကုန်ပြီး၊ ဤကဲ့သို့ သူ၏ မသိတစ်ဝက်၊ သိတစ်ဝက်ပြုမူချက်များက ကျွန်တော်တို့အရပ်တွင် ယနေ့တိုင် လူတို့ပါးစပ်ဖျား၌ ပြောစမှတ်တွင် ကျန်ရစ်ခဲ့ပါတော့သည်။

◆

နောက်ထပ်ကိုအေးဆောင်၏ ဇာတ်ဝင်ခန်းတစ်ခန်းကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ထိုနေ့က ကျွန်တော်လည်း ရန်ကုန်မှကျူးတို့သင်္ဘောနှင့်အပြန် ဒလသင်္ဘောကျင်းရှေ့ရှိ 'မိုးမိုးအေး' လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်မိပါသည်။ ဆိုင်ထဲမှနေ၍ သူငယ်ချင်းဖြစ်သူ ငွေထွန်းကလှမ်းခေါ်၍ ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက် မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျနေပါသည်။

မကြာခင် အရူးအေးဆောင် လက်ဖက်ရည်ဆိုင်ရှေ့ ရောက်လာပါသည်။ ဆိုင်ဝတွင် ရပ်နေပါသည်။ ဒီကနေ့ သူ့ပုံပန်းက တစ်မျိုးတစ်ဘာသာဖြစ်နေပါသည်။ ဦးခေါင်းတွင် အနီစပေါင်းထားပြီး အနီစနှစ်စကို နားထင်တစ်ဖက်တစ်ချက်တွင် ချထားပါသည်။ တစ်ကိုယ်လုံးကိုတော့ ဝတ်ဖြူစင်ကြယ်ဝတ်ထားပါသည်။ ရသေ့များဝတ်သလိုဝတ်ထားပါသည်။ ၎င်းနှင့် အနီရောင်ဘက် ပန်းပွားအမှိုများ တပ်ဆင်ထားသော သူ့ဖွားဖက်တော်လှံရှည်က လက်ထဲတွင် မပါလာခဲ့မက၊ ခြေထောက်တွင် ဖိနပ်ရှည်ဘွတ်ဖိနပ်ဟောင်းကြီး ဝတ်ဆင်ထားပါသည်။

"သတိ၊ ရဲဘော်တို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ၊ ကျဆုံးလေပြီးသော အာဇာနည်အပေါင်းကို အလေးပြု"

ဆိုင်တွင် ထိုင်နေသူအားလုံး သူ့အသံသူ့ဟန်ပန်နှင့် ခေါင်းညွတ်အလေးပြုနေပုံကို ကြည့်နေကြသည်။ လက်ဖက်ရည်ဆိုင်အတွင်းဘက် အပေါ်ပိုင်းနံရံတွင် ဓာတ်ပုံနှစ်ပုံချိတ်ထားသည်။ တစ်ပုံက ဗိုလ်ချုပ်အောင်ဆန်းပုံဖြစ်ပြီး ကျန်တစ်ပုံက လက်ရှိခေါင်းဆောင်တစ်ဦးပုံ(ကွယ်လွန်သွားပြီး) ဖြစ်သည်။ ကြည့်နေစဉ်မှာပင် ကိုအေးဆောင်သည် ကျန်ဓာတ်ပုံဘက်သို့ နောက်ပြန်လှည့်၍သူ့ဖင်ကို ပေါက်ပြကာ ရှုတ်နောက်နောက် လုပ်ပြရင်း ထွက်သွားပါတော့သည်။ ကျွန်တော်တို့အားလုံး ပြုံးတုံ့တုံ့ဖြစ်ကျန်ကာ ရှိသေးသူ၏နောက်ထပ်လုပ်ရွားမှုတစ်ခုကို လှစ်ခနဲတွေ့လိုက်ရပြန်သည်။ သူသည် သူ၏ လက်ထဲမှ လှံရှည်ကြီးကိုအားကုန်လွှဲပစ်လိုက်ပါသည်။ လှံတံသည် ဝိုးခနဲ သင်္ဘောကျင်းဝင်ပေါက်ထိပ်ဖျဉ်ချပ်ပေါ်သို့ ဒုတ်ခနဲစိုက်ဝင်သွားပါသည်။ အပေါက်ဝ ဝင်ခါနီးအလုပ်သမားတစ်ယောက်လန့်ဖျပ်သွားပြီး "အမယ်လေး" ဆိုကာ ခုန်ပေါက်လျက် ရမ်းသန်းရှောင်လိုက်တာကို တွေ့လိုက်ရပြန်သည်။

"အဲဒါ လှံမင်းသား အေးဆောင်ကွ၊ ဟဲ ဟဲ ဟဲ မကြောက်ပါနဲ့ မိုးပေါ်ထောင်ပစ်လိုက်တာပါ။ ဟောဒီမှာ လာလေ ရော့. . . နောက်ထပ်ကျည်ဆန်နှစ်တောင့်"

သူ့အသံခြကြီးနှင့် ရယ်သံ၊ လှောင်သံကြီးထွက်ပေါ်လာပြီး နောက်သူ့ခြေထောက်မှလည်ရှည်ဘွတ်ဖိနပ်ကြီးတို့ကို တစ်ဖက်ပြီးတစ်ဖက်ခြေထောက်မှကန်ကျောက်လျက်သင်္ဘောကျင်း ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်ပြန်သည်။ 'ဝုန်းဒိုင်း' အသံများကြောင့် အထဲမှလူတချို့ အပြင်သို့ ပြေးထွက်ကြည့်ကြသည်။ ကိုအေးဆောင်ကတော့ ခပ်တည်တည်ပင်၊ လက်ပိုက်ရပ်နေပြီးမှ ချာခနဲ လှည့်ထွက်သွားပါတော့သည်။ ကိုအေးဆောင်၏ အရူးကွက်များကား တစ်မူထူးခြားနေတော့၏။

◆

ကိုအေးဆောင်၏ နောက်ဆုံးနေ့ဝင်ချိန်များတွင် မျက်စိကွယ်လုလုဖြစ်သွားပါသည်။ မျက်စိကွယ်လုလုဖြစ်သွားရခြင်းအကြောင်းအရင်းမှာလည်း နေ့စဉ်သူသည် နေနှင့် မျက်နှာချင်းဆိုင်ရပ်၍ နေကို နေကသိုက်၊ ရှုခြင်းကြောင့်ဖြစ်ပါသည်။

သူ့တွင် ဇနီးနှင့် သားသမီးသုံးယောက်ရှိပါသည်။ သူသွက်သွက်ခါအောင်ရူးသွပ်သွားသည်မှစ၍ မိသားစုများအိမ်တွင် နေထိုင်၍မရတော့ပါ။ သူ၏ အမျိုးမျိုးရူးသွပ်စွာနှိပ်စက်မှုများကြောင့် ဆွေမျိုးများရှိရာ ညောင်လေးပင်သို့ ထွက်ပြေးကြရပါသည်။ အိမ်တစ်လုံးနှင့် သူရူးတစ်ယောက်ဟု ပြောစမှတ်တွင်အောင် သူတစ်ယောက်တည်း ကျန်ခဲ့ပါတော့သည်။ သူ၏ နေ့စဉ် စားသောက်ရေးကို သူဖြေရှင်းပုံမှာလည်း လွယ်လွယ်လေးပင်၊ ရသေ့လို ဝတ်ဖြူစင်ကြယ်ဝတ်၍ ဘယ်ကယူလာမှန်း မသိသော သပိတ် တစ်လုံးဖြင့် အိမ်တကာသို့ လှည့်လည်ဆွမ်းခံပါသည်။ ရပ်ကွက်ရှိ အိမ်များကလည်း သူ့အားသနား၍လည်းကောင်း၊ ရွံ့ကြောက်ကြီးကြောက်၍လည်းကောင်း ပေးကမ်းကြပါသည်။

သူသေဆုံးခါနီးတစ်ရက်တွင် သူ့အိမ်၌သဲပုံစေတီတစ်ဆူတည်ပါသည်။ ရွှံ့နှင့်သဲနှင့်ရော၍ ပြုလုပ်ခြင်းဖြစ်ပါသည်။ တံခွန်၊ ကုက္ကားတလူလူ၊ ဖယောင်းတိုင်မီးများတထိန်ထိန်။ ရှုတ်ဖတ်သံတညံညံနှင့်။ ညနေစောင်းတွင် 'အောင်ပြီ အောင်ပြီ' ဟု အော်ပါသည်။ ထို့နောက် အသံဗလံများ ငြိမ်သက်သွားပါသည်။ တစ်စတစ်စမိုးချုပ်သွားပါသည်။

မနက်မိုးသောက် အလင်းရောက်တော့ ကိုအေးဆောင်၏ အရိပ်အခြည်ကို မတွေ့ရပါ။ နေမြင့်လာပြီ။ နေ့လယ်ရောက်လာပြီ။ ညနေစောင်းလာပြီ။ သို့သော် ကိုအေးဆောင်၏ လှုပ်ရှားမှု အရိပ်အယောင်ကိုမျှ မတွေ့ရ။ သို့ဖြင့် ကျွန်တော်နှင့်ရပ်ကွက်ထဲမှ လူတချို့ လက်တို့ပြီး တိုင်ပင်ကာ အိမ်ထဲသို့ ဝင်ကြည့်ကြပါသည်။ အိမ်ဝတွင် သူတည်ထားသော သဲပုံစေတီပြိုကျပျက်စီးလျက်။ သူ့ကိုမူ အိပ်ခန်းထဲရှိ အိပ်ရာခုတင်အောက်တွင် ခွေခွေကလေးလဲကျနေသည်ကို တွေ့ရပါသည်။


ဇာစ်မြစ်ကိုရှာကြည့်လိုက်တော့ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မှော်ဝိဇ္ဇာကြီးခမျာ သူဖော်စပ်သည့် ရှိန်းဆာယာပိုမောက်၊ ကိုယ်ပျောက်တဲ့ဆေးတစ်ခွက်ကို သောက်ရင်း အဆိပ်ဖြစ်သွားကာ၊ အသက်ပါပါ သွားပါတော့သည်။

ယနေ့တိုင် ကျွန်တော်တို့အရပ်တွင် မှော်ရူးအေးဆောင်အကြောင်း စကားစပ်မိတိုင်း ပုံတိုပတ်စသဖွယ် ပြောဆိုရယ်ပွဲဖွဲ့ကြရင်း အရူး တစ်ယောက်၏ ဒိုင်ယာရီ စာမျက်နှာများကို ပြန်လှန်မဆုံး ရှိကြပါတော့သတည်း။

**ဖြိုးထိန်**



Asian Fame Media Group



Asian Fame Media Group



"ကလင်. . . ကလင်. . . ကလင်"

ဖုန်းမြည်သံကြောင့် ကျွန်မ တအားကို လန့်သွားရတာများ၊ တကယ့်ကိုပါပဲ၊ ခါတိုင်းက ဖုန်းမြည်သံကြားရရင် ကျွန်မ ပျော်လို့လေ။ နယ်ဖောက်သည်တွေက ပစ္စည်းထပ်မှာတာများလား။ ကုမ္ပဏီတွေကပဲ ကုန်ပစ္စည်းအသစ်အဆန်းတွေ ထပ်ပို့မှာဖြစ်လို့ ဆက်လေသလားပေါ့။ အခုတော့ ဟုတ်ပေါင်။ လာလိုက်ရင် သင်းတို့ဖုန်းချည်းပဲ။ အခုလည်း

"ဟဲလို"

"ဟဲလို. . . အစ်မကြီးကို အားတော့နာပါတယ်၊ အဲဒီအိမ်မှာ ထွေးထွေးဆိုတာ ရှိပါသလား"

"ဩော်. . . ဟုတ်ကဲ့ . . . ရှိပါတယ်. . . ပြောချင်လို့လား"

"သူနဲ့မပြောချင်ပါဘူး. . . အခု ဖုန်းပြောနေတဲ့ အစ်မကြီးက အိမ်ရှင်လား. . . အိမ်ဖော်လား"

"ရှင်. . . ထွေးထွေးဆိုတာ ကျွန်မတို့အိမ်က အလုပ်သမားပါ။ သူ ဘာဖြစ်လို့လဲ"

"ထွေးထွေးအကြောင်း တိုင်ပါရစေ"

"ရှင်. . . ဘယ်လို"

"တိုင်ပါ"

ကျွန်မလေ ဖုန်းနားထောင်ရင်းနဲ့ ဒေါသဖြစ်လိုက်တာ။ သူ့ကိုလည်း မျက်စောင်းတခဲခဲပေါ့။ ဟင်း. . . သူများအတိုင်အတော ခံရတဲ့အထိ ကောင်မ ဘာတွေလုပ်ခဲ့ပါလိမ့်။ သင်းကြောင့် တစ်ဖက်လူကို တောင်းပန်နေရပြီ။ ဖုန်းပြောပြီးတာနဲ့ သင်းကို နဂါးမျက်လုံးမျိုးနဲ့ ကြည့်လိုက်တယ်။ ကောင်မ ခေါင်းငိုက်စိုက်ချလို့။ ဟွန်း. . . ဘာအခုမှ ကြောက်ချင်ယောင်ဆောင်နေရတာလဲ။ လာခဲ့စမ်း. . . ။

အဖြစ်က ဒီလိုလေ။ တစ်ဖက်က လှမ်းတိုင်တဲ့ အမျိုးသမီးက ရန်ကင်းတိုက်ခန်းတွေမှာ နေပါတယ်။ ခြောက်လွှာမှာပါတဲ့။ သူ့ရဲ့ အိမ်ဖော်ကောင်မလေးက ထွေးထွေးတို့ရွာက။ ထွေးထွေးက မိုးလင်းတာနဲ့ တစ်အိမ်လုံး တစ်ဆိုင်လုံးကို ပဲပဲနဲ့ အတူ သန့်ရှင်းရေးလုပ်ရပါတယ်။ အဲဒီအချိန်မှာ တစ်အိမ်လုံးဘယ်သူမှ မနိုးကြသေးတော့ ဖုန်းကို စိတ်ကြိုက် ဆက်ကြတယ်ပေါ့။

ကျွန်မတို့ အိမ်ရဲ့ရှေ့ဘက်မှာ အထိတ်အထည်နဲ့ အလှပြင်ပစ္စည်းတွေမျိုးစုံရောင်းတဲ့ စတိုးဆိုင်ကြီးဖွင့်ထားပါတယ်။ ယုဇနပလာဇာမှာလည်း ဆိုင်ခွဲဖွင့်ထားပါသေးတယ်။ ဒီတော့ အိမ်မှာ အိမ်ဖော်တွေရော အလုပ်သမားတွေရော အများကြီးပေါ့။ အင်း. . . အိမ်ဖော်တွေကလည်း မရှိလို့လည်းမဖြစ်၊ ရှိပြန်တော့လည်း အဖော်ရတာနဲ့ သူတို့ပြဿနာတွေ ဖြေရှင်းပေးနေရတာနဲ့ မညီမျှပါဘူး။ အခုလည်း ထွေးထွေးတို့ကိုပဲ ကြည့်ပါတော့။

နည်းနည်းလေး စိတ်ရှည်သည်းခံပြီး နားထောင်ပေးပါဦး၊ ပြောပြချင်တာတွေ များနေလို့ပါနော်။ အဲ. . . ကျွန်မတို့အိမ်မှာက ဆိုင်တစ်ဖက်နဲ့ဆိုတော့ ဖုန်းလိုင်းနှစ်လိုင်းရှိပါတယ်။ ဖုန်းတွေကိုလည်း အရောင်းကောင်တာနဲ့ မန်နေဂျာအခန်းတွေမှာ တစ်လုံးစီထားပေးတဲ့အပြင် ကားဆရာတွေ၊ အလုပ်သမားတွေ၊ အိမ်ဖော်တွေနဲ့ ခြံစောင့်တွေကို အလွယ်တကူ ခေါ်နိုင်ခိုင်းနိုင်ဖို့အတွက်လည်း သူတို့ကို ထားတဲ့အိမ်လေးမှာ ဖုန်းတစ်လုံး ချိတ်ပေးထားပါတယ်။ ကျွန်မတို့အိမ်က ခြံကလည်း ကျယ်၊ အိမ်ကလည်းကြီးတော့ သွားပြီးခေါ်နေရရင် အချိန်ကုန်လွန်းလို့ပါ။

အင်း. . . ပြောချင်တာတွေက ရင်ထဲပြည့်သိပ်လွန်းနေတော့လည်း စကားတွေက ဟိုရောက်ဒီရောက်ဖြစ်ကုန်ပြီ။ အဲ. . . အဲ . . . ဘာအကြောင်းပြောနေပါလိမ့်။ ဩော် ဒီထွေးထွေးကို ရန်ကင်းအိမ်က လှမ်းတိုင်တဲ့အကြောင်း ပြောပြနေတာနော်။ စောစောက ပြောပြခဲ့တဲ့အတိုင်း သူတို့နေတဲ့တိုက်ခန်းက ခြောက်လွှာမှာ။ သူတို့အိမ်ဖော်ကောင်မလေးက ဖုန်းဆက်ချင်ရင် အောက်ဆုံးထပ်က မုန့်ဆိုင်မှာ သွားပြောရတယ်။ အိမ်ရှင်ရဲ့ဖုန်းကို အမြဲသော့ခတ်ထားတာ။ အိမ်ရှင်တွေက ဗိုလ်ချုပ်ဈေးမှာ တစ်နေကုန် ဈေးသွားရောင်းရတဲ့အခါမှာ မျက်မမြင်အမေကြီးနဲ့ အိမ်ဖော်မလေးပဲ ကျန်

# မညီမျှသော နိယာမနှင့် သူတို့လေးတွေ

# လေးသူစိ

ဝတ္ထုတိုရသ

နံနံပင်ရေ ငါအခု
လယ်ကွင်းထဲမှာ
ပေါင်းနုတ်နေတယ်။
အိမ်ဖော်တော့
မဟုတ်တော့ဘူး၊
လယ်ကွင်းအဖော်
ကွင်းဖော်ပေါ့ဟယ်။
ကွင်းက ဘုရင်မတဲ့၊
အန်တီရဲ့မြေးလေး
အင်္ဂလိပ်စာကျက်တုန်းက
ငါမှတ်ထားတယ်။
ငါသာ ဘုရင်မဖြစ်နေပြီ
ဆိုခဲ့ရင်
အန်တီဘယ်လိုနေမလဲ
မသိဘူးနော်....

ရစ်ခဲ့ပါသတဲ့။

အဲဒီကောင်မလေးက အမေ အိုကြီး အိပ်ပျော်နေချိန်ဆိုရင် ခြောက်လွှာကနေ ဆင်းသွားပြီး ဖုန်း ဆက်ရတာ ခဏခဏတဲ့။ တစ်နေ့ အဲဒီလို ဖုန်းဆင်းဆက်နေတုန်း အမေကြီး ချော်လဲပါလေရော။ ဒါနဲ့ ပဲ ဖုန်းဆက်ဝါသနာပါလွန်းတဲ့ အိမ် ဖော်မလေးကို အောက်ထပ် မဆင်း ရလေအောင် အိမ်သော့ခတ်ပြီး ထားခဲ့ရပါတော့တယ်။

အဲဒီမှာပဲ မိထွေးထွေးပြဿနာ က ဝင်လာတော့တာပေါ့။ သူတို့က နေ့စဉ်မိုးလင်းတာနဲ့ ဖုန်းဆက်နေကျ ထင်ပါရဲ့။ စတိုးဆိုင်ဖွင့်ခါစမှာပဲ မိထွေးဖုန်းက ဝင်လာပြီ၊ ထုံးစံ အတိုင်း ခြောက်လွှာကချထားတဲ့ ကြိုးကိုဆွဲပြီး ဖုန်းလာကြောင်းပြော တော့ အိမ်ဖော်ကောင်မလေးက အိမ်သော့ခတ်ထားလို့ ဆင်းပြောလို့ မရကြောင်း လက်ဟန်ခြေဟန်နဲ့ ပြန်ပြောတဲ့အခါ စတိုးဆိုင်ကလည်း စောစောစီးစီးအကြွေးကျလို့ ဝိုက်ဆုံး သွားတာပေါ့၊ ဖုန်းခေါ်ပေးခက လာပြောပြော မပြောပြော ခေါ်ပေးခ တစ်ရာကျပ်ပဲလေ၊ တစ်နေကုန် လည်း အိမ်ရှင်က သော့ခတ်ထားခဲ့ လေတော့ ဖုန်းဆင်းဆက်လို့က မရ၊ အဲဒီတော့...

"အစ်မရယ်.. ကျွန်မတို့က အလုပ်က မောမောပန်းပန်းနဲ့ပြန် လာ၊ စတိုးဆိုင်က ဆီးပြီးတိုင်ပါလေ ရော... အစ်မတို့အိမ်က ထွေးထွေး က ဖုန်းဆက်လိုက်တာ တစ်နေကုန် ဆယ်ခုနစ်ခါတဲ့ မနေ့ကလည်း ငါး ကြိမ် အခု ဖုန်းခရှင်းပေးပြီးတော့ အစ်မကို လှမ်းတိုင်တာပဲ"

"ဪ"

"သူတို့ဒီလောက်ဖုန်းတွေ သုံး နေကြတာ အစ်မတို့ မသိကြဘူး လား"

"မသိပါဘူးကွယ်"

"တော်ပြီ... အစ်မရေ... ကျွန်မတော့ အိမ်က ကောင်မ ကို သူ့အကြွေးကျေတာနဲ့ ရွာပြန် ပို့လိုက်တော့မယ်၊ စိတ်ကုန် တယ်။ မျက်စိမမြင် တဲ့ အမေ့ကို

စောင့်ရှောက်ဖို့ ခေါ်ထား ပါမှ သူ့ကို ထိန်းနေရတာ ပိုမော တယ်။ အစ်မတို့ကို အခုလိုတိုင်ပြော ရတာကိုလည်း အားနာပါတယ်။ ကျွန်မခံစားချက်တွေကို အချိန်ပေး ပြီး နားထောင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အိမ်က ကောင်မကို ပြန်ပို့လိုက်တော့လည်း နောက်တစ်ယောက် ခေါ်ရဦးမယ်။ အင်း... အိမ်ဖော် တွေကလည်း မရှိမကောင်း ...ရှိမကောင်း နော်"

♦

မိထွေးထွေးက အဲလိုပဲ။ဟိုလူ က တိုင်လိုက်၊ ဒီလူက တိုင်လိုက်နဲ့ အမြဲဆူခံထိနေရတဲ့ ကောင်မလေး။ ကျွန်မတို့ အမေ ပြောပြောနေတဲ့ "မြန်မတွင်ရှပ်နေး" မလေးပေါ့။ ဒါပေမဲ့ သူက စာသိပ်မတတ်ပေမယ့် ဉာဏ်ကောင်းတယ်။ အလုပ်လုပ်တာ လည်း သေသပ်ပါတယ်။ ဒီတော့ ဆူမိပြန်လည်း ခဏပဲပေါ့။ ပြန်ချော့ ရပါတယ်။ အဲဒီလို မျက်နှာသာပေးခံ နေရသူဆိုလေတော့ ...ရွှေရေး ပန်းကန်တက် သွားပြန်ရော။ အင်း ...စကားစပ်မိနေတုန်း မိထွေး အကြောင်းကို ဆက်ပြီး ပြောပြရဦး မယ်။ ကြျတုန်းလေးမို့ပါ။

ကျွန်မရဲ့ ဆိုင်နဲ့အိမ်က အလုပ် သမားတွေအားလုံးကို မြန်မာဖြစ် ချည်ထဘီတွေကိုပဲ ဝတ်စေခဲ့ပါ တယ်။ သူတို့ အနားယူတဲ့အချိန်မှာ တော့ ဘယ်လိုဒီဇိုင်းနဲ့ပဲ နေနေပေါ့။ ကိုရီးယား ခေတ်ကို နားလည်ပေးပါ တယ်။ တစ်နေ့တော့ အကြောတွေ တက်လွန်းလို့ နင်းနှိပ်မယ်ဆိုပြီး ဖုန်းဆက်ခေါ်တာ မရဘူး။ သူတို့ပဲ ဆက်ဆက်နိုင်လွန်း။

ဆိုင်ထဲမှာလည်း ဝယ်သူတွေ ကျနေတဲ့အတွက် ခိုင်းစရာလူမရှိ လို့ ကိုယ်တိုင် သွားခေါ်လေတော့မှ ...အား ... လား ... လား ...လား...။ မိထွေးလေ ပေါင် ပေါ်မှာ လက်နှစ်လုံးပဲရှိတဲ့ စကတ် တိုလေးနဲ့ အပေါ်အင်္ကျီကလည်း မော်ဒယ်တွေလို ရင်ရှားအင်္ကျီ ဝတ် လို့။ ဆိုနီကက်ဆက်လေးကို တိုင်ပြီး နားကြပ်တွေ တပ်ထားလိုက်ပုံများ။ ကြွရှုလှူပ်ခါနေလိုက်သေးရဲ့။ မျက်စိကို စုံမှိတ်ပြီးတော့ လည်း အဆို တော် တွေ စတိုင်နဲ့။

ထွေးထွေးလို့ သုံးခါ လောက် ခေါ်ယူရတယ်။

ကျွန်မကိုလည်းမြင်ရော တွန့် လိမ်ကောက်ကွေးနေတာကို ရပ်ပစ် လိုက်ပြီး နားကြပ်ကိုဖြုတ်လို့ မျက် နှာသေလေးနဲ့။

"ဟဲ့... အဲဒါက ဘာဖြစ်နေရ တာလဲ၊ ဖုန်းဆက်တော့လည်း မအား"

"ဪ ... ဖုန်းကြိုးပြုတ် နေပြန်ပြီနဲ့ တူတယ်"

"ကြိုးပြုတ်ကျနေတာကို သိရင် လည်း ပြန်လုပ်ထားပါလား၊ ဖုန်း ဆက်ခေါ်မှာကို ကြောက်ကြတယ် ပေါ့။ အလုပ်လုပ်ရမှာကိုတော့ ကြောက်ကြတယ်၊ အခုလိုမျိုးမရှက် မကြောက်နဲ့တော့ ကရဲတယ်ပေါ့ လေ။ တွန့် မသိမှတ်လို့ ဖုန်းကြိုး ပြုတ်ပြုတ်ကျတယ်ဆိုပြီး နင်တို့ ဖြုတ်ထားတာ မသိဘူးထင်လို့လား သွား အဝတ်လဲခဲ့ ငါ့ကို လာနင်း ပေး"

ဟင်း... ဟင်း... ဟင်းနော် မျိုချ... မျိုချ... ဒေါသကို မျိုချ။ ငယ်စိတ်နဲ့သာဆို မရဘူး၊ မရဘူး။ အခုအရွယ်မှာ ရိပ်သာတွေဝင်၊ တရားတွေနာ၊ တရားတွေထိုင်နဲ့ စိတ်ကို လျှော့ချနေတတ်လို့သာပဲ။ အေးလေ... သူတို့ခများလည်း အိမ်ဖော်ဆိုပေမယ့် အခုခေတ်မော် ဒယ်တွေလို၊ ဗီဒီယိုမင်းသမီးတွေ လိုဝတ်ချင်ရှာမှာပေါ့။ ကျွန်မကိုယ် တိုင်ကလည်း ခေတ်ပေါ် အဝတ် အထည်တွေ ရောင်းနေရတာကိုး။ ဒါပေမဲ့ စောစောက ထွေးထွေးရဲ့ ပုံစံကိုမြင်လာမိပြန်တော့ ကျွန်မ ကိုယ် ကျွန်မ သတိမထားမိခင်မှာဘဲ မဲ့သွားမိလေသလားမသိ။

နေပါဦး... နေပါဦး သူ့ လက်ထဲက ကက်ဆက်လေးက ငါ့ ကက်ဆက်လေးနဲ့ တူလိုက်တာ။ တရားနာတဲ့ ကက်ဆက်၊ တရားပွဲမှာ အသံဖမ်းတဲ့ ကက်ဆက်။ တစ်သိမ်း နီးပါး ပေးဝယ်ထားရတာကို။ ဟုတ် သေးပါဘူးလေ၊ သူ့ဟာက တရုတ် ကက်ဆက် ပေါချောင် ကောင်း ဖြစ်မှာပါ။ ဒါပေမဲ့ ရင်ထဲမှာ ကလိ ကလိနဲ့ မတင်မကျဖြစ်နေတာ ကြောင့် အနှင်းခံရင်းနဲ့ပဲ မေးလိုက် တယ်။ အံ့မယ် သူကတော့ ဘာ အပြစ်မှမရှိသလို အေးဆေးတဲ့ အသံနဲ့ ဘယ်လို ဖြေတယ်မှတ်လဲ။

"ဟုတ်တယ်လေ အန်တီ ကက်



Asian Fame Media Group



အား..လား..လား..လား။
မိထွေးလေ
ပေါင်ပေါ်မှာ
လက်နှစ်လုံးပဲရှိတဲ့
စကတ်တိုလေးနဲ့
အပေါ်အင်္ကျီကလည်း
မော်ဒယ်တွေလို
ရင်ရှားအင်္ကျီ ဝတ်လို့
.....

ဆက်ပဲ ရဲလေးသီချင်းနားထောင်ချင်လို့ ခဏယူထားတာပါ"

"ဟင်"

◆

ထုံးစံအတိုင်း တစ္ဆေ တောက်တောက်နဲ့ ဆူပူအော်ဟစ်လိုက်ပါတော့လား။ ရိုက်ချင်လည်း ရိုက်လိုက်ပါဦးလား အန်တီရယ်။

တကယ်တော့ အန်တီက သဘောကောင်းပါတယ်။ ဆူတုန်းခဏပဲလေ။ ပြီးရင် ပြန် ချော့တာပဲဟာ။ ဒီတစ်ခါတော့ အဲဒီလို မဟုတ်ဘူး။ အန်တီ့ရဲ့ ကက်ဆက်ပါလို့လည်း ပြောလိုက်ရော စိမ်းစိမ်းစူးစူးကြီး ကြည့်လိုက်တဲ့ အန်တီ့ရဲ့ မျက်လုံးကြီးတွေက ကြောက်စရာကြီး။ သွားတော့ဆိုတဲ့ တစ်ခွန်းတည်းသာပြောပြီး တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်တာများ ကမ္ဘာပြိုမတတ်အောင် ထင်မိပါရဲ့။

အဲဒီနေ့ကစပြီး ဘာမှလည်း မခိုင်း ဘာမှလည်း မပြောတော့ဘူး။ ဒီအိမ်မှာ လူပိုကြီးဖြစ်နေရော။ အန်တီရဲ့ "မိထွေးထွေးရေ" ဆိုတဲ့ ခေါ်သံလေးကို မျှော်လင့်တမ်းတနေခဲ့ပေမယ့် မကြားရတော့ပါဘူး။ ဒါနဲ့ပဲ တောကို ပြန်လာခဲ့ရတော့တယ်။ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ ပဲဆွတ်၊ မရမ်းသီးခွဲဆိုတဲ့ တောအလုပ် တောင်အလုပ်ပဲ ရှိတော့တာပေါ့။ ဒါတွေမှ မလုပ်ချင်ရင် မြဝတီ၊ မဲဆောက်ကိုသွားပြီး စက်ရုံတွေမှာ အလုပ်သွားလုပ်၊ ဒါကလည်း အဆက်အသွယ်ကောင်းမှ အဆင်ပြေမှာလေ။

"ဟယ် . . . ထွေးထွေး နင်ပြန်ရောက်နေတယ်၊ အလည်ပြန်လာတာလား"

"အပြီး ပြန်လာတာ အစ်မပို့ရဲ့ အမေ သိပ်နေမကောင်းလို့ လေ၊ အိမ်မှာပြန်နေပါဦး အမေ့ကို အဖော်လုပ်ပေးပါဦးဆိုလို့"

ပညာမတတ်တဲ့ တောသူမဆိုပေမယ့် ကိုယ့်သိက္ခာကျမသွားအောင်တော့ ပြောတတ်တာပေါ့။ ထွေးကလေ အန်တီရဲ့ ကက်ဆက် သေးသေးလေးကို ယူသုံးမိတာပဲရှိတာပါ။ အင်း . . ဒါကလည်း အန်တီ တရားမနာတာ ကြာလှပြီမို့ အံဆွဲထဲမှာ ဒီအတိုင်းကြီးအသုံးမဝင် ဖြစ်နေလို့ ရဲလေးတို့ ဟဲလေးတို့ ဗိုင်းစုတို့ရဲ့ သီချင်းတွေ ဖွင့်ခဲ့တာပါ။ ကက်ဆက် ယူထားတာပဲ ဆယ်ရက် လောက်ရှိနေခဲ့ပြီ။ ဒါလေး လုပ်မိတာနဲ့ အန်တီက စကားမပြောတော့ဘူးလေ။ တစ်အိမ်လုံးမှာ အန်တီက အခရာဖြစ်လေတော့. . . ထွေးပြန်ဖို့ကလွဲလို့ အဖြေမရှိတော့ဘူးပေ့ါ။ ဘယ်ဒီကိစ္စကို အစ်မပို့သိလို့ ဘယ်ဖြစ်ပါ့မလဲ။

အစ်မပို့လည်း အန်တီတို့အိမ်မှာ အလုပ်လုပ်ခဲ့ဖူးတယ်လေ။ ရည်းစားနဲ့ ချိန်းတွေ့ကြတာ၊ မိသွားလို့ ရွာကို ပြန်သွားခဲ့ရတာပါ။ အသက်နှစ်ဆယ်ကျော် အစ်မပို့များ ရည်းစားထားတာအပြစ်ကြီး မဟုတ်ပေမယ့် ခြံထဲကိုခေါ်သွင်းပြီး ချိန်းတွေ့တာက ရောမအမှုကြီး ဖြစ်သွားပါရော။

ထွေးကတော့ အခုမှ အသက်ဆယ့်လေးနှစ်ပဲရှိသေးတယ်။ ရည်းစားရှိသေးပေါင်။ ဆီးပြေးပဲစားနေတုန်း။ အပျိုဖြစ်ရင်တော့ ရှိလာမှာပေါ့နော်။ ရှိရင်လည်း အစ်မပို့လို ချိန်းမတွေ့ရဲပေါင်။

အင်း . . . နံနံပင်ကို ဘာလို့များ သတိရသွားတာပါလိမ့်။ သူ့နာမည်က နန္ဒမင်းတဲ့လေ။ သူက စတိုးဆိုင်ကြီးရဲ့ အပေါက်ဝမှာ စောင့်ရတဲ့သူ။ ဗိုးမဲန်း နန္ဒလို့ ခေါ်ကြပေမယ့် ထွေးကတော့ နံနံပင်လို့ပဲ ခေါ်လိုက်တော့တာပါ ပဲ။

သူက ထွေးကိုကြည့်တဲ့မျက်လုံးကြီးတွေက တစ်မျိုးလေ၊ ထွေးက ငယ်သေးပေမယ့် ဒီလောက်တော့ သိပါတယ်။ သူ့မှာ စားစရာရှိရင် ထွေးကို လာပြီးကျွေးတတ်တယ်။ ပြီးတော့ ထွေး မုန့်တွေခိုးစားနေတာ တွေ့သွားရင်လည်း တိုင်မပြောတတ်ဘူး။ မနက်စောစော ဘယ်သူမှ မနိုးသေးခင် ထွေးတို့က တစ်ဆိုင်လုံးကို သန့်ရှင်းရေး လုပ်ကြတဲ့အခါမှာ လူလစ်တာနဲ့ နှိုးပြထားတဲ့ အရုပ်မတွေပေါ်က အင်္ကျီလှလှလေးတွေယူလို့ ကိုယ်မှာ ကပ်ကြည့်ရတာအမော။ အဲဒါကို နံနံပင်က မြင်သွားတာ ခဏခဏ။

"အေး. . . အေး နင်လည်း စားဖူးကြည့်ချင် ဝတ်ဖူးကြည့်ချင်မှာပဲ။ သူတို့မှာ အများကြီး ရှိနေတာပဲဟာ . . . ဆက်လုပ်. . . ဆက်လုပ် ငါကတော့ တိုင်မပြောပါဘူး . . . တခြားလူသာ မြင်သွားရင်တော့ . . . နင် သက်သာမှာ မဟုတ်ဘူး မယ်ထွေး"

သူက. . . အဲဒီလိုဆရာကြီးဒိုဗိုင်းမျိုးလေ။ ပြီးတော့ ကိုရီးယားဇာတ်ကားတွေထဲကလို စကားလုံးမျိုးတွေလည်း ပြောတတ်သေးတယ်။

"မယ်ထွေးရယ် နင့်ကို ဒီအိမ်ဖော်ဘဝက လွတ်မြောက်အောင် အဝေးမှ အဝေးကြီးကို ငါ ခေါ်သွားချင်လိုက်တာ"

အဲဒီလိုပြောတတ်တဲ့ သူ လည်း ဆိုင်တံခါးဝမှာရပ်ပြီး ကျန်ရစ်ခဲ့ရှာတယ်။ ဘာဖြစ်လို့လဲ တော့မသိဘူး။ ဒီနေ့နံနံပင်ကိုသတိရနေမိပါတယ်။


ယိမ်းနွဲ့စိမ်းစိုနေတဲ့ လယ်ကွင်းတွေပေါ်က ခပ်ကြမ်းကြမ်း ဖြတ်လာတဲ့ လေကို အားပါးတရရှူနေရင်းနဲ့ အခုလို ပြောလိုက်ချင်တယ်။

နံနံပင်ရေ ငါအခု လယ်ကွင်းထဲမှာ ပေါင်းနုတ်နေတယ်။ အိမ်ဖော်တော့ မဟုတ်တော့ဘူး။ လယ်ကွင်းအဖော် ကွင်းဖော်ပေါ့ဟယ်။ကွင်းက ဘုရင်မတဲ့၊ အန်တီရဲ့ မြေးလေး အင်္ဂလိပ်စာကျက်တုန်းက ငါမှတ်ထားတယ်။ ငါသာ ဘုရင်မဖြစ်နေပြီဆိုခဲ့ရင် အန်တီဘယ်လိုနေမလဲ မသိဘူးနော်၊ ငါကတော့လေ ငါသာ ဘုရင်မဖြစ်ခဲ့ရင် အန်တီ့ကက်ဆက်မျိုးတွေ အများကြီးဝယ်ထားမယ်။ MP3 တို့ MP4တို့ရောပေါ့။ ဟမ်းဖုန်းလည်းပါရမယ် တီဗီကလည်း အကြီးကြီးပေါ့ဟယ် ပြီးတော့လေ အန်တီရဲ့မြေးတွေ ဂိမ်းကစားကြတဲ့ လက်တော့နဲ့ အိုင်ပက်ဆိုတာကိုလည်း လိုချင်သေးတယ်၊ အန်တီရဲ့ မြေးခွေးကက ငါနဲ့ရွယ်တူမဟုတ်လား၊ သူ အိုင်ပက်နဲ့ ဂိမ်းကစားနေရင် ငါမှာ ဒူးတုပ်ထိုင်ပြီး ငေးနေရတာ မဟုတ်လားဟယ်။

စိတ်ကူးယဉ်နေတဲ့ ကွင်းဖော် မယ်ထွေးနှင့် မနီးမဝေးမှာတော့ အိုင်ပက်ပြီး ငါးရှာနေကြတဲ့ ကလေးတစ်အုပ်ရဲ့ အသံတွေက ဆောင်းဘောက်စ်ပင်မလိုတော့ပါ။

**လေးသုစံ**

Asian Fame Media Group
MEDIA GROUP




# ငြိမ့်ငြိမ့် သက်သက် မုန်တိုင်း

## သင်းသင်းသာ

အတွေးရသ

Asian Fame Media Group

**လွင့်ပစ်ထားတာတွေ ရှိသလို သိမ်းဆည်းချင်တာတွေလည်း ရှိတာပေါ့ရှင်။ အိစီကာလီ လုပ်တတ်ခြင်း၊ မိန်းမဆန်ဆန် ဝတ်စားခြင်းနဲ့ ဆေးလိပ် မသောက်ခြင်း၊ ဘဝသရုပ်ဖော် ဝတ္ထုများကို ဖတ်ရှုရေးသားခြင်း၊ လုံးချင်းဝတ္ထုများကို တစ်လတစ်အုပ် သိန်း ၅၀ နှုန်းဖြင့် (တစ်နှစ်စာ) စာချုပ်ချုပ်လိုခြင်း၊ စိန်များ၊ ရွှေများ၊ ပိုက်ဆံများ ...စတဲ့**

တစ်လောကလုံး လင်းလက်နေတယ်။ အမြီးထောင်ထောင် ရှဉ့်ကလေး နှစ်ကောင်က သစ်ပင်တစ်ပင်ကနေ တစ်ပင်ဆီကို၊ ကိုင်းဖျားတစ်ခုကနေ နောက်ကိုင်းဖျားတစ်ခုဆီကို ပြေးတမ်းလိုက်တမ်း ကစားနေကျပါ။ အဲဒီမြင်ကွင်းလည်း ဒီကနေ့မရှိ။ တိတ်ဆိတ်နေပုံကနေ့ဟာ နေ့နဲ့မတူသလိုမျိုး အေးစက်လွန်းနေတယ်။ သက်ဝင်စေမယ့် လျှပ်စစ် ပစ္စည်းသံလည်း တစ်ခုမှမရှိ။ ညှော်နံ့မရှိ။ လုံးခဲလွင့်ပျံနေတဲ့ 'ကားလမ်းမ' သံမရှိ။ ကျောက်တုံးတစ်တုံးရဲ့ ငြိမ်သက်မှုမျိုးနဲ့ ဝမ်းလျားမှောက်ကြီး အိပ်နေသလိုပင်။ အထီးထီးကျန်လွန်းတယ်။

ဆေးလိပ် မီးခိုးငွေ့တွေက အလျင်စလိုပျံ့လွင့်မသွားဘဲ လုံးလုံးထွေးထွေး ဖြည်းဖြည်းညင်းညင်း အင်အားလျော့နေတယ်။ စိတ်တွေရဲ့ဆုညွှန်ကတော့ ရေခဲအပြည့်ပုလင်းတစ်လုံးက ရေသီးတွေလို စိမ့်ယိုသီးနေတယ်။ စိတ်ယိုင်နဲ့မှုတွေနဲ့ ပြေးလွှားနေတဲ့ စကားလုံးတွေကို နှိုးပြုပ္ပဖောင်းထဲထည့်ပြီး ကြိုးချည်ကာလွှတ်တင်ပေးလိုက်ပါပြီ။ ကမ္ဘာ့အမြင်ကို ထွက်သွားဖို့ ရည်ရွယ်ပေမယ့် တစ်နေရာရာအရောက်မှာ ငါ့ထံမှ သက်ဆိုင်သူထံသို့ ထုတ်ချင်းဖောက်ပြီး ဝင်ရောက်သွားနိုင်တယ်။ အဲသလိုဆိုရင်တော့ မုန်တိုင်းတွေပေါက်ကွဲတော့မပေါ့၊ မဖြစ်စေချင်ပါဘူး။

လင်းလက်ရုံ တစ်ခုတည်းနဲ့ နေ့လို့ သတ်မှတ်ခြင်းက သစ္စာမဲ့ခြင်းပေါ့။ အက်ဖ်အမ် ရေဒီယိုတွေမှာ ကိုရီးယားလင်္ကာတွေ အပြိုင်အဆိုင်လာနေရဲ့ မွေးနေ့ဆုတောင်းတွေ အပြိုင်အဆိုင် လွှင့်ထုတ်နေရုံနဲ့ နေ့လို့သတ်မှတ်ကြမယ်ဆိုရင် ဘယ်ခြေလှမ်းလှမ်းပြီးတိုင်း ညာခြေလှမ်း လှမ်းရမလိုဖြစ်နေတယ်။ ဘယ်ခြေပြီးတိုင်း ဘယ်ခြေကိုပဲ ထပ်ထပ်လှမ်းလို့ မရဘူးလား။ စိတ်ပျက်စရာကြီး။ အာခေါင်တစ်နေရာမှာ ငါးရိုးစူးနေလို့ မျက်တတ်တက်ခံစားနေရပေမယ့် ၇၄ နာရီကြာသွားရင်တော့ ဒီငါးရိုးက မိမိခန္ဓာကိုယ်အပူချိန်ကြောင့် အရည်ပျော်သွားလိမ့်မယ်။ မျက်တတ်တက် အရသာကို ၇၄ နာရီအတွင်း ထဲတွေးမျိုချရင်း ခံစားမှု အပြည့်ယူကြည့်ပါ၊ အဲဒီခံစားမှုကို ခွဲလမ်းပြီး ငါးရိုးစူး 'ယဉ်' လည်း ထင်ရှိုင်သေးတယ်လေ၊


မကောင်းမြင်ရခြင်းက လွယ်ကူသလို မကောင်းပြောရတာကလည်း လွယ်ကူလွန်းလို့ မကောင်းပြောသူအဖြစ် မကောင်းလူ ဖြစ်နေရခြင်းကို ဝန်ခံလိုပါတယ်၊ ဒီနေ့မကောင်းတာကိုချည်း မြင်တယ်။ မကောင်းတာကိုပဲ ပြောချင်တယ်။ မကောင်းတဲ့ အရာတွေကလည်း ပတ်ဝန်းကျင်မှာ ပြည့်နှက်နေတယ်။ ခံစားမှုကလည်း မကောင်း၊ တွေးမိသမျှလည်း မကောင်း၊ မျှော်မိသမျှလည်း မကောင်း၊ ဖြတ်သန်းခဲ့သမျှလည်း မကောင်း၊ ခြေလှမ်းဆက်ရမှာလည်း မကောင်း၊ မတ်မတ်ရပ်မိနေလည်း မကောင်း၊ အသက်မရှူဝံ့လည်း မကောင်း၊ ကောင်းတဲ့ဘက်မှာလည်း မကောင်း၊ မကောင်းတဲ့ သံသရာနဲ့ နွှမ်းဆောင်း ဥတုတွေ ဖြစ်ပေါ်နေသေးတယ်။ မကောင်းမိုးတွေနဲ့ စိုစွတ်၊ မကောင်းရေတွေကို သောက်သုံး၊ မကောင်းလေတွေကို သွေးကြောထဲ စီးဆင်းစေသလို ဖြစ်နေခြင်းကိုလည်း ဘယ်သူမှ မရိပ်မိသေး၊ သူကတော့ ကောင်းသောအချိန်ကို ဆယ်ကမ္ဘာ စောင့်ချင်လည်း စောင့်ရပါစေ။ အိမ်စောင့်ရင်း မကောင်းတဲ့ဟောကိန်းကိုပဲ သိပ်ထိုးနက်တိုး ပြဋ္ဌာန်းလိမ့်မယ်။ ဩော် . . . . မုန်တိုင်းရယ် . . . . ။


သူက ပြောတယ်။ ကလေးဆန်လွန်းသတဲ့။ ကလေးဆန်လွန်းသတဲ့၊ ကလေးဆန်လွန်းသတဲ့။ အဲဒီစကားလုံးတွေကို တဖွဖွ ရေရွတ်ရင်း၊ တဖွဖွ ရေရွတ်ရင်း တစ်စစ မောဟိုက်မိခြင်းကလည်း အထိနာခြင်းတစ်မျိုး ဖြစ်နေတယ်။ ငြိမ်သက်လွန်းချိန်မှာမှ ထိထိမိမိမွှေ နှောက်သွားခြင်းပေါ့။ အမြစ်စ အမြစ်နပါမကျန် ပြုတ်ထွက်သွားတာကို ဘာမှမဖြစ်သလို ဟန်ဆောင်ခြင်းက ငါ့ရဲ့ တန်ပြန်တိုက်ခိုက်ခြင်း ဖြစ်လိမ့်မယ်။ အဲဒီ သဘောတရားတွေကို ငါ မသိလိုက်ပါဘူးကွယ်။ ငါသိတာက တဖြည်းဖြည်းနဲ့ အညွန့်ကျိုး သေဆုံးသွားတာလေ။ ချစ်သူ မင်းလည်း လွှတ်မြောက်လိုက်ပါတော့။ အဝေးကိုသာ သုတ်ခြေတင်ပါတော့။


ရန်ဖြစ်ချင်လိုက်တာ၊ နပန်းလေးလည်း သတ်ချင်လိုက်တာကွာ။ အခန်းထဲမှာ စိတ်နဲ့၊ စကားလုံးနဲ့



Asian Fame Media Group
MEDIA GROUP







မျှမျှတတ ဖြစ်လွန်းအားကြီးနေလို့ ညောင်းလှပြီ။ ငြိမ်သက်လွန်းလို့ ဘုလှပြီ။ မသိမသာ ဝေကျနေတဲ့ အရွေ့ကို ကြည့်တောင်းတောင်း ကြည့်ရင်း ထိတ်လန့်နေမိသေးတာပေါ့။ ဩော် . . . ဖြည်းဖြည်းလေးပါပဲ။ နှေးနှေးလေးပါပဲ။ ကွေးကွေးလေးဖြစ်ဖို့ လိမ်ကျစ်သွားတာ မဟုတ်ဘူး။ တရွေ့ရွေ့ ကုန်ခန်းသွားတာ ဖြစ်တယ်။ လူအဖြစ်မှ ကုန်ခန်းသွားခြင်းမျိုး ဖြစ်လိမ့်မယ်။ လူဖြစ်နေလျက် လူဖြစ်ခွင့် မရတော့ရင် မင်းအပြစ် မဟုတ်ရပါဘူး . . ချစ်ရသူ။ ငါ့မှာ တရားလက်ကိုင် မရှိတာပါ။

တိတ်ဆိတ်နေတယ်။ မြင်ပမှာ တိတ်ဆိတ်နေတယ်။ တစ်လောကလုံး တိတ်ဆိတ်နေပုံများ အပ်ဖျားကျသံတောင် မဲ့နေသေး။ ဒါပေမဲ့ . . . ငါ့ခေါင်းထဲမှာ မူးနောက်နေတယ်။ တိတ်ဆိတ်ခြင်းနဲ့ ဆန့်ကျင်တာလား၊ အလိုတူတာလား. . မသိအောင် မူးနောက်နေတယ်။ ဘီယာ မသောက်ဖူးဘဲနဲ့ အချိန်လေးငါးနာရီအတွင်း ဘီယာ ၁၈ ဘူးသောက်ခဲ့ချိန်က အမူးမျိုးနဲ့ ခပ်ဆင်ဆင်တူတဲ့ အမူးမျိုးကို ပြန်ရလိုက်တယ်။ ဦးခေါင်းမှုထားပြီး မျက်လုံးမှိတ်ထားပေမယ့် အနှောက်ယှက်ကြီး လှုပ်ရှားနေပုံကို မြင်သလိုလို၊ မမြင်သလိုလို လှိုင်းစီးရသလိုလို လှိုင်းအောက်ရောက်ရသလိုလို နေ့မူးမူး ညမူးမူး ဖြစ်နေတုန်း၊ သေခြင်းကို မကြောက်ရွံ့ခဲ့ဘူး၊ ရှင်ရမှာတောင် ကြောက်ရွံ့မိသေးတယ်။ ငါက လူ့ဘဝကို အဲသလို စိတ်ကောက်ပစ်လိုက်တယ်။ ငါ့ရဲ့ ကောက်ကွေးကွေး စိတ်ကို ငါကိုယ်တိုင် မချော့တော့ဘူး။ ချော့ရပေါင်းကလည်း အကြိမ်တိုင်းလိုလို ဖြစ်နေတော့လေ။ ဩော် . . . ဟုတ်. . လား။ ခိခိ. . . ရယ်ရတယ်။

လွှင့်ပစ်ထားတဲ့ အရာတွေ [illegible] ပြန်နေတယ်။ [illegible]ခန်းမဆန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဟာသဝတ္ထုများ ဖတ်ရှုခြင်း၊ ထမင်းချက်ခြင်း၊ ဈေးသွားခြင်း၊ လူမမာ ပြုစုခြင်း၊ ဟဲလို . . . ဒါလင်လို့ နှုတ်ခွန်းဆက် ခြင်း၊ တယ်လီဖုန်း ဖွင့်ထားခြင်း၊ ဖော့စ်ဘွတ်ပေါ် တက်ခြင်း၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ အမုန်းဖြစ်ချင်သူများ . . . အိုး . . . လွှင့်ပစ်ထားတဲ့ အရာတွေက များလွန်းခဲ့တယ်။ အဲဒီအထဲမှာ တချို့အရာတွေက ကိုယ့်မှာ ရှိလို့ လွှင့်ပစ်ထားတာ။ တချို့အရာတွေက ကိုယ့်မှာ မရှိဘဲနဲ့ လွှင့်ပစ်ထားတာမျိုးပေါ့။

လွှင့်ပစ်ထားတာတွေ ရှိသလို သိမ်းဆည်းချင်တာတွေလည်း ရှိတာပေါ့ရှင့်။ အီစီကလီ လုပ်တတ်ခြင်း၊ မိန်းမဆန်ဆန် ဝတ်စားခြင်းနဲ့ ဆေးလိပ် မသောက်ခြင်း၊ ဘဝသရုပ်ဖော်ဝတ္ထုများကို ဖတ်ရှုနေသားခြင်း၊ လုံးချင်းဝတ္ထုများကို တစ်လ တစ်အုပ် သိန်း ၅၀ နှုန်းဖြင့် (တစ်နှစ် ၈၁) စာချုပ်ချုပ်လိုခြင်း။ စိန်များ၊ ရွှေများ၊ ပိုက်ဆံများ . . . စတဲ့ အရာတွေကို လောဘတကြီး သိမ်းဆည်းလိုပါတယ်။ မိုးဦး၊ လေဦးရာသီ မဟုတ်တော့လို့ မိုးကြိုးတွေ အခဲလိုက် ကျလာမှာလည်း မကြောက်ဘူးပေါ့။

ဒါပေမဲ့ . . . ငြိမ်သက်ခြင်းနဲ့ တိတ်ဆိတ်ခြင်းတို့ကို ကြောက်ရွံ့မိတယ်။ ဒါကို ကောင်းတဲ့ ဖြစ်တည်မှုလို့ မယူဆပါ။ သက်မဲ့လွန်းတယ်လို့ ထင်ယောင်ထင်မှားဖြစ်ဖို့ လွယ်ကူများတာ သက်သက်ပဲ။ သူ့ရဲ့ ရှင်သန်ခြင်း အဓိပ္ပာယ်ကို ရှည်လျားတဲ့ အဖြစ်တွယ်နေမှုနဲ့ တိုင်းတာနိုင်တယ်။ အဲလိုက် ကျင်းလိုက် ပျက်စီးသွားပို့ ရည်ရွယ်ပြီး ဖောက်ခွဲဖို့ ချောင်းမြောင်းနေတာလည်း ဖြစ်တယ်။ အချိန်အခါကောင်းကို စောင့်မျှော်နေတဲ့ အချိန်မှာ ငြိမ်ငြိမ်သက်သက် တိတ်ဆိတ်လွန်းတတ်တာကို . . . သိတယ် . . . မဟုတ်လား၊

မုန်တိုင်းဆိုတဲ့ ဝေါဟာရက အဘိဓာန်မှာ ရှိပြီးသားလေ။ မုန်တိုင်းကို ဖြစ်ပေါ်စေတဲ့ လေဖိအား၊ အပူချိန်၊ အနောက်တောင်မုတ်သုံလေ၊ လေတိုက်နှုန်း၊ လေဖိအားနည်းရပ်ဝန်း. . စတဲ့ အရာများစွာက အကြောင်းအရာ အတော်များများကို ငါကိုယ်တိုင် ဖန်တီးပြီးချိန်မှာ အကြောင်းအရာ အချို့ကို ချစ်ရသူကလည်း ဖန်တီးခဲ့ပြီး ဖြစ်တယ်။

(ဒါလေးကိုတော့ မငြင်းပါနဲ့နော်။ ငါ့ကွယ်ရာမှာ ခေါင်းညိတ်ဝန်ခံလိုက်စမ်းပါ)။ ဟော. . . လေပြုလေးတလွင့်လွင့်က မုန်တိုင်းဘဝကို ကူးပြောင်းသွားပြီ။ ဒါပေမဲ့ . . . သူ. . . ငြိမ်ငြိမ်သက်သက်လေးပါပဲ။

**သင်းသင်းသာ**

## MIM ၏ စီးပွားရေး လုပ်ငန်းအကြောင်း လုပ်ငန်းရှင်များနှင့် စာနယ်ဇင်းများထံ မိတ်ဆက်

MIM (Myanmar Image Media Group) ၏ စီးပွားရေး လုပ်ငန်း အကြောင်းကို လုပ်ငန်းရှင်များနှင့် စာနယ်ဇင်းများထံ အသိပေး မိတ်ဆက်ခြင်း အခမ်းအနားကို အောက်တိုဘာလ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီက Central Hotel တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဆရာ အောင်သျှီ ဝိုင်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး MIM Group က ကျင်းပမည့် သီတင်းကျွတ် အထူးဈေးရောင်း ပွဲတော်တွင် ပူးပေါင်းပါဝင်နိုင်မည့် အကြောင်းများကို Executive Manager ဦးဇင်အောင်နဲ့ မအိနှင်းဒါက ရှင်းလင်း ပြောကြားခဲ့သည်။







ဈေးရောင်းပွဲတော်ကို ၂၇ ရက်မှ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ဈေးပွဲတော်တွင် လူသုံးကုန်ပစ္စည်း၊ ပရိဘောဂပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ မင်္ဂလာ အခမ်းအနား ပစ္စည်းများ ရောင်းချမည်ဖြစ်ပြီး ဆိုင်ခန်းတန်ဖိုး ၁ သိန်းခွဲမှ ၂ သိန်းအထိ နေရာအလိုက် သတ်မှတ်ပေးထားကြောင်းကို လုပ်ငန်းရှင်များ ပါဝင်ဆင်နွှဲနိုင်ကြရန် အသိပေး ပြောကြားခဲ့သည်ဟု သိရသည်။

## သံသရာလမ်းပေါ်က မီးရထားတစ်စင်း စာအုပ်မိတ်ဆက်ပွဲနှင့် ရေးသူဖတ်သူ ဆွေးနွေးပွဲ



လင်းလွန်းခင် စာပေတိုက်မှ ထုတ်ဝေသော 'သံသရာလမ်းက ကြိုးတန်းလျှောက် ရှားပါးလူ' နှင့် 'မီးရထားတစ်စင်း ဝတ္ထုတိုစု' စာအုပ်မိတ်ဆက်ပွဲနှင့် ရေးသူဖတ်သူဆွေးနွေးပွဲကို အောက်တိုဘာလ ၁၁ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်အောင်ကျော်လမ်းရှိ Home Media တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စာရေးဆရာ မာန်(တောင်လုံးပြန်) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဆရာကြည်နိုင်၊ ဆရာမ ရွှေကူမေနှင်းနှင့် ဆရာ မင်းသစ်တို့က အမှတ်တရစကားများ၊ စာပေရေးရာများအကြောင်း ပြောကြားခဲ့ကြသည်။ 'သံသရာလမ်းက ကြိုးတန်းလျှောက် ရှားပါးလူ' စာအုပ်နှင့် စပ်လျဉ်း၍ အဆိုပါ ဝတ္ထုတိုများဖန်တီးသူ မောင်လွင်မွန် (ကသာ) က ရှင်းလင်းပြောကြားခဲ့ပြီး 'မီးရထားတစ်စင်း' ဝတ္ထုတိုများရေးသားခဲ့ကြသော စာရေးဆရာများကလည်း အဆိုပါ စာအုပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြကာ စာပေရေးရာများကို ဆွေးနွေးခဲ့ကြသည်။

## စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ၏ လစဉ် စီးပွားရေး စီမံခန့်ခွဲမှုနှင့် အောင်မြင်ရေး စာပေဟောပြောပွဲ ကျင်းပ

လူငယ်တိုးတက်ရေးလမ်းညွှန် စာအုပ်များ ရေးသားခြင်း၊ ဟောပြောခြင်းများကို အစဉ်တစိုက် ပြုလုပ်နေသည့် စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) သည် Free Talk Show တစ်ရပ်ကို 'လစဉ်စီးပွားရေး စီမံခန့်ခွဲမှုနှင့် အောင်မြင်ရေး စာပေဟောပြောပွဲ' ခေါင်းစဉ်ဖြင့် စက်တင်ဘာလ ၂၃ ရက် မွန်းလွဲ ၁ နာရီက တော်ဝင်စင်တာတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဟောပြောပွဲကို တော်ဝင်စင်တာနှင့် မြန်မာ့မြေစာပေတို့က ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ၏ စာဖတ်ပရိသတ်များ၊ စိတ်ပါဝင်စားသူ လူငယ်များ တက်ရောက်ခဲ့ကြသည်။

## ဂန္ထဝင်နှလုံးသား ပရဟိတလူမှုရေးအသင်းမှ မွေးဖွားလာသော အလှူဒါနအကြံပြု ညှိနှိုင်းအစည်းအဝေး

ဂန္ထဝင်နှလုံးသား လူမှုရေးအသင်းက မိဘမဲ့ နှင့် ဆင်းရဲနွမ်းပါးသူများအား တတိယအကြိမ် လှူဒါန်းရန်အတွက် နှလုံးသားတူ၊ ဆန္ဒတူ၊ စေတနာ အလှုပိုင်ရှင်များ၏ မွန်မြတ်သော အလှူဒါနပွဲ ပေါ်ပေါက်ရန် ဆွေးနွေး ညှိနှိုင်းကြသော အကြံပြုအစည်းအဝေးကို စက်တင်ဘာလ ၂၃ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာရှိ မြကျွန်းသာ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်တွင် ကျင်းပခဲ့သည်၊ အဆိုပါ အစည်းအဝေး၏ လုပ်ငန်းရည်ရွယ်ချက်များအရ တတိယအကြိမ်အလှူဒါနကို အောက်တိုဘာလ ၁၄ ရက်က ပဲခူးတိုင်း၊ တဝမြို့နယ် ညောင်လေးပင်ကျေးရွာရှိ မူလတန်း၊ အလယ်တန်း ကျောင်းသူ ကျောင်းသား ၁၃၀ ခန့်ကို စာအုပ်၊ ခဲတံအစရှိသော ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ သွားရောက်လှူဒါန်းဖြစ်ခဲ့ကြကြောင်း သိရသည်။





# သမီးလေးသိစရာ
# တရားဦးဒေသနာ

ဒေါက်တာတင်မြင့်ထွေး

Asian Fame Media Group

ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနေသော ဓမ္မစကြာတရားတော်ကို နာကြားပြီးလို့ စာတစ်ပုဒ်လောက် ဖတ်လိုက်ဦးမယ်ဟု အကြံအစည်နဲ့ ထလာတဲ့ ကျွန်မအနားကို တူမလေးခင် ရောက်လာပါတယ်။

"ဒေါ်လေး ရုပ်မြင်သံကြားက ခဏခဏလွှင့်နေတဲ့ ဓမ္မစကြာအကြောင်း ခင့်ကို ပြောပြပေးပါ"

တကယ်တမ်းအားဖြင့် ခင်သည် ဓမ္မစကြာကို လုံးဝမသိတာတော့ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတစ်ဦး ဖြစ်သည်နှင့်အညီ မြတ်စွာဘုရားဟောကြားခဲ့သော တရားအားလုံးမှာ ဓမ္မစကြာဟာ ပထမဦးဆုံးသော တရားဦးဖြစ်တယ်ဆိုတာကို သိပြီးဖြစ်မှာပါ။ ဘာကို သိချင်တာပါလိမ့်။ ခင် ဆက်ပြောလိုက်တဲ့စကားကို ကြားရမှ ရှင်းလင်းသွားပါတယ်။

"ဓမ္မစကြာဆိုတာ မြတ်စွာဘုရားရဲ့ တရားဦးဆိုတာတော့ သမီးသိပါတယ်။ ဒါပေမဲ့ ဘာတွေဟောသွားတယ်ဆိုတာ သမီးမသိဘူး။ အားလုံးက ပါဠိလိုချည်းရွတ်နေတာဆိုတော့ ဓမ္မစကြာတရားတော်ရဲ့ အဓိပ္ပာယ်ကို သိချင်ပါတယ်ဒေါ်လေး"

"သမီးသိချင်တာကို ဒေါ်လေး ပြောပြမှာပေါ့။ ဒီလိုသမီးရဲ့၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၀ ကျော်

ဘုရားအလောင်းတော် ဘုရားအဖြစ်သို့ ရောက်ရှိပြီးတဲ့နောက် ပဥ္စဝဂ္ဂီငါးဦးဆိုတဲ့ အလောင်းတော်ဘဝတုန်းက အလုပ်အကျွေးပြုခဲ့ကြသူများနဲ့ နတ်ဗြဟ္မာများကို ဟောခဲ့တဲ့တရားဆိုတာ သမီးသိတယ်နော်"

"ဟုတ်ကဲ့ ဒေါ်လေး"

"တကယ်တော့ သမီးရေ ဂေါတမမြတ်စွာဘုရားတစ်ပါးတည်း ဟောခဲ့တာမဟုတ်ဘူး၊ ဘုရားရှင်အားလုံးတို့ ဓမ္မစကြာကို တရားဦးအနေနဲ့ ဟောခဲ့ကြတာချည်းပဲ။ သမီးခင်ရေ မြတ်စွာဘုရားရှင်ဟာ ဓမ္မစကြာတရားတော်ကို စတင်ဟောကြားပြီးတဲ့နောက်ပိုင်း တရားတော်ပေါင်းများစွာကို ဟောကြားခဲ့တယ်၊ ဒါပေမဲ့ တရားဦးဓမ္မစကြာဆိုတာ ဘယ်လောက်တောင် အရေးပါ၊ ကောင်းမြတ်သလဲဆိုရင် ဘုရားရှင်ဟောကြားသမျှသော တရားအားလုံးရဲ့ အနှစ်ချုပ်ကို ပြပါဆိုရင် ဓမ္မစကြာတရားဦးကို ညွှန်ပြလို့ရတယ်"

"ဟာ ဒေါ်လေးပြောလိုက်တော့ ခင် ဓမ္မစကြာကို ပိုပြီးသိချင်သွားပြီ"

"ဒီလိုပဲ ဖြစ်ရမယ်လေ၊ ဓမ္မစကြာကို တစ်ပိုဒ်ချင်း၊ တစ်လုံးချင်း အသေးစိတ်ပြောရရင် ရှည်လျားထွေပြားစွာ ပြောရလိမ့်မယ် သမီးရေ ဒေါ်လေး ဓမ္မစကြာတရားတော်မှာပါတဲ့ အဓိကအချက်တွေထဲက တစ်ချက်ကို ရှင်းပြမယ်၊ အဲဒါကတော့ သစ္စာလေးပါးတရားပဲ"

ပါဠိစကားလုံးများကို အားလုံး ဘာသာပြန်ပေးနေရင် အသက်အားဖြင့်ငယ်ရွယ်သေးသော ခင်ကဲ့သို့သော သမီးလေးများ နားမှာ ရှုပ်ထွေးမသွားစေလိုတဲ့အတွက် တရားတော်များထဲမှ ဓမ္မစကြာ၊ အနှစ်များထဲမှ အနှစ်အနေနဲ့ သစ္စာလေးပါးတရားကို ရှင်းပြပေးမယ်လို့ ကျွန်မရည်ရွယ်ရင်းဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်းသိအောင်ပြောရာမှာ နေ့စဉ်ဘဝထဲမှာတွေ့နေရတဲ့ အကြောင်းအရာတစ်ခုနဲ့ နှိုင်းယှဉ်ပြီးပြောရရင် နားလည်လွယ်မည်ဟု ထင်တဲ့အတွက် ခင်နားလည်လောက်သော ဥပမာတစ်ခုခုကို အပြေးအလွှား စဉ်းစားရပြန်ပါတယ်။

"ခင်ရေ၊ ဘုရားရှင်မပေါ်ထွန်းမီက လူတွေဟာ ဘာကိုမှ ခွဲခြမ်းစိတ်ဖြာ စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ မြင်တာ၊ ကြားတာ စတာတွေမှာ ပျော်မွေ့ပြီး နေကြတယ်။ ဒါကို ကာမဂုဏ်အာရုံတွေ ခံစားတယ်လို့ခေါ်တယ်၊ ရှိတုန်းမှာ ခံစားလိုက်ကြ၊ မရှိတော့ ဝမ်းနည်းပူဆွေးကြနဲ့ ရက်တွေကုန်ခဲ့ကြတာလေ၊ ဒါတွေအားလုံးကနေ ကယ်တင်ဖို့ မြတ်စွာဘုရားပေါ်ထွန်းလာတာ၊ ဒါကြောင့် မြတ်စွာဘုရားကို သမားတော်ကြီးတစ်ဦးလို့ ခေါ်လို့ရတယ်၊ ဆရာဝန်ကြီးပေါ့ သမီးရယ်"

"ဒေါ်လေးကလည်း မြတ်စွာဘုရားကို ဆရာဝန်ကြီးတဲ့၊ ကြံကြံဖန်ဖန်၊ အဲဒါ ဘာပြောချင်တာတုံး"

"ဆရာဝန်ကြီးဆိုတော့ လူနာတွေကို ဆေးကုပေးတာပေါ့၊ ဆိုပါစို့သမီးရယ်၊ တစ်ရက်မှာတော့ ဆရာဝန်ကြီးဆီကို လူနာတစ်ယောက်ရောက်လာတယ်၊ အကောင်ကိုက်ခံရတဲ့ လူနာတဲ့"

"ဘာကောင်ကိုက်ခံရတာလဲ ဒေါ်လေး"

"မသိလိုက်ဘူးတဲ့လေ၊ မြွေလားဘာလားမသိဘဲရောက်လာတော့ ဆရာဝန်ကြီးက အကိုက်ခံရတဲ့လူနာရဲ့ အနာလက္ခဏာကို စစ်ဆေးပြီ၊ မြွေစွယ်ရာလား၊ အပေါက်က ဘယ်နှပေါက်ရှိတုံး၊ အဆိပ်ပြင်းတဲ့ပုံလား စသည်ဖြင့်ကြည့်တော့ လူနာက အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံထားရတာတဲ့ သမီးရေ"

"ဟင် ဒါဆို မြန်မြန်ကုမှရမယ်နော်"

"အေး အဆိပ်ပြန့်ပုံကြည့်ရတာလည်း မြွေပွေးဖြစ်ရမယ်တဲ့"

"ဟာ အဆိပ်ဖြေဆေးထိုးဖို့ လိုမှာပေါ့"

"ဟုတ်တယ် သမီးရေ၊ ဒဏ်ရာအနီးကနေ မြွေဆိပ်ကို တတ်နိုင်သမျှ ထုတ်ပစ်တယ်၊ တစ်ကိုယ်လုံးမပျံ့အောင် အကွယ်မှုလုပ်တယ်၊ လိုအပ်တဲ့ဖြေဆေးကို မြန်မြန်ထိုးလိုက်တယ်"

"လူနာသက်သာရဲ့လား ဒေါ်လေး"

"အသက် မဆုံးရှုံးရတော့ဘူးတဲ့"

"တော်ပါသေးရဲ့ ဒေါ်လေးရယ်၊ ဒါပေမဲ့ အဲဒီ ဆရာဝန်ကြီး ဆေးကုတာနဲ့ ဓမ္မစကြာက ဘယ်လို ဆက်စပ်နေလို့လဲ ဒေါ်လေးရယ်"

"ဒီလိုသမီးရဲ့၊ ဓမ္မစကြာမှာပါတဲ့ သစ္စာလေးပါးတရားမှာ ပထမတစ်ခုက 'ဒုက္ခသစ္စာ' တဲ့၊ မြန်မာလိုတော့ ဆင်းရဲခြင်းအမှန်လို့ ပြောရမယ်၊ ခုနတုန်းက လူနာအကောင်ကိုက်ခံရတာကို သိတာမျိုးဆိုရင် ဒုက္ခသစ္စာသိတယ်လို့ ခေါ်နိုင်တယ်၊ ဆရာဝန်ကြီးက မြွေလား ဘာလားစစ်တယ်၊ မြွေဆိုရင်လည်း ဘာမြွေလဲ စစ်တယ်၊ အဆိပ်ပြင်း၊ မပြင်း၊ ခန္ဓာကိုယ်ထဲ အဆိပ်ဘယ်လောက်ရောက်သလဲ စစ်တယ်ဆိုတာ ရောဂါအကြောင်းရင်းကို စစ်တာမဟုတ်လား၊ ဒီလိုပဲ အကြောင်းရင်းမှန်ကို စုံစမ်းရင် အဲဒါကို 'သမုဒယသစ္စာ' လို့ခေါ်တယ်၊ ရောဂါသိပြီဆိုတော့ ဆရာဝန်ကြီးက ကုသမှုတွေလုပ်ပြီ။ ဖယ်လို့ရသမျှ အဆိပ်တွေဖယ်မယ်၊ တတ်နိုင်သမျှ အဆိပ်တွေမပျံ့အောင် တားမယ်၊ မြွေဆိပ်ဖြေဆေးထိုးမယ်ဆိုတာတွေက ရောဂါကုသနည်းလမ်းတွေ မဟုတ်လား၊ ဒီလိုပဲ နည်းမှန်လမ်းမှန်နဲ့ လိုရာပန်းတိုင်ရောက်အောင် သွားတယ်ဆိုတာက 'မဂ္ဂသစ္စာ' လို့ခေါ်ရမယ်၊ ရောဂါကုသမှုရဲ့ အကျိုးတရားအနေနဲ့ လူနာအသက်ချမ်းသာရာရတယ်ဆိုတာကတော့ 'နိရောဓသစ္စာ' နဲ့ တူတယ်ခင်ရေ"

"ဩော် ဒီလိုလား ဒေါ်လေး"

"ဟုတ်ပါ့ရှင်၊ ဒီဥပမာလေးနဲ့ဆိုရင် မြတ်စွာဘုရားက ဆရာဝန်ကြီးနဲ့တူတယ်ဆိုတာ သဘောပေါက်ပြီမဟုတ်လား၊ အေး အဲဒီသစ္စာလေးပါးတရားတော်ကို ဟောတာ တရားဦးဓမ္မစကြာမှာပဲပေါ့၊ ဘယ်လိုကိစ္စမျိုးမှာမဆို ပြဿနာတစ်ခုရှိလာပြီဆိုရင် အဲဒီပြဿနာရဲ့ အကြောင်းတရားအရင်းအမြစ်ဆိုတာ ရှိတယ်၊ အဲဒီအကြောင်းတရားကို နည်းမှန်လမ်းမှန်နဲ့ ဖြေရှင်းနိုင်ပြီဆိုရင် ပြဿနာရှင်းလင်းသွားတဲ့ အကျိုးရမှာပဲ"

"ဒေါ်လေး လောလောဆယ် ခင့်မှာလည်း ပြဿနာတစ်ခုရှိနေတယ်"

"ဟေ ဘာပြဿနာလဲ သမီး"

"သမီး ဗိုက်ဆာနေတယ် ဒေါ်လေး၊ ဗိုက်ထဲမှာ ဘာမှမရှိဘူး"

"ဩော် ပြဿနာကိုသိပြီ၊ အကြောင်းရင်းရှာကြည့်ပါဦး"

"မနက်တုန်းက ဘာမှစားမထားဘူး"

"ဩော် ဒါဖြင့် ဘယ်လိုနည်းနဲ့ ဖြေရှင်းမလဲ"

"ထမင်းသွားစားလိုက်မယ်လေ"

"စားပြီးရင် ပြဿနာရှင်းသွားပြီ၊ အေး အဲဒါ မြတ်စွာဘုရား ညွှန်ပြပေးခဲ့တဲ့ သစ္စာလေးပါးအမှန်တရားလမ်းညွှန်ပဲ ခင်ရေ"

ဒေါက်တာတင်မြင့်ထွေး

ပါဠိစကားလုံးများကို
အားလုံးဘာသာပြန်ပေးနေရင်
အသက်အားဖြင့်ငယ်ရွယ်သေးသော
ခင်ကဲ့သို့သော သမီးလေးများ နားမှာ
ရှုပ်ထွေးမသွားစေလိုတဲ့အတွက်
တရားတော်များထဲမှ ဓမ္မစကြာ
အနှစ်များထဲမှ အနှစ်အနေနဲ့ သစ္စာ
လေးပါးတရားကို ရှင်းပြပေးမယ်လို့
ကျွန်မ ရည်ရွယ်ရင်းဖြစ်ပါတယ်။
ရှင်းရှင်းလင်းလင်းသိအောင်
ပြောရာမှာနေ့စဉ်ဘဝထဲမှာ
တွေ့နေရတဲ့ အကြောင်းအရာတစ်ခုနဲ့
နှိုင်းယှဉ်ပြီးပြောရရင်
နားလည်လွယ်မည်ဟု
ထင်တဲ့အတွက် ခင်
နားလည်လောက်သော
ဥပမာတစ်ခုခုကို
အပြေးအလွှား စဉ်းစားရပြန်ပါတယ်။

Asian Fame Media Group




# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)

*'တစ်ခုတည်းသော ကမ္ဘာ တစ်ခုတည်းသော လူသား'*

စက်တင်ဘာလကုန်ပိုင်းက ထင်ရဲ့ သတင်းစာထဲမှာ အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံ အလယ်ပိုင်းမှ ဆုတ်ခွာတော့မယ့်အကြောင်း ဖတ်လိုက်ရတော့ ကိုထွန်းတစ်ယောက် ယခုနှစ် မန္တလေးရဲ့ မိုးရာသီအကြောင်းကိုတွေးရင်း မအံ့မလည်ကြီး ဖြစ်သွားပါတယ်။ မိုးရာသီလို့သာ ပြောပေမယ့် မန္တလေးမှာ ကြီးကြီးမားမား မိုးရွာတာ တစ်ကြိမ်ပဲ ကြုံခဲ့ပါတယ်။ အဲဒီမိုးက တစ်နေ့တည်းနဲ့ လေးလက်မ ကျော်ကျော်ရွာတဲ့မိုးပါ။ ပြီးတော့ ထုံးစံအတိုင်း မိုးဟာ မန္တလေးနဲ့ အဆက်အဆံ မရှိဘဲ ဖြစ်သွားပြန်ပါတယ်။ ကျွန်တော်တို့ကတော့ နွေရာသီလည်း နွေရာသီမို့ မိုးရာသီလည်း မိုးရာသီ ဖြစ်သမို့ ဆောင်းလည်း



ဆောင်းရာသီမို့ အနီ ရာသီဥတုသုံးခုကို ချစ်သော မန္တလေးနဲ့အတူ ပျော်ရွှင်စွာ ဖြတ်သန်းရင်း လူလားမြောက်ရာမှ အခု ဘိုးတော် အရွယ်ကို ရောက်လာပါပြီ။ မန္တလေးရဲ့ ရာသီဥတုအကြောင်းကို ပြောရရင် တစ်ခုမှ လွမ်းစရာရှိမည် မထင်။ နွေမှာလည်း ပူပြင်းပါဘိသနဲ့။ မိုးရာသီကျတော့လည်း မိုးရွာတဲ့အကြိမ်က နည်းနည်းနေပူရှိန်ပြင်းတဲ့ ရက်တွေက ခပ်များများ။ ဟော . . ဆောင်းရာသီ ရောက်ပြန်တော့လည်း လိုမ့်အေးပြန်ပါလေရော။ ဒီတော့မှ ရာသီဥတုမမျှတတဲ့ မန္တလေးနဲ့ ဒါကိုတောင် ညည်းညည်းညူညူမရှိ အပြစ်မမြင်ဘဲ နေထိုင်ကြတဲ့ မန္တလေးသူ မန္တလေးသားတွေရဲ့ စိတ်ရှည်သည်းညည်းခံမှုကို အံ့ဩသွားပါတယ်။

အမှန်တော့ အံ့ဩစရာ မရှိပါဘူး။ ကိုယ့်မြေကိုယ့်ရွာ ကိုယ့်အရပ်ဒေသကို သံယောဇဉ်ကြီးမားပြီး ချစ်တဲ့စိတ်ကြောင့် ဒီလိုရာသီဥတုဒဏ်တွေဖြစ်နေတာကို သတိမပြုမိဘဲ ဖြစ်နေတာပါ။ တစ်ခါတစ်ခါတော့ ကျွန်တော်စဉ်းစားကြည့်ဖူးပါတယ်။ ရန်ကုန်လို နေရာမျိုးတောင် အိုးအိမ်ရွှေ့ပြီး နေထိုင်ဖို့ ဝန်လေးကြတဲ့ မန္တလေးသူ မန္တလေးသားတွေဟာ နိုင်ငံရပ်ခြား နေရာမျိုးတွေကို နှစ်ရှည်လများ သွားရောက် နေထိုင်ဖို့ဆိုတာ အတော်မလွယ်တဲ့ ကိစ္စလို့ ထင်ပါတယ်။ လွန်ခဲ့တဲ့နှစ်လေးဆယ်လောက်က မန္တလေးမှာ လူဦးရေ လေးသိန်းကျော်ပဲ ရှိပါတယ်။ အဲဒီအထဲက နိုင်ငံရပ်ခြားကို သွားရောက်နေထိုင် အလုပ်လုပ်ကိုင်ကြသူ မန္တလေးသူ မန္တလေးသားတွေ ရာဂဏန်းတောင် ရှိပါ့မလားမသိ။ သွားကြတဲ့ သူတွေကလည်း အချိန်တန်ရင် အိမ်ပြန်ဖို့အတွက် အားခဲရင်းလွမ်းတသသနဲ့ ရှိနေကြပါတယ်။ တကယ်တော့ ပြောလို့သာပြောရတာပါ။ ကမ္ဘာပေါ်မှာ ရှိကြတဲ့လူသားအားလုံးဟာ ကိုယ့်ဒေသ၊ ကိုယ့်ဇာတိမြေနဲ့ ကိုယ့် ဓလေ့စရိုက်ကိုပဲ သံယောဇဉ်ကြီးကြသူတွေချည်း ဖြစ်ပါတယ်။ တီဗီတွေ ရုပ်ရှင်တွေထဲမှာ ပတ်ဝန်းကျင် တစ်ခုလုံးရေခဲပြင် ဖုံးလွှမ်းထားတဲ့ အက်စ်ကီးမိုး လူမျိုးတွေကို တွေ့ဖူးပါတယ်။ အတော်ပျင်းစရာကောင်းမယ့် အရပ်ဒေသပဲ၊ အဲသလိုပဲ သဲအတိ ဖုံးလွှမ်းနေတဲ့ သဲကန္တာရထဲမှာ နေထိုင်ကြတဲ့ အာရပ်လူမျိုးတွေ ရှိပါတယ်။ အမြဲချနေထိုင်ရတာက အဆုံးအစ မမြင်ရတဲ့ သဲပြင်၊ ခေါင်းပေါ်မှာတော့ နေက ဝင်းဝင်းတောက်လို့၊ အပူချိန် ၁၀၄၊ ၁၀၅ ဒီဂရီလောက် ရှိရင် နွေရာသီမှာယပ်တဖျတ်ဖျတ် ခတ်ရင်း အမယ်လေး ပူလှချည်ရဲ့ အိုက်လှချည်ရဲ့နဲ့ ညည်းတွားတယ်တဲ့ ကျွန်တော်တော့ သို့ကလို ကိုယ့်ထက်ဆိုးတဲ့ နေရာဒေသတွေကို မြင်ရတော့ အလိုလိုနေရင်းနဲ့ ညည်းတွားချင်တဲ့ပါးစပ်က ပိတ်သွားပါတယ်။

တစ်ခါတုန်းက ဒေသချစ်တဲ့ သံယောဇဉ်အကြောင်းပြောကြရင်း သူငယ်ချင်းတစ်ယောက်က ဒေါ်လာ ၁၀ သန်းပေးမယ်၊ ရေခဲပြင်မှာဖြစ်ဖြစ်၊ သဲကန္တာရထဲမှာပဲ ဖြစ်ဖြစ် အနှစ်သုံးဆယ်နေရမယ်ဆိုရင် မင်းနေမလားတဲ့၊ ဒေါ်လာ ၁၀ သန်းဆိုတာ မြန်မာငွေနဲ့ တွက်လိုက်ရင် အမယ်လေးများမှများ၊ ကျွန်တော်တို့မှာ စီးပွားရေး မလုပ်တတ်တော့ ဒေါ်လာ ၁၀ သန်း မပြောနဲ့ ဒေါ်လာ တစ်သိန်းတောင် တစ်သက်လုံး ရှာဖွေလို့ မရနိုင်တဲ့ အခြေအနေပါ။ ဒါပေမဲ့ အဲဒီလို ဒေါ်လာ ၁၀ သန်းပေးမယ်ဆိုလည်း သွားမနေနိုင်ပါဘူး။ ဘာကြောင့်လဲ အဖြေကရှင်းပါတယ်။ ကိုယ့်မြေ ကိုယ့်အရပ်ဒေသကို သံယောဇဉ် ကြီးတာရယ်။ ကိုယ့်ရဲ့နုပျိုတဲ့ အရွယ်ကို ရပ်ဝေးမှာ နှစ်သုံးဆယ် ဖြုန်းပြီး ဒေါ်လာ ဆယ်သန်းနဲ့ လဲရမှာကြောင့် ဖြစ်ပါတယ်။ ဘဝကို အချိန် ကာလနဲ့ ပိုင်းခြား သတ်မှတ်ထားလို့ ပြီးဆုံးသွားတဲ့ ဘဝတစ်ခု(ပြောရရင် လူငယ်ဘဝ)ကို တစ်ချိန်မှ ပြန်ယူပါရစေလို့ပြောလည်း ဆောရီးပါပဲ။ ဒါကြောင့်မို့ မလဲလှယ်နိုင်ခြင်း ဖြစ်ပါတယ်။ ဒီမှာတင် သူငယ်ချင်းက နောက်ထပ် အတွေးအမြင် တစ်ခု ထပ်တင်ပါတယ်။ စားရေးသောက်ရေးနေရေး ထိုင်ရေးအတွက် ဘာမျှ ပူပန်စရာမရှိ၊ အားလုံးပြည့်စုံပြီး လူမရှိတဲ့ ကျွန်းလေးတစ်ကျွန်းမှာ ချစ်သူနဲ့ နှစ်ယောက်တည်း တစ်သက်လုံး နေနိုင်မလားတဲ့။ ကွက်ရှင်ထုတ်ခံရတဲ့ ကျွန်တော်တို့တစ်တွေ ချက်ချင်း အဖြေမပေးနိုင်ဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပါတယ်။ ဘယ့်နှယ်ဗျာ၊ အခုလိုမေးလိုက်ခြင်းဟာ ဘောလုံးစကားနဲ့ပြောရရင် လူကျွံဘော ဖြစ်အောင် ထောင်ချောက်ဆင်လိုက်တာပဲကိုးနော။ ချစ်သူတော့ ချစ်သူပေါ့။ တာနေ့ာယကွလို ပါးစပ်ထဲင့်၍ သိမ်းထားမတတ် ချစ်သူပေါ့။ ဒါပေမဲ့ အဲဒီ ချစ်သူကြီးကလည်း အသက်အရွယ်ကို အချိန်ကာလက တိုက်စားလာတဲ့အခါ အရွယ်ဟာ တဖြည်းဖြည်း နုရာမှရင့်၊ တစ်ဖန် ရင့်ရာမှ ဟောင်း။ ထို့ပြင် တစ်ဝ ဟောင်းရာမှ အိုမင်းလာစမြဲ မဟုတ်လား။ အဲဒါလည်း အရေးမကြီးဘူး၊ ရတယ်၊ ဖြစ်တယ်။ ကိုယ်လည်း အသက်ကြီးလာမယ့် ဥစ္စာ၊ ပြဿနာက မိန်းမတွေဟာ အသက်ကြီးလာတာနဲ့ အမျှ ဗလစ်ဗလစ် ပြောကြတယ်လို့ ထင်ပါတယ်။ ဒီအချိန် ဒီအရွယ်မှာ ယောကျ်ားတွေက နားအေးအေးနဲ့ နေချင်တဲ့ အချိန်၊ မနက်လင်းလာကတည်းက ကိုယ့်အနားမှာ ရေနွေးအိုးကြီး တည်ထားနေသည့်အလား။ ကဲ. . . စဉ်းစားကြည့်လေ။ ကိုယ့်ချို့ယွင်းချက်တွေ သိလည်း သိပါရဲ့၊ အဲဒီအတွက် ဝန်ခံမိပါရဲ့။ သို့သော်လည်း ဒါကို ထပ်ခါထပ်ခါ ပြောရင် ဘယ်သူမှ နားမခံနိုင်တော့ဘူး၊ နားအေးပါးအေး ဖြစ်အောင် ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားထိုင်လိုက်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေတွေနဲ့ တွေ့ရင် အိမ်က ဇာတ်ထုပ်ကို မေ့လျော့ပြီး တဝါးဝါး တဟားဟားနဲ့ ရယ်ပွဲဖွဲ့မိတတ်ပါတယ်။ အိမ်ပြန်ရောက်တော့လည်း အဲဒီအပျော်လေးတွေပျောက်ဆုံးကုန်တာပေါ့။ အဆိုပါဖြစ်ရပ်ကို အိမ်က ချစ်ချစ်က အမြင်မကြည်လင်ဘူး။ သူငယ်ချင်းတွေနဲ့ဆိုရင် ဟီးဟီးဟားဟား၊ မိန်းမပြောတဲ့စကားဆိုရင် အရေးစိုက် နားမထောင်ချင်၊ အကောင်းမထင်ဘူးတဲ့ နောက်ထပ် ပြစ်မှုက ထပ်တိုးလာပါတယ်။



ကဲ. . . ဒီလို အရွယ်တွေမှာ ကျွန်းကလေးမှာ နှစ်ယောက်တည်း နေရင် ဘယ်လိုအခြေအနေရှိမလဲ၊ သွားနဲ့ဝေးရာ နားအေးပါးအေးဖြစ်မယ့် ထိုင်စရာ လက်ဖက်ရည်ဆိုင်လည်း မရှိ။ နင့်ဘာသာ ပြောချင်ရာ ပြောတော့ ဟယ်လို့ဆိုရင်း သူ့ကို ကျောခိုင်း၍ သကာလရင်စို့ လောက်ရှိမယ့် ပင်လယ်အနက် နေရာမှာ ဆင်း၍ ရေစိမ်နေလို့လည်း မဖြစ်၊ ပုံမတော် ကိုယ်ရှိတဲ့ နေရာကို ငါးမန်းက မျက်စိလည် ရောက်လာပြီး ဆတ်ခနဲ ကိုက်လိုက်ရင် ဒုက္ခ၊ အဲသဟာကြောင့်ကျွန်းကလေးမှာ နှစ်ယောက်တည်း နေချင်တဲ့ ကိစ္စကို အဆိုမတင်သွင်းဘဲ ဤမှာပဲ ရပ် တန့်စေလို့ အမိန့်ထုတ် လိုက်ရပါတယ်။ အချွန်နဲ့မပြီး မေးခွန်းထုတ်တဲ့ သူငယ်ချင်း မျက်နှာက စပ်ဖြဲဖြဲနဲ့၊ အတော်ဆိုးတဲ့အကောင် ကောက်နိုးပါပဲလို့ မန္တလေးလေနဲ့ ညည်းလိုက်မိတာကလား။

ဘယ်နေရာပဲ ရောက်ရောက် ရွာဘုရားပွဲရောက်ရင် မပြန်နိုင်မှန်း သိပေမယ့် မရှိးမရှုဖြစ်လာတတ်တဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ တိုင်းခြား မြေခြား ရောက်ရင်ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ဝန်းကျင် အသိုင်းအဝိုင်းနဲ့ ဓလေ့စရိုက်ကို မလွမ်းဘဲ ဘယ်သူရှိပါ့မလဲ။ အခွင့်သာလို့

သကြိန်တို့ သီတင်းကျွတ်တို့နဲ့ ကြုံကြိုက်ရင် အပြေးကလေးပြန်လာချင်တာပေါ့။ လွမ်းတာပေါ့။ တစ်ခုတော့ ရှိတယ်။ ရပ်ဝေးတိုင်း ခြားမှာ အနေကြာပြီး သားသမီးတွေ ရလာတဲ့အခါ မိဘလုပ်ရသူတွေခမျာ အတော် ဒုက္ခရောက်ကြရတာကလား။ ကလေးတွေက မြန်မာ့ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်အကြောင်း သိဖို့ နေနေသာသာ မြန်မာစကားတောင် မပြောတတ်ကြဘူးလေ။ အင်္ဂလိပ်လို ဆိုရင်တော့ ဖွတ်နေအောင် ပြောတတ်ပါတယ်။ မနှစ်က အမေရိကားမှာနေတဲ့ ကျွန်တော်တို့ရဲ့ တူဇနီးမောင်နှံ နှစ်ယောက် မြန်မာပြည်ကို အလည်ရောက်လာပါတယ်။ သူတို့က အမေရိကမှာ နေထိုင်တာကြာပြီ၊ သူတို့ဝင်ငွေကလည်းကောင်းတယ်။ ဟိုမှာ အိမ်တစ်လုံး ဝယ်ထားနိုင်ပြီတဲ့။ သူတို့ရဲ့ သမီးလေး နှစ်ယောက်ကိုလည်း အမေရိကမှာပဲ မွေးတာ၊ တစ်ယောက်က ၆ နှစ်၊ အငယ်လေးက နှစ်နှစ်၊ ခက်တာက မိဘနှစ်ပါးစလုံး မြန်မာလူမျိုး ဖြစ်ပေမယ့် ကလေးတွေက မြန်မာစကား မတတ်ဘူး။ နှစ်ယောက်စလုံး အလုပ်ကိုယ်စီနဲ့မို့ အလုပ်သွားတဲ့ အချိန်မှာ ကလေးထိန်းဌာနကို အပ်ထားရလို့ မြန်မာလိုသင်ပေးချိန် မရဘူးတဲ့။ အမေရိကားမှာ မွေးတဲ့ မြန်မာ ကလေးနှစ်ယောက် မန္တလေး ရောက်လာတဲ့အခါ ဘယ်လိုဖြစ်ကုန်သလဲ။ စည်တိုတွေရော၊ လင်ကွင်းတွေရော၊ အော်ဂင်တွေရော ပေါင်းစပ်ပြီး သီဆိုတီးမှုတ်လာရင်း အိမ်ရှေ့မှာ ရောက်လာတဲ့ပြောအဖွဲ့ကို မြင်ရတဲ့အခါ မျက်လုံးလေးအဝိုင်းသားနဲ့ ကြည့်နေရှာပါတယ်။ သူတို့ အတွက် အထူးအဆန်းဖြစ်နေပုံရပါတယ်။ ရပ်ကွက်ထဲက ကလေးတွေကတော့ ပြောသံကြောင့် မြူးကြွ ပျော်ရွှင်နေကြပါတယ်။ အငယ်မလေးကတော့ ကြောက်လို့ သူ့အမေကို အတင်း ဖက်တွယ်ထားပါတယ်။ စည်တိုနက်သံနဲ့ လင်းကွင်းကြမ်းတဲ့ဖက်လိုက်တဲ့အသံက ကလေးရဲ့ နားထဲမှာ ဗေလုဝ နတ်စောင်းလက်သံမျိုး ဟုတ်ဟန် မတူဘူး ထင်ပါရဲ့။

**အမေရိကားမှာ မွေးတဲ့ မြန်မာ ကလေး နှစ်ယောက် မန္တလေး ရောက်လာတဲ့အခါ ဘယ်လိုဖြစ်ကုန်သလဲ။ စည်တိုတွေရော၊ လင်ကွင်းတွေရော၊ အော်ဂင်တွေရော ပေါင်းစပ်ပြီး သီဆို တီးမှုတ်လာရင်း အိမ်ရှေ့မှာ ရောက်လာတဲ့ ပြောအဖွဲ့ကို မြင်ရတဲ့အခါ မျက်လုံးလေး အဝိုင်းသားနဲ့ ကြည့်နေ ရှာပါတယ်။**

သူတို့မိသားစု ရန်ကုန်မပြန်ခင် ပြဿနာ တက်ပါလေရော။ လူကြီးတွေ စားဖို့ထားတဲ့ မန္တလေးမုန့်ရေပါးကို အငယ်မလေးက ဘယ်အချိန် အုပ်ထဲ့လိုက်မှန်းမသိဘူးလေ။ အဲသမှာ ပေါင်မုန့်တွေနဲ့ ရင်းနှီးနေတဲ့ ကလေးရဲ့ ဝမ်းဗိုက်ဟာ မုန့်ရေပါးနဲ့တွေ့တဲ့အခါ သဟဇာတ မဖြစ်တော့ဘဲ ဗိုက်နာပြီး ကလေးလည်း လူးလိမ့်နေအောင် ငိုပါတော့တယ်။ မိဘနှစ်ပါးစလုံး ဘာလုပ်ရမှန်း မသိဘဲ ပျာတောက်ကုန်ပါတယ်။ ကလေးဗိုက်နာ သက်သာအောင် ဟိုဆေးတိုက်ရကောင်းနိုးနိုး၊ သည်ဆေးတိုက်ရကောင်းနိုးနိုး ဒီမှာရှိတဲ့ အင်္ဂလိပ်ဆေးတွေကိုလည်း မယုံ၊ ကလေးအတွက် သူတို့နဲ့အတူ ပါလာတဲ့ ဆေးတွေလည်း ရှိပါရဲ့၊ ဒါပေမဲ့ ကလေးကို ဆေးတိုက်ရင် ကိုယ့်သဘောနဲ့ ကိုယ်လုပ်လို့မရဘူး။ ပထမဆုံး ဆရာဝန်ထံသွားပြီး ဆွေးနွေးမယ်၊ ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ ဆေးတိုက်မှဖြစ်ပေမယ့်၊ ဒီလိုဆိုရင် ကလေးအထူးကု ဆရာဝန်ကြီးဆီသွားပြရမှာလား။ မန္တလေးမှာ ဘယ်ဆရာဝန်ကြီးက နာမည်ကြီးသလဲ၊ ကျွန်တော်တို့အိမ်ကလည်း ကလေးမရှိတော့ ကလေးအထူးကု ဆရာဝန်တွေအကြောင်း မသိလို့ အကြံဉာဏ်ပေးလမ်းညွှန်ရမှာ ခက်နေပါတယ်။ ကလေးကလည်း ဗိုက်နာလွန်းလို့ငို၊ ကလေးငိုလွန်းလို့ သူ့အမေကလည်းငို၊ ဆုံးဖြတ်ချက်လည်း မလုပ်နိုင်၊ အဲဒီအချိန်မှာ အိပ်ခန်းထဲမှာ အိပ်နေတဲ့ ကျွန်တော့်ရဲ့ အဒေါ်(သူတို့အဘွား) ထွက်လာပါတယ်။ အဒေါ်က မန္တလေးသူကြီးစစ်စစ်၊ သူ့သားသမီးတွေ ရန်ကုန်ပြောင်းသွားပေမယ့် ကျွန်တော်တို့နဲ့ အတူနေတာပါ။

"ဟဲ့ . . . ကလေးငိုတာ ကြာလှချည်လား၊ ဘာဖြစ်တာလဲ"

အဒေါ့်အသံကြောင့် ကလေးငိုသံကလွဲလို့ တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့ အသံတွေ ချက်ချင်း ငြိမ်ကျသွားပါတယ်။ အကြောင်းစုံသိတော့ ကြီးကြီးကျယ်ကျယ် ဒါများအထူးအဆန်း လုပ်နေလိုက်တာ။ အဒေါ်ရဲ့ အသံက ညှဉ့်ခန်းထဲမှာ ဟိန်းထွက်လာပါတယ်။ ချက်ချင်းပဲ ခင်တင့်ရေ မအေးသိန်းအိမ်ကို သွားစမ်း၊ ကလေး ရင်လူးဆေးနဲ့ အပုပ်ချဆေးပေးပါလို့၊ မုန့်ညင်းဆီလေးလည်း ယူခဲ့ဦး. . . ကျွန်တော့်တူမခင်တင့်ကို နိုင်းရင်း ကလေးကို ငါ့ဆီပေးစမ်းလို့ ပြောလိုက်ပါတယ်။ မအေးသိန်းက ကျွန်တော်တို့နဲ့ နှစ်အိမ်ကျော်မှာ ရှိပါတယ်။ သူ့မှာ ကလေးတွေ ဗုစုခရုနဲ့ ကလေးတွေ အထက်အောက် တန်းစီထားရင် လှေကားထစ်တွေ စီထားတဲ့အတိုင်းပဲ။

"အဘွား ကျွန်တော့်ကလေးက ဟိုမှာရှိတဲ့ ဆေးတွေနဲ့ကုမှ ဖြစ်မယ် ထင်ပါတယ်" တူတော်မောင်က မရဲတရဲနဲ့ ကွန့်ပလိမ့်တက်လိုက်ပါတယ်။ အဘွားကို ငယ်ကတည်းက ကြောက်ရွံ့ရတော့ ပြင်းပြင်းထန်ထန် မပြောရဲဘူးလေ။ အဒေါ်က သူ့ရဲ့မြေး နိုင်ငံခြားရောက် အင်ဂျင်နီယာကြီးကို မျက်မှောင်ကုတ်ကြည့်လိုက်ပါတယ်။ "စကားများမနေနဲ့ နင့်အမေရော၊ နင်ရော ငါ့လက်ပေါ်ကြီးလာခဲ့တာ၊ ကလေးကို ပေးစမ်းပါအေ" ပြောရင်းဆိုရင်း မအေလက်ထဲက ကလေးကို ဆွဲယူ ပွေ့လိုက်ပါတယ်။ ကျွန်တော့် အမေတို့ မိသားစုထဲမှာ အဒေါ်က စိတ်အထက်ဆုံး၊ သူ့သားသမီးတွေ၊ မြေးတွေရန်ကုန်နဲ့ နိုင်ငံခြားမှာရှိနေပေမယ့် ဘယ်သူနဲ့မှ အတူမနေဘူး၊ မန္တလေးမှာ ကျွန်တော်တို့ မိသားစုနဲ့ပဲ အတူနေပါတယ်။ အဒေါ်က ကလေးကို သူ့ပခုံးပေါ် မှောက်လျက်ထားပြီး တင်လိုက်ပါတယ်။ ပြီးတော့ ကလေးရဲ့ ကျောနေရာကို လက်နဲ့ အသာအယာ နှိပ်ပေးပါတယ်။ ကလေးက ဝှေခနဲလေ တစ်ချက်အန်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့လက်မလေးနဲ့ ကလေးရဲ့ ဝမ်းဗိုက်ဘယ်ဘက်ထောက် နေရာကို အသာအယာ ထောက်ပေးလိုက်ပါတယ်။ ကလေးငိုသံ ချက်ချင်းတိတ်သွားပါတယ်။ ဒီအချိန်မှာပဲ ဆေးအစုံအလင်နဲ့ ခင်တင့် ပြန်ရောက်လာတယ်၊ ကလေးရဲ့ ဝမ်းဗိုက်ကို မုန့်ညင်းဆီနဲ့ ဆေးကိုရောစပ်ပြီး လိမ်းပေးပါတယ်။ ပြီးတော့ နှမ်းစေ့သာသာအရွယ်လောက်ရှိမယ့် ဆေးတစ်လုံးကို ရေနွေးနဲ့ရောပြီး တိုက်လိုက်ပါတယ်။

"ခဏနေ ဝမ်းသွားလိမ့်မယ်။ ဗိုက်နာတာ ဘာမှ မဟုတ်ဘူး၊ ကလေးဗိုက်ထဲမှာ အပုပ်တွေ ရှိနေလို့"

အဒေါ်ကမိန့်နေတဲ့ ကလေးကို သူ့အမေလက်ထဲ ပြန်ပေးလိုက်ရင်း အေးအေးဆေးဆေး ပြောလိုက်ပါတယ်။ အဟုတ်ပါပဲ။ အဒေါ်ပြောတဲ့ အတိုင်းကွက်တိပါ။ နောက်နှစ်နာရီကြာတော့ ကလေးလည်း ရယ်ရယ်မောမောမြူးမြူးပျော်ပျော် ဖြစ်သွားတာကလား။

ဒီမြင်ကွင်းကို ကြည့်ရင်း ကျွန်တော် ဘာတွေ ရလိုက်သလဲ။ ဘာတွေတွေးမိသလဲ၊ အစွမ်းထက်တဲ့ မြန်မာ့ဆေးအကြောင်း ပြောချင်တာလား။ မဟုတ်ပါဘူး။ လူတွေရဲ့ဘဝနေထိုင်မှုနဲ့ ရှင်သန်ကြီးပြင်းမှုအကြောင်းကိုပဲ တွေးနေမိတာပါ။ ကျွန်တော့်တူ ဇနီးမောင်နှံ နိုင်ငံခြားမှာ အနေကြာပြီးမှ မြန်မာနိုင်ငံကို ခေတ္တ ပြန်ရောက်လာကြတယ်။ သူတို့ငယ်ငယ်တုန်းကလိုပဲ ဆွေမျိုးတွေ မိသားစုတွေတစုတစည်း ပြန်လည် ဆုံဆည်းကြတဲ့အခါ ရင်းနှီးပျော်ရွှင်နွေးထွေးတဲ့ ခံစားမှုကို ပြန်လည် ရရှိလိုက်ပြီ ဖြစ်ပါတယ်။ လူငယ်ဘဝ တိုးတက် ကြီးပွားချင်လို့ နိုင်ငံခြားကို သွားကြတယ်။ အချို့ကလည်း အကြောင်း အမျိုးမျိုးနဲ့

နိုင်ငံခြားကို ရောက်သွားကြတယ်။ ဟိုက လူ့အဖွဲ့အစည်း ဝန်းကျင်နဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ပုံသဏ္ဍာန်ခြင်း ခြားနားပါတယ်။ နိုင်ငံခြားကို အနေကြာပြီး အသက်အရွယ်လေးရလာတဲ့အခါ လောကသဘော သဘာဝကို ဆင်ခြင်နိုင်မှုတွေရှိလာတာနဲ့အမျှ အိမ်လွမ်းစိတ်တွေ ယိုဖိတ်လာကြရစမြဲပါ။ အခု နိုင်ငံတော် သမ္မတကြီးက အမည်းစာရင်းသွင်းထားတဲ့ သူတော်တော်များများကို ပယ်ဖျက်ပြီး မြန်မာနိုင်ငံကို ပြန်လာခွင့်ပြုတဲ့ အကြောင်းကြားရတော့ ကျွန်တော် ဝမ်းသာလိုက်တာ။ ပြန်လာတဲ့သူ အားလုံးကိုလည်း နွေးထွေးစွာကြိုဆိုကြမှာပါ။ တစ်ခုတော့ ရှိတာပေါ့။ နိုင်ငံခြားက ပြန်လာသူ အချို့လောဘတွေ ဒေါသတွေ မာန်မာနတွေကို တော့ သယ်ဆောင်မလာစေချင်ဘူး။ ဝေးကွာနေတဲ့သူတွေ ပြန်လည်ဆုံစည်းကြမယ်၊ တစ်ဦးနဲ့တစ်ဦး မေတ္တာ အရင်းခံပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတွေ တည်ဆောက်နိုင်ရင် ငြိမ်းချမ်းရေးကို ရယူနိုင်ပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆိုတာ ကိုယ့်လက်တစ်ကမ်း အကွာမှာရှိတာပါ။ ရယူချင်စိတ်နဲ့ ရယူတတ်ဖို့ပဲ အရေးကြီးပါတယ်။

အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းက ဆုတ်ခွာတော့မယ်ဆိုတဲ့ သတင်းကြားရတော့ မပြောမဆိုနဲ့ ထွက်ခွာတော့မယ့်မိုးကို အပြစ်တင်ချင်သွားပါတယ်။ ပူလောင်လှတဲ့ မန္တလေးမှာ နှုတ်ဆက်မိုးလေးတစ်ကြိမ်လောက် ရွာပေးလိုက်ရင် ဘယ်လောက်ကောင်းမလဲပေါ့လေ။ မန္တလေးမှာ မိုးရွာချင်လို့ ဟန်ပြင်နေတာ ကြာပါပြီ။ ညနေခင်းမှာ မိုးသားတွေနဲ့ မှုန်မှိုင်းလာပါတယ်။ အရှေ့နဲ့ တောင်အရပ်ဆီမှာ လျှပ်စီးတွေ ဝင်းလက်နေတယ်။ ဒါပေမဲ့ မိုးမရွာဘူး၊ အဲသလိုမျိုး သုံးကြိမ်သုံးခါ ဆက်တိုက်ရှိနေတယ်။

စက်တင်ဘာ ၃၀ ရက် မနက် ၅ နာရီလောက်ကတော့ မိုးကမပြောမဆိုနဲ့ ရွာချပါလေရော။ အချိန်ကြာကြာရွာပြီး ရေပါအောင် ရွာတဲ့မိုးပါ။ မိုးရေချိန် ၆" ကျော်ကျော်လောက်ရွာမယ် ထင်ပါတယ်။ ဒီနှစ် မန္တလေးမိုးရဲ့ စံချိန်လို့ ဆိုနိုင်ပါတယ်။ မိုးရွာတော့ ထုံးစံအတိုင်း မန္တလေးလမ်းတွေဟာ မိုးရေအောက်ကို ရောက်သွားပါတယ်၊ အဲဒီနေ့က တော်သလင်းလပြည့်နေ့လည်း ဖြစ်ပြီး ဥပုသ်နေ့မို့ ကျောင်းနဲ့ ဈေးတွေ ပိတ်ထားတာကြောင့် လမ်းပေါ်မှာ အသွားအလာ နည်းပါးနေပါတယ်။ ဒီလိုမဟုတ်ရင် ရွာချင်တိုင်းရွာတဲ့ မိုးကြောင့် သွားရေးလာရေး ဒုက္ခရောက်ကြရမှာပါ။ အခုတော့ အနိမ့်ပိုင်းရှိနေတဲ့ အိမ်တွေမှာရှိတဲ့ လူတွေခမျာ အိမ်ဝင်းထဲ ဝင်လာတဲ့ မိုးရေနဲ့ မြောင်းရေတွေကို အိမ်ထဲ မဝင်အောင် အိမ်ရှိလူကုန် တားဆီး



ကာတွယ်ရတာပေါ့။ မနက် ၁၀ နာရီကျော်ကျော်လောက်မှာ မိုးတိတ်သွားပါတယ်။ နေ့လယ်ခင်း ရောက်တော့ ဥပုသ်နေ့လည်း ဖြစ်လို့ လက်ဖက်ရည်ဆိုင်တွေမှာ စည်ကားနေပါတယ်။ မိုးကြောင့် မနက်ခင်းပိုင်းက အပြင်ကို မထွက်နိုင်တာ အခုမှ အတိုးချလာကြရတာလေ၊

အစိုးမရနိုင်တဲ့ မိုးကိုကြည့်ရင်း ကျွန်တော် ပြုံးလိုက်မိပါတယ်။ ရာသီဥတု ဖောက်ပြန်တော့ ရာသီဥတုရဲ့ အနေအထားကို အသေအချာ ပြောနိုင်ဖို့ ခက်ခဲပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ ရာသီဥတု ပူပြင်းတဲ့ အချိန် မိုးတစ်မိုးလောက် သွန်ချရွာသွန်းလိုက်တော့ နေသာထိုင်သာရှိသွားပါတယ်။ ပူလောင်မှုတွေကို ငြိမ်းသတ်ပေးလိုက်တဲ့မိုးရေတွေပါ။ အဲဒီလိုပဲစစ်ပြီး စစ်လျှံတွေကို ငြိမ်းသတ်ပေးနိုင်မယ့် ငြိမ်းချမ်းရေး မိုးရေစက်တွေ ရွာနိုင်ရင် ဘယ်လောက်ကောင်းမလဲ၊ ကမ္ဘာကြီးဟာ အရင်နဲ့ မတူတော့ပါဘူး။ သွားရေးလာရေး၊ ဆက်သွယ်ရေးတွေ ကောင်းမွန်လို့ ကျဉ်းမြောင်းသွားပါပြီ။ One World တစ်ခုတည်းသော ကမ္ဘာမှာ မိသားစုတွေ အမြောက်အမြားစုဝေးနေထိုင်ကြတာပါ။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ပြောဖူးပါတယ်။ ကမ္ဘာမှာ နေရာဒေသမတူ၊ အသားအရောင်တွေ ကွဲပြားလို့ လူမျိုးရယ်လို့ အမျိုးမျိုး ခြားနားကွဲပြားပေမယ့် လူတွေရဲ့ ငိုသံရယ်သံတွေကတော့ အတူတူပါပဲတဲ့။ ဒါက လူသားတွေရဲ့ နှလုံးသားက ခံစားမှုနဲ့ ယိုစိမ့်လာတဲ့ တူညီသော စကားအသံတဲ့ ဟုတ်ပါတယ်။ လူမျိုးတွေ ကွဲပြားပေမယ့် ငိုသံ ရယ်သံတွေကတော့ အတူတူပါပဲ။ လူတွေဟာ ပျော်ရွှင်မှုကို တောင့်တကြတယ်၊ အေးချမ်းသာယာမှုကို တောင့်တကြတယ်။ ပူလောင်ငိုကြွေးခြင်းနဲ့ တတ်နိုင်သမျှဝေးချင်တယ်။ အဲဒီတော့ ငိုသံတွေ ပျောက်ဆုံးပြီး ရယ်မောသံတွေ တိုးပွားလာဖို့ ဆောင်ရွက်ကြရမှာပါ။ ကျွန်တော်တို့ နိုင်ငံမှာလည်း ငြိမ်းချမ်းရေး အသီးအပွင့်တွေ ဝေဝေဆာဆာ ရှိလာခဲ့ရင် တိုင်းရင်းသားပြည်သူတွေအားလုံး အပြုံးကိုယ်စီနဲ့ ပျော်ရွှင်နေကြမှာ ဖြစ်ပါတယ်။ ရာသီဥတု အနေအထားကလည်း မိုးကုန်လို့ ဆောင်းရာသီ ရောက်ဖို့ တာစူနေပါပြီ။ ရာသီဥတုကလည်း အေးချမ်းမယ့် အရိပ်အယောင်ပြနေပါတယ်။ လူတွေရဲ့ နှလုံးသားထဲမှာ ငိုကြွေးသံတွေ ပျောက်ဆုံးပြီးရယ်မော ပျော်ရွှင်မှုတွေကိုပဲ တောင့်တနေကြတာ ဖြစ်ပါတယ်။ ဒါက နှလုံးသားတွေဆီက စိမ့်ကျလာတဲ့ တူညီတဲ့ ဆန္ဒ။ သည်ထက်ကွန့်ပြောလိုက်ရရင် တစ်ခုတည်းသော နှလုံးသားရဲ့ဆန္ဒလို့ ဆိုလိုက်ချင်ပါတယ်၊ တစ်ခုတည်းသော နှလုံးသားထဲက ဆန္ဒကို အကောင်အထည်ပေါ်အောင် ဘာကြောင့် ကျွန်တော်တို့ မလုပ်နိုင်ရမှာလဲနော။

**ကိုထွန်း( လမ်း-၈၀)**

Asian Fame Media Group

မှဆိုးသည် ယုန်ကိုထောင်သော်လည်း ယုန်ကို မမိဘဲ ကြောင်ကို မိသည်ဟု ပုံခိုင်းပြောလျက် တစ်စုံတစ်ယောက်သည် မိမိဆင်ထားသော အကွက်အတွင်းသို့ မိမိရည်စူးသည့်အတိုင်း ရောက်မလာဘဲ မရည်စူးသူက ဝင်လာသည်ကို "ယုန်ထောင်ကြောင်မိ" ဟု မြန်မာစကားပုံတွင် ခိုင်းနှိုင်းပြောဆိုခြင်း ဖြစ်ပါသည်။ ယခုလည်း စာရေးသူ၏ အဖြစ်အပျက်မှာ "ယုန်ထောင် ကြောင်မိ" ဟု ဆိုရမလိုပင် ဖြစ်ပါသည်။


တကယ်တော့ ကျန်ခဲ့သည့်နှစ်နှစ်ခန့်က မိတ်ဆွေတစ်ဦး၏ အကူအညီတောင်းခံမှုကြောင့် ကချင်ပြည်နယ်၊ ဗိုင်းမော်ဒေသတွင် ရွှေဖော် ထုတ်လုပ်ကွက်များကို သွားရောက်ကြည့်ရှုပေးစဉ် အခါက ဖြစ်ပါသည်။ သက်ဆိုင်ရာက ချပေးသော ရွှေဖော်ထုတ်လုပ်ကွက်များတွင် ရွှေတူးဖော်ခွင့်ရ ကုမ္ပဏီများမှ ချောင်းဘေးဝဲယာရှိ မြေစာများကို အားကောင်းသော ရေပန့်များဖြင့် ဖျော်ထုတ်ပြီး ဖြုန်းမြေစာများထဲတွင် ပါဝင်နေသော ရွှေမှုန်များ ကို မျောတိုက်သောနည်းဖြင့် ရွှေများကိုထုတ်ယူခြင်း ဖြစ်ပါသည်။

# ယုန်ထောင်ကြောင်မိ

(သို့မဟုတ်)

## ပယင်းထောင်ချောက်ထဲမှ အင်းဆက်ပိုးများ

သိန်းပိုင်(M.Engg.Geol.)



သို့ပါသော်လည်း ထွက်ရှိလာသော ရွှေထွက်နှုန်းသည် "မှန်းချက်နှင့် နှမ်းထွက် မကိုက်" သဖြင့် အလုပ်သမားခနှင့် ဒီဇယ်ဖိုးပင် အနိုင်နိုင်ရအောင် လုပ်ကိုင်နေရသောကြောင့် ကုမ္ပဏီမှ တာဝန်ရှိသူများက စာရေးသူအား အကူအညီတောင်းခံခဲ့ခြင်းဖြစ်ပါသည်၊ စာရေးသူလည်း ရွှေဖော်ထုတ်လုပ်ကွက်များသို့တိုင် သွားရောက်၍ ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ပြီး လိုအပ်သော အကြံဉာဏ်များနှင့် လုပ်နည်းလုပ်ဟန်များကို အစီရင်ခံစာအကျဉ်းမျှ ရေးသား၍ ပေးအပ်ခဲ့ပါသည်။

ယခု စာရေးသူတင်ပြလိုသော အကြောင်းအရာမှာ ရွှေရှာဖွေခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းအကြောင်း မဟုတ်ပါ။ ယခုကဲ့သို့ ရွှေရှာဖွေခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းအတွက် သွားရောက်ရသော ခရီးစဉ်တွင် အမှတ်မထင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကလေးတစ်ခုကြောင့် တစ်နေ့တွင် ရှားပါး၍ တန်ဖိုးရှိသော အဖိုးတန်ပယင်းရတနာတစ်ပွင့်ကို ပိုင်ဆိုင်ရရှိလိုက်သောကြောင့်ပင် ဖြစ်ပါသည်၊ တကယ်တော့ သွားတုန်းက ရွှေရှာဖို့သွားတာဖြစ်သော်လည်း ရလာတော့ ရွှေမဟုတ်ဘဲ ထူးဆန်းရှားပါးသော ပယင်းတစ်ပွင့်ဖြစ်နေသဖြင့် "ယုန်ထောင်ကြောင်မိ" ဟု ဆိုရခြင်းလည်း ဖြစ်ပါသည်။

ရန်ကုန်မှ မြစ်ကြီးနားသို့ စတင်သွားရောက်စဉ်က အောက်တိုဘာလပင်ဖြစ်သော်လည်း မိုးက မပြတ်ဆက်လက်ရွာနေဆဲပင် ဖြစ်ပါသည်။ ဝိုင်းမော်ဒေသသည် ကချင်ပြည်နယ်တွင် ပါဝင်ပြီး မိုးကလည်း ရက်ဆက်ဖြစ်နေသဖြင့် ရာသီဥတုက အေးအေးဘက်သို့ ပိုနေလေသည်။ လုပ်ကွက်အတွင်း ရွှေတူးဖော်နေကြသည့် စက်အဖွဲ့နှင့် အလုပ်သမားများသည်လည်း မိုးထဲရေထဲ၌ပင် မနားမနေ ပင်ပင်ပန်းပန်း လုပ်ကိုင်နေကြရသဖြင့် ညနေပိုင်းတွင် အနည်းငယ် စော၍ အလုပ်သိမ်းခိုင်းလိုက်ရပါသည်။ စက်အဖွဲ့နှင့် အလုပ်သမားများသည် လုပ်လက်စလုပ်ငန်းအသီးသီးကို အစသတ်ရပ်လိုက်ကြပြီး အနီးနားရှိ စမ်းချောင်းလေးထဲတွင် ရေမိုးချိုးကာ တဲစခန်းများဆီသို့ ပြန်လာပြီး ညနေစာအတွက် ပြင်ဆင်ကြရပါသည်၊ ရာသီဥတုကလည်း အေးမြန်၊ မိုးထဲရေထဲမှာလည်း တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်နေရပြန်၊ လူသူမနီး တောထဲတောင်ထဲမှာလည်း လုပ်ကိုင်ရပြန်ဆိုတော့ အလုပ်သမားအများစုသည် ညနေစာမစားမီ ရရာအမြည်းလေးတွေနဲ့ အသောက်အစား ဝိုင်းလေးကတော့ တောဓလေ့ဟုပင် ပြောရမလို ဖြစ်နေပါသည်။

စာရေးသူလည်း ထမင်းစားမလို့ ပြင်ဆင်နေတုန်း အလုပ်သမားများထဲမှ ခေါင်းဆောင်လုပ်သည့် ကိုစိုင်းက "ဆရာရယ် ဒီပစ္စည်းလေးတွေကို ကြည့်ပြီး ဆရာပေးချင်သလောက် ပေးပါ၊ ကျွန်တော်တို့ဝိုင်းဖွဲ့ဖို့အတွက် ပိုက်ဆံနည်းနည်း လိုနေလို့ပါ" ဟု ပြောပြောဆိုဆို သူ့လက်ထဲတွင် လက်ကိုင်ပဝါအဟောင်းတစ်ခုဖြင့် ထုပ်စည်းထားသော အထုပ်တစ်ထုပ်အား ကျွန်တော့်လက်ထဲသို့ အတင်းထိုးပေးလိုက်ပါတော့သည်။ ကျွန်တော်လည်း ဘာမသိဘာမသိနဲ့ပင် ကိုစိုင်းထိုးပေးလိုက်သောအထုပ်ကို ယူလိုက်ပြီး အထုပ်ကိုဖြေကြည့်လိုက်သောအခါ လက်သည်းခွံလောက်မှသည် ကွမ်းသီးစိမ်းလုံးလောက် အရွယ်အထိရှိသော ပယင်းကျောက် အကျိုးအကြေအပိုင်းအစများ ဖြစ်နေပါတော့သည်။ တစ်ဆက်တည်း ဆိုသလိုပင် ကိုစိုင်းကလည်း "ဒီပယင်းကျောက်တွေက မနှစ်က 'တနိုင်း' ဘက်မှာ အလုပ်သွားလုပ်ရင်းနဲ့ ရလာတာတွေပါ ဆရာ၊ ဆရာက ရန်ကုန်ပြန်မှာ



ဆိုတော့ ရန်ကုန်မှာတော့ တစ်ခုခုလုပ်လို့ရမှာပါ၊ အဲဒါကြောင့် ဒီပယင်းတွေကို ဆရာယူပြီး ကျွန်တော်တို့ကို ဆရာကြိုက်သလောက် မုန့်ဖိုး၊ လက်ဖက်ရည်ဖိုးလောက်ပဲပေးပါ" ဟု တောင်းတောင်းပန်ပန်နှင့် ပြောလာသဖြင့် စာရေးသူလည်း ကိုစိုင်းတို့အဖွဲ့ကို အားနာသွားကာ ပြီးပြီးရောသဘောဖြင့် ပယင်းများကိုပင် တစ်ပွင့်ချင်း သေသေချာချာကြည့်မနေတော့ဘဲ မုန့်ဖိုးသဘောမျှ ငွေတစ်သောင်းကိုပေးလိုက်ပြီး ပယင်းကျောက်များကိုလည်း လက်ကိုင်ပဝါနှင့်ပြန်ထုပ်၍ သိမ်းလိုက်ပါတော့သည်။

အဲဒီလိုနဲ့ပဲ အလုပ်ကိစ္စများပြီး၍ ရန်ကုန်ပြန်ရောက်တော့လည်း မေ့မေ့ပျောက်ပျောက်နှင့်ပင် ကိုစိုင်းတို့ဆီမှ ဝယ်ယူလာသောပယင်းများကို စာအုပ်ဗီရိုထဲတွင် ဒီအတိုင်းပင် ပစ်ထားမိပါသည်။ ပြီးခဲ့သောလက စာအုပ်တစ်အုပ်ကိုရှာရင်း စာအုပ်ဗီရိုကို မွှေနှောက်လှန်လှောလိုက်သောအခါ လက်ကိုင်ပဝါအဟောင်းလေးနှင့် ထုပ်ထားသော ပယင်းထုပ်မှာ ထွက်ကျလာသဖြင့် မြစ်ကြီးနားတုန်းက ကိုစိုင်းတို့အဖွဲ့ကိုသွား၍ သတိရကာ ယခုမှပင် လက်ကိုင်ပဝါထဲမှ ပယင်းကျောက်များကို တစ်ပွင့်ချင်း လက်ကိုင်မှန်ဘီလူးဖြင့် သေသေချာချာစစ်ဆေးကြည့်ရန် စိတ်ကူးရလာပါတော့သည်။ ထို့ကြောင့် ပယင်းကျောက်များကို ထုပ်ထားသည့် လက်ကိုင်ပဝါအဟောင်းကလေးကို အသာအယာဖြေလိုက်ပြီး ပယင်းပွင့်တစ်ပွင့်ချင်းစီအား အလင်းရောင်ကောင်းကောင်းအောက်တွင် စိမ်ပြေနပြေ စစ်ဆေးကြည့်ရှုနေမိပါတော့သည်။ ပယင်းအပွင့်များသည် အရွယ်အစားအမျိုးမျိုးနှင့် အရောင်များမှာလည်း အဝါရောင်၊ အညိုရောင်နှင့် ပယင်းရောင်များဖြစ်ကြပါသည်၊ အလင်းရောင်ကို အားပြု၍ လက်ကိုင်မှန်ဘီလူးအောက်တွင် ပယင်းတစ်ပွင့်ချင်းစီ၏ အတွင်းကျောက်သားများထဲသို့ ထိုးဖောက်၍ ကြည့်လိုက်သောအခါ အမှုန်အမွှားများ၊ လေပူဖောင်းကဲ့သို့အရာများ၊ အအက်အနာများစသည်တို့ကို ထင်ထင်ရှားရှား တွေ့ရှိရပါသည်၊ ပယင်းကျောက်၏ ထူးခြားချက်မှာ ပယင်းကျောက်သည် ပတ္တမြား၊ နီလာ၊ စိန်၊ ကျောက်စိမ်း တို့ကဲ့သို့ အဇီဝတွင်းထွက်ပစ္စည်းများ မဟုတ်ဘဲ လွန်ခဲ့သော ရှေးနှစ်သန်းပေါင်းများစွာက ပေါက်ရောက်ခဲ့သော သစ်ပင်များ၏ သစ်စေးများမှ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ပြောင်းလဲ ဖြစ်ပေါ်လာသော ဇီဝတွင်းထွက် ကျောက်မျက်အမျိုးအစားဖြစ်နေခြင်းပင်ဖြစ်ပါသည်။

**ပယင်းအမျိုးအစားများ**

ကမ္ဘာပေါ်တွင် အဓိက ပယင်းအမျိုးအစားကြီး (၄) မျိုးရှိပါသည်။ ၎င်းတို့မှာ . . .

၁။ ဘောလ်တစ်ပယင်း (Succinite)
၂။ စစ္စလီပယင်း (Simetite)
၃။ ရူမေးနီးယားပယင်း (Rumanite) နှင့်
၄။ ဘားမိုက်ပယင်း (Burmite)

တို့ ဖြစ်ကြပါသည်။

၎င်းအပြင် ပယင်းကျောက်သည် ပယင်းရောင်တစ်မျိုးတည်းရှိသော ကျောက်မျက်မဟုတ်ဘဲ ပယင်းတွင် ပယင်းရောင်အပြင် အဝါရောင်၊ အညိုရောင်၊ နီညိုရောင်၊ ဒီဇယ်ရောင်နှင့် အခြားရှားပါးသော အရောင်များဖြစ်သည့် အစိမ်းရောင်၊ အပြာရောင်၊ စိမ်းပြာရောင်နှင့် အနက်ရောင်များလည်း ရှိကြပါသည်၊ 'ဘားမိုက်' ခေါ် မြန်မာ့ပယင်းသည် ဘောလ်တစ်ပင်လယ်ကွေ့မှ ထွက်ရှိသော နာမည်ကြီးအမျိုးအစား 'ဆပ်စီနိုက်' (Succinite) ပယင်းထက် ပိုမိုမာကျော၍ သိပ်သည်းဆလည်း ပိုမိုများပြားပါသည်၊ မြန်မာနိုင်ငံ



တွင် ပယင်းကို ကချင်ပြည်နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အများအပြား တူးဖော်တွေ့ရှိပါသည်။

ပယင်းကျောက်သည် ရှေးခေတ်သစ်ပင်တို့၏ သစ်စေးမှ ဖြစ်ပေါ်လာသော ကျောက်ဖြစ်သည့်အားလျော်စွာ ယင်းသစ်စေးများနှင့်အတူ ပယင်းကျောက်အတွင်း ရေညှိပင်လေးများ သစ်ပင်သစ်ရွက်တို့၏ အပိုင်းအစအနများသာမက ရှေးခေတ်အင်းဆက်များဖြစ်ကြသော ခြ၊ ခြင်၊ ယင်၊ ပျား၊ နကျယ်ကောင်၊ ပုစဉ်းကောင်၊ ပင့်ကူ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပိုးနသန်းကောင်၊ ပိုးတုံးလုံး၊ ပုရွက်ဆိတ်၊ လိပ်ပြာ၊ အခွံမာပိုးကောင်များ၊ ပက်ကျိခရုကောင်များနှင့် အခြားအင်းဆက်ပိုးကောင်များ ပါဝင်နေသော ပယင်းကျောက်သည် မည်သည့်အကောင်မျှ မပါဝင်သည့်သာမန် ပယင်းကျောက်ထက် အဆပေါင်းများစွာ တန်ဖိုးရှိပေသည်။ ထိုကဲ့သို့ ပယင်းကျောက်ထဲတွင် ပါဝင်နေသော အင်းဆက်ပိုးကောင်များ၏ အနေအထား၊ အမျိုးအစားနှင့် သက်တမ်း၊ ကိုယ်လက်အင်္ဂါ စုံလင်မှုရှိ မရှိ၊ ၎င်းအင်းဆက်ပိုးကောင်ကို သစ်စေးများဖြင့် ဖုံးအုပ်သွားစဉ်အခါက အင်းဆက်ပိုးကောင်သည် သက်ရှိအနေအထားတွင် သစ်စေးများဖြင့် ဖုံးအုပ်သွားခြင်းခံခဲ့ရပါက အင်းဆက်ပိုးကောင်၏ အသက်ထွက်သွားသော အနေအထားနှင့် အထောက်အထားများ၊ အင်းဆက်ပိုးကောင် အကြီးအသေး၊ နမူနာ ပယင်းတုံးတစ်တုံးတွင်ပါသော အင်းဆက်ပိုးကောင်အရေအတွက် စသည်တို့သည် ပယင်းကျောက်တစ်ပွင့်ချင်းစီ၏ တန်ဖိုးများကို သိန်းဂဏန်းအထိ ကွာခြားသွားစေနိုင်ပါသည်။ ထို့ကြောင့်လည်းပဲ ကိုစိုင်း၏ပယင်းပွင့်များကို အချိန်ရတုန်း အသေအချာ စစ်ဆေးကြည့်ရှုနေခြင်းပင် ဖြစ်ပါသည်။

၎င်းအပြင် မြန်မာ့ပယင်း၏ ထူးခြားချက်မှာ ပါဝင်သော အင်းဆက်ပိုးကောင်များ၏ အထောက်အထားများအရ လွန်ခဲ့သော နှစ်သန်းပေါင်း (၁၀၀) ခန့်ကဖြစ်၍ ကမ္ဘာ့အခြားဒေသများမှ ထွက်ရှိသော ပယင်းများထက် အထောက်အထားများအရ နှစ်သန်းပေါင်း (၃၅) သန်းမှ သန်း (၄၀) ခန့် ပိုကြီးနေသဖြင့် မြန်မာ့ပယင်းများသည် ကမ္ဘာ့ပယင်းများထက် သက်တမ်းပိုရင့်သောကြောင့် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါသည်။

**ထောင်ချောက်ထဲမှ အင်းဆက်ပိုးများ**

ကိုစိုင်း၏ပယင်းကျောက်များကို တစ်ပွင့်ချင်း စိတ်ရှည်ရှည်ဖြင့် လက်ကိုင်မှန်ဘီလူးအောက်တွင် စစ်ဆေးနေရာမှ လက်မပြားအရွယ်သာသာရှိသော ဝါညိုရောင်ပယင်းတစ်ပွင့်ကို သေသေချာချာ ကြည့်လိုက်မိပါသည်။ အပြင်ပန်းအမြင်အားဖြင့် ၎င်းပယင်းအပွင့်သည် အရောင်ခပ်မှိုင်းမှိုင်းဖြစ်နေသော်လည်း ပယင်းအသားထဲ၌ အမည်းစက်ကလေးသုံးလေးစက်ကို သာမန် မျက်စိနှင့်ပင် အတိုင်းသားတွေ့မြင်နေရပါသည်။ ထို့ကြောင့် ၎င်းပယင်းအသားထဲရှိ အမည်းစက်များသည် မည်သည့်အရာများဖြစ်နေမည်လဲဟု စိတ်အားထက်သန်စွာဖြင့် ပယင်းတုံးကလေးအား နေရောင်ခြည်အောက်တွင် လက်ကိုင်မှန်ဘီလူးကလေးဖြင့် ကြည့်လိုက်သောအခါ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင် ခံစားလိုက်ရပါတော့သည်။ အဘယ်ကြောင့်ဆိုသော် လက်ကိုင်မှန်ဘီလူးအောက်ရှိ ပယင်းအသားထဲ၌ တွေ့မြင်နေရသောမြင်ကွင်းမှာ ပယင်းထဲတွင် ရှားရှားပါးပါးသာ ပါလေ့ပါထရှိသော အင်းဆက်ပိုးများဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ပယင်းအသားထဲတွင် တွေ့မြင်နေရသော အမည်းစက်မှာ စုစုပေါင်း (၄) ခုဖြစ်ပြီး လက်ကိုင်မှန်ဘီလူးအောက်တွင် ထင်ထင်ရှားရှားမြင်နေသော အင်းဆက်ပိုးကောင်များမှာ ပုရွက်ဆိတ်ကဲ့သို့ တစ်ကောင်၊ ပျားကဲ့သို့ နှစ်ကောင်နှင့် ယင်ကောင်ကဲ့သို့ တစ်ကောင်ဖြစ်နေသောကြောင့် ပယင်းပွင့်တစ်ပွင့်ထဲတွင် ထိုကဲ့သို့ အင်းဆက်ပိုးကောင် (၄) ကောင်အထိ ရှိနေခြင်းမှာ ရှားရှားပါးပါးများအထဲမှာမှ အလွန်ရှားပါးသော တွေ့ရှိမှုပင် ဖြစ်ပါသည်။ သို့ပါ၍ ၎င်းပယင်းကျောက်၏တန်ဖိုးမှာလည်း မူလဝယ်ယူခဲ့သော ပယင်းတစ်ထုပ်လုံးတန်ဖိုးထက် အဆပေါင်းများစွာတက်သွားကာ သိန်းချီ၍တန်သော ပယင်းကျောက်တစ်ပွင့်အဖြစ်သို့ နေ့ချင်းညချင်း ပြောင်းလဲသွားပါတော့သည်။ အကယ်၍သာ ၎င်းပယင်းကျောက်ထဲတွင်ပါဝင်နေသော အင်းဆက်ပိုးများ၏ သိပ္ပံနည်းကျအမည်များနှင့် သက်တမ်းကိုပါ အတိအကျဖော်ထုတ်နိုင်မည်ဟုဆိုပါက ၎င်းပယင်းကျောက်၏တန်ဖိုးသည် ထို့ထက် ထို့ထက်ပင် ပို၍တန်ဖိုးတက်လာမည် ဖြစ်ပါသည်။ ဒါကြောင့်လည်း ရှေးလူကြီးသူမတွေက "ကျောက်နှင့်မြင်း စိုးစဉ်းသိက ထမင်းဝ၏" လို့ ဆိုစမှတ်ပြုကြတာပါလားလို့ အောက်မေ့နေမိရင်း ပယင်းကျောက်ထဲတွင် ပိတ်မိနေသော အင်းဆက်ပိုးများ၏ သိပ္ပံနည်းကျအမည်များနှင့် သက်တမ်းများကို သိရှိနိုင်ရန် ဆက်လက်ကြိုးစား ရှာဖွေရပါဦးမည်။





**သိန်းဝိုင်း (M. Engg.Geol.)**

Asian Fame Media Group